စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ

# သောနုတ္တိုဂြိုဟ်က ငိုသတဲ့လားနှင့် အခြားဝတ္ထုတိုများ

ကံမြင့်မော်



၂၀၁၃ ခုနှစ်၊ စာပေဗိမာန်စာမူဆု
ဝတ္ထုတိုပေါင်းချုပ်၊ ဒုတိယဆု

# သောနုတ္တိုရက ငိုသတဲ့လား
# နှင့်
# အခြားဝတ္ထုတိုများ

## ကံမြင့်မော်

တည်းဖြတ်သူ - ဒေါ်ခင်ဝါဆွေ (ဝါဝါ-အင်းစိန်)
စာတည်း (တာဝန်ခံ)

အဖုံးပန်းချီ - ညီညီ

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၅ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၁၅၀၀

တန်ဖိုး ( ၁၅၀၀ ) ကျပ်

**ဒို့တာဝန် အရေးသုံးပါး**

* ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
* တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ် ဦးအောင်သန်း (မင်းခန့်ရွှေ) က
မှတ်ပုံတင်အမှတ် ၀၀၉၆၁ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မိဘနေရာ | ၁ |
| ၂။ | နှစ်သက်ထယ် | ၃၃ |
| ၃။ | တချို့က ကြီးမှကြိုက်၏ | ၄၅ |
| ၄။ | မတိုးနှင့် မိနက် | ၆၅ |
| ၅။ | ကွမ်းတစ်ယာညက် | ၇၉ |
| ၆။ | အိုးငါး | ၈၉ |
| ၇။ | ရာဇဝင်တွင် စာမတင်သည့် ဘုရင် | ၁၀၁ |
| ၈။ | အမွေ | ၁၁၅ |
| ၉။ | ဝေးရာသို့ | ၁၂၉ |
| ၁၀။ | ပျားမွေး၍ ကုသိုလ်ယူ | ၁၄၁ |
| ၁၁။ | စကားပုံများနှင့်လူ | ၁၅၃ |
| ၁၂။ | စရိတ် | ၁၆၅ |
| ၁၃။ | ကံကောင်း၍ ကားပျက်သည် | ၁၇၉ |
| ၁၄။ | ချပ်ရှင်မင်းသားနှင့် ဦးပေါ်စံ | ၁၉၃ |
| ၁၅။ | လူရှင်ပုပ် | ၂၁၁ |
| ၁၆။ | သောနုတ္တိုရ်က ငိုသတဲ့လား | ၂၂၉ |

# စာရေးသူ၏အမှာစာ

စာရေးသူ မွေးဖွားကြီးပြင်းခဲ့ရာ ဆုံကုန်းရွာနှင့်အနီးတစ်ဝိုက် ရွာများဖြစ်သော ကံသာ၊ မင်းရွှေ၊ အောင်ချမ်းသာ၊ ညောင်ပင်ကန်၊ ညောင်ရိုးသာ၊ မုန်တော၊ ယုန်လေးကုန်း၊ တရော်တော၊ ကျီးပင်ချောင် စသည့်ရွာများသည် (Dryzone) ခေါ် မိုးနည်းရေရှားရပ်ဝန်းတွင် ပါနေကြ၏။ ထိုအထဲ ဆည်မြောင်း၊ မြစ်၊ ချောင်းလည်း မရှိသောကြောင့် သမားရိုးကျ 'မိုးမျှော်' စိုက်ပျိုးရေးကိုသာ လုပ်ကိုင်နေကြရသဖြင့် အဆင်ပြေသူနည်းလှပါသည်။

စာရေးသူကိုယ်တိုင်လည်း ထိုအထဲ၌ ပါဝင်ခဲ့၍ စာပေ ဝါသနာအရ စာစုံဖတ်ကာ အကျိုးပြုစာများကိုဖတ်လျက် လိုက်နာဆောင်ရွက်ရင်း ဘဝအခြေမြင့်ခဲ့ရပါ၏။ ထို့ကြောင့် ငယ်ရွယ်သူကိုယ့်နယ်သားများနှင့် နိုင်ငံတစ်ဝန်းမှ ဘဝတူ လူငယ်များ၊ ဘဝအခြေမြင့်မားစေရန် စေတနာကို အရင်းပြုလျက် ဤစာစုကိုရေးရခြင်းဖြစ်ပါသည်။

**(မိဘမေတ္တာတည်းဟူသော ပိုးချည်မျှင်လေးများကို 'အတိုင်ချည်'ပြု၍ စိုက်ပျိုးမွေးမြူရေးတည်း ဟူသော ရွှေချည်၊ ငွေချည်၊ ဝါဂွမ်းချည်တို့နှင့်ရက်ဖောက်ကာ သင့်တင့်သော အဆင်**

အကွက်များပေါ်အောင် ကြိုးစားရက်လုပ်ထားသော ဤစာစု အထည်ဆန်းကို လူငယ်တို့ ဆင်မြန်းစေချင်ပါသည်။)

စာရေးသူ၏စာတတ်လမ်း၊ စာတတ်အိမ်များထဲ၌ ပါဝင်နေသော စာတတ်ကောင်များဖြစ်သည့် ဦးဖိုးရှို ဦးတင်အုပ်၊ ဦးစိန်၊ ဦးကျော်စော တို့အား ကျေးဇူးတင်ရှိပါကြောင်းနှင့် စာပါအကြောင်းအရာများနှင့် မိမိတို့ နှလုံး၊ စိတ်ဝမ်း မကိုက်ညီပါက ခွင့်လွှတ်ပေးပါရန် ဤနေရာမှ အနူးအညွတ်တောင်းပန်အပ်ပါသည်။

အစဉ်လေးစားလျက်

ujriarm

# မိဘနေရာ

သိန်းသန်းငွေတစ်ယောက် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးသုံးခုနှင့် နှစ်ချင်းပေါက်အောင်သည်။ ကာယကံရှင်သူ့ထက် သူ့မိဘများဖြစ်သည့် ဦးကျော်နှင့် ဒေါ်တင်အေးတို့လင်မယားကား ထမင်းမစားနိုင် အောင်ပင် ဝမ်းသာလုံးဆို့နေကြသည်။ လာသမျှသော ဧည့်သည်သူတို့ကို ဧည့်ခံ၍ကြွားရသည်မှာ မမောနိုင်အောင်ရှိတော့သည်။ သိန်းသန်းငွေကတော့ ရှက်သလားမပြောတတ်၊ ပြုံးမဲ့မဲ့ မျက်နှာနှင့်ရှိချေ၏။ လူရှင်းခိုက်တွင် သူ့မိဘများကို သတိပေးရသေးသည်။

"အဖေနဲ့အမေ ထမင်းလည်း စားကြဦးလေ"

"မဆာပေါင်ကွာ. . . ဒီမှာ ထမင်းလွတ် ကြွားမလို့ဟာကို"

ဦးကျော်ပြောမည်ဆိုလည်း ပြောစရာပင်။ နှစ်ယောက်ပေါင်းသော်မှ လေးတန်းမအောင်သော သူတို့လင်မယားက ဘွဲ့ရပညာတတ် အရာရှိလောင်းလျာကို မွေးထုတ်နိုင်ခဲ့ပြီလေ။

မုံရွာမြို့မှ မီးရထားနှင့်သွားသော် ဆယ့်လေးမိုင်ခန့် ကားစီးသွားပါက ဆယ့်ရှစ်မိုင်ဝေးသော ဆုကုန်းရွာမှ မုံရွာမြို့သို့

ပြောင်းရွှေ့လျက် ဘဝတိုက်ပွဲအနိုင်နွှဲရင်း သားကို ကျောင်းထားခဲ့ရသည်။

လောကဓံနှင့်ရင်ဆိုင်ယှဉ်ပြိုင် နပန်းသတ်ခဲ့ရသဖြင့် နဖူးလည်းကွဲ၊ ဒူးလည်းပြဲခဲ့ရသော်လည်း အောင်ပွဲရခဲ့လေပြီ။ သူတို့လင်မယားကား လွန်ခဲ့သော ခြောက်နှစ်တာကာလကို စားမြုံ့ပြန်သလိုပြောကြရင်းနှင့် တစ်ဖန်ပြန်လည်ရောက်ရှိသွားလေတော့သည်။

× × × × ×

ဦးကျော်သည် ရထားစီး၍ သူတို့လင်မယားလက်ဖြစ် ကြိမ်ခြင်းတောင်း ပက်လက်ကုလားထိုင်အခင်း (ခင်းပြင်) များကို မှာရှာပြီး ကမ်းနားလမ်းရှိ ကြိမ်ပွဲရုံသို့ တစ်ပတ်လျှင်တစ်ခေါက် ပို့နေကျဖြစ်သည်။ ကြိမ်တိုက်ဟု သူတို့ခေါ်သည့် ကြိမ်ပွဲရုံပိုင်ရှင် ပွဲစားကြီး ဦးကျော်စောက ရိုးသားသော ဦးကျော်ကို ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့် အလုပ်အပ်သည်မို့ အရင်းအနှီးတော့ မစိုက်ထုတ်ရပါချေ။

တစ်နေ့တွင် ပွဲစားကြီး ဦးကျော်စောက မေးလာသည်။

“ကိုကျော် ခင်ဗျားတို့မှာ သားတစ်ယောက်တည်းရှိတာနော် ဟုတ်လား”

“ဟုတ်ပါတယ် ပွဲစား”

“အခု ဘယ်အရွယ်ရှိနေပြီလဲဗျ”

“ဒီနှစ်လေးတန်းအောင်ပြီးပြီ ခင်ဗျ”

“ဩော်...ငါးတန်းတက်ရတော့မှာကိုး”

ဦးကျော်က မျက်နှာမကောင်းလှစွာဖြင့် ပြောရှာ၏။

“ကျုပ်တို့ရွာမှာက အလယ်တန်း၊ အထက်တန်းကျောင်းတွေ မရှိလို့ ကျောင်းဆက်မထားနိုင်ပါဘူး ပွဲစားရယ်...”

ထိုစဉ်က ဦးကျော်တို့ရွာတွင် မူလတန်းကျောင်းသာရှိသေး၍ လေးတန်းအောင်သော် ငါးမိုင်ခန့်ဝေးသော ဘုတလင်မြို့ရှိ အထက်တန်းကျောင်းသို့ စက်ဘီးနှင့်ကျောင်းတက်လျှင်တက်၊ သူတို့ရွာ၏အနောက်တောင်ဘက် နှစ်မိုင်ခန့်ဝေးသော ယုန်လေးကုန်းရွာရှိ အလယ်တန်းကျောင်းသို့ ချောင်းကူး၊ မြောင်းကူးကာ သွားလျှင်သွားပါမှ အလယ်တန်း၊ အထက်တန်းပညာများကို ဆက်သင်ခွင့်ရသည်။

ကားတွေဥဒဟိုသွားနေသော ပေလမ်းတွင် စက်ဘီးနှင့်ကျောင်းတက်ရန်မှာ ငါးတန်းကျောင်းသားအရွယ်သာ ရှိသေးသော သူတို့သားကို လုံးဝစိတ်မချနိုင်သလို ချောင်းကူးမြောင်းကူးသွားတက်ရမည့် ယုန်လေးကုန်းရွာကျောင်းကို လွှတ်ရန်မှာလည်း မငုံ့ရဲပါ။ တစ်ယောက်တည်းသာရှိသောသားပေမို့ ဦးကျော်တို့သားကို ကျောင်းကနုတ်ရတော့မည်လေ။ တစ်ခုခု တိမ်းစောင်း၍ မပြောကောင်း မဆိုကောင်း သားကိုဆုံးရှုံးရလျှင်ဆိုသည့်အတွေးက သူတို့သား၏ ရှေ့ရေးကို အဆုံးအဖြတ်ပေးလိုက်သလိုဖြစ်သွားရသည်။ ပွဲစားဦးကျော်က-

"အေးဗျာ···ကွက်သစ်ထဲမှာ ကျူပ်ဖြံ့နဲ့ဝင်း ဝယ်ထားသေးဗျ၊ အိမ်လည်းပါတယ်။ ဖြစ်စေခ်သဘောနေချင်ရင်နေလေဗျာ၊ မြေကကျယ်ပြီး ရေတွင်းလည်းပါလို့ အသီးအရွက်စိုက်ပြီး ရောင်းစားရင်တောင်ရတယ်၊ ဘယ်နှယ်တုန်း ကိုကျော်၊ ကျောင်းလည်းနီး၊ ဈေးလည်းနီးသဗျ"

ဦးကျော်ကား ထိတ်ခနဲ ဝမ်းသာရတော့၏။ သူ့သားပညာရေးအတွက် အဆင်ပြေချပြီကောဟု။ ဘယ်လိုမှ မျှော်လင့်မထားသောအကူအညီဖြစ်၍ နတ်သိကြားတို့သာ တတ်နိုင်မည့် မိုင်းမမှုမျိုးဖြစ်သည်မို့ ဦးကျော်က သွက်လက်စွာပင်-

"နေ နေပါမယ် ပွဲစား၊ နေမယ်ခင်ဗျာ..."

ပွဲစားဦးကျော်ကလည်း ဝမ်းမြောက်စွာဖြင့်–

"ဒီလိုဆိုရင် ပြောင်းခဲ့ကြဗျာ...လူမရှိတော့ ခြံစည်းရိုးကို တောင်ဖျက်ယူပြီး ထင်းစိုက်ကြပုံရတယ်၊ တချို့နေရာတွေမှာ ယောင်းလောင်းတောင်ဖြစ်ကုန်ပြီ"

"တစ်ရက်နှစ်ရက်အတွင်း ပြောင်းခဲ့ပါမယ် ပွဲစား"

ဦးကျော်သည် ဓါတ်ိုင်းလို ကြိမ်စည်းကြီးကိုပင် မသယ်တော့ဘဲ ရွာသို့ပြန်လာခဲ့တော့သည်။ ဘူတာမှ မပြေးရုံတမယ် အိမ်သို့ပြန်ခဲ့၍ ဝမ်းသာစရာသတင်းကို ဇနီးနှင့်သားကိုပြောပြလေ၏။ သားက–

"အမေ ဒါဆို ကျုပ်ကျောင်းနေရပြီပေါ့နော်"

"ဒါပေါ့ကွ၊ မြို့ကျောင်းနေရမှာပေါ့"

"ကျုပ်ပျော်လိုက်တာ အမေရာ..."

"ဒီမှာသား မင်း ကျုပ်၊ ကျုပ်ဆိုတာကြီးကို ပြင်ရမယ်နော်"

"ဟုတ်ကဲ့ပါ အမေရ၊ ကျုပ်မပြောပါဘူး"

"ယောကြည့် ပြောရင်းကကို ကျုပ်ကြီးက ပါလာပြီ"

"မောင်သွားလို့ပါ အမေရဲ့ အဟီး"

"ဟား...ဟား...ဟား...ဟား သတိထားပါကွ မင်းကလည်း ဟဲ ဟဲ"

သားအမိနှစ်ယောက် အကြည်ဆိုက်နေကြသည်ကိုကြည့်ကာ အထုပ်အပိုးပြင်နေသော ဒေါ်တင်အေးပါ ပြုံးမိရတော့သည်။ သူတို့မိသားစု၏ကောင်းမွန်သော ဘဝတစ်ဆစ်ချိုး အရွေ့အပြောင်း မဟုတ်ပါလား။

× × × × ×

မျက်နှာစာအကျယ် ပေနှစ်ရာ၊ အရှေ့အနောက်အရှည် သုံးရာခန့်ရှိသော ခြံဝင်းသည် လူမနေသောကြောင့် ခြုံနွယ် ပိတ်ပေါင်းတွေထပ်လှ၏။ ဝင်းထဲရုံမှာလည်း အပေါက်တွေ ဇရပ်ပျက်ဖြစ်နေရာ မိသားစုဝင် သုံးဦးသား အားအင်ခဲလျက် တူးခုတ်ပစ်ရ၊ ဖာထေးရသည်မှာ သုံးရက်တိုင် သွားလေသည်။

မိုးအတန်ငယ်ရွာပြီးသည်နှင့် ဆင်ခြေဖုံးရပ်ကွက်ပေမို့ တောင်သူယာသမားများလည်းရှိပေ၍ နွားနှစ်ရှဉ်းငှားကာ ထယ်ထိုး၊ ထွန်မွှေလုပ်ရာ မြေကြီး၏ပကတိအရောင် မည်းမှောင်လာတော့၏။

မြေစာတို့ကို တောင်မြောက်တန်း၍ ဘောင်တင်လိုက်သော် မြောင်းပေါင် သုံးဆယ့်ငါးပေါင်ရလာသည်။ စိုက်ပျိုးရန် အသင့်ဖြစ်ပေပြီ။

နေပူလာသော် မြေကြီးကိုနှိုက်နေရာက အရိပ်အောက်ဝင်ပြီး ကြိမ်လုပ်ငန်းစတော့သည်။ ဦးကျော်က ကြိမ်ခွဲ၊ ကြိမ်သတ်၍ နန်းခွဲပေးပြီး ဒေါ်တင်အေးက ခြင်းနှင့်ခင်းပြင်ထိုးတော့သည်။ သည်လိုနှင့် နေညိုလာသောအခါ စိုက်ခင်းဝင်ကြပြန်သည်မှာ မိုးချုပ်စထိတိုင်အောင်ပင်။

ရက်အနည်းငယ်အတွင်း၌ မြောင်းပေါင်မည်းမည်းကြီးများ အပေါ်တွင် မြစိမ်းရောင် အစက်အပျောက်လေးတွေ ပေါ်လာသဖြင့် မျက်စိပသာဒဖြစ်စေပြသည်။ သိန်းသန်းမွှေးလည်း ကျောင်းတက်နေပါပြီ။

"နယုန်မိုးဖွဲ မြက်သားမွှေး" မိုးရောက်သော် စိုက်ပျိုးထားသည့်အပင်လေးများ အလားမြောက်စပြုလာ၍ ခူးဆွတ်ကာ မလှမ်းမကမ်းတွင်ရှိသောဈေးသို့ ဒေါ်တင်အေးသွားရောင်း၏။ ရှုံ့မှာနီးသာသာ ဈေးကွဲချိန်မှ အိမ်အတွက် ဆန်၊ ဆီ၊ ငါးပိ၊ ကြက်သွန်ဝယ်၍ ဒေါ်တင်အေးအိမ်ပြန်ကာ ထမင်းချက်တော့သည်။ ထမင်းကျက်သည်နှင့် ဦးကျော် ဘေးတွင်ထိုင်လျက် ကြိမ်ထိုးလေတော့၏။

ဦးကျော်ကလည်း မိုးလင်းသည်နှင့် စိုက်ခင်းရေလောင်းပြီးသော် ထမင်းကြမ်း ကပျာကယာစားပြီးကတည်းက အလုပ်ခွင်ထိုင်ကာ ကြိမ်အလုံးများကို အူခွဲ၊ အူထုတ်၍ အကြောလေးတွေဖြစ်အောင် သပ်လျက်နှန်းခဲ့ထား၏။ ယခု ဒေါ်တင်အေးပြန်လာချိန်မှာတော့ ခြင်းတစ်လုံးထိုး၍ပြီးနေပါပြီ။

အထက်တန်းကျောင်းဆီမှ မုန့်စားကျောင်းလွှတ်သော သံချောင်း ခေါက်သံကြားမှ ထိုးလက်စခြင်းကို အသာချ၍ ဒေါ်တင်အေး တစ်ယောက် ကုန်းကုန်းကွကွအနေအထားနှင့်ပင် မီးဖိုချောင်ဆီသို့ သွားတော့သည်။ (အထိုင်သမားတို့ထုံးစံအတိုင်း ထရပ်ကာစတွင် ခါးမတ်အောင် မဆန့်နိုင်သေးဘဲ ထိုသို့ ကုန်းကွအနေအထားနှင့်ပင် အရေးကြီးအလုပ်ရှိသော် ပြေးရ၊ လွှားရတတ်၏။)

သူတို့သားလေးသည် မနက်အိမ်တွင် စားသွားသော ထမင်းကြမ်း၊ တစ်ခါတစ်ရံ ထမင်းကြော်စားသွားသည်ကလွဲ၍ ကျောင်းမုန့်ဈေးတန်း၌ ဝယ်စားနိုင်လောက်သည့် မုန့်ဖိုးမပေးနိုင်ချေ။ ယခုအချိန်ဆိုသော် ဆာရှာပေလိမ့်မည်ဟုတွေးကာ သံချောင်းခေါက်သံ ကြားသည်နှင့် ထမင်းနွေးထားနှင့်ရသည်။

ခဏအကြာတွင် အပြေးပြန်လာသော သားရောက်သည်နှင့် သူတို့မိသားစုနေ့လယ်စာစားကြသည်မှာ ထုံးစံလိုဖြစ်တော့၏။ နေ့စဉ် ရက်ဆက် ခြံထွက်သီးနှံ့အရွက်တို့ကိုသာ ချက်ပြုတ်စားရသည်ဖြစ် သော်လည်း ဆန်နို့ဆီဘူးသုံးလုံးချက်သည့် ထမင်းအိုးကလေးမှာ မကုန်သည့်အနပ်မရှိပါလေ။

ထမင်းစားပြီး၍ သားဖြစ်သူကျောင်းသို့ပြန်သွားသည်နှင့် သူတို့ နှစ်ယောက်သား အလုပ်ခွင်ဝယ်ပြန်ထိုင်ကြပြန်သည်။ ဒေါ်တင်အေးက

ရေချွေးကြမ်း မကြာခဏသောက်တတ်၍ ရေချွေးကြမ်းဓာတ်ဘူးက သူတို့နှစ်ဦးကြားမှာ အမြဲရှိနေရ၏။ ဦးကျော်ကတော့ ပုစွန်နှစ်ကောင် ဆေးပေါ့လိပ်ကြီးကို မပြတ်တမ်းခဲထားတတ်သည်။

ညနေကျောင်းဆင်းခါနီးလေမှ ဒေါ်တင်အေးအလုပ်မှထ၍ ထမင်းတစ်အိုးတည်၊ ချဉ်ပေါင်ပင်များရိတ်ကာ ရေဆေးပြီး အနေတော် အရွယ် အစည်းလေးများစည်းခြင်း၊ ရုံးပတီသီးတောင့်များခူးကာ ငါးတောင့်လျှင်တစ်စည်းစည်းခြင်း စသောဟင်းသီးဟင်းရွက်စုလေးများကို ထမင်းတစ်အိုးချက်အတွင်းလုပ်ရပါသည်။ ဟင်းကိုတော့ မနက်ကတည်းက အပြီးချက်ထားသည်မို့ စားကာနီးလေမှ နွေးလိုက်ရုံပင်။

စားသောက်ပြီးသည်နှင့် သိန်းသန်းရွှေက ကျူရှင်သွားသလို သူတို့လင်မယားက နိုက်ခင်းထဲဝင်၍ ခရမ်း၊ ခရမ်းချဉ်၊ ပဲတောင့်ရှည် စသည့် ခူးဆွတ်နိုင်လောက်သည်များကို မနက်ဈေးရောင်းရန်ခူးဆွတ် ရေဆေးပြီး နှင်းစင်ပေါ်ကျင်းထားလိုက်သည်။ ပြီးသော် လုပ်ငန်းခွင် ပြန်ထိုင်ကြရာ မိုးချုပ်သည်အထိဖြစ်တော့၏။

"တင်အေးရေ...ဒီတမာပင်ကြီးပေါ်ကို ပဲပုစွန်နဲ့လာသာပဲ ရုံတင်ရအောင်လားဟေ့"

"သစ်ပင်ပေါ်တင်တာက ဟုတ်ပါရဲ့၊ သီးတော့ ဘယ်လို ဆွတ်ရပါ့တော်"

"အို တောသားပဲဗျာ...ကျွပ်တက်ခူးမှာပေါ့"

"တော်က ငယ်တဲ့အရွယ်လား၊ မတော်လို့လိမ့်များကျရင် ခုက္ခ"

"ဩော်...ကိုင်းဖျားကိုင်းနားထိတော့ တက်မလားဟ၊ မီတာကို တံချူနဲ့ခူးမှာပေါ့"

"ဒါဖြင့် လုပ်လေတော့"

"ဟော မီးအိမ်လေး ထွန်းဦးလေဟာ မမြင်ရတော့ဘူး"

အလင်းပျောက်သော မီးထွန်း၍ဆက်လုပ်ကြပြန်ရာ ဆယ်နာရီထက်စောပြီး အိပ်ရာမဝင်ဖူးပါချေ။ တစ်ပတ်တစ်ခါ ကြိမ်ထည်ပစ္စည်းနှင့် ခြံထွက်အသီးအနှံများ ကြိမ်တိုက်သို့သွားပို့လေတိုင်းပင် ပွဲစားဦးကျော်စောက ကျေနပ်လှစွာပြောလေ့ရှိသည်ကတော့-

"ကျုပ်တော့ ခြံလည်းအစောင့်ရ၊ ဟင်းသီးဟင်းရွက်လတ်ဆတ်တာလည်းစားရနဲ့ ဟန်ကျသဗျိုး။ ဒါနဲ့ ခင်ဗျားတို့ အိပ်ချိန်ကော ရှိရဲ့လား"

ထိုသို့နေ့များကို ဒုက္ခတည်းဟူသော ကြိုးနှင့်သီကုံးခဲ့၍ ရက်ပေါင်းနှစ်ထောင်ကျော်လေမှ (ခြောက်နှစ်ကျော်) ရသောအောင်ပွဲအဖြစ် သားသည် ဆယ်တန်းကို သုံးဘာသာဂုဏ်ထူးနှင့် အောင်ခဲ့သည်ဖြစ်၏။

သူတို့သား တက္ကသိုလ်ပညာဆုံးခန်းတိုင်အောင် ဆက်သင်နိုင်ရန် ဘယ်ရွှေဘယ်မျှအထိ အားစိုက်လုံးပန်းရဦးမည်ဆိုတာကို မသိသေး။ လင်းကြက်တွန်လေမှ တစ်ယောက်ကိုတစ်ယောက် အားပေးရင်းနှင့် ရင်ဆိုင်ရလတ္တံ့သော နောက်ထပ်လေးငါးနှစ်တာကာလကို ယှဉ်ပြိုင်အနိုင်ယူဖို့ အားမွေးရန် စောင်ကိုခေါင်းမြီးခြုံ၍ ကြိုးစားကာအိပ်ရပါတော့သတည်း။

× × × × ×

နည်းပညာတက္ကသိုလ်တွင် တက်ခွင့်ရသော သားအတွက် ပွဲစားကြီးထံ အပ်နှံထားသောငွေနှင့် ဆိုင်ကယ်တစ်စီးဝယ်ပေးလိုက်၏။ ထိုသည်ကို ရည်ရွယ်လျက် ကြိမ်ထည်လက်ရာများကို တစ်ပြားမှမထုတ်ဘဲ စုထားခဲ့မိ၍သာတော်တော့သည်။

ယခင်နှစ်များက ခေါင်းငြိမ်းခြွကာ တိတ်တဆိတ်ထွက်လေ့ရှိသော "ငိုင်း"သည် ယခုမူ ဆင်စီးရှုံ့ထွက်တော်မူတော့၏ဟု ဆိုရမလို ငွေလုံးငွေရင်းနှင့် ပထမဆုံးစထွက်လေသည်။ ထို့မှမကသေး-

"အမေ ဆိုင်ကယ်ဆီထည့်ဖို့ တစ်ထောင်ကျပ်ပေးပါ"

ဆိုင်ကယ်ဝယ်ပေးခြင်း၏ နောက်ဆက်တွဲပြဿနာသည်ကား တစ်ပတ်လျှင်ငါးရက် ဆီထည့်ပေးရခြင်းပင်။ ဆိုင်ကယ်ဆိုသော သတ္တဝါလေးသည် အကောင်ငယ်ပေလည်း ဆီသောက်ကြမ်းလှချေ တကားဟု ဒေါ်တင်အေး အံ့ဩရပါ၏။

"အမေရေ…ဒီနေ့တော့ ကျူရှင်လခပေးရမှာမို့ သုံးသောင်း နှစ်ထောင်ကျပ်တိတိ ခင်ဗျာ"

သားဖြစ်သူက ငွေတောင်းရသည်ကို အားနာလို့လားမသိ ရယ်စရာ ပြောကာ တောင်းရှာပေသည်။ တစ်ထောင်ကျပ်၊ တစ်သောင်းကျပ် ပေးပါ၊ သုံးသောင်းကျပ်တဲ့ ခင်ဗျ စသည်ဖြင့်။ ဒေါ်တင်အေးကတော့ ပေးရန်အသင့် စီစဉ်ထားပြီးရှုံးဖြစ်သည်။

ကျူရှင်လခက သုံးသောင်းကျပ်တဲ့၊ အေးလေ တပည့်များ အများကြီးလည်းယူသည့် နာမည်ကြီးကျူရှင်မှာ သားကတက်သည်ကိုး။

"အမေရေ…လဆန်းသုံးရက်နေ့ကျရင် ကျွန်တော်တို့ကျောင်းက လေ့လာရေးခရီးထွက်မှာ ရှမ်းပြည်နယ်တောင်ပိုင်းကိုတဲ့။ အဲ့ဒါကြိုပြော ထားတာ၊ ကုန်ကျမယ့်ခန့်မှန်းငွေကြေးကတော့ ငါးသောင်းကျပ်တဲ့ ခင်ဗျာ…ဖြစ်ရဲ့လား အမေ"

"ဖြစ်တာပေါ့ကွယ်…ဖြစ်ရမှာပေါ့ သားရယ်"

သားမျက်နှာမငယ်ရအောင် အဆင်သင့်ထည့်ပေးနိုင်ခဲ့ပါ၏။ ထိုငွေပမာဏသည် ရွာမှာနေစဉ်က ကိုင်ပင်မကိုင်ဖူးသော ငွေကြေး

ဖြစ်၍ ပွဲစားကြီး၏ကျေးဇူးကို အိမ်ရောင်တိုင်းကန်တော့လျက် မေတ္တာပို့ ခြင်းဖြင့်သာ ဆပ်နေရပါသေးသည်။ တစ်ခါတစ်ရံ သူတို့လင်မယား နှစ်ယောက်တည်းရှိရှိမိမျှ၌ ဒေါ်တင်အေးက ပြောမိရှာသည်။

"အခုမှ တောင်တက်ရတာ ကိုကျော်ရေ…အရင်နှစ်တွေက မြေပြန့်တင်သွားရုံရှိသေးတာ၊ ဒီနှစ်ကတော့ တစ်ထောင်အောက်ထစ် ပေးရတယ်လေ…တစ်သောင်းကျပ်၊ သုံးသောင်းကျပ်၊ ငါးသောင်းကျပ်နဲ့ ကျပ်လိုကို မပြီးနိုင်ဘူး၊ ရှေးလူကြီးတွေကလည်း ကျပ်ငွေတဲ့၊ ပြားတဲ့၊ ဘာလို့များခေါ်သလဲ မသိဘူး၊ ဒီမှာဖြင့် ကျပ်ပြီးရင်း ကျပ်နေပြီ၊ ကိုကျော်ရေ…ကျပ်ငွေအစား ချောင်ငွေဆိုရင် မကောင်းဘူးလား၊ တစ်သောင်းချောင်၊ နှစ်သောင်းချောင်ဆိုရင် အဓိပ္ပာယ်လည်းရှိ၊ မင်္ဂလာလည်းရှိသတော့၊ ပြီးတော့ ပြားဆိုတာကိုလည်း ဖောင်းလို့ ခေါ်ခဲ့ရင် အခုထိ တစ်ဖောင်း၊ နှစ်ဖောင်း၊ လေးငါးဖောင်းဆိုတာရှိပြီး မယ်ထင်တယ် ကိုကျော်ရဲ့၊ ပြားဆိုတာတော့ တစ်ခါတည်းပြားပြီး ကပ်ရာက ပျောက်သွားတာထင်ပါရဲ့တော်…"

စကားနည်းသော ဦးကျော်ကမူ ပွစိန်နှစ်ကောင်ဆေးပေါ့လိပ်ကြီး အခဲမပျက်ဘဲ သူ့မယားစကားကို ထောက်ခံလေ၏။

"အေးဟ နင်ပြောတာလည်း ဟုတ်တုတ်တုတ်ပဲ"

တိုးရှုံလာသော ပညာသင်စရိတ်အတွက် စိုက်ပျိုးရေးကို တိုးချဲ့ မည်စိတ်ကူးသော်လည်း မြေလွတ်က မှုစီနံတစ်ပင်စာပင် မရှိတော့ သည်မို့ ခြံအတွင်းရှိ ဆူးအတိပြီးသော ကန္တာရပင်မှုစ၍ အပင်ရှိသမျှ အပေါ်နှင့် ခြံစည်းရိုးမကျန် ကင်းမုံ၊ ကြက်ဟင်းခါး၊ ပဲသလက်၊ သခွားခါး၊ ဝေဝစသော နွယ်ရုံပင်များ တင်ရတော့သည်။ ထိုအခါ ရပ်ကွက်သူရပ်ကွက်သားတို့က နှတ်၏စောင်မခြင်းဖြင့် စောင်မ ကြရှာသည်။

"တော်တော် လောဘကြီးတဲ့ လင်မယားပဲဗျာ…"

"ဟုတ်ပ၊ သေရာပါမယ့်အတိုင်းပဲ"

သူတို့တစ်တွေ မည်သို့ဆိုပေလည်း အိမ်နီးချင်း၊ ရပ်ကွက်သူ ရပ်ကွက်သားတို့ဆိုပါက ဦးကျော်တို့လင်မယားသည် ရှော၊ အင့်နှင့် အလကားနီးနီးပေးရောင်း၊ ရောင်းတာများပါသည်။ ဘာသာတရားက မည်သို့ဆုံးမစေကာမူ အရုပ်တိုင်း၌ ဤလိုဣသသာမစ္ဆရိယစိတ် မကောင်းသူတွေရှိတတ်ကြောင်း ဦးကျော် သတိထားမိပါသည်။

× × × × ×

နံနက်စောစောထကာ ထမင်းကြော်၊ ရေနွေးတည်ပြီး လင်မယား နှစ်ယောက် ကပျာကယာစားသောက်ပြီးသည်နှင့် ညှည့်ဦးက ခူးဆွတ်ပြီး နှင်းခံထားသော အသီးအရွက်တို့ကို တောင်းတွင်ထည့်လျက် ဈေးထွက်ဖို့ ဒေါ်တင်အေးပြင်သည်။ သွားကာနီးတွင် -

"ကိုကျော် နိုက်ခင်းကို ရေလောင်းပြီးရင် အပင်ပေါ်က ဖုံလုံသီးနဲ့ ကြက်ဟင်းခါးသီးတွေ ဆွတ်ထားလိုက်ဦး…၊ ဩော် အပင်ဖျားထိ မတက်နဲ့နော်"

"ဩော်…သွားမယ့်အရေးကို မသွားနိုင်ဘူးလားဗျာ"

စိတ်မရှည်သဖြင့် မှာတမ်းရှည်နေသောဇနီးကို ငေါက်ဆတ်ဆတ် ပြောလျက် ဦးကျော်တစ်ယောက် နိုက်ခင်းရေလောင်းရန် ရေတွင်းဆီသို့ သွား၏။ မောင်းလက်ဆင်ထားသဖြင့် မြောင်းလက်တံတွေထဲကို ရေစွဲ ထည့်ရသည်မှာ မကြာလှချေ။ ပြီးသော် အပင်ကြီးများပေါ်၌ နွယ်ရုံ (ဝလ) ပင်အသီးများကို ခူးထားလိုက်သည်။ အချို့ဈေးသည်များက အိမ်ကိုတိုက်ရိုက်လာယူနေကြသည်မို့ အဆင်သင့်ဖြစ်စေရန် ခူးထား ရခြင်းပါ။ ထိုစဉ်တွင် -

"ဦးကျော်…ဗျို့ ဦးကျော်"

ကပ္ပိယကြီး ဦးမြအောင်၏အသံကို ကျက်မိနေ၍

"ဦးမြအောင် ကျွပ် ဒီမှာဗျို့ ထိုင်ကြပါဦး"

"ဗြော် ဦးကျော်နဲ့ ဘူးသီးနဲ့ ရောနေတော့ မမြင်ရဘူးဗျို့ ဟဲ ဟဲ"

ရေတွင်းအပေါ်ရှိ သစ်သားပေါင်ကို အမောခံထား၍ ဝါးတန်းများ တင်ပြီး ဘူးပင်များတင်ထားသည့်၌ ဘူးသီးများ ဆွေးနွဲ့နွဲ့သလို သီးနေသဖြင့် လူကိုကွယ်ထားသလို ဖြစ်နေသောကြောင့် ဦးမြအောင်တို့ မမြင်ရခြင်းဖြစ်၏။

"ကဲဗျာ…ဘာများအလိုရှိသတုန်း ကိုမြအောင်ရေ…"

ရေငင်ခြင်းကို လက်စသတ်၍ မောက်သည်ဖြစ်နေသော ကပ္ပိယကြီးဦးမြအောင်တို့ထံသွားရ၏။ လာနေကျ၊ ဝယ်နေကျဖြစ်၍ ဦးမြအောင်နှင့် ဦးမြင့်တို့က နံ့တန်းလျားတွင် ထိုင်နေကြပါပြီ။ တစ်ယောက်က ရပ်လျက်-

"ကိုလှိုင်မြင့် ဘူးသီးဘယ်နှလုံးလဲဗျ"

ဦးမြအောင်က ထမင်းချက်အဖွဲ့မှ လူငယ်တစ်ယောက်ခေါ်ခဲ့သည်ကို လှည့်မေးလိုက်ရာ ရပ်နေသောလူငယ်က…

"ဒီနေ့ သားမြှမ်းဟင်းချက်မယ်…ချဉ်ပေါင်ကြော်မယ်ဆိုတော့ ဘူးသီးသုံးလေးလုံးနဲ့ ချဉ်ပေါင်အစည်း ငါးဆယ်လောက်ပေးဗျာ… အဲ ရေတ်သီးစိမ်းတောင့်ငါးဆယ်သားပါ ထည့်ပေးဦးဗျ"

"ရမယ်ဗျို့…ထိုင်ပြီး ရေနွေးသောက်နှင့်ကြဦး"

ဦးကျော်သည် သူတို့ပါလာသော ထန်းခေါက်တောင်းကိုယူလျက် စိုက်ခင်းထဲသို့ ပြန်ဝင်ခဲ့ရ၏။ သူတို့သည် ဦးကျော်တို့ခြံနှင့် ခြေကျင်

လျှောက်သော် ဆယ်မိနစ်ခန့် လျှောက်လျှင်ရောက်သည့် တရားစခန်းရှိသောကျောင်းတိုက်ကြီးမှဖြစ်သည်။ ထိုကျောင်းတိုက်ကြီးတွင် ယောဂီတစ်ရာခန့် မပြတ်ရှိနေတတ်ရာ အလှူရှင်လည်း မပြတ်သောကြောင့် နေ့စဉ်ပင် ချက်ပြုတ်နေရသည်။ ကပ္ပိယကြီးဦးမြအောင်က ခေါ်ခေါ်လာ၍ အိုးသူကြီးအရွဲ့သည် အသီးအရွက်များကို မြဲအထိလာဝယ်သောဖောက်သည်ဖြစ်နေပါပြီ။ ဦးမြအောင်နှင့် အိုးသူကြီးအရွဲ့သည် ဦးကျော်၏ဇေတနာကိုသိ၍ ဆိုက်ကားငှားသွားရသည့်ဈေးကို မရောက်ဖြစ်တော့။ သည်ခြံမှာပဲ ဝယ်ဖြစ်ကြတော့၏။

"ကိုင်းဗျာ…ဘူးသီးလေးလုံး၊ ချဉ်ပေါင်ရွက်က မှန်းပြီး နှုးပေးလိုက်တယ်၊ ရှောက်သီးစိမ်းလေးလည်း သုံးဆယ်သားလောက်ရှိမယ်ဗျ၊ နံနံပင်က အပိုထည့်ပေးလိုက်တာဗျို့"

ကျသင့်ငွေထဲက အစွန်းထွက်လည်း လျှော့ယူလိုက်ပါသည်။ မလျှော့နိုင် ဈေးရောင်းဆိုသော စကားပုံလည်းရှိသည်လေ။

"သာဓုပါဗျာ…သာဓု သာဓု"

ထိုစဉ် ဒေါ်တင်အေးပြန်ရောက်လာ၍ ဦးကျော် အံ့ဩသွားပြီး-

"ဟာ…ဒီနေ့စောလှချေလား၊ လမ်းမှာ ရောက်ကျွဲလို့လာသဟ"

ဒေါ်တင်အေးက သွားပေါ်ရုံမျှပြုံး၍-

"ဈေးထဲက ကုန်စိမ်းသည်တွေက သူတို့ရောင်းဖို့မျှပါဆိုတာနဲ့ မျှခဲ့ရတယ်တော်။ မနက်ဖြန်ကစပြီး လာယူပါ့မယ်လို့လည်း ပြောသေးတယ်"

"အေး…နင်သက်သာသွားတာပေါ့ဟာ"

ပြန်ရန်ပြင်နေသော ဦးမြအောင်က ခုံတန်းလျားတွင် ပြန်ထိုင်လိုက်ပြီးသော်-

"ကဲ ဒီနေ့ကစပြီး မတင်အေးက မနက်ပိုင်းအားသွားပြီဆိုတော့ ကျုပ်တို့ကျောင်းမှာ လုပ်အားဒါနလှူဖို့ ဖိတ်ပါရစေဗျား၊ ယောဂီနဲ့ သံဃာတစ်ရာကျော်ကို ဆွမ်းကျွေးရတဲ့ကုသိုလ် ယူလှည့်ပါဦး၊ လူအင်အားနည်းလွန်းလို့ပါဗျာ"

ဦးကျော်ကလည်း လိုလားစွာပင် တိုက်တွန်းရှာပါသည်။

"အေး တို့မှာ ကုသိုလ်ရယ်လို့ တကူးတက လုပ်နိုင်တာ မဟုတ်တော့ သွားကူလိုက်ပါ တင်အေးရာ"

ဒေါ်တင်အေးကလည်း ဘာမှမပြောတော့ဘဲ လိုက်သွားပါသည်။

"ပေး…ပေး အဲ့ဒီ ဘူးသီးတောင်းကြီး ကျုပ်ရွက်ခဲ့မယ်"

"ဟာ…နေပါစေဗျာ"

"ပေးစမ်းပါ…ယောကျ်ားလေးတွေ တောင်းရွက်တာ ကြည့်မကောင်းပါဘူးတော်"

ဦးမြအောင်က အားနာစွာဖြင့် ပြောလိုက်သေးသည်။

"မတင်အေးက ကုသိုလ်ယူဖို့ အကြွေးမထားဘူးဗျို့"

× × × × ×

ဦးကျော်တစ်ယောက်တည်း ကြိမ်ခွဲလိုက်၊ ဈေးရောင်းလိုက် လုပ်နေရင်း ဆယ်နာရီခွဲခန့်တွင် လုပ်လက်စအလုပ်ကို ချထားခဲ့ပြီး ထမင်းချက်လိုက်သည်။ ခြံထွက်ချဉ်ပေါင်ရွက်ဟင်း၊ ကြက်ဟင်းခါးသီး ချက်၊ ငါးပိငရုတ်သီးအညာထောင်း သုံးခွက်သာဖြစ်ပါသည်။

ဦးကျော် ထမင်းကျက်ပြီး၍ အသင့်ပေါ်သီးများ ခူးဆွတ်ပြီးစဉ် ကျောင်းတိုက်ကြီးဆီက ကြေးစည်ရိုက်သံကြားရ၏။ မရှေးမနှောင်းပင် ဒေါ်တင်အေးပြန်လာသည်။ လက်ချည်းသာမဟုတ်၍ ဦးကျော်က-

"ငါ့မိန်းမ ကုသိုလ်တွေယူလာလိုက်တာ ချိုင့်နဲ့တစ်လုံး ပါလားဟ"

ဒေါ်တင်အေးက နှုတ်ခမ်းကြော့နွဲ့အောင် မျက်မှောင်ကြီးကြုတ်လျက် နှင့်-

"ဦးမြအောင်ကြီးပေါ့ ကိုကျော်ရယ်...ထမင်းမစားပါရစေနဲ့ ဆိုတော့ အတင်းထည့်ပေးလိုက်တာ၊ ကျုပ် ရှက်လိုက်တာတော်"

ဦးကျော်က ချိုင့်ကိုယူကာ ဖွင့်ကြည့်လိုက်သော်-

"ဝက်သားဟင်း၊ ငါးခြောက်ထိုး၊ အစိမ်းကြော် ဟင်းကောင်း တွေချည်းပါလားဟ၊ ငါတော့ မစားရဲပေါင်ဗျာ"

"ဘာကြောင့် မစားရဲတာတုန်း သူများလှူထားတာမို့လား"

"အဲဒါကတော့ အကျန်အကြွင်းကို ပေးလိုက်တာမို့ စားရဲပါ တယ်၊ လျှာအကျင့်ပျက်မှာစိုးလို့ မစားရဲဘူးပြောတာ"

ဒေါ်တင်အေးက စဉ်းစားချိပြောပုံဖြင့်-

"အကျန်ဆိုပေမယ့် သန့်ပါတယ်တော်...ဒီလိုလုပ် မနက်ဖြန် ကျမှ သားကိုထည့်ပေးလိုက်မယ်"

"အေး ကောင်းတယ်၊ အစိမ်းကြော်ကလွဲရင် နက်ဖြန်အထိ ထားလို့ရတာချည်းပဲဆိုတော့ သားထမင်းချိုင့်ထဲ ထည့်ပေးလိုက်တာပေါ့"

"ကဲ တို့စားကြမယ်လေဟာ"

မိရိုးဖလာကိုထိန်းသောအားဖြင့် ခြံထွက်အသီးအနှံဟင်းဖြင့် မြိန်ယှက်စွာစားလိုက်သည်။ ဟင်းကောင်းတွေကတော့ သားအတွက် ဖြစ်သွားခဲ့ရသည်လေ။

"တင်အေးရေ...ချိုင့်ကို သည်အတိုင်းမယူခဲ့ရင် အိတ်ကလေးနဲ့ ထည့်ယူ၊ ပြီးတော့ လူမြင်ရာတစ်ခုခု အမြဲယူသွားပေါ့"

ဒေါ်တင်အေးလည်း သဘောပေါက်သည်။ စားသောသားကို ကစီဖတ် (ခါးစည်းဖက်) မတင်စေလိုပါ။ လှူစရာအမြဲပါအောင် ကြိုးစားရတော့၏။ ခြံထွက်သီးနှံတစ်ခုခုမှ လှူစရာမပါလျှင်မူ ကျောင်းပရိဝုဏ်အတွင်း တံမြက်စည်းတော့ ခတ်ပေးခဲ့သည်ချည်းမို့ ဆရာတော်ကြီးများကအစ ကြည်ဖြူတော်မူပေသည်။

ထိုသို့သော ကုသိုလ်ရက်များစွာကို လုံ့လရှည်သော ပိုးကြီးနှင့် သီ၍ အကုသိုလ်ကင်းသော သီလပန်းကုံးတစ်ကုံးရသည့်၌ အရှိမ ပန်းတိုင်သို့လည်း ဆိုက်မြိုက်စွာရောက်ခဲ့ပါတော့၏။ သဘောမှာ သိန်းသန်းငွေတစ်ယောက်အင်ဂျင်နီယာဘွဲ့ရသည် ဟူပါသတည်း။

× × × × ×

ဘွဲ့ယူသည့်နေ့က ဦးကျော်တို့လင်မယားမှာ တစ်ခါမှ မတက်ဖူးသော အဝတ်တန်ဆာတို့ကြောင့် အနေရခက်သည့် အထဲ၌ အိမ်နီးချင်းတို့၏ ကျီစယ်မှုကြောင့် မနေတတ်မထိုင်တတ်ရှိတော့၏။

“လင်မယားနှစ်ယောက်ကတော့ ခေါင်းအထိ ဖက်ရှင်ဗျား”

အထက်အောက် အဖြူရောင်များသည့်ဝတ်စုံကိုယ်စီ သားက ဆင်ထားသည့်အထဲ ခေါင်းတွေက ဆွတ်ဆွတ်ဖြူနေ၍ ပြောခြင်းဖြစ်ပါသည်။ အသိတစ်ယောက်ကလည်း နှမ်းဖြူးသေး၏။

“အောင်မာ မင်းမသိလို့ မျက်မှန်ပါဝါကလည်း သုံးရာစီရှိသဟ… ဖက်ရှင်ကျတာတော့ ပြောမနေနဲ့ ကိုယ့်လူရေ”

ထက်စွာသော ဓားတစ်လက်ဖြစ်ရန်အတွက် ဓားသွေးကျောက်တို့ ခါးခွက်၍ ပုံမတတ်ပင် အမြင်ဆိုးရသည်မှာ မွေတာပင်တည်း။

ဦးကျော်တို့မောင်နှံသည် ဆံဖြူ၊ သွားကျိုး၊ ခါးကိုင်းကာ နားထိုင်းခဲ့ပါချေပြီ။

ပွဲစားကြီးဦးကျော်စောက ကားကို ကိုယ်တိုင်မောင်းရှို့ပေးသည်မို့ သားတို့၏အသွဲ့ယူမှုအခမ်းအနား ပြီးပြည့်စုံခဲ့ရပါသည်။

အသွဲ့ယူပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည့်နှင့် သားဖြစ်သူက နှနယ် ပျိုမြစ်လှသော မိန်းကလေးတစ်ယောက်ကို ခေါ်လာ၍ သူတို့နှင့် မိတ်ဆက်ပေးလေ၏။

"အမေနဲ့အဖေ သူက ကျွန်တော့်သူငယ်ချင်း ရတနာတဲ့။ အခုအသွဲ့ယူတော့လည်း အတူတူပဲလေ။ ရတနာ ဒါကိုယ့်မိဘတွေပဲ မှတ်ထား"

"အေးကွယ်…အလည်လာခဲ့ပါဦး"

"လာမှာတော့မပူနဲ့ အမေရေ…နောက်ဆို…"

"အာ…ကိုဝေ့းကလည်း ဘာတွေလျှောက်ပြောနေမှန်း မသိဘူး"

ကလေးမက ရှက်ရွံ့သော လေသံကလေးဖြင့်ပြောကာ သားကို လက်နှင့်မနာအောင်ပုတ်မိ၏။ ဦးကျော်တို့ကို ယဉ်ကျေးစွာ နှုတ်ဆက်၍ ခပ်လှမ်းလှမ်းတွင် မြင်နေရသော သူ့မိဘထံပြန်သွားသည်။ သူတို့လည်း ဓာတ်ပုံရိုက်နေကြသည်ဖြစ်ပါမည်။ ထိုသည်ကို မျက်စိလိုက်၍ကြည့်နေသော ပွဲစားကြီးဦးကျော်စောက ဦးကျော်၏အနားကပ်၍ တီးတိုးပြော၏။

"အို…ဒီကလေးမက စက်သူဌေးဦးဘမောင်ရဲ့ သမီးလေးပဲ ကိုကျော်ရဲ့၊ ခင်ဗျားသား ရှာတတ်လိုက်တာဗျာ"

ထိုအခါမှ ဒေါ်တင်အေးမှာ မျက်စိကစားကာ ကြည့်ရလေ၏။ ဓာတ်ပုံရိုက်နေကြသော မိသားစုကိုကြည့်မိသော် ထိတ်ခနဲဖြစ်သွားရတော့သည်။ "ဘုရား…ဘုရား တည့်တည့်ကြီးကို တိုးပါကရောလား" ဟု တီးတိုးရေရွတ်လျက် မျက်နှာပျက်သွားရရှာတော့သတည်း။

× × × × ×

"တင်အေး နင်ဘာဖြစ်နေတာတုံး၊ နေကောင်းရဲ့လား"

အိမ်ပြန်ရောက်သည်အထိ မျက်နှာမကောင်းသော ဇနီးကို အကဲခတ်မိသည့် ဦးကျော်က မေးလေသည်။

"ကောင်းပါတယ်တော်..."

"ကောင်းတယ်သာဆိုတယ် ငိုင်တိုင်တိုင်နဲ့ နင့်ဟာက"

ဒေါ်တင်အေးမနေသာတော့ပြီမို့ သားမရှိနိုက် သူ့ခင်ပွန်းကို ဖြစ်ကြောင်းကုန်စင် ပြောရလေတော့သည်။

"တော် သစ်ပင်ပေါ်ကပြုတ်ကျပြီး လက်ကျိုးတဲ့နေ့ကို မှတ်မိတယ်မို့လား"

"အောင်မလေး...အဲဒီနေ့တော့ တစ်သက်မမေ့ဘူးဗျ"

"ကျုပ်လည်း တစ်သက်မမေ့စရာဖြစ်ခဲ့တယ် ကိုကျော်ရေ၊ ဒီလို...ဒီလို"

× × × × ×

"ကိုကျော်ရေ...ကျုပ်ကို တောင်းပန့်ပေးပါဦး"

ယနေ့ ဈေးနေ့အလှူလည်းရှိ၍ ဧည့်များမည်မို့ အခါတိုင်းထက် အသီးအရွက်တောင်းကြီးမှ ဝန်များပိနေသဖြင့် သူ့ယောကျ်ားကို ပင့်ကူ ခေါ်သည်။ ကန့်ယကြီးနှင့် ဒိုးသူကြီးအရွဲ့ကလာမယ်ဘဲ ဒေါ်တင်အေး ကိုမှာလိုက်ခြင်းဖြင့် သူတို့အတွက် မနေ့ကမှာလိုက်သည့်အတိုင်း ယူသွားရုံသာ။ တောင်းပန့်ပေးပြီး ထွက်မည်လုပ်ပြီးမှ-

"ပဲပုစွန်သီးတွေ ခူးထားလိုက်ဦးနော်၊ ဂရုစိုက်လည်း ခူးဦး"

"ကဲ သွားမှာသာသွားပါဗျာ...ရှည်လိုက်တာ"

ဒေါ်တင်အေးက မိုးဖွဲလေးများကျနေ၍ ပြောခြင်းဖြစ်မှန်း ဦးကျော်က သိပါသည်။ သို့သော် နေ့တိုင်းလုပ်နေကျအလုပ်မို့ရုမထား အားပါ။

ထိုနေ့သည် လောကစံ၏ထိုးနက်ချက်ကြောင့် ခိုင်ပွဲရပ်ဖြင့် အရှုံးပေးရကာ ကပ်နှင့်ထမ်းထုတ်ခံရမည်ကို ကြိုတင်မသိသေး၍ ဖြစ်ပါမည်။

× × × × ×

ကျောင်းတိုက်အတွင်း၌ ကားကြီး၊ ကားငယ်၊ ဆိုင်ကယ်၊ စက်ဘီးတို့နှင့် ပြည့်နှက်နေ၏။ ယောဂီများကိုပင် ယနေ့တော့ တရားစခန်းဖြုတ်ထားရသည်။ မွေးနေ့ရှင် စက်သူဌေးဦးဘမောင် နှစ်ငါးဆယ်ပြည့် ဝိဇာတမင်္ဂလာနှင့် အလှူကြောင့် လာကြသည့် ဧည့်ပရိသတ်တို့နှင့် ပြည့်နေသောဤနေ့သည် တရားစခန်းနှင့်မတူအောင် ဆူညံနေသည်ကိုး။

လာသမျှသော လူတို့မှာလည်း တောက်ပြောင်စွာ ဝတ်စားလာကြ၏။ မြို့မျက်နှာဖုံးသူဌေး၏အလှူမို့ အခါတိုင်း လုပ်အားပေးသူတွေပင် အဝတ်အစားသစ်တွေချည်း ဝတ်ဆင်လာကြရာ ဒေါ်တင်အေး တစ်ယောက်သာကွက်၍ ညိုးငယ်နေသယောင် ထင်ရတော့၏။ စက်သူဌေးဦးဘမောင် လှူထားသောဝတ်စုံများဖြင့် အခါတိုင်းဘုရှင်ကြီး လှသော ယောဂီများကို ပြုံးကာ၊ ရယ်ကာနှင့်တွေ့ရသော် ဘာမဆိုင် ညာမဆိုင်နှင့် ယောင်ကာ၊ ရမ်းကာ ပြုံးမိသူကတော့ ဒေါ်တင်အေးပါ။ သို့ပေမဲ့ ပန်းကန်ဆေးသောချောင်ဝယ် တာဝန်ယူထားရသောသူကို

မည်သူကမှ ပြုံးသလား၊ ရယ်သလား ဂရုမစိုက်အားကြချေ။ ဦးမြအောင်ကသာ ထုံးစံအတိုင်း လူထဲဝင်သည်မဟုတ်သော ဒေါ်တင်အေး အတွက် ဟင်းထည့်ထားသောချိုင့်ကို ဆွမ်းကျွေးနေသော ဈေးရုံအပေါ် ထပ်သို့ အတက်၊ လှေကားအောက်သို့ ထိုးသွင်းကာ ထားပေးလိုက်ပြီး-

"ကဲ မတင်အေး တော်တော့၊ ကျန်တာ အိုးသူကြီးတွေ ဆေးလိမ့်မယ်"

"ရပါတယ် ဦးမြအောင်ရယ်…ဒီနေ့တစ်ရက်နောက်ကျတာပဲ ဟာ"

"ရပါတယ် မလုပ်နဲ့ သူများတွေစားတောင်နေပြီ သွားတော့ဗျ။ ဦးကျော်ကြီးဆီလာရော…နက်ဖြန်ယူခဲ့ရမယ့် ဟင်းသီး၊ ဟင်းရွက်စာရင်း ကို အိုးသူကြီးအဖွဲ့ မေးသွားဗျာ"

ဟုတ်တော့ဟုတ်သည်။ အခါတိုင်းက ယောဂီနှင့်သံဃာတစ်ရာ ခန့်ကို ကျွေးရသည်မို့ စားပြီးသားပန်းကန်တွေက ဒေါ်တင်အေးတစ်နိုင် နိုင်ပြီးပါလည်း ယနေ့တော့ လာသောပရိသတ်နှင့်လျော်ညီစွာ ဆေးစရာ ပန်းကန်က တောင်လိုပုံဆဲရှိသေးသည်။

"ဦးမြအောင်ပြောသလို အိုးသူကြီးအဖွဲ့နဲ့လုပ်အားပေးတွေဝိုင်းပြီး ဆေးရင်တော့ စောစောနေမှာပါ။ သွားဦးမှ အိမ်ကလူကြီးက မစားဘဲနဲ့ စောင့်နေမှာ" ဟု တီးတိုးရေရွတ်လျက် ထိုင်ရာမှထလိုက်၏။ သူ့ကို မိုးနေသော လှေကားနံ့ပေါ်မှ သုံးဆင့်ချိုင့်ကလေးကို လှမ်းယူရာမှာတော့ အထိုင်များထားသူတို့ထုံးစံ ကုန်းကွကွဖြစ်နေသမို့ မထိလှတ်ခြင်းက ချိုင့်ကလေးက သူ့ရှည်းသာပင် အောက်သို့ခုန်ဆင်းလေသည်။

"ခွမ်း…ဂွတ်"

"အဲတော်"

ချိုင့်ဆင့်တွေပြုတ်၍ ဟင်းတုံးတွေ အနံ့ထွက်လာသည့်တွင် ဘာလုပ်ရမှန်းမသိအောင် ဒေါ်တင်အေး ပျာယာခတ်နေစဉ် တိုက်ဆိုင်စွာပင် အလှူ့ရှင်ဦးဘမောင်တစ်ယောက် ဧည့်သည်များကိုလိုက်လံနှုတ်ဆက်ရာက ဖြတ်သွားဖြတ်လာကြုံတော့၏။ အလန့်တကြားအသံကြောင့် ထမင်းစားနေကြသူတွေ လှည့်ကြည့်သလို ဦးဘမောင်လည်း တုံ့ရပ်ကာ ကြည့်မိသည်။

ဒေါ်တင်အေးက ကြံရာမရဖြစ်ကာ ချိုင့်ထည့်သည့် လွယ်အိတ်အဟောင်းထဲသို့ဟင်းတုံးတွေ ကျုံးထည့်နေမိတော့သည်။ အမှိုက်ပုံးထဲသို့ သွားထည့်မည့်အကြံနှင့်သာပါ။ ဦးဘမောင်အထင်လွဲလေပြီး-

"စကားပုံရှိတာကတော့ ဝမ်းအပြင် အိတ်မပါဘူးတဲ့။ ခင်ဗျားကတော့ ဝမ်းအပြင် အိတ်ရောပါသကိုးဗျ"

"ဟို…ဟို…ဒီလိုပါတော်"

"ဘာမှ ဒီလို ဟိုလိုလုပ်မနေနဲ့ လူကြည့်ကောင်းအောင်လုပ်ဦး"

"ဟုတ်…ဟုတ်ကဲ့ပါ"

ဒေါ်တင်အေး ယခုမှ သူ့ဘေးတွင် စားကြွင်းစားကျန်ထည့်သည့် စဉ့်အင်ပက်ကို သတိရလျက် ဖိတ်စင်သည်တို့ကို ကျုံး၍ထည့်တော့သည်။ ဦးဘမောင်က စိတ်ပျက်သောအမူအယာနှင့် ခေါင်းတစ်ရမ်းရမ်းလုပ်နေလျက်က-

"အလှူလုပ်နေရာက အကုသိုလ်ဖြစ်ရတယ်။ မကောင်းပါဘူး"

ဒေါ်တင်အေးမှာကား ချက်ချင်းပင် သူကိုမြေမျိုသွားသော်ကောင်းလေစွဟု အောက်မေ့ရှာသည်။ ထိုအခါ ဦးမြအောင်ရောက်လာပြီး အလှူ့ရှင်ကို အကျိုးသင့် အကြောင်းသင့်ရှင်းပြနေ၍ ဦးဘမောင်၏ "ဩော်…ဟုတ်လား…အင်း…အင်း" အသံထွက်လာမှ သက်ပြင်းချလိုက်ရတော့သည်။

ထိုနေ့ အိမ်အပြန်ခရီးမှာတော့ အိမ်မကပ်သဲတွင် လမ်းလျှောက်သူ ပမာ အသိမဲ့သောကိုယ်ဖြင့် အိမ်ပြန်ရောက်ခဲ့ရာ စုရုံးစုရုံးဖြစ်နေသော မိမိအိမ်အတွင်းရှိလူများကို သတိထားမိပြီး ထိတ်ခနဲဖြစ်သွားကာ အပြေးဝင်သွားသော် သတိမေ့နေသောခင်မွန်းသည်ကို သားဖြစ်သူက ပွေ့လျက် တွေ့ရလေသည်။

"ဟင် ကိုကျော်…ဘာဖြစ်တာတုံး…ဘာဖြစ်လို့တုံး"

"သစ်ပင်ပေါ်ကကျတာ မောင်အေးရေ…အခုဆေးရုံပို့မလို့"

"ဟာ အမေ…အမေ။ လုပ်ကြပါဦးဗျာ…အမေသတိလစ် သွားလို့"

တိုတောင်းသော အချိန်အတွင်းလေးဝယ် ရှက်ခြင်း၊ ကြောက်ခြင်း၊ ထိတ်လန့်ခြင်းများ စုပြုံတွေ့လိုက်ရသဖြင့် ခံနိုင်စွမ်းမရှိရှာသည့် ဒေါ်တင်အေးမှာ စိတ်နှင့်ရုပ်မကပ်တော့ဘဲ မေ့လဲရှာသည်။

× × × × ×

ဦးကျော်သည် သူ့ဇနီး၏စကားကိုနားထောင်ပြီးသော် မျက်နှာ ရှုတ်ချည်း ညိုးရော်သွားရသည်။ ခဏကြာမှ လေးပင်လှသော လေသံဖြင့် -

"အင်း…ဒီလိုဆို တကယ်လို့များ သားရေး၊ သမီးရေးစကား ဆိုစရာပေါ်လာလို့ရှိရင် မျက်နှာချင်းဆိုင်ဖို့ ခက်သားကလားဟယ်"

"အဲဒါကို စိတ်ညစ်နေတာ ကိုကျော်ရေ့"

ဒေါ်တင်အေး၏ရိုးသားသောစိတ် ခေါ်ရမည်လား။ အငုံ့စိတ်၊ သိမ်ငယ်စိတ်ခေါ်ရမည်လား မသိသောစိတ်ထဲ၌ သူတို့မိလက္ခ လူတန်းစားလင်မယား၏သားဖြစ်သူကို သမက်အရာသွင်းနိုင်ပါ့မလား။

သူ့ချက်နှာကိုမြင်သည်နှင့် သား၏အချစ်ရေး ကသိကအောက်ဖြစ်မှာ သေချာနေပြီဟုတွေးကာ စိတ်မကောင်းဖြစ်နေတော့၏။

“အခြေအနေကို စောင့်ကြည့်ရမှာပဲ တင်အေးရယ်”

ဦးကျော်၏ ‘သောင်မတင် ရေမကျ’ စကားဖြင့်သာ ဖြစ်လာမည့် အရေးကို ရင်ဖိုလှိုက်မောစွာ စောင့်နေရုံကလွဲလို့ အခြားမရှိပါလေ။

× × × × ×

သိန်းသန်းဝေသည် ဘွဲ့ယူပြီး မကြာမီပင် မုံရွာမြို့တစ်ဖက်ကမ်းရှိ ကြေးနီတောင်မိုင်း (အိုင်ဗင်ဟိုးကုမ္ပဏီ)တွင် ရတနာနှင့်အတူ အလုပ်ရလေ၏။ လခကို ဒေါ်လာဖြင့်ပေးသော ကုမ္ပဏီတွင် အလုပ်ရခြင်းမှာ ရတနာ၏ဖခင် ဦးဘမောင်အစွမ်းကြောင့်ပင်ဖြစ်တော့သည်။

ဦးကျော်တို့စိုးရိမ်ရသော ရက်တစ်ရက်ရောက်လို့လာပါပြီ။ အလုပ်ဝင်၍ ခြောက်လကြာသော် သိန်းကလေးဘက်မှ စေ့စပ်ထားချင်သည်ဟုဆိုလာသဖြင့် လင်မယားနှစ်ယောက် ခေါင်းချင်းရိုက်ကာ စီစဉ်ရတော့သည်။ စေ့စပ်ကြောင်းလမ်းပွဲသို့ ပွဲစားဦးကျော်တို့ဇနီးမောင်နှံနှင့် ဦးကျော်သာသွားကြ၍ ဒေါ်တင်အေးက နေမကောင်းဟု အကြောင်းပြကာနေရစ်သည်။ အကြောင်းမသိရှာသော သားက-

“အမေကလည်း အိမ်ရာထဲမှာ လဲနေတာကျလို့ ခဏပဲဟာ”

ဦးကျော်က ကြားဝင်ဖာထေးရ၏။

“လာပါကွာ---မင်းအမေပါတော့ ဘာထူးမှာလဲ၊ ပွဲစားတို့ပါနေမယ့်ဟာကို လာလာ ပွဲစားတို့စောင့်နေတာ အားနာစရာကြီး”

ထိုနေ့က ဦးကျော်တို့သားအဖပြုံးကာရယ်ကာ ပြန်လာကြတော့မှ ဒေါ်တင်အေးမှာ သက်ပြင်းချရတော့သည်။ အစက်အခဲတစ်ခုတော့ ကျော်နိုင်ပြီဟု။

နောက်ခြောက်လအကြာမှာလုပ်မည့် မင်္ဂလာပွဲကရှိသေးသည်။ ထိုအခါကျမှ မိုးစင်ကြည့်ကရေမှာပဲဟုတွေးကာ မိသားစုပျော်ရွှင်စွာ နေလိုက်ကြပါသည်။

× × × × ×

သိန်းသန်းဌေးနှင့်ရတနာတို့ ညောင်ပင်ကြီးစက်ဆိပ်မှ ဆိုင်ကယ်စီး၍ အိမ်ပြန်လာကြ၏။ ယနေ့သည် သောကြာနေ့ဖြစ်သောကြောင့် ညနေရုံးဆင်းသည်နှင့် မုံရွာဘက်သို့ ပြန်ကူးနေကျထုံးစံအတိုင်း ပြန်ခဲ့ကြသည်ဖြစ်ပါလည်း ဤအခေါက်သည် အထူးအရေးကြီးသော ခရီးဖြစ်နေသည်။ လာမည့်တနင်္ဂနွေ (သန်ဘက်ခါ)က သူတို့နှစ်ဦး၏ သမီးရည်းစားဘဝကို ကလနားသတ်လျက် လက်ထပ်မည့်နေ့ မဟုတ်ပါလား။

"ကိုရေ…အိမ်ဝင်မယ် မဟုတ်လား၊ မင်္ဂလာပွဲအတွက် စီစဉ်စရာလေးတွေ စီစဉ်ရအောင်လေ"

"ကိုပြန်ခဲ့မယ်လေ၊ အမေတို့အတွက် ဝတ်စုံအပ်ထားတဲ့ ဆိုင်ကတော်တော်နေပိတ်တော့မှာမို့ ရွေးလိုက်ဦးမယ်၊ အဲဒါအရင်လုပ်လိုက်ဦးမယ်ကွာ…နော်"

"အဲဒါဆိုလည်း သွားလေ၊ ပြီးတော့လာခဲ့ပေါ့"

"အိုကေ အချစ်…ဒါဆို ကိုသွားပြီ"

ရတနာကို သူတို့အိမ်ရှေ့ချပေးပြီး အပ်ချုပ်ဆိုင်သို့ အမြန်ပြေးကာ မိဘနှစ်ဦးအတွက် ဝတ်စုံများရွေး၍ အိမ်သို့အပြေးပြန်ရ၏။ အိမ်သို့ ရောက်သော် ထူးထူးခြားခြားဝင်းတံခါးပိတ်ထားသည်ကိုတွေ့ရပြီး အတွင်း၌ လူရိပ်လူခြေပင် မတွေ့ရသဖြင့် သိန်းသန်းဌေး အံ့သြသွားရသည်။

"အမေ၊ အမေ ဖေဖေရော…ဘယ်များသွားနေကြပါလိမ့်"

မီးဖိုချောင်ထဲသို့ ဝင်ကြည့်သော်လည်း မတွေ့။ ထမင်းဟင်းတွေ ချက်ထားခဲ့သည်။ အိုးအဖုံးလှပ်ကြည့်သော် အံ့ဩရပြန်သည်။ တစ်ယောက်စာသာ ချက်ထားခဲ့ပါလား ဒါဆို။

သိန်းသန်းမွေးအိပ်ခန်းတွင်းအခြေအနေကို အကဲခတ်သလို မျက်စိ ကစားလျက် အမြန်ကြည့်လိုက်မိသည်။ ဘွဲ့ယူစဉ်က မိဘနှစ်ပါးနှင့် တွဲရိုက်ထားသော ဓာတ်ပုံကမူမရှိတော့။ 'မေဦး…ဟာ အမေတို့ အမေတို့ အိပ်ရာတွေလည်း သိမ်းသွားမှကိုး။ ဒီ ဒီလိုဆိုရင်' သိန်းသန်းမွေးဆောက်တည်ရာမရဖြစ်လာ၍ သူ့အိပ်ရာထက်သို့ ကိုယ်ကိုပစ်လှဲချလိုက်သည်။ ထိုစဉ် သူ့ခေါင်းအုံးဘေး၌ ဂတ်စ်မီးချိတ်နှင့် ဖိထားသော စာကလေးတစ်စောင်တွေ့ရသည်။ စိတ်ရှုပ်ရှုပ်နှင့် ယူကာ ဖတ်ကြည့်တော့ သူ့အမေလက်ရေးဖြစ်၍ သူ့သားဆီရေးသောစာဖြစ်နေ သည်။

**သား၊**

**သားတို့မင်္ဂလာဦးမှာ အမေတို့ရှိနေလို့ သားမှာလူကြီး ဂုဏ်တက်စရာမရှိဘူး။ ဂုဏ်ငယ်စရာတွေသာဖြစ်လာမှာ စိုးမိပါတယ်။ ပြီးတော့ ပွဲစားတို့ကလည်း ဒီခြံနဲ့အိမ်ကို ရောင်းမယ်လို့ သတင်းကြားတယ် အမေတို့က အလိုက်သိရမယ်လေ။ သားက ယောက္ခမအိမ် လိုက်နေမှာဆိုတော့ အမေနဲ့အဖေ ရွာကိုပြန်နေမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ရွာကဘုန်းကြီးကျောင်းမှာလည်း တရားအားထုတ်ဖို့ အချိန်ရတာပေါ့။ အမေတို့ နှစ်ယောက်တည်းဆို ဝမ်းရေးလည်း မပူရပါဘူး။ သားသာ မင်္ဂလာဦးမှာ ပျော်အောင်နေခဲ့ပါ။ အိမ်ယာမြေကို ပွဲစားဆီ အပ်ခဲ့တယ်။ အမေတို့ စိတ်ချပြီပေါ့ သားရာ..**

**အမေနဲ့အဖေ**

''ဟာ လုပ်ချလိုက်ပြီကွာ…တစ်ရက်နှစ်ရက်လိုတော့တာကို''

သိန်းသန်းဌေးတစ်ယောက် အိပ်ရာထက်တွင် ပက်လက်အနေအထားဖြင့် နဖူးပေါ်လက်တင်လျက် စဉ်းစားမရသော ပုစ္ဆာတစ်ခုအတွက် အဖြေထုတ်နေ၏။ နောက်ဆုံးတော့

'ဒီပြဲကိုရောင်းရင်တော့ အမေတို့နေရာပျောက်မှာ အမှန်ပဲလေ၊ ငါ့ပေါ်ထားဖို့ဆိုတာကလည်း မဖြစ်နိုင်ဘူးဆိုတော့ ပြန်သွားတာက ကောင်းလိမ့်မယ်လို့ အမေနဲ့အမေ ထင်နေပုံရတယ်၊ အေးလေ လောလောဆယ်တော့ ဘာတတ်နိုင်မှာတုန်း၊ နောက်မှ အိမ်ကောင်းကောင်းဆောက်ပေးရမယ်၊ ပြီးတော့ စားစရိတ်လည်း လစဉ်ထောက်ရမှာပေါ့'

ထိုသို့တွေးကာ ဆုံးဖြတ်လိုက်တော့ စိတ်ရောကိုယ်ပါ ပေါ့ပါးသွားရ၏။ စိတ်လက်ပေါ့ပါးသွားတော့မှ ဝမ်းထဲကဟာနေသည်ကို သတိရမိပြီး မိခင်ကြီးချက်ထားခဲ့သော ထမင်းကို လွှမ်းလွှမ်းနှင့် ကုန်အောင်စားလိုက်နိုင်သည်။ စားပြီးသည်နှင့် တံခါးတွေစေ့အောင်ပိတ်ပြီး ဆိုင်ကယ်စီး၍ ထွက်ခဲ့သည်။

ဇနီးလောင်းကလေး ရတနာတစ်ယောက် မျှော်နေရှာမည်လေ။

× × × × ×

ဦးကျော်တို့စီးလာသော ရထားကြီး ဆုံကုန်းဘူတာသို့ရောက်တော့ မှောင်ရိုပျိုးစပြုနေပါပြီ။ တောသာရပ်သည့်မို့ ခေါင်းမြီးခြုံယက်ကျိုး အထုပ်ကြီးနှင့်အသွားကြီးမှာ အင်အားစိုက်ထုတ်၍ ရထားပေါ်မှဆင်းရလေ၏။

''ဖြည်းဖြည်းနော် ကိုကျော်၊ ပေး ပေး အထုပ်ကို ကျုပ်ပေး၊ တော်က ခါတ်ပုံကြီးကိုသာ ဂရုစိုက်ပြီးတော့ယူခဲ့''

အောက်သို့အရင်ရောက်နှင့်နေသော ဒေါ်တင်အေးက အထုပ်အပိုး တွေကိုလှမ်းယူရင်း အော်ပြောလေ၏။ ရထားစက်သံက ဆူညံသည်မို့ အော်မပြောက မကြားရပါ။ ပြီးတော့ ဦးကျော်က နားနည်းနည်း လေးချင်သည်လေ။

ဘူတာတွင် အတက်အဆင်းခရီးသည် သိပ်မရှိ၍ တစ်ဦးနှင့် တစ်ဦး မြင်နေရသည်မို့-

"ဟော…ကိုကျော်နဲ့မတင်အေးကိုး၊ ဘယ်နှယ် ဆိုင်းမဆင့် စုံမဆင့်ပါလား၊ အံမယ် လက်ထဲကခေါက်ပုံကြီးက ဘာတုန်း ပြစမ်းပါ"

ဦးကျော်တို့အိမ်နီးချင်း ဦးကျော်ဟိုးဖြစ်သည်။ သူက ရထားစီး ခရီးသည်မဟုတ်ပါ။ တောက စိုက်ခင်းကြည့်ပြီး ပြန်လာတာဖြစ်ပါ လိမ့်မည်။

"အေး ကျော်ဟိုး၊ ဒါ သားဘွဲ့ယူတုန်းကပုံလေကွာ၊ ရော ကြည့်ပါလား"

ဦးကျော်ဟိုးက ခေါက်ပုံကိုယူကြည့်လိုက်ပြီး-

"ခင်ဗျားသားက ငယ်ရုပ်ကို အတော်ဖမ်းယူရတယ်ဗျ၊ ချောလာလိုက်တာ"

"သူ့အတိတ်ကံပေါ့ကွာ၊ သူနဲ့ထိုက်တဲ့ မိန်းမလည်းရသကွ၊ မြို့မျက်နှာဖုံးသူဌေးသမီးနဲ့ မောင်ရ"

"ဒါနဲ့ ခင်ဗျားတို့က ဘာဖြစ်လို့ ပြန်လာကြတာတုန်း၊ စိမ်နဲ့ နေရမယ့် အလှည့်ရောက်ကာမှ"

"အိုကွာ…သူတို့ညားကာစ လင်မယားကြားထဲ လိုက်မနေချင် ပါဘူး၊ တော်ကြာ လူပြောစရာဖြစ်မှာ ကျော်ဟိုးရ"

ဦးကျော်ဟိုးက သူ့ဝသီအတိုင်း မျက်လုံးလေးကို ပုတ်ခတ် ပုတ်ခတ်လုပ်လျက်နှင့်-

"ဘာကို ပြောစရာဖြစ်မှာတုန်းဗျ"

"မြင်းကောင်းမောင်းရာ ခွေးကျိုးကန့်လန့်ပါတယ်လို့ ပြောမှာပေါ့ကွ"

"ဟား…ဟား…ဟား… ပေါက်တတ်ကရ ကိုကျော်ရာ"

"ဒါနဲ့ တို့အိမ်ကလေးရော ရှိသေးလားဟ"

"ရှိပါ့ဗျား…ကျွပ်ဆူးဆို့ပိတ်ထားတော့ ခွေးတောင် မဝင်သာပါဘူး"

"အဲ့ဒီအတွက် ကျေးဇူးတင်သကွာ…တကယ်ပါ"

ဦးကျော်တို့ရွာသည် ဆင်းရဲသားအများစုနေထိုင်ပေလည်း ဤဘက်တွင် စိတ်ချရပါသည်။ လူမရှိသော အိမ်တွင် တစ္ဆေနေသည် ဆိုသောအစွဲကြောင့် အနားပင်ကပ်လေ့မရှိကြချေ။

ဦးကျော်တို့အိမ်ရောက်ချိန်တွင် လက်ကျန်အလင်းရောင်ကလေးကို အားပြု၍ သန့်ရှင်းရေးလုပ်ရသည်။ လူမနေတာ ကြာပြီဖြစ်၍ ခြံအတွင်း ပေါင်းမြက်တို့ ထောထနေသည်ကလွဲလျှင် အိမ်အတွင်းမှာတော့ ဖုန်အနည်းငယ်ရှိသည်၊ အမှိုက်သရိုက်များရှိမနေပါ။ စောစွာပင် ကျောင်း ၍ရသော အခြေအနေသို့ ရောက်သွားပါသည်။

ဒေါ်တင်အေးက ဖယောင်းတိုင်မီးအလင်းရောင်ဖြင့် အိပ်ရာခင်းနေရာက-

"ဒါနဲ့ ကိုကျော် ဗိုက်မဆာဘူးလား"

ဦးကျော်က ထုံးစံအတိုင်း ပုစွန်နှစ်ကောင်ဆေးပေါ့လိပ်ကို ညအမှောင်ထဲတွင် ရဲရဲထအောင် ဖွာနေရာမှ-

"မဆာပေါင် ဟာ… အဲ ခုမှသတိရတယ်၊ တို့မနက်စာ စားပြီးကတည်းက ဘာမှမစားရသေးဘူးနော်၊ နင် ဆာလို့လား"

"ဆေးပါဘူးတော်၊ သားမင်္ဂလာဆောင်မှာကျွေးမယ့် ထောပတ်ထမင်းနဲ့ ဆိတ်သားနှပ်ဆိုတာတွေးပြီး ဗိုက်ပြည့်နေပြီဥစ္စာ"

"အေး ဟ ဟီးဟီး ငါလည်း ဒီလိုပါပဲ၊ မနက်ကျမှ စောစောချက်စားလိုက်တာပေါ့၊ အခုတော့ အိပ်စို့ဟာ"

သူတို့ တကယ်ပင်မဆာကြပါ။ ရင်ထဲတွင် ပီတိနှင့်ပြည့်လျှံနေသော အခိုက်အတန့်ဝယ် ဘယ်သူဆာအုံးနည်း။

နက်ဖြန်မနက်တွင် ထမင်းချက်စားရုံကလွဲ၍ ဘာအလုပ်မှမရှိသည်မို့ ကြောင့်ကြမဲ့စွာ အိပ်ပျော်ခြင်းသို့ လက်ငင်းရောက်ပါသတည်း။

× × × × ×

သီတင်းကျွတ်သည်နှင့် ဆောင်းဝင်သည့်အညာတုံးစံအတိုင်း အေးစပြုလာသည်၌ အိမ်ရှေ့တွင် မီးဖိုလေးဖိုကာ ရေနွေးတည်၊ ထမင်းကြော်ရင်း ဦးကျော်တို့ စည်းစိမ်ယူနေကြသည်။ မုံရွာမြို့တွင် နေစဉ်က ဘယ်သည်လိုနေရလိမ့်မတုန်း၊ အခုတော့ ချမ်းသာစစ်နှင့် တွေ့ပြီဟု သူတို့လင်မယားဆိုချင်ပါသည်။

"အင်း--ဒီရေနွေးဆိုတော့ မနက်ဖြန်ဆိုရင် သား မင်္ဂလာဆောင်တာ တစ်ပတ်ပြည့်ပြီပေါ့နော်"

ဦးကျော်က ရေနွေးမှုမှုကို မှုတ်သောက်နေရာက-

"အေးဟ သူလည်း အခုလောက်ဆိုရင် သူ့မိန်းမအိမ်မှာ အသားကျလောက်ရောပေါ့"

ဒေါ်တင်အေးသည် ဖိုခွင်ပေါ်က ထမင်းကြော်အိုးကို မွှေလိုက်ရင်း

"မနက်ခင်းဆိုရင် သားက ထမင်းကြော်လေးစားရမှ ကျေနပ်တာ၊ ဟိုအိမ်က ထမင်းကြော်တဲ့အလေ့ရှိရဲ့လား မသိဘူး"

"ဟား ဟား ဟား ဖြစ်ရလေ တင်အေးရာ၊ သူဌေးတွေဟ၊ ထမင်းကြော်ထက်ကောင်းတာတွေ စားတော့မပေါ့၊ လခွီးတဲ့"

"အဲ ဟုတ်သားပဲ"

ထိုစဉ် ဆလွန်းကားအဖြူလေးတစ်စီး သူတို့တဲရှေ့သို့ ဖုတ်လွှင်းရထားဆိုက်သလို ညင်သာစွာ ဆိုက်လေသည်။

"အမေ၊ အမေ"

သူတို့နှစ်ဦးအမြင်မှား၊ အကြားမှားလေရော့သလားဟု မျက်စိကိုယ်စီပွတ်လျှက် ကြည့်နေခိုက်မှာပင် ရှေ့သွားနောက်လိုက်ညီလှသော ချစ်စခင်စ အကြင်နာမောင်နှံတစ်စုံသည် ကားပေါ်မှ ဆင်းလာကြ၏။

"ဟား…သားတို့ပါလား စောစောစီးစီးကွယ်…"

"လာကြ ထိုင်ကြ"

ဒေါ်တင်အေးက အထိုင်ခိုင်း၏။ သို့သော် နံကစော့ မရှိပါလေ။ သိန်းသန်းဌေးက မီးဖိုဘေးတွင် ဆောင့်ကြောင့်ထိုင်ချလိုက်တော့ သူ့ဇနီးကလည်း သူ့လိုပင်ထိုင်ရတော့သည်။

"အခု အမေတို့ အဖေတို့ကို လာခေါ်တာ၊ ကျွန်တော်တို့ကို ရတနာ့မိဘတွေက တိုက်တစ်လုံးသီးသန့် လက်ဖွဲ့တယ်လေ၊ အမေတို့ သိတဲ့အတိုင်း ကျွန်တော်တို့က သောကြာနေ့ညရယ်၊ စနေ၊ တနင်္ဂနွေရယ် သုံးရက်ပဲ အိမ်ပြန်တာဆိုတော့ အမေတို့ အဖေတို့လိုက်နေမှ အဆင်ပြေမယ်၊ ရတနာ့မိဘတွေကလည်း မင့်မိဘတွေ ခေါ်ရှေပါလို့ ပြောတယ် အမေရဲ့"

သိန်းသန်းဌေးက ဆက်ပြောသည်။ ဦးကျော်တို့နှစ်ယောက်ကား တစ်ဦးကိုတစ်ဦးကြည့်လျှက်သာ ရှိတော့၏။

"ပွဲစားကြီးကပြောလို့ ရတနာ့မိဘတွေက အကုန်သိပြီးတော့ စိတ်မကောင်းဖြစ်နေကြတယ် အမေရဲ့၊ သူတို့က ဦးမြအောင်နဲ့ ဆရာတော်ကြီးရှင်းပြလို့ သိပြီးအားနာနေကြတာ။ အမေ့ကို တောင်းပန်ရဦးမယ်လို့ ပြောပါတယ်"

ဒေါ်တင်အေးမျက်နှာသည် တော်ပါသေးရဲ့ ဟု စိတ်ချမ်းသာသွားပုံရပါသည်။ ဦးကျော်ကတော့ သက်ပြင်းချလိုက်ပြီးနောက်-

"ဒါပေမဲ့ ငါ့သား…မင်္ဂလာပွဲမှာ အမေတို့အစား ပွဲစားတို့က မိဘနေရာမှာနေပေးတော့ ပိုပြီးမကောင်းဘူးလားကွာ၊ ကျက်သရေလည်း ပိုပြီးရှိတာပေါ့ကွ၊ အဲဒါကိုကြိုမြင်လို့ အမေတို့ စီစဉ်လိုက်ရတာပါ၊ သမီးကလည်း နားလည်ပေးပါနော်"

ရတနာကတော့ ပြုံးရွှင်သာနေ၏။ သိန်းသန်းဌေးကမူ-

"အမေတို့ မှားနေပြီ အမေ၊ မိဘနေရာကို ဦးဟာယနဲ့ဒေါ်သုစိတာတို့တောင် အစားဝင်လို့မရပါဘူး၊ ကျွန်တော်က အမေတို့ထွက်သွားကာစက မှုထူပြီး သတိမထားမိလိုက်လို့သာပါ၊ မိဘတွေကို ကန်တော့ကြရအောင်လို့၊ မင်္ဂလာအခမ်းအနားမှူးကပြောတော့မှ သတိရပြီး မျက်ရည်ကျမိတယ်၊ ကျွန်တော့်ခံစားချက်ကို ရတနာ့မိဘတွေရော ပွဲစားကြီးတို့ပါ သိသွားပြီး အားလုံးတိုင်တိုင်ပင်ပင်နဲ့ ဖြေရှင်းပေးကြပါတယ်၊ ကဲ အမေ အထုပ်တွေယူချင်ယူ၊ မယူချင်နေ လိုက်ခဲ့ကြတော့ဗျာ"

ရတနာကပါ ဝင်ပြောရှာပါသည်။

"ဟုတ်ပါတယ်…အမေတို့ အမေတို့ရယ်၊ အခုက မင်္ဂလာပွဲပြီးတာနဲ့ လိုက်ခေါ်ဖို့ပါ၊ ဖေဖေတို့က ဟို ဒီမှာနေစရာ ထိုင်စရာ

အသင့်ဖြစ်အောင်လုပ်ကြဦးလေဆိုလို့ လုပ်နေရတာနဲ့ အခုမှသာ လာခေါ်ဖြစ်တာပါ၊ လိုက်ခဲ့ပါနော်”

ဦးကျော်တို့လင်မယားကလည်း သားသမီးတို့၏ မိဘနေရာကို အစားမထိုးနိုင်သည့်ဆန္ဒအား သဘောပေါက်လက်ခံပြီးဖြစ်ရကား လိုက်ဖို့ပြင်ကြရတော့၏။ ဪ…မြေးတွေနှင့်ပါ ပျော်ပျော်နေရတော့မှာကိုး၊ အတိုးအတွေးနေရာမှာလည်း နေရဦးမှာလေ။ ။

# နှစ်ထက်ထယ်

ကျေးရွာစုဥက္ကဋ္ဌဦးစိန်၏အိမ်၌ တိုရီဘာ ကာလာတီဗွီတစ်လုံး ရှိသည်။ ညနေခင်းညဘက်ဆိုပါက ကလေးလူကြီးဆယ်ယောက်ထက် မနည်း ဆူညံစွာ အားပေးကြရိုးဖြစ်သော်လည်း ယခုလိုနေ့ဘက် များမှာတော့ တိတ်ဆိတ်နေတတ်ပါသည်။ အားပေးသူမရှိ၍တော့ မဟုတ်ပါ။ အားပေးကြည့်ရှုသူနှစ်ဦး အမြဲတမ်းရှိနေပါ၏။ ဥက္ကဋ္ဌ ဦးစိန်ကိုယ်တိုင်နှင့် ဆယ်တန်းဖြေပြီးမည့် မောင်ကျော်စောတို့ပါတည်း။ ဦးစိန်ကတော်ကား ကလေးသိပ်ရင်းက ထွက်မလာတော့ သူပါရောအိပ် နေသည်ထင့်။

“ဟာ မြင်းတစ်ကောင်တည်းနဲ့ ထယ်နှစ်လက်ကို အသာလေး ဆွဲနိုင်တယ် ဦးလေးစိန်ရေ ကြည့်ပါဦး”

ကြည့်နေသော ကောင်းဘွိုင်ကားသည် အဖြူအမည်းဖြစ်၍ ရှေးခေတ်ဟောင်းကားဖြစ်မည်။ ဂျုံခင်းရိုးပြတ်ထဲတွင် မြင်းတစ်ကောင် တည်းနှင့် ထယ်ထိုးနေရာ ထယ်နှစ်လက်သည် အလိပ်လိုက် အလိပ်လိုက် မြေကြီးကို ထိုးမှောက်နေ၏။ တာထွက်ကာစက

ကြာမှတ်နှင့် ရိုက်လှတ်လိုက်သည့်အတွက် မြင်းကြီးမှာ စိတ်ကြီး နေသောကြောင့် ဆွဲ၍မနိုင်တော့။ လယ်ယာလုပ်သား ကပ္ပလီကြီးမှာ လက်နှစ်ဖက်လုံးက ထယ်လက်ကိုင်ကို တည့်မတ်စေရန်ကိုင်ထား ရသောကြောင့် မြင်းဇက်ကြိုးကိုမကိုင်အားရှာ။ လယ်ကွက်တွင် ကွင်းလိုက်ရိုက်ကာ တောင့်တောင့်ပေးနေရသည်။ ကွက်ပိုးသည် အသားနီလန်ကာ ရဲနေတော့သည်အထိဖြစ်ပါသည်။ ဦးစိန်လည်း သဘောကျနေပုံဖြင့် ပါးစပ်ပေါင်းလောင်း မှုန့်နေတော့သည်။ ထိုစဉ် မီးပျက်သွား၏။

"တောက် အရေးထဲ မီးပျက်သွားပြီ၊ ကိုင်း စားကျက်မယ်ဗျာ"

ဦးစိန်က သူတစ်ကိုကြည့်၍ ပြုံးလိုက်ပြီးလျှင်-

"အင်း မင်းလည်း မီးပျက်မှ စားဖတ်တော့တယ်၊ ဒီနှစ်လည်း ကျူမှာပါကွာ"

မောင်ကျော်စောကား စာမေးပွဲဖြေနေရသော်လည်း အိမ်တောင် သည်ဖြစ်နေပါသည်။ တိတ်ဆိတ်သည်၊ မိမိမသိတာရှိလျှင် မေးလို့ရ သည်ဆိုပြီး ဦးလေးတော်သူ ဦးစိန်တို့အိမ်ရောက်နေခြင်းဖြစ်သည်။ မီးမပျက်သရွေ့ တီဗီရှေ့မှာရှည်ရှိနေသည်ဟု ဦးစိန်က ပြောခြင်းဖြစ်သည်။ မောင်ကျော်စောက အရေးထူနေပြီဖြစ်၍ ပတ်လက်ကုလားထိုင်တွင် ထိုင်ကာ မြန်မာစကားပြေစာအုပ်ကိုဖွင့်ကာ ပါးစပ်တလှုပ်လှုပ်နှင့် နှိုညည်းသလို စာအံတော့သည်။

"ဆံထုံးတော်ကြီး တမာသီးနှင့် ×...×...×"

ဦးပုညဏ်ရေးသည်ပြဇာတ်ကို ရွတ်နေစဉ်မှ-

"ဟောကောင်...အဲဒီရေးသည်ပြဇာတ်က ငါတောင် အလွတ် ရနေပြီကွ"

သူစာကျက်နေပုံကို မြင်ဖူး၊ ကြားဖူးလာသလို ဦးစိန် အော်သဖြင့်

"ဒီနှစ် ကျွန်တော့်အစား ခင်ဗျားပဲ ဝင်ဖြေလိုက်တော့ဗျာ"

ရွတ်နေရာက်နေရာက်ပြောကာ စာအုပ်ကိုပိတ်၊ အိတ်ထဲထည့်လျက် အိတ်ကို ပုန်းချိတ်လိုက်ပြီးသော် ခပ်သွက်သွက်ထပြန်ခဲ့သည်။ မိုးရွာပြီးသည်မှာ နှစ်ရက်ရှိပြီဖြစ်သော်လည်း စနယ်မြေဖြစ်၍ ရွှံ့စေးတို့ဖြင့် ဖွက်ထနေတုန်းဖြစ်သောကြောင့် မြေမာသောနေရာကို စမ်း၍နင်းလျက် ယိုင်ထိုးယိုင်ထိုးလမ်းလျှောက်နေသည့် သူ့ကို နောက်ကျောမှကြည့်နေသော ဦးစိန်က-

"တောင်သူလုပ်မယ့်ကောင်တဲ့ လမ်းတောင် မလျှောက်တတ်ဘူး"

ဟု ရိုးမွမ်းလိုက်သေးသည်။ သူပြန်မပြောသာပါ။ ချော်မလဲအောင် ဂရုစိုက်၍သာ နေ့လယ်စာအမီ အိမ်ဆီသို့ မှန်းကာလှမ်းနေရသည်လေ။

× × × × ×

ဆီမပါဘဲ နနွင်းရောင်ကဲနေသည့် ထမင်းကြော်တစ်ပန်းကန်ကို လက်ဖက်ခြောက်ပါလေကာခတ်ထားသည့် ရေနွေးကြမ်းဖြင့် မျှောချနေရင်း "ဝမ်းပလာ၊ ဝမ်းနဲ့တော၊ တူးတီး၊ ဝမ်းကော်" စသော မြို့ပြ၏ "ဘရိတ်ဖတ်စ်"ကို သတိရမိသေးသည်။ သူ့စနိုးကား မြိန်ရေယှက်ရေယှင် စားပြီးသွားလေပြီ။ တောအကြာတွင်-

"မောင်ရေ…မ မြက်သွားရိတ်လိုက်ဦးမယ်နော်၊ သားသားနိုးရင် တောခေါ်ထားပေးပါဦး၊ အမေ ထမင်းကျက်မှ အမေ့ကိုပေးခဲ့နော်"

သူစာကျက်ဖြောင့်စေရန် စီစဉ်ပေးသွားသော ဇနီး၏နောက် ကျောပြင်ကိုကြည့်၍ မောင်ကျော်စောသက်ပြင်းချမိသည်။ နောက် တစ်ယောက် သူတို့အိမ်ထောင်စုဇယားထဲဝင်လာဖို့ လအနည်းငယ်သာ လိုတော့သည်ပဲဟု။

ဆယ်တန်းသုံးခါကျပြီးသော ဇာတိမြေရွာသို့ "စာပြန်ကျက်ချေ ကွာ" ဟူသော ဖခင်ကြီး၏အမိန့်အရ ဦးလေးတော်သေးသည့် ဦးစိန် အိမ်သို့ရောက်၍ စာကောင်းကောင်းမကျက်ရသေးမီ ရွာတောင်ပိုင်းက တောစပယ်ကုံရှင် မိလုံးနှင့်တွေ့ကာ အကြောင်းချင်းဆက် ပေါင်းရင်းဖက် ခဲ့၍ တစ်သားနှင့်တစ်ဗိုက်ရနေပေပြီ။ သို့သော် ချစ်ဇနီးက သူ့အရှင် သခင် သူ၏လင်ကို ထွန်တုံးပေါ်မြေမတင်စေရ၊ ကြီးစာရှိသော မြေပါ ဆို၏။ စာပေးစာယူ (အဝေးသင်)ဖြင့် ဘွဲ့တစ်ခုယူပြီးလျှင် စာရေး ဝန်ထမ်းလောက်တော့ ဖြစ်စေချင်သည်။ သို့မှသာ သူ့ကိုလည်း စာရေးကြီးကတော်ဟု အဝေးအနီးကျော်လိမ့်မည်ဆို၏။ ချစ်ဇနီးကို အားနာသလို ကိုယ်တိုင်ကလည်း အဆင်းရဲမခံနိုင်၍ ကျောင်းသားလို နေခဲ့ရာ ဤနှစ်ပါဆိုသော် ခြောက်ကြိမ်မြောက်တက္ကသိုလ်ဝင်တန်း စာမေးပွဲကို တိုင်ခဲ့လေပြီ။

ယောက္ခမအထီးကြီးက သူတို့ကို အမြင်ကတ်စွာ မျက်ကွယ် ပြုသွားပြီးနောက်ဝယ် မလုံးနှင့်ယောက္ခမကြီးသာ တောင်သူထွင်၌ ရုန်းနေကြ၍ စားဝတ်နေရေးတဖြည်းဖြည်း ကျပ်တည်းလာသည်။ အခုစားနေသော ထမင်းကြော်ပန်းကန်ထဲတွင် အခါတိုင်းပါနေကျ မြေပဲဆန်ကြော်၊ ငရုတ်သီးတောင့်ကြော်တို့ မပါတော့သည်က ထင်ရှားနေပြီ မဟုတ်ပါလား။

"ဟဲ့ ကလေးနိုးနေပြီလေ…နင်မကြားဘူးလား"

မီးဖိုထဲမှ ယောက္ခမကြီး၏အသံထွက်လာသည်နှင့်အပြိုင် သား၏ အီး အဲ မြည်သံကြားရ၍ ကမူးကယားထကာ မျက်နှာသစ် ပေးပြီး ထမင်းခွံ့လိုက်သည်။ ထမင်းဖြူဆီစမ်းကို အားရပါးရစားနေသော သားကိုကြည့်၍ စိတ်မကောင်းဖြစ်မိသေးသည်။ ခန္ဓာကိုယ် တည်ဆောက်ကာစ ယခုအရွယ်သည် 'ပရိုတင်း' ခေါ် အသားဓာတ် ကျွေးဖို့ အရေးကြီးကြောင်း သိပါသော်လည်း-

"တော်ပြီလား သားရဲ့"

"အီး"

ထမင်းခွံ့သည်ကို ငြင်းဆန်နေသဖြင့် သူ့ဟာသန်ပြီးသွားလေပြီဖို့ ယောက္ခမကြီးထမင်းကျက်အောင်စောင့်ပြီး ကလေးအပ်ဖို့ ချောင်းနေရ၏။ မီးဖိုထဲမှလက်ချင်းမှတ်ကာ ခေါ်ဖွာပြီမ်းထွက်လာသည်နှင့် ကလေးကို လွှဲအပ်ကာ တိုင်တွင်ချိတ်ထားသည့် လွယ်အိတ်ကိုဖြုတ်ယူလိုက်ပြီး လေကာလေးချွန်ကာ ထွက်လာသော သူ့နားထဲသို့ သူ့ယောက္ခမ မြေးချော့သံပါလာသေး၏။

"တိတ်တိတ်ပါမြေးရယ်…နင့်အဖေက ကျောင်းသွားမလို့တဲ့ဟဲ့"

× × × × ×

ဦးလေးစိန့်အိမ်နားရောက်သော် လူတွေတော်တော်များနေ သည်ကို တွေ့ရသဖြင့် 'စာကျက်လို့ မဖြစ်လောက်ချေဘူး' ဟု နောက်ပြန်လှည့်ရန် ဟန်ပြင်လိုက်သည်။ ဤသည်ကိုမြင်သော ဦးစိန့်က လှမ်းခေါ်၏။

"ဟော့ကောင် ဘယ်တုန်း လာဦး…ဒီမှာ စာရင်းတွေ ကူလုပ် ပေးစမ်း"

"အမေတော်ကြေး" ခေါ်သည့် စိုက်ပျိုးစရိတ်ချေးငွေလာလျှောက်သော တောင်သူစာရင်း၊ စိုက်ဧက၊ မည်မျှချေးယူလိုသည် စသည့်စာရင်းကောက်နေရာ စာရေးမကျွမ်းယူထားသဖြင့် ဦးစိန်ကသူ့ကိုယာယီစာရေးအဖြစ် အသုံးပြုရန်ခေါ်ခြင်းဖြစ်သည်။ ဦးစိန်ကတောင်သူများကို တရားဟောနေသည်။

""ဒီအမေတော်ကြေးက ခင်ဗျားတို့ကို စိုက်ပျိုးချိန်မှာလိုအပ်တဲ့မျိုးနဲ့ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ထွက်ရှိုးငှားခ စတာတွေအတွက်ထုတ်ချေးတယ်ဆိုတာ မမေ့ကြနဲ့နော်၊ အထူးသဖြင့် ဘုရားပွဲလုပ်ဖို့စရိတ်ထုတ်ပေးတာ မဟုတ်ဘူးဆိုတာ ပြောချင်တယ်""

ကြွက်စီကြွက်စီပြောနေသော အသံများ ငြိမ်ကျသွားသည်။ အမှန်ကလည်း ယခုစိုက်ပျိုးစရိတ်ထုတ်ပေးချိန်သည် ဆုံကုန်းကျေးရွာအုပ်စုအတွင်းရှိ မှန်တော၊ ညောင်ရိုးသာ၊ ညောင်ပင်ကန်၊ ဆုံကုန်းရွာတို့၏ဘုရားပွဲရက်များလည်း နီးကပ်နေလေပြီ။ လူတွေကလည်း ဂျုံ၊ ကုလားပဲ၊ နေကြာစိုက်မည်။ ဘုရားပွဲအတွက် ပင့်သံယာနှင့်လူစည်ပရိသတ်ကို အပြိုင်ကျွေးမွေးစည့်ခံရမှု ကျေနပ်ကြသည်။ ပြီးတော့ အဝတ်အစားအသစ်ဝယ်ကြ၊ ဓာတ်ငှားရန် ပွဲကြေးထည့်ကြနှင့် ဘုရားပွဲပြီးသော် မုန့်ဆီကြော်မာခေါက်ခေါက်နှင့် ငါးပေါင်းကြော်ထုံပြင်းပြင်းတို့သာ အမတ်တင်ကျန်ရစ်သည်ချည်းပဲ။

တောင်သူကြီးဦးဖိုးရှိက-

""ဂျပန်ခေတ်ကတောင် ဘုရားပွဲဖြစ်အောင်လုပ်ခဲ့တဲ့ အစဉ်အလာရှိခဲ့တာဆိုတော့ ပွဲမပျက်စေချင်ကြဘူးလေကွယ်""

သူ့စကားကို ဦးတင်အုပ်က ထောက်ခံလေ၏။

“အင်း…မြို့တက်အလုပ်လုပ်နေကြတဲ့ တူသားနောင်မယ်တွေ၊ ဆွေမျိုးတွေကလည်း ဘုရားပွဲမှပဲ တစ်နှစ်တစ်ခေါက် အလည်ပြန်ကြတာဆိုတော့လေကွယ်”

ဤသို့ဖြင့် စကားလမ်းကြောင်းပြောင်းကာ မနှစ်က ဘုရားပွဲအကြောင်း စားမြုံ့ပြန်ဖြစ်ကြသည်။ ဦးအောင်မောင်းက-

“မနှစ်က ဘုရားပွဲမှာ ကြက်၊ ဝက်၊ အမဲ၊ ငါး အမျိုးနှစ်ဆယ်ကျော်ကုန်သကွဲ့၊ ရှည်သည်ဘယ်လောက်များသလဲဆိုတော့”

ဦးဖိုးရှိကလည်း ဦးအောင်မောင်းစကားကို ထောက်ခံပေး၏။

“ဦးလေးမောင်အိမ်က ရှည်များတာကိုး၊ ကုန်မှာပေါ့၊ ကျုပ်အိမ်မှာတောင် စုစုပေါင်း ဆယ့်ငါးပိဿာလောက်ရတယ်၊ ဒါတောင် အိမ်မှာ မွေးထားတဲ့ကြက်က ဘယ်နှစ်ကောင်ပါသွားလဲ မသိသေးဘူးဗျ”

ဦးအောင်မောင်းကို ထောက်ခံရင်း သူ့မှာလည်း ရှည်ပေါကြောင်း ကြွားနေသည်ဟု ထင်၍လားမသိ၊ ဦးတင်အုပ်က သူ့ယောက်ဖတော်သေးသော ဦးဖိုးရှိကို ဤသို့ စလေ၏။

“ကဲ မင်းအိမ်ဘယ်လောက်ကုန်တယ်ပြောပြော၊ ငါ့အိမ်ကိုတော့ မမီဘူးကွာ”

“အောင်မာ မင်းအိမ်က ဘယ်နှစ်ပိဿာများ ကုန်လို့တုန်း”

“ဟဲဟဲ ဟင်းဘယ်နှစ်ပိဿာဆိုတာတော့ မမှတ်မိဘူး၊ နနွင်းမှုန့်သုံးထောင်ဖိုးနဲ့ ကြက်သွန်ဖြူတစ်တောင်း ကျွတ်သွားလေရဲ့”

“ဟား…ဟား…ဟား…ဟား…ဟုတ်ရဲ့လား တင်အုပ်ရာ၊ မနှစ်က မင်းတို့အိမ်မှာဟင်းမရလို့ ဈေးသားတွေဝယ်ချက်တာ ပွဲကြည့်ရာကနေ အိမ်ကိုရေပြန်ချိုးရတယ်လို့တော့ ကြားလိုက်သလားလို့”

"ဟော ဟုတ်သလားဟ တင်အုပ်ရ လစ္စိုး၊ ရှုံစရာကြီးကွာ"

"ဟား…ဟား…ဟား…ဟား…ဟား…"

ဦးတင်အုပ်မျက်နှာကြီးနီသွားပြီလျှင် ဦးဖိုးရှိကို ရန်တွေ့တော့သည်။

"အဲ့ဒါ မင်းညီ လာနေလေကွာ၊ ငါက မယုံလို့ မင်းဟာက ဟုတ်ရဲ့လားလို့ မေးပါတယ်၊ သူကကျိန်ပြောလို့ ဝယ်လိုက်မိတာ"

"သူက ဘယ်လိုကျိန်ပြောသတုန်းကွ"

ဦးအောင်မောင်းက ရယ်ချင်စိတ်ကို အောင့်အီးပြီးမေးရာ-

"ဦးလေးမောင်ကလည်း ဆိတ်သားက ငါးထောင်ဈေးကို သူက သုံးထောင်ပဲပေးရှာ၊ ဒါပေါင်သားတွေချတဲ့၊ ကျုပ်က မင်းဟာ ဆိတ်သားစစ်ပါတယ်နော်လို့မေးတော့ စိတ်ချပါဗျာ၊ ဒီဈေးနဲ့ရောင်းတာက ကျုပ်ခွေးမို့ရောင်းတာလို့ သူကိုယ်သူခွေးနဲ့နှိုင်းပြီး ရောင်းသွားတာကိုဗျ"

"ဟား…ဟား…ဟား သူက ဘယ်လိမ်လို့တုန်းဟ၊ ခွေးမို့ ဒီဈေးနဲ့ရောင်းတာလို့ ပြောရှာသားပဲ၊ မင်းက အတာကိုး"

"ဟုတ်သားပဲဟ ဟား…ဟား…ဟား…ဟီး"

အားရအောင်ရယ်ကြပြီးသော်မှ နိုက်ပျိုးရေးဘက် စကား လက်တံရှည်ကြပြန်သည်။ သီတင်းကျွတ်သည်နှင့် မိုးမကျွတ်လျှင် ဆောင်းသီးနှံစိုက်ရသည်မှာ စိတ်တိုင်းကျထွန်ရေးညက်နိုင်ရန် ခက်နိုင် ကြောင်း၊ မိုးခြောက်အောင်စောင့်ပြီး စိုက်ပြန်ကလည်း အစိုဓာတ်လုံး မရှိသော် အပင်ပေါက်ရရန်ခက်လှကြောင်း တောင်သူတို့ချင်းဆုံစိုက် စိုက်ပျိုးရေးကဏ္ဍကို ဆွေးနွေးကြလေသည်။ ဒါသည်ပင် မိရိုးဖလာ အတိုင်းဖြစ်တော့သည်။ မောင်ကျော်စောက တောင်သူကြီးများကြားတွင် ဝင်ဆွေးနွေးသည်။

“တစ်နေ့က ဦးလေးစိန်အိမ်မှာ တီဗွီကလာတယ်ဗျ၊ ကောင်းဘွိုင်ဇာတ်ကား၊ အဲဒီမှာ ဘာတွေလဲဆိုတော့ မြင်းတစ်ကောင်တည်နဲ့ ထယ်နှစ်လက်ကို အသာလေးဆွဲနိုင်တယ်ဗျ၊ ကျွန်တော်တို့ဆီမှာ နွားနှစ်ကောင် ထယ်နှစ်လက်ဆိုရင် စောစောက ဦးလေးတို့ပြောတဲ့ ဂျုံ၊ ကုလားပဲ ထွန်ရေး နိုင်ကိုနိုင်ရမယ်လို့၊ ကျွန်တော်ထင်ပါတယ် နော် ဦးလေးစိန်”

“ဟုတ်တယ်၊ ဒီကောင်ပြောတာ မှန်ပါတယ်”

တောင်သူကြီးများ အံ့ဩနေကြ၍ စကားမပြောနိုင်ကြ။ စကားဝိုင်း ခေတ္တမျှငြိမ်သွားရ၏။ အတန်ကြာမှ-

“အင်း…ရှမ်းပြည်ဘက်ရောက်တုန်းက ကျွဲတစ်ကောင်နဲ့ ထယ်တစ်လက်ဆွဲနေတာတော့ တွေ့ဖူးပါရဲ့”

ရှမ်းပြည်နယ်သို့ရောက်ဖူးသော ဦးတင်အုပ်က ဆိုလေသည်။ ဦးအောင်မောင်းက သူ့နွားတစ်ရှဉ်းသည် သန်မာသောကြောင့် စမ်းလုပ်ကြည့်မည်ဟု ပြော၏။ သူကား သမ္မာရှင့်တောင်သူကြီးဖြစ်သော်လည်း မိရိုးဖလာယုံကြည်မှုအရ နွားတစ်ရှဉ်းအားမှာ ထယ်တစ်လက်သာ ဆောင်နိုင်သည်ဟု လက်ခံထားကြသည်ကိုး။

ဦးစိန်က ထိုပြဿနာကို ကောက်ချက်ချလိုက်သည်မှာ-

“ဒီမှာလည်း ဒီလိုနွားတစ်ရှဉ်းနဲ့ ထယ်နှစ်လက်ဆွဲနိုင်ရင် ကောင်းတာပေါ့၊ တစ်နေ့ ကောက်ပြီးတဲ့နေရာမှာ တစ်ဧကပြီးမယ်၊ ကျုပ်တို့ ဆောင်းသီးနှံစိုက်ချိန်က တိုလွန်းတော့ နှစ်လက်ထယ်သုံးရင် အချိန်ကုန်သက်သာပြီး ထယ်ရေး၊ ထွန်ရေးနိုင်မယ်၊ ထယ်ရေးညက်တော့ အထွက်တိုးမယ်ပေါ့ဗျာ၊ ကျုပ်လည်းလုပ်မယ်”

အားလုံးသော တောင်သူကြီးများသဘောကျကြ၍ နှစ်လက်ထယ်ကိုစမ်း၍သုံးကြမည်ဆိုၾ။ ညောင်ဒိုင်သာမှ တောင်သူကြီးများဖြစ်ကြသော ဦးနီ၊ ဦးကြည်၊ မှန်တောရွာမှ ဦးသိန်းမောင်၊ ဦးပြေသိန်း၊ ညောင်ပင်ကန်ရွာမှ ဦးစိန်ထွန်းနှင့် ဦးတင်လှိုင်တို့မှာ တက်ကြွစွာပင် ပြောပါသည်။

အားလုံးကိစ္စဝိစ္စပြီး၍ ပြန်သွားကြသော် မောင်ကျော်စောတစ်ယောက် ဦးအောင်မောင်းနောက် အပြေးလိုက်သွားပြီးနောက်-

"ဦးလေးမောင်း...အိမ်ကလှည်းက လှည်းတုတ် (လှည်းနှင့်ချည်ထားသော) တွေ ဆွေးကုန်လို့ လိုက်တုတ်ပေးပါဦး။ နေကြာမျိုးကာနီးနေလို့ပါ"

"အေး လိုက်လုပ်ပေးရတာပေါ့ကွာ၊ ဒါနဲ့ ထန်းပလပ်ချော်တွေ ရေစိမ်ထားရဲ့လား"

"ဗျာ...ရေစိမ်ရသေးတာလား"

ဦးအောင်မောင်းက စိတ်ပျက်သွားပုံဖြင့် 'ကျွတ်'ခနဲ လုပ်လိုက်ၾ။

"ထန်းချော်ကို ရေတစ်ညသိပ် စိမ်ရတယ်ဆိုတာတောင် မသိဘူးလားကွာ၊ မင်းတောင်သူမနဲ့ရတာ သုံးနှစ်တောင်ရှိပြီပဲ"

မောင်ကျော်စောကား သွားဖြဲ၍သာ နေရတော့သည်။ သူမှ မသိတာကိုလေ။ ဦးအောင်မောင်းက တူတော်မောင် သူ့ကို ဆူလေသည်။

"စာမေးပွဲဖြေရအောင်ဆိုပြီး ရောက်လာတာသုံးနှစ်ရှိပြီ၊ မကြိုးစားလို့ မအောင်ဘူး၊ တောင်သူသားသမီးကို ယူထားတာလည်း သုံးနှစ်ရှိပြီ၊ စိတ်မဝင်စားတော့ ဘာမှမလုပ်တတ်ဘူး၊ မင်းအစား

ငါရင်လေးလိုက်ပါဘိတော့တယ်၊ ဒီနှစ်တော့ အောင်ရင်အောင်၊ မအောင်ရင် တောင်သူလုပ် ဒါပဲ၊ နတ်အိုးကွဲလို့ ပဲလှော်မရ၊ မီးကော်မရ တော့ မဖြစ်စေနဲ့ကွာ၊ နင်းခုနကပြောတဲ့ နှစ်လက်ထယ်ဆိုတာ မင်းပြောလို့ သိရပေမယ့် ငါက နက်ဖြန်ကစပြီး ပန်းဘဲဖိုကိုသွားအပ် တော့မှာ မင်းကအရင်မြင်လို့ အရင်သိပေမယ့် လက်တွေ့မလုပ်တော့ အလကားဖြစ်နေတာပေါ့၊ ဒီအတူပဲလေ စာမေးပွဲလည်း အောင်အောင် မကြိုးစား၊ တောင်သူစွင်ဝင်ဖို့လည်း စိတ်မပါဘူးဆိုရင် လူ့ဘဝမှာ ဘာသုံးလို့ရမှာတုန်း၊ မနက်က မလုံးဖိုက်ကြီးတစ်ခွဲသားနဲ့ မြက်ရိတ်၊ အခင်းစောင့်ထွက်သွားတာတွေ့တယ်၊ တစ်ယောက်တည်းလုပ်၊ မနိုင်ကာမှ အငှားခေါ်ရမှာ ဘယ်ခရီးရောက်ပါ့မလဲ၊ မင်းရော… “ဒိုးတူပေါင်ဖက်”လုပ်လိုက်ရင် နှစ်လက်ထယ်လို တစ်ခေါက်သွားတိုင်း နှစ်ခေါက်ရမှာပေါ့”

“ဟုတ်ကဲ့ ဦးလေးမောင်…ကျွန်တော်ကြိုးစားပါ့မယ်”

မောင်ကျော်စော ဆုံးဖြတ်လိုက်ပါပြီ၊ နက်ဖြန်ကစပြီး မလုံးကို တောမထွက်စေဘဲ သူသာနေကြာခင်းစောင့်ရင်း စာကျက်တော့မည်၊ စာမေးပွဲကို ကြိုးစားဖြေမည်။ မအောင်ခဲ့သော် ကံစီမံရာအတိုင်း ချစ်လှစွာသော ဇနီး တောစပယ်ကုံးရှင် မိလုံးနှင့် တောင်သူစွင်တွင် ထမ်းပိုးညီစွာ ရုန်းတော့မည်လေ။ ။

# တချို့က ကြီးမှကြိုက်၏

နေထိန်းတဖျားသာသာရှိလာပြီဖြစ်သောကြောင့် အညာနေပီပီ တော်တော်ပူလာပါပြီ။ ကိုကျော်ဇောကား ညောင်ပင်ရှည်ကြီးအောက်သို့ ရောက်သည်နှင့် ထိုင်ရန်ဟန်ပြင်ပြီးမှ ညောင်ပင်ပါးပြင်းထဲတွင် တန်းခံကာ တင်ထားသောရေအိုးကိုတွေ့သဖြင့် ရေမှုတ်နှင့်ခပ်ကာ ဝမ်းသာအားရသောက်ချလိုက်၏။ ဝမ်းမီးငြိမ်းသလို အေးခနဲဖြစ်သွားရသည်။

"ဟန်ကျသကွာ၊ အရိပ်နဲ့ရေအိုးစင်က အရန်သင့်ပဲဟေ့"

နောက်မှ အိပက်အိပက်နှင့်လိုက်လာသော ဦးဖိုးရို မီလာ၍ ရေကို အငမ်းမရသောက်လေ၏။ ကိုကျော်ဇောလည်း ဦးဖိုးရိုကို အားနာလှပါသည်။ မနက်စောစောလင်းက ညောင်ပင်ကန်ကားဂိတ်အကြော်ဆိုင်မှ စားလာခဲ့သော အကြော်သုံးခုစီသာ ဗိုက်ထဲရှိသေးသဖြင့် ရွာနှစ်ရွာ ချောင်းပေါက်အောင် လမ်းလျှောက်ခဲ့ရသောသူတို့မှာ ထမင်းဆာသော ဒုက္ခက နွားရှာမရသည်ထက် လက်တွေ့တွင် ဆိုးနေ၏။

ကိုကျော်ဇော၏နွားရှေ့နီသည် တစ်နေ့ညကလွတ်၍ နွားတောတိုက်ထဲရှိ ပဲကြားရွက်မှော်များကိုစားကာ စားခွက်ထဲကရေကို

တစ်ဝကြီးသောက်လေ၍ လေပိတ်သေလေရာ ဂျုံထယ်ရောင်နေချိန်မို့ နွားရှာရန် ထွက်လာကြသည်ဖြစ်၏။

နွားရွှေ့ကိုဖြဲပေါက်မို့ နမြောသများစိသော်လည်း အသားမျက်ကာ ရောင်းရပါသည်။ သို့မှသာ အသားဖိုးငွေကလေး အရင်းတည်လျက် ဖြည့်စွက်ကာ နွားတစ်ကောင်ဝယ်နိုင်မည်ကိုး။

နွားဝယ်သည်ဆိုရာ၌ တောင်သူလုပ်စ သူလိုလူတစ်ယောက် အဖို့ လွယ်ကူသည်မဟုတ်သောကြောင့် တောင်သူကြီးဖြစ်သော ဦးဖိုးရှိ ကိုခေါ်ခဲ့ရ၏။ ဦးဖိုးရှိပါသောကြောင့်သာ နမှား (နွားမှား) မဝယ်မိ တာဖြစ်သည်။ ကံသာရွာမှ ကိုလှစိုး၏ ခွေချက်မောက်ကြီးကို သူက အကောင်ကြီးလှသည်ဟု သဘောကျ၍ ဈေးစကားပင်ပြောနေပါပြီ။ ဦးဖိုးရှိက အမုန်းခံကာ ပွဲဖျက်လေသောကြောင့် မဝယ်ဖြစ်ခဲ့။ ဦးဖိုးရှိက လမ်းရောက်မှ ပေါက်ကွဲပြောသည်မှာ-

"မင်းမသိတဲ့ ဝင်မပြောနဲ့ကွ၊ အဲဒီနွားကြီးက ခွေချက်မောက်ကြီး၊ အဲဒီနွားမျိုးဝယ်လို့ကတော့ ငရဲကြီးပြီသာမှတ်"

"ခွေချက်မောက်ဆိုတာ ဘာကိုကြည့်ပြောတာတုန်း ကိုရှိရ"

ဦးဖိုးရှိက ကွမ်းတံတွေးကို ပြစ်ခနဲ ထွေးထုတ်လိုက်ပြီး-

"မသေမချင်းမှတ်ထား၊ နွားရဲ့ကျောပေါ်အလယ်တည့်တည့်မှာ ခွေရှိမယ်၊ အဲဒီခွေနဲ့ အောက်ကချက်နဲ့ တစ်တန်းတည်းရှိတာကို ခွေချက်မောက်လို့ခေါ်တယ်၊ အဲဒီနွားမျိုးက ဖျင်းလွန်းထူလွန်းလို့ ဆဲဆိုမောင်းရတာမို့ ငရဲကြီးတယ်ဆိုပြီး ရှောင်တယ်"

ကိုကျော်ဆောကတော့ လန့်သွားသဖြင့် နောက်တစ်ကောင် ကြည့်ပြီး မကြိုက်သေးဘူးဆိုကာ လှည့်ထွက်လာသော ဦးဖိုးရှိ၏ နောက်မှ အသံတိတ်လိုက်ခဲ့ပါ၏။

"အမွေးမကြိုက်ဘူးကွ"

"စပယ်အရောင်က ညှိုခဲတယ်ဆိုဗျ၊ ဒီမွှားမှာ ဘာအပြစ်တွေ့လို့တုန်း"

"အရောင်ကြိုက်ပါတယ်၊ အမွေးက ညှိုနေသကွ"

ကိုကျော်စောကား ပညာလိုသူနှင့် ဦးဖိုးရှိကို အမီလိုက်ကာမေးနေ၏။

"ဆိုပါဦးဗျ၊ အမွေးက ဘယ်လိုနေလို့လဲ"

"ထမ်းပိုးကောင်းတဲ့မွှားဆိုရင် အမွေးမရှည်ဘူးကွ၊ အရေလည်း ပါးတယ်၊ ခုနက တို့ကြည့်တဲ့မွှားက အမွေးညှဉ်းသိုးသိုးနဲ့ အရေတော်တော်ထူတယ် မွှားချင်းကွ၊ မင်းသတိထားကြည့်မိလား၊ ကျောပေါ်က ဒဏ်ရာတွေကို၊ အဲဒါရိုက်နှက် မောင်းထားတာပဲကွ"

"ဟိုက်ရှားဘား" ဟု ကိုကျော်စောဆိုမိတော့သည်။ မွှားအကြောင်းသည် ကားအကြောင်းထက် များလှသည်တကား။ ဤလိုနှင့် မွှားလေးကောင်ကို နှစ်ရွာကူးပြီး ကြည့်ခဲ့ပြီးပြီ။ ဦးဖိုးရှိမကြိုက်သေး၍ သူမှာမပြောသာဘဲ နောက်တစ်ရွာကူးရန် ခရီးဆက်ခဲ့ကြခြင်းဖြစ်တော့သည်။

"ကိုရှိ ဆာပြီလား"

သူက အားနာစွာ မေးရလေ၏။ ဦးဖိုးရှိက သူ့ဗိုက်ကြီးကို လက်နှင့်ပွတ်၍-

"ငါကတော့ မဆာပါဘူးကွာ၊ ဒီဗိုက်ကြီးကသာ ပူဆာနေလို့"

"ဟဲ ဟဲ ကျွန်တော်လည်း ဆာတာပဲဗျ၊ ဟော-- မင်းရွေးကျောင်းက တုံးခေါက်သံကြားတယ်၊ အဲဒီဆရာတော်နဲ့က ကျွန်တော်နဲ့ခင်သဗျ၊ သွားရအောင်လား"

ဦးဖိုးရှိက ခေါင်းကိုရမ်းတဲ့၍-

"ဘုန်းကြီးကျောင်းက ဆွမ်းစားပြီး တုံးခေါက်တဲ့သဘောကို မင်းသိလား"

"ဟင့်အင်း မသိဘူး"

"ဆွမ်းစားပြီးပြီ၊ ဖုန်းတောင်း ယာစကာတွေ လာစားလှည့်ကြပါလို့ ခေါ်တဲ့အဓိပ္ပာယ်ပဲကွ၊ ငါတော့ မစားချင်ဘူး"

"ဩော် ဒီလိုဆိုရင်တော့ ကျွန်တော်လည်း မစားချင်ပါဘူးဗျာ"

ထမင်းတစ်နပ်အတွက်ဖြင့် ဖုန်းတောင်းယာစကာစာရင်းထဲ အပါမခံနိုင်၍ ငြင်းလိုက်ရပေလည်း ဗိုက်ကတော့ ဆာနေပါပြီ။ ဦးဖိုးရှိက-

"နေဦးကွ ငါ့အသိရှိတယ်၊ ဒီမင်းရွှေရွာလူကြီးပဲ ကောင်းတောင်တဲ့၊ အဲဒီကောင့်အိမ်ဝင်ရအောင် ထမင်းစားချိန်အံကိုက်ပဲဟေ့"

ဦးဖိုးရှိက ပြောပြောဆိုဆို ခြေလှမ်းပိုသွက်လိုက်လေရာ ကိုကျော်စောမှာ မနည်းလိုက်ယူရသည်။ နောက်မှလိုက်ရင်း သူများအိမ်တွင် ဧည့်လုပ်ရမည့်အရေးကို တွေးမိလေ၏-

"နေဦးဗျ ကိုရှိ၊ သူ့အိမ်ရောက်တော့ ထမင်းမစားရသေးဘူးလို့ ပြောင်ပြောမှာလား"

ဦးဖိုးရှိက နောက်ပင်လှည့်မကြည့်ဘဲ သွားနေရာက-

"အဲ့လိုမပြောလို့ ဘယ်လိုပြောမှာတုန်း"

"ဟာ ရက်စရာကြီးဗျာ၊ ဒီလိုလုပ်ဗျာ…ထမင်းစားခဲ့ပြီးပြီလားလို့ သူကမေးလာရင် ဘာမှမပြောဘဲ ပြုံးစိစိကြီးလုပ်နေလိုက်ရုံပဲ၊ သဘောပေါက်ကရောပေါ့"

"မင်းသဘောပဲကွာ…"

အစာအိမ်ဓာတ်တောင်းဆိုချက်အရ ခြေလှမ်းတို့ကျဲသွားလေသဖြင့် မင်းရွှေရွာအရှေ့ပိုင်း ကိုကောင်းတင်အိမ်သည် ပုံမှန်ထက်နီးသွားသလို ရှိနေတော့သည်လေ။

× × × × ×

ကိုကောင်းတင်ကား စည်မျှော်နေတုန်း စည်ရောက်လာဘိသို့ ဝမ်းသာအယ်လဲ ကြိုရှာပေ၏။

"ဟော…ကိုဖိုးရှိကြီး၊ မျှော်နေတုန်း ကျော့ဆုံးလာဆိုသလို၊ လာဗျာ…ထိုင်၊ ဟော မိန်းမရေ စည်သည်နှစ်ယောက် ဟော"

တစ်ဆက်တည်းမှာပင် မီးဖိုချောင်ဘက်သို့ လှမ်းအော်လေ၍ အထူးအဆန်းပေတကားဟု အောက်မေ့ရသေး၏။ ကိုကောင်းတင်က-

"ရေနွေးနဲ့လက်ဖက်သုပ်ကို အဆာပြေစားထားနှင့်ဦးဗျ"

ရေနွေးခွက်တူးနှင့်လက်ဖက်အုပ်ကို သူတို့ရှေ့နီးအောင်တွန်းပို့၍

"ဘာကိစ္စတုန်း ခင်ဗျားတို့ကြည့်ရတာ နွားရှာတယ် ထင်ပ"

"မှန်တာပေါ့ကွယ်…ထယ်ရေးထဲ နွားသေလို့ မောင်ရ"

အညာကျေးလက်ဓလေ့မှာ အကြောင်းမဲ့အလည်အပတ်သွားခဲလှသည်။ အရေးအကြောင်းရှိမှသာ သွားကြ၊ လာကြသည်မို့ ကိုကောင်းတင်က ထင်ကြေးပေးသည်မှာမလွဲပါ။ သူတို့ပုံကလည်း ဖျင်သာဘက်ခေါင်းပေါင်း၍ လွယ်အိတ်ကိုယ်စီလွယ်လျက် လက်၌ ကြိမ်တုတ်ကိုယ်စီပါခဲ့ရာ 'နွားဝယ်လာသချိုး' ဟု စာတန်းခွဲထားသည့်နှယ် ရှိပေသကိုး။

"ဘယ်ကြေးလောက် သုံးမတုံးဆိုတာ ပြောလေ"

ကိုကောင်းတင်က တတ်နိုင်သည့်ဈေးကို တည့်တည့်မေးလေ၏။ အညာဒေသတွင် နွားကုန်သည်၊ နွားပွဲစား ရှိလင့်ကစား မြို့ကြီးပြကြီး

တွင်ရှိသော ကားကုန်သည်၊ ကားပွဲစားများလို စကားတန်ဆာဆင်၍ စကားလုံးကိုနှန်းတင်ကာ စကားဦးကင်းဖွင့်လေ့မရှိရကား ခွဲဒိုးပင် မေးတတ်သော သဘာဝရှိပေ၏။ ဦးဖိုးရှိကလည်း-

"တတ်နိုင်တာကတော့ ငါးထောင်ပတ်လည်ပဲကွ၊ ဒီထက်ပိုလို့ကတော့ နွားရှင်အကြွေးထားမှဖြစ်လိမ့်မယ်"

ထိုအခါ ကိုကျော်စောက ကိုကောင်းတင်တို့ အိမ်ခေါင်ရင်း မန်ကျည်းပင်၌ ချည်ထားသော နွားပိုတစ်ကောင်ကိုမြင်၍-

"ကိုကောင်းတင်...ဟိုမန်ကျည်းပင်အောက်က နွားက 'နွားပို' မဟုတ်လား၊ ကျွန်တော်လိုချင်တာ ဒီအရွယ်၊ ဒီအနေပဲဗျ၊ ဈေးကရော"

ကိုကောင်းတင်ကား ညှင်း ညှင်း ညှင်း ဟု ရယ်လေ၍-

"ကိုဖိုးရှိလူက တောင်သူနွှင်ဝင်ကာစနဲ့ တူရဲ့ဗျနော်"

ဦးဖိုးရှိက ရေနွေးကြမ်းသောက်လက်စကိုရပ်ပြီး

"ဒီကောင့်ကြောင့် ငါမှာ တစ်ရွာဝင်တစ်ရွာထွက် မျက်နှာပျက်ခဲ့ရသမောင်၊ မင်းနဲ့ငါက ပြောရမယ့်လူမဟုတ်လို့ မပြောချင်ပါဘူး၊ မင်းသာ ကြည့်ပြောလိုက်ပေတော့"

ကိုကောင်းတင်က ရှိုးသားစွာ ပြောရှာလေ၏။

"ဒီမှာ ကိုကျော်စောရဲ့ အခု ကိုဖိုးရှိပါနေလို့ ကျုပ်အမှန်အတိုင်းပဲ ပြောမယ်၊ ကျုပ်နွားရဲ့အမွေးက နဂျစ် (နွားဂျစ်) မွေးနော် သိလား"

"အင်း နဂျစ်ဆိုတာတော့ သိပါတယ်၊ ထမ်းပိုးကောင်းတယ်လို့လဲ လူတွေပြောလို့ သိရဲ့ဗျာ"

ကိုကောင်းတင်က ရယ်၍

"ဟား...ဟား...ဟုတ်လားဗျ၊ နဂျစ်က ထမ်းပိုးကောင်းတယ်လို့၊ နေဦး ခင်ဗျားကိုပြောတဲ့လူက အမွေးအစိုးအခြောက် ခွဲမပြောဘူးနဲ့တူတယ်ဗျ"

ကိုကျော်ဇောထပ်၍ အံ့ဩရပြန်ပါပြီ။ အရောင်အသွေးတွေသော်လည်း အနု၊ အရင့်၊ အစို၊ အခြောက် ကွဲပြန်သည်ဆိုပဲ။ (နွားကျစ်ဆိုသည့်အရောင်မှာ ကော်ဖီရောင်ရှိ၍ အမွေးအတိုအရှည်၊ အစိုအခြောက်ကိုလိုက်ပြီး နွား၏ခွဲသတ္တိကွာပါသည်။) ကိုကောင်းတင်က -

"ကျုပ်နွားက နကျစ်ပေမယ့် အရောင်ကရင့်နေတယ်လေ။ စာဆိုတောင်ရှိသေးရဲ့...နကျစ်ပုပ်ပုပ် ငရုတ်စပ်စပ်တဲ့၊ ဒီအရောင် ဒီအမွေးတွေကျော ဘယ်လိုပြောရမလဲ... ညှိလွန်းတော့ အသားတောင်မချိုလို့ ငရုတ်သီးစပ်စပ်နဲ့ ချက်စားမှ လျှာအလိမ်မိပြီး မျိုလို့ရတယ်လို့ပြောတာဗျ။ သောက်ရမ်းပျင်းတဲ့ အမွေးလားဗျာ။ ကိုမိုးရှိမျက်နှာကြောင့်သာပ၊ နို့မို့ဆိုရင် ကျုပ်မျှော်နေတာ ခင်ဗျားလို မနုမနပ်တောင်သူပဲ"

ကိုကျော်ဇောတစ်ယောက် ထပ်၍ အံ့ဩရပြန်ပါသည်။ သူသည်ကား ရတနာပုံနေပြည်တော်သားပေမို့ ကားလောကနှင့်မစိမ်းပါ။ သူတို့အိမ်နားနီးချင်းဖြစ်သော ကိုရွှတ်တားက ကားပွဲစားပေမို့ ကား၏အသွေးအရောင်သည် အထိုက်အလျောက်တော့ဖြင့် ဈေးကွာသာနိုင်သည်ကို သိထား၏။ နွားကတော့ အမွေး၊ အရောင်နှင့် ကြန်အင်လက္ခဏာကိုလိုက်၍ အရောင်းအဝယ်ဖြစ်သည်တားဦး၊ အချို့သော အမွေးအရောင်သည်ကား ဝယ်သူပင်မရှိပါတဲ့။ သူတို့မှော မသိနိုးနားနွားဝယ်ကိုစောင့်၍ရောင်းလျှင်ရောင်း၊ သို့မဟုတ် နသတ်သယ် (နွားသတ်သည်) ကိုသာ ရောင်းရသည့်အနေအထားဖြစ်လေ၍ ယခုကိုကျော်ဇောချည်းလာပါမှ ကိုကောင်းတင်ရောင်းလိုက်မည်ဖြစ်သော်လည်း ဦးဖိုးရှိပါနေသောကြောင့် မလုပ်ရဲပါလေ။ တောရွာနေတောင်သူတို့သည် ရိုးသားလှပေစွ၊ ကိုကောင်းတင်က မီးဖိုချောင်ဘက်သို့ရည်လျက် -

"ဟော မိန်းမရေ ကျက်ရင်ခူးလာဟ"

အသံနှင့်မရှေးမနှောင်းပင် ကိုကောင်းတင်၏ဇနီးက လင်ပန်း၌ ဟင်းခွက်တို့ထည့်ကာ ယူလာပြီး စားပွဲတွင်ခင်းလေရာ အဘယ်သို့သော ဟင်းများပေနည်းဟု ဝါသနာအရ စေ့ငုလေသော် ကိုကျော်ဇော အဖို့ နှစ်သိမ့်လောက်စေသော ဟင်းများဖြစ်သည့် ဖွားနို့နှင့် ကင်းပုံသီး ထောင်းရောချက်သည့် ဟင်းကတစ်ခွက်၊ ကုလားပဲဟင်းချိုနှင့် သရက်သီးသနပ်၊ ငရုတ်သီးအညာထောင်းတို့ကို တွေ့လေရာ မစားခင် ကြည်နူးမိသေး၏။ ကိုကောင်းတင်ကို ကိုဖိုးရှိက ဘွင်းဘွင်းပင် မေးလေ၏။

"မင်းတို့မိသားစုတွေ တို့ရောက်လာတာနဲ့ ထပ်ချက်ရတော့မှာပဲ"

ကိုကောင်းတင်က လက်ဆေးရေခွက်ကို ကမ်းလင့်နေရင်းက-

"မပူပါနဲ့ ကိုဖိုးရှိရာ…ကျုပ်တို့စားတဲ့ ထိပ်ချွန်ဆန်က ချည့်သည်တစ်ယောက်လာရင် ရေတစ်မှုတ်ခွက်လိုက်ရုံပဲဟာ။ အခု နှစ်ယောက်ဆိုတော့ ရေနှစ်မှုတ်ပေါ့၊ ဒါကြောင့် ခင်ဗျားတို့လာစက မီးဖိုထဲက မိန်းမကို ဧည့်သည်နှစ်ယောက်လို့ ကျုပ် လှမ်းအော်တာဗျ၊ သဘောကတော့ ရေနှစ်မှုတ်ခွက်လိုက်ဟော ဆိုရာ ရောက်သပေါ့ဗျာ"

ဦးဖိုးရှိက လက်ဆေးနေရင်း-

"ဪ ဒီလိုလား…မသိပေါင်ကွယ်၊ ငါ့မှာ ရုတ်တရက် မင်းက ဧည့်သည်နှစ်ယောက်ဟောလို့ အော်တော့ ဗျာများ ဘယ်များ ချေးရ၊ ငှားရရှာလေမလဲလို့ တွေးပြီး ရှံ့တွန့်တွန့် ဖြစ်ရသေးသကွ"

ကိုကောင်းကင်ကရယ်၍

"အဟင်းဟင်း ကျုပ်တို့စားတဲ့ ဆန်ကမာတော့ အကျိုးချက် ခံတယ်လေ၊ ဧည့်သည်များ အချိန်မတော်ရောက်လာလို့ကတော့ ရေသာခွက်လိုက်ရုံပ၊ ဒါပေမဲ့ စားရာကျတော့ကာ ပူတုန်းမှ

ကောင်းတာချည်း၊ အေပြီဆိုလို့ကတော့ ထမင်းကြမ်းခဲကို အမြောက်နဲ့ ပစ်ခွဲလို့တောင် မရဘူးရယ်...''

ဦးဖိုးရှိရော ကိုကျော်စောပါ ကိုကောင်းတင်၏စကားကို ရယ်မိကြ၏။ ဦးဖိုးရှိက-

''မင်းရွေးသားတွေ စကားတော်တော်တတ်တာပဲကိုးကွ''

ဤသို့ ကိုကောင်းတင်က-

''ကိုဖိုးရှိက ကျုပ် တမင်ပြောတယ်ထင်ပဗျာ၊ အမှန်လည်း ဒီလိုပါပဲ၊ ဒီဆန်ကိုက အေးသွားရင် မာခဲနေတဲ့အမျိုးလေဗျာ၊ ထမင်းကြမ်း ကျန်လို့ စားပြီဆိုလို့ကတော့ ဘေးမှာရေခွက်ထားရသဗျ၊ ရေနဲ့မျော ချရင်ချ။ နို့မို့လို့ကတော့ လည်ချောင်းထဲကို ထယ်ထိုးသွားတယ်လို့ မှတ်ရတယ်ဗျာ''

''ဟား··ဟား··ဟား တော်ကွာ၊ ကောင်းတင် မင်းက ထမင်းကျန် သက်သာအောင်ပြောနေတာလား လဒ္ဒီး''

ပြောသာပြောရ၏။ အမှန်တကယ် ဆာလောင်နေသူများဖြစ်ကြ သည်နှင့်အားမနာတမ်းနှိုက်ယူကြလေရာ လိုက်ထမင်းအုပ်မှာ ပြောင်သလင်းခါသွားတော့သည်။

ကိုကောင်းတင်၏အိမ်သူကတော့ စကားနည်းရှာလေ၍ သူ့အိမ်ဦးနတ်ပြောသမျှကို ပြုံးကာ၊ ရယ်ကာနှင့် ထောက်ခံသည်က လွဲလို့ အခြားစကားမပြောရှာပေ။ အစဦးက ဆွဲအနေသူတစ်ယောက် ပေလောဟု ထင်မိသေး၏။ စားပြီးသော် ကြံသကာ၊ လက်ဖက်သုပ်၊ ရေနွေးကြမ်းနှင့် ဧည့်ခံသေးသည်။

ကိုကောင်းတင်ပြောပြ၍ နွားအကြောင်း တော်တော်သိခွင့်ရလိုက် ပါသည်။ ဆင်ယိမ်း၊ နတ်ယိမ်း၊ တယ်လူး၊ ဂဠုံတောင်၊ နံညပ်၊ နံတို၊ လာဒနိုက်စသော မရွေးသင့်သော နွားများနှင့် ခွေမှန်၊

ရွှေထီးဆောင်၊ ရွှေချိန့်ခွင်၊ ခြောက်ကွင်း၊ ကြာပွင့် စသည့်နွားမှန်များကိုလည်း သိရပေသောကြောင့် မန္တလေးမြို့ကြီးသားဖြစ်သော ကိုကျော်ဇောအဖို့ တောင်သူ့သင်္ချ ဗဟုသုတရလိုက်ပါသည်။

"တောင်ဘက်ရွာက ကိုခင်သောင်းဆီမှာ နွားနှစ်ကောင် ရောက်နေတယ်လို့ ကြားတယ် သွားကြည့်မလား"

ကိုကောင်းတင်ကဆိုလေ၍ ရွာစည်းရိုးပင်မခြားသော အောင်ချမ်းသာရွာသို့ ရေးရှုလျှောက်သွားကြလေသော် ဟိုအိမ်သည်အိမ်က နှုတ်ဆက်ကြသည်ကို မအားတမ်းပြန်ဖြေနေရသည့် ကိုကောင်းတင်ကို အားကျသလိုဖြစ်ရသေးတော့၏။ လောကွတ်ကျေလှသော ကိုကောင်းတင် ပေတည်း။

× × × × ×

"လာချိုး…ကိုကောင်းတင်ကြီး"

မြေစိုက်နှစ်ခန်းအိမ်လေးရှေ့ စောင်းတဲအောက်တွင် တစ်ကိုယ်တည်း ရေနွေးသောက်နေသော အိမ်ရှင်ကိုခင်သောင်းကို တွေ့ရပြီး သူကပင်စလျှက် နှုတ်ဆက်ကာ လှမ်းခေါ်နေ၍ နွားကုန်သည်၊ နွားပွဲစားပီသလှပေ၏ဟု ကိုကျော်ဇော မှတ်ချက်ချမိသည်။

"မင်းဆီမှာ နွားပြာခြောက်တစ်ရှဉ်း ရောက်နေတယ်ဆိုလို့ လာကြည့်တာကွ"

"ရှိပဗျား…သားတော်မောင် ရေစည်သွားတိုက်နေလို့ အဲ ပြောရင်းဆိုရင်း လာပါပြီဗျား…ဟိုမှာ"

နွားပြာခြောက် (အမွေးအရောင်ကိုခေါ်ပါသည်) နှစ်ကောင်မှာ တူလှသဖြင့် ကိုကောင်းတင်က မေးလိုက်သည်။

"တစ်မပေါက်တည်းတွေထင်ရဲ့ ခင်သောင်းရေ"

"ခေါင်းနှင်းဆင်းတွေပဲဗျ"

ရှေ့နောက်မွေးသည့် တစ်မအေတည်းပေါက်တွေပါလို့ နွားရှင်က ဆိုပေသည်။ မြူသံတလွင်လွင်ဖြင့် လည်မောင်းလျက် ခေါင်းတရမ်းရမ်း ဝင်လာသော နွားညီနောင်ကိုကြည့်ကာ ကိုကျော်စောသဘောကျလှ ပါပြီ။ အထူးသဖြင့် အတိုင်နွား၊ အလှည့်နွားဟူ၍ရှိရာ အတိုင်နွားကြီးကို ပို၍သဘောကျနေမိ၏။ ချိုထောင်ပန်းနိုက်ဖြစ်ပြီး အကောင်လည်း ကြီးသည်ကိုး။

"နွားကြည့်ရအောင်ဗျာ…"

ကိုကောင်းတင်ကပြော၍ အားလုံးနွားများချည်နေသော တမာပင်အရိပ်သို့ သွားကြ၏။ ဦးဖိုးရိုက အိမ်ရှင်သားထံမှ နွားကြီး ယူကာ မောင်းကြည့်စည်လုပ်နေသဖြင့် နွားရှင် ကိုခင်သောင်းက-

"ခင်ဗျားစွာကိုယ်ကြီးနဲ့ လိုက်နိုင်ပါ့မလား၊ ဆရာကြီးရဲ့ ကျွပ်နွားကို တော်ရုံလူမလိုက်နိုင်ဘူးနော်"

ဦးဖိုးရိုက ရယ်ပြီး-

"ဟဲ ဟဲ ကြည့်ကြသေးတာပေါ့ဗျာ…"

ကိုကျော်စောသဘောကျသည့် နွားအကြီးကို ပထမစမ်းမောင်း ကြည့်သည်။ ဆင်ရဲ့ခြေပါလှသဖြင့် မဆိုးဟု ဦးဖိုးရိုက မှတ်ချက်ချကာ နွားကိုပြန်၍ချည်လိုက်ပြီး သွားကိုဖြဲလျက်ကြည့်ပြန်၏။

"ငါးနိုး(ငါးနှစ်နိုင်းပြီး) ရှိပြီလေ။ သွားနည်းနည်းပွဲတာကတော့ အစားမိုက်လို့ဗျ၊ မြောက်ဘက်နယ်က နွားလားဗျာ၊ ကောက်ရိုးကို အတုံးလိုက်တောင် ဆွဲစားတာကိုး။ ဘယ်သွားခံနိုင်လိမ့်"

နွားရှင်က အပြောပါလှချည် ကိုကျော်စောမှာ သဘောကျမဆုံး ရှိလေ၏။ နွားဝယ်ရာတွင် အစားကောင်းသော နွားဖြစ်ဖို့လည်း အရေးကြီးသည်။ ရှမ်းကြိုက်နွားချောဆိုသည့် စကားပုံလိုပင် ယခုလည်း ကိုကျော်စောမှာ သူကြိုက်သောနွားကြီးကို ကြည့်ရင်းနှင့်ချောသည်ဟု အထင်ရောက်လာပြီးဖို့-

"ကိုရှိ ဒီအကြီးကောင်က ပိုချောသဗျ"

အရောင်းအဝယ်တည့်တော့မည်ဟုသိသော နွားရှင်က-

"ချောတာကတော့ လူတောသားစကားနဲ့ပြောရရင် 'ဝင်းဦးရဲ့ ခြုံခွဲထားသလား မှတ်ရတယ်' ဆိုသလိုပေါ့ဗျာ"

ကိုကျော်စောလက်ကို ဆွဲခေါ်၍ နွားတဲထိပ်ထိသွားပြီးမှ ဦးဖိုးရှိက-

"မင်းနဲ့နွားဝယ်ရတာ မဖြစ်ပါဘူးကွာ၊ မင်းကြိုက်မှန်း ဟိုက သိနေပြီကွ၊ ငါလျှော့ ဈေးတောင်ဆစ်လို့ရပါ့မလား မသိဘူး"

"ဆောရီး ကိုရှိရာ ကျွန်တော် သတိလွှတ်သွားတယ်၊ နွားကို ကြိုက်တာနဲ့"

ကိုဖိုးရှိက အသံကိုနှိမ့်လျက်-

"ငါက အငယ်ကောင်ကိုကြိုက်တယ်၊ ခေါက်နဲ့နှိမ့်ပေးမယ် အသက်နှစ်နိုးအောက်ထစ်ကွာမယ်၊ ဟိုကောင်ကြီးက သွားတွေခွဲနေပြီ"

"ဒါကတော့ သူပြောသားပဲဗျာ၊ အစားမိုက်လို့ဆိုတာလေ၊ ကျွန်တော်တို့အိမ်မှာ ကျန်ခဲ့တဲ့နွားနဲ့ ထမ်းပိုးထမ်းညီတာကလည်း အကြီးဗျ"

"မင်းက ဝယ်မယ့်လူဆိုတော့ မင်းသဘောပဲကွာ၊ မျက်မြင် တော့ အပြစ်မတွေ့ဘူး၊ ဈေးလည်းမှန်တယ်"

ထိုစဉ် ကိုကောင်းကင်ရောက်ချလာ၍ အငယ်ကောင်ကိုဝယ်ဖို့ တိုက်တွန်းပြန်၍ ကိုကျော်ဇောက ရှေးနည်းအတိုင်းရှင်းပြရပြန်သည်။ ကိုကောင်းတင်က-

"အဲဒါတော့ သဘောပဲလေ၊ ဒီနွားတွေက ရောက်တာ မကြာသေးလို့ ဓာတ်သိတော့မဟုတ်ဘူးနော်။ နွားကုန်သည်ဆိုတာ အပြောကောင်းရတယ်၊ သူပြောတိုင်းလည်း မယုံလိုက်နဲ့"

"ဪ ကိုကောင်းတင် ဈေးဆိုင်ရှေ့ရအောင်ဗျာ…"

ကိုကျော်ဇောကတော့ ဝယ်မည်တကဲကဲပင်။ ဦးဖိုးရှိက လက်လျှော့လိုက်ကာ-

"ကိုင်း ဝယ်လေဟာ"

အိမ်ရှေ့စားပွဲသို့ပြန်သွားကာ ဈေးစကားပြောတော့-

"အကြီးကောင်ရော၊ အငယ်ကောင်ပါ ငါးထောင်စီ မလျှော့ဘူးဗျာ"

ကိုကျော်ဇောကို ကိုဖိုးရှိက မျက်နှာထားတစ်မျိုးဖြင့်ကြည့်၏။ သဘောကား 'ငါမပြောလား' ဟူလို။

နွားရှင်၏မယားကတော့ ထမီရင်လျားနှင့်ပင်ထွက်လာပြီး-

"ယန်းတောင်ကြီးကို ရောင်းလို့သာရောင်းရတယ် နမြောစရာကြီး၊ အိမ်ရှေ့ချည်ထားတာနဲ့ လူတကာငိုင်းကြည့်တယ်၊ သိပ်ကျက်သရေ ရှိတာကလားတော်"

ကိုကောင်းတင်က နွားရှင် ကိုခင်သောင်းကို -

"နည်းနည်းတော့ လျှော့ပါဦးဟ၊ မင်းကလည်း ယန်းပဲသမား ကျနေတာပဲကိုး"

"ဘာလဲဗျ၊ ယန်းပဲသမားကျနေတာပဲဆိုတာ"

"ပန်းပဲသမားက သံကိုစားလုပ်တော့ မှတ်နိုးထုရတာလေကွာ၊ မင်းလဲ ဘာထူးတုန်း ဒီကထယ်ရေးထဲ နွားသေလို့ မှုနေတဲ့သူကို"

"ဟား ဟား ဟား ဟား ကိုင်း နှစ်ဖက်ပွဲခ ကျွပ်စံပမယ်၊ ပွဲငြိမ်းပေါ့၊ ဒါပေမဲ့ ဆုံးဖြတ်ပြီးသားကို မပြင်ကြနဲ့ အငယ်လား၊ အကြီးလား"

ကိုကျော်စောကသွက်လက်စွာနှင့်-

"အကြီးဗျာ ရော့ ပိုက်ဆံ ရေကြည့်"

ရေတွက်ပြီးသော ငွေတစ်ရာတိတိကိုထုတ်၍ ကိုကောင်းတင်ကို ပေးပြီး-

"ကဲ ကိုကောင်းတင်၊ ဒါက နှစ်ဖက်ပွဲခ ကျေနပ်ပြီလား"

"ကဲ နွားအပ်ကြတော့ကွ ငါသွားစရာရှိသေးတယ်"

ထုံးစံအတိုင်း နွားကြိုးကို နွားရှင်က နွားဝယ်သူကိုအပ်၍ ပါးစပ်က-

"ဒီနေ့ကစပြီး မင်းသခင်ပြောင်းပြီ ချမ်းသာပါစေ၊ အကျိုးပြုစေဗျား"

ပိုင်ရှင်မကလည်း

"သွားပေတော့ ပန်းတောင်ကြီးရေ…အမေ နမြောပေမယ့် မင့်အဖေက ရောင်းသဟဲ့၊ သွားပေတော့ သွားပေတော့ကွယ်"

နွားအပ်ပွဲလေးပြီးသော် ကိုကောင်းတင်က နှုတ်ဆက်လေသည်။

"ကိုဖိုးရှိရော ကိုကျော်စောပါ နှုတ်ဆက်တယ်ဗျာ၊ နားနား နေနေ သွားကြဦးရော၊ ရွာအနောက်ကနေ ညောင်ပင်ကန်ရွာထိ ဖြတ်ချရုံပေါ့"

"အေး ကောင်းတင် သွားပြီပေါ့"

နွတ်ဆက်၍ နွားကြီးကို ဘို့နောက်တင်ကာ မောင်းခဲ့သော် ပထမရွာအထွက်၌ကပ်တတ်တတ်လုပ်နေသေးသော်လည်း ရွာမှအတန် ငယ်လွန်သော် မနှင်ရပါဘဲ သွားတော့သည်။

"နွားရ တော်သေးသျှား ကိုရှိ"

အိမ်အပြန် ယောကျ္ာမထံမှ မျက်နှာကောင်းရတော့မည်ဟု သူ့မျှာ ပျော်နေရှာတာပဲလေ။ ဦးဖိုးရှိက စာနာစွာ ခေါင်းညိတ်မိပါ သည်။

× × × × ×

ခရီးတစ်မိုင်ခန့် ဝေးခဲ့သော် နွားသွားပုံပြောင်းလာ၍ နောက်မှ ကြည့်ကာလိုက်လာသော ဦးဖိုးရှိက သတိထားမိသွားနှင့်-

"ဟော့ ကျော်စော ရပ် ရပ်"

ကိုကျော်စောက နဝေတိမ်တောင်ဖြင့် နွားကိုကြိုးဆွဲလျက် ရပ်နေ၏။

"ဘာတုန်းဗျ ကိုရှိကလည်း အလန့်တကြားဗျာ"

ဦးဖိုးရှိကား ကိုကျော်စောကို စကားမပြန်နိုင်ဘဲ စိတ်ပျက် လက်ပျက်လမ်းဘေးတွင် ထိုင်ချလိုက်သည်။ သူ့လိုလူတစ်ယောက်လုံး ပါပါလျက် နွားဝယ်မှားခဲ့သည်ဆိုသည့်သတင်း ရွာတွင်ကျော်တော့ မည်ကိုစွပါတကား။ ဦးဖိုးရှိ စိတ်ညစ်ရပါတော့သည်။ ကိုကျော်စောက တော့ စဉ်းစားမရပုံဖြင့် နွားကိုကိုင်ကာရပ်လျက်ရှိ၏။

"ကျော်စောရေ---တို့တော့ နွားဝယ်မှားခဲ့ပြီကွား မင့်ယောကျ္ာမ ဦးလှရင်ပါးစပ်နဲ့တော့ တွေ့ပြီ မောင်ရေ"

ဒီအထိ ဘာမှသိပုံမပေါ်သော ကိုကျော်စောက-

"ဘာမှားလို့တုန်း ကိုရှိရ…ကျွန်တော်တို့ သည်အရွယ်၊ သည်ကိုယ်နဲ့ နွားကို သည်ဈေးနဲ့ရလာတာကြီးကို"

ဦးဖိုးရှိက ခေါင်းကိုရမ်းလျက် သက်ပြင်းချလိုက်ပြီးသော်-

"မင်း မောင်းနေပြီး သတိမထားမိဘူးဖို့လား၊ နွားက နောက်ခြေတစ်ဖက်က တရွတ်ဆွဲနေလို့ ဖုတ်တွေထနေတာ မှန်လို့"

ထိုရောအခါတွင်မှ ကိုကျော်စောမျာ အလန့်တကြားဖြင့်-

"ဟာ ဟုတ်သားပဲ၊ အဲ့ဒါ ဘာဖြစ်တုန်း ကိုရှိ"

ဦးဖိုးရှိ တွေးမိလေသည်က သူသည် ဤနွားကိုမဝယ်ရန် ဖျက်သေးဏ်။ အကောင်ကြီး၍ နွားချောကြိုက်သော ကျော်စောကြောင့်သာ ဝယ်ဖြစ်သည်လေ။ ငါ့အပြစ်လွတ်တာပဲ ဟူ၍ပါ။ ထို့ကြောင့် ကြည်လင်စွာပင် ကိုကျော်စောကို အောက်ပါအတိုင်း ပြောဖြစ်လိုက်သည်။

"မင်း နွားကြီးက တုတ်ဆွဲနေတာကွ၊ ပေါင်ကြီးတန်းပြီး တရွတ်ဆွဲနေတာ မမြင်ဘူးလား၊ အဟား ဟား အဲ့ဒါကြောင့် နွားရှင်မက ပြောတာကိုး၊ ပန်းတောင်ကြီး ပန်းတောင်ကြီးနဲ့လေ"

ကိုကျော်စောကတော့ သူမသိသော ပုစ္ဆာတစ်ပုဒ်ကို အဖြေခံရသော မှုကြိုကျောင်းသားလေးပမာ မျက်တောင်ကိုသာ ပုတ်ခတ် ပုတ်ခတ်လုပ်နေတော့သည်တမုံ့။

ဦးဖိုးရှိကပဲ ဆက်ပြောသည်ကတော့။

"ပေါင်တန်းနေတော့ ပန်းတောင်ပေါ့ကွာ၊ အဟား ဟား တော်တော်လည်တဲ့ မိန်းမလေဟ"

ကိုကျော်စော အမြန်မြန် စဉ်းစားကာ ငိုင်ကျသွားရသည်။ ဤလိုဆိုပါက ယောက္ခမကြီးဆီက မျက်နှာရဖို့ စိတ်ကူးမိသည်မှာ

အပေါ်သဘောသိကံဖြစ်တော့မည်။ မျက်နှာမရသည့်အပြင် ခြေထောက်ပင် ရှိနိုင်သည်။

"ကိုရှိ သူတို့အိမ်က အငယ်ကောင်နဲ့ ပြန်လဲရအောင်ဗျာ…"

ဦးဖိုးရှိက ခြေပစ်လက်ပစ် ထိုင်ချလျက်ကပင်…

"မင်းရူးနေပလား၊ ဟိုက စကားမိလိုက်တာကို မေ့ပလားဟင်၊ ခုနေ ပြန်လဲမယ်ဆိုလို့ကတော့ ကိုယ့်အများဖြစ်သွားပြီကွ၊ သိရဲ့လား"

ကိုကျော်စောငိုင်သွားသလို နှုတ်ကြီးကလည်း ထိုးဝင်လေသည်။ ခဏအကြာ အမောပြေမြို့မှရောက်သည်နှင့် ဦးဖိုးရှိက ကလိထိုးသူမရှိပဲ တစ်ယောက်တည်း ရယ်လေတော့သည်။

"ဟား ဟား ဟား ဟား အဟီး အောင်မလေးဗျာ…. တကာတဲ့မှပဲ ဟီး ဟီး ဟီး ဟီး"

ကိုကျော်စောက အိမ်ပြန်ဖို့အရေး တွေးပူနေရသည့်အထဲတွင် သူ့ဆရာတင်လာသော ဦးဖိုးရှိက အခြေအတိုက် ရယ်ရန်ကောဟု မျက်မှောင်ကြုတ်ကာ မစဉ်းစားတတ်အောင်ဖြစ်နေတော့သည်။

စိတ်ပေါက်ပေါက်နှင့် ဦးဖိုးရှိကို ရန်တွေ့မိတော့သည်။

"ဘာတုန်းဗျ…ခင်ဗျားက ကျွန်တော် ခုကွဲရောက်တော့မယ် ဆိုပြီး သဘောကျလို့ ရယ်နေတာလား ဟင်"

ဦးဖိုးရှိက မျက်နှာပိုးကို ကြိုးစားသတ်၍-

"မဟုတ်ပါဘူးကွာ…ငါ့ဦးလေး ဦးပေါစတစ်ယောက် ဂျပန်ခေတ်က ကြုံခဲ့ရတာကို သတိရမိလို့ပါ အဟီး"

ကိုကျော်စောကတော့ ဘာမှမပြောဘဲ ဦးဖိုးရှိကိုသာ စေ့ကြည့်နေတော့သည်။ ဦးပေါစသည်ကား သူနှင့်အမျိုးတော်သေးသည် မဟုတ်ပါလား။

ဦးဖိုးရှိက သူ့စကားကို သူပင် အဆုံးသတ်လေသည်။

"ဂျပန်ခေတ် ပုလိပ်ရောဂါဖြစ်နေချိန်မှာပေါ့၊ ဆရာမကြီး ဒေါ်အေးကြွယ်ရဲ့ကျောင်းဝင်းထဲမှာ ဂျပန်စစ်တပ်တစ်စု တပ်စွဲသတဲ့ကွ၊ အဲဒီစစ်တပ်က ပုလိပ်ရောဂါကို ပထမဆုံးနှိမ်နင်းရတော့တာပေါ့၊ ဘယ်လိုနှိမ်နင်းသလဲဆိုတော့ တစ်အိမ်ကို ကြွက်တစ်ကောင် ဖမ်းပေးရမယ်လို့ အမိန့်ထုတ်ပြီး ရေနွေးအိုးကို ပွက်ပွက်ဆူအောင် ကျိုထားတဲ့ မိုးပြဲဒယ်ကြီးထဲ ပစ်ထည့်လိုက်သတဲ့ ကြွက်ကိုသတ်တာပေါ့ကွ၊ ဒါ့အပြင် ကြွက်လာပေးတဲ့ကလေးတွေကို ဆန်တစ်ဘူးစီပြန်ပေးသတဲ့ စည်းရုံးတာနေမှာပေါ့၊ အဲဒါကို တို့ဦးကြီးပေါ်စက ကြွက်ပေါက်စလေးတွေ သွားပေးရင်တောင် ဆန်တစ်ဘူးပေးတာ ငါဖမ်းမိတဲ့ ကြွက်နက်ကြီးဆိုရင် တစ်ပြည်လောက်တော့ရမှာပဲဆိုပြီးတော့ ကြွက်နက်ကြီးကို မျက်နှာအအေးရ သွားပေးတယ်ဆိုပဲကွ"

ကိုကျော်စောက စိတ်ဝင်စားစွာနှင့်ဖြတ်မေး၏။

"အဲဒီတော့ ဆန်တစ်ပြည်ရရောလားဗျာ"

ဦးဖိုးရှိက ရယ်လိုက်ပြီး-

"ဟီး ဟီး ဟီး မင်းက ဘယ်လိုထင်လို့တုန်း…ဟင်၊ ဂျပန်တွေက ကိုယ့်အိမ်ထဲမှာ ကြွက်ကို ဒီလောက်ကြီးအောင် မွေးထားရမလားဆိုပြီး ပါးရိုက်လွှတ်လိုက်သတဲ့ကွ၊ ဟား ဟား မင်းလည်း နွားဝယ်တာမှာ အကောင်ကြီးကို ကြိုက်ပြီး ဝယ်လာတာဆိုတော့ မင်းယောက္ခမကြီး ဦးလှရှင်က ဘယ်လိုပြောရမလဲဆိုတာ ကြံစဉ်းစားနေတာ ငါ့လူရ အဟင်း"

ကိုကျော်စောကတော့ ဦးဖိုးရှိပြောမှ အိမ်ပြန်ရန် အကြံတွေ့နေတော့သည်။ သူ့ယောက္ခထီးကြီးသည် အလွန်ပင် ပစိပစပ်နိုင်လှ

ပေသရို့ ရွာရောက်သော် နားရာစဝတ်သင့်ခံရတော့အုံမှာ သူ့ခြေများပင် တရွတ်ဆွဲချင်လျက် ရှိချေသည်။

ဦးဖိုးရှိက-

“မပူပါနဲ့ကွာ…တောင်ရပ်က ဦးသိန်းလှိုင်ကြီး တုတ်ကြော ဖြစ်တာတတ်တယ်၊ ဒါပေမဲ့ အလုပ်ကတော့ ပျက်မှာပဲ။ ဒီလိုလုပ် အားလုံးစိုက်ပျိုးပြီးချိန်မှပဲ ဖြစ်ပေါ့ကွာ…”

အနည်းငယ်စိတ်သက်သာရာရသွားသော ကိုကျော်စောကား ခရီးဆက်ရန် ခွန်အားများ ပြန်ပြည့်လာကာ ဝပ်နေသောနွားကြီးကို ကြိမ်နှင့်တို့လျက် ထစေလိုက်သည်။ ပါးစပ်မှလည်း-

“ကဲ ပန်းတောင်ကြီးရေ ထ ထ” ။ ။

# မတိုးနှင့်မိနက်

"ဘင်္ဂလားပင်လယ်အော်အတွင်း၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျား ××××× စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာအနှံ့အပြား ×××××"

ရေဒီယိုမှလာနေသော သတင်းအရဆိုသော် ယခုရွာနေသော မိုးသည် နောက်ထပ်ငါးရက်လောက် ရွာနိုင်သေးသည်ဟု တွက်ရပေ၏။ တောင်သူအချို့ နှမ်းရနိုင်ပြီး နေကြာစိုက်ထားသော တောင်သူတွေ အဆံမအောင်သောကြောင့် ဆီအထွက်လျော့နိုင်သည်။ ဤမိုးကား တော်သူတော်၍ ချော်သူချော်ပေလိမ့်မည်။ မွေးမြူရေးသမား မိမိအဖို့မှာကား မည်သို့သော အကျိုးဆက်မှ မရှိနိုင်ဟု ကိုစမ်းရေတွက်မိသည်။

သို့သော် အေးချမ်းသည့်ဒဏ်ကိုတော့ သူများနည်းတူခံရပါသည်။ အချမ်းပြေလိုပြေငြား ရေနွေးသောက်ရသော် ကောင်းလေစွဟု မီးဖိုချောင်ထဲရှိ မဖြူနုကို လှမ်း၍အော်ရသည်။

"မိန်းမရေ…ရေနွေးပွက်ပြီလားဟေ့"

"ရပြီ···လာယူလှည့်"

မဖြူနုကား ချက်တုန်း၊ ပြုတ်တုန်းမို့ လာမပေးနိုင်ပါ။ ကိုစမ်းရေသာလျှင် မောက်အကြီးကြီးကို ဆောင်းလျက် အိမ်နှင့်သီးခြားတည်ရှိသော မီးဖိုဆီသို့ ပြေးယူရပါသည်။ ရေနွေးခတ်ဘူးကို လှမ်းပေးရင်း မဖြူနုက

"ကြက်တွေ အစာတောင်းနေတာ ဆူညံနေတာပဲ"

"ကြားတယ်ဟေ့ မိုးအစဲကိုစောင့်နေတာ"

"မိုးက စဲပါလိမ့်မယ် အားကြီးကြီး··"

ရေနွေးခတ်ဘူးကို စားပွဲပေါ်တင်၍ ကြက်ကြွေးရပြန်သည်။ ကြက်ခြံကို အကြိမ်ကြိမ်မဝင်လိုတော့သဖြင့် ကြက်စာကျွေးခြင်းနှင့် ကြက်ဥကောက်ခြင်းကို တစ်ပြိုင်တည်းလုပ်ရသည်။ 'သဗ္ဗေသတ္တာ၊ အဟာရဋ္ဌိတိကာ' ဟု ဘုရားဟောရှိသည်နှင့်အညီ သတ္တဝါတိုင်း အာဟာရနှင့် ကင်းကွာ၍ ကြာရှည်မနေနိုင်ကြ။ အထူးသဖြင့် အသိဉာဏ်ရှိသော လူတို့မှာသာ အရှက်အကြောက်တရားကြောင့် ဆာလောင်ခြင်းကို အတိုင်းအတာတစ်ခုထိ သည်းခံနိုင်ပေလည်း သတ္တဝါတို့ကား မရပါလေ။

သူတို့ကား အော်ဟစ်၍ အစာစားလိုကြောင်း ဆန္ဒထုတ်ဖော်ကြ၏။

"ဒီနေ့ မတိုး အစာမတောင်းသေးပါလား"

ထူးခြားလှချေလားကလို့ဟု ကိုစမ်းရေ တွေးမိသည်။ အခါတိုင်း လူပင်အိပ်ရာက မထသေး။ တစ္စီစီအသံပေးကာ အစာတောင်းလေ့ရှိသော ဝက်ပျိုမလေး မတိုးသည် ယနေ့ခြံထဲမှာလည်း မရှိဘဲ ပျောက်နေချေသည်တကား။

ကိုစမ်းရေအိမ်အောက်ပြန်ဝင်၍ တစ်လက်စတည်း ကောက်လာသော ကြက်ဥများကို ထင်ရှူးသေတ္တာထဲသို့ ရေတွက်ထည့်လိုက်သည်။ ရွှေမိုးကြောင့် ဘုတာလင်သို့ ကြက်ဥ မပို့နိုင် (ဝယ်သူတွေလည်းမလာ) သဖြင့် သေတ္တာနှင့်တစ်လုံး ပြည့်သွားလေပြီ။

ကိုစမ်းရေ တန်းလျားပေါ်ထိုင်လျက် ရေနွေးသောက်ဖို့ ဟန်ပြင်နေစဉ် မတိုး အပြေးရောက်လာသည်။ သို့သော် အစာမတောင်းဘဲ ကိုစမ်းရေ၏ တွဲလျောင်းရှုထားသော ခြေအနံအောက်ဝယ် အလျားလိုက် လှဲချလိုက်ပြီး ဦး ဦးနှင့် အသံမတိုးမကျယ်ပြုနေ၏။

"နင် ဘယ်က ပြန်လာတာတုန်း၊ မိုးရွာကြီးထဲမှာ..အင်၊ နင်က ဝက်ပဲ....မိုးဘယ်ကြောက်လိမ့် ရေချိုးတာလား၊ နို့မို့....အော် သိပြီ သိပြီ။ နင်....မိနက်ကို လိုက်ရှာနေတာမို့လား"

ကိုစမ်းရေတွင် မိနက်မည်သော ယုန်နက်မလေးတစ်ကောင်လည်းရှိသေးသည်။ မိတိုးနှင့်မိနက်သည် ဘယ်ဘဝက ရေစက်လည်း မသိ၊ ဘဝချင်းမတူ၊ ရုပ်ချင်းလည်းခြားနား၊ အရွယ်အစားလည်း ကွာပေလည်း တစ်ကောင်နှင့်တစ်ကောင် သံယောဇဉ်ကြီးကြသည်။ တစ်ခါတစ်ရံ ခြေပေါ် ပက်လက်လှန်ပေးထားသော မိနက်၏ဗိုက်ကို မတိုးက အယားဖြေပေးသကဲ့သို့ နှုတ်သီးနှင့်ဖွဖွလေး ထိုးကော်ပေးနေတတ်သည်။ မကြုံဖူးသူတို့ တွေ့လေသော် "ဟ ဟ ဝက်မက ယုန်လေးကို ကိုက်စားနေသဟ" ဟု အော်ကြသည်အထိ ကိုစမ်းရေ ကြုံဖူးသည်။

သမီးအကြီးနှမှာက ပူဆာသဖြင့် ဘုတာလင်မြို့နယ် သမဝါယမ အသင်းစာရေးကြီး ဦးတင်ဦးထံမှ တောင်းယူလာခဲ့သော ယုန်နက်မလေးသည် သူ့ဝမ်းဟာ၍ ဗိုက်ဆာလျှင် အခြားသတ္တဝါတွေလို

သော်ဟာစ်ပြီး မကောင်းပါချေ။ ကိုစမ်းရေ၏ ခြေဖမိုး၊ ခြေဖနောင့်ကို လက်ကလေးဖြင့် တို့ကာ တို့ကာ ဓရာတာတာတောင်းတတ်သည်။ ဤချစ်ဖွယ်မိနက်ကို ကြင်ဖော်ရှာပေးရမည့် တာဝန်လည်း ကိုစမ်းရေ၏ ပုခုံးထက်တွင် ရှိနေပါသည်။ ခများ တစ်ကိုယ်တည်းနေရှာရသည် မှာကြာချေပြီ။

ယခုမှ သတိထားမိသည်။ မိနက်မျောက်နေတာ နှစ်ရက်လောက်တောင် ရှိနေပါလား။ အစာပင် လာမတောင်းပါချေ။ သို့သော် ကိုကျော်ဓောတို့အိမ်ရှိ ခွေးဆိုးများနှင့်ပင် အလျှင်းသင့်အောင်နေတတ်၍ သူ့ကိုအစာကျွေးမည့်သူကား ဤရပ်ကွက်၌မရှားလှပေ။ သူသည် ကုလားပဲဇာလေးများချကျွေးသော နှစ်သက်စွာစားတတ်သလို မတိုး၏ စားကျင်းတွင်လည်း ဝင်နှိုက်စားတတ်သေးသည်။ အံသြစရာကောင်းသည်ကတော့ အစားမာန်ကြီးသော ဝက်၏အစာကို အသီးအရွက်၊ အစေ့အဆံသာစားသော ယုန်နှင့် ကြည်ဖြူစွာ အတူစားကြခြင်းပင်။ ဦးဖိုးရှိကလည်း ပြောဖူးသည်။

"အရင်ဘဝက မင်းအမျိုးတွေ နေမှာကွ"

ကိုစမ်းရေ စိတ်မဆိုးပါ။ ကိုယ့်၌ရှိသော အမျိုးတို့သည် ဤနှစ်ကောင်လောက်မှ ကိုယ့်အပေါ်သံယောဇဉ်မရှိကြတာပဲဟု ကျေနပ်ရသေးတော့သည်။

"စမ်းရေ ရှိလားဟေ့"

အရှေ့ဘက် တစ်အိမ်ကျော်က ကိုကျော်ဓော၏ အသံဖြစ်၍-

"လာဗျို့ လာ လာ"

မိုးရေထဲတွင် ပုဆိုးဟောင်းတစ်ထည်ကို ခေါင်းမြီးခြုံလျက် ပြေးဝင်လာကာ ကိုစမ်းရေ ရှေ့က စားပွဲပေါ်သို့ ဝှက်ယူလာသော ပုလင်းကို တင်လိုက်ပြီး

"ချမ်းလွန်းလို့ပါကွာ…မင်းလည်း ချမ်းမှာပဲဆိုပြီး ယူလာတာကွ"

"ကျေးဇူးတင်လိုက်တာ အစ်ကိုလေးရာ"

× × × × ×

"ဟော့ မင်း ဝက်မကြီးက အိမ်နေတာလား၊ ငါ့ခြေထောက်လည်း ကိုက်ပါဦးမယ်"

ကိုစမ်းရေ၏ခြေနှစ်ဖက်အောက်၌ ခြေတင်ခုံသဖွယ် ငြိမ်ခံနေသည့် မတိုးသည် ခြံဝင်းထဲလှစ်မိန်းဝင်လာလျှင် ခွေးလိုလိုက်တတ်၍ ကိုကျော်စောက မေးခြင်းဖြစ်ပါသည်။

"အစ ရိုက်ထားလို့ မလိုက်တော့ပါဘူးဗျ"

"အေး ကောင်းတယ်၊ ချေးသည်အိမ် ခွေးမခွေးသင့်ဆိုသလို ပေါ့"

ချေးသည်အိမ်တွင် ကိုက်တတ်သောခွေးကို မွေးထားပါက "စည်လှန့် ဆောင်လှန့်" ဖြစ်တတ်သည်။ စောစောပိုင်းက ကလေးတစ်ချို့ ကြက်ခြံကို လာကြည့်တတ်သည်။ အချို့ကလေးတို့သည် ကြည့်ရုံနှင့် အားမရဘဲ ကြက်ခြံကို တုတ်နှင့်ထိုးကြ၊ ခဲနှင့်ပေါက်ကြလုပ်ကြ၏။ ကြက်များတရုံးရုံးနှင့် လန့်ကြသည်ကို သဘောကျလေသလား မဆိုနိုင်၊ ကြက်များလန့်သော် ဥနှုန်းပါကျတတ်သောကြောင့် ကိုစမ်းရေက ဟော့ ဟဲ့ နဲ့အော်ရသည်။ ထိုသို့ကလေးများကို ဟော့ ဟဲ့နှင့်အော်လျှင် မတိုးကလည်း သူ့ကိုခွေးလို့ ရှုးတိုက်ပေးသည်ထင်၍လားမသိ တရှိန်ရှိန် အော်ကာ နှုတ်သီးနှင့် လိုက်ထိုးတတ်သည်။ ကိုက်သည်တော့ မဟုတ်ပါ။ ထို့မှ လှစ်မိန်းအိမ်ထဲဝင်လျှင်ပင် လိုက်ထိုးတော့၍ ရိုက်ထားရသည်။ ယခုမူ ထိုအကျင့်မရှိတော့ကြောင်းကို ကိုကျော်စောကို ရှင်းပြရလေ၏။

"ကြက်တွေ အစာစိမ်းကျွေးတော့လေ၊ ဘာကျွေးမလဲ"

မဖြူနက တစ်နေ့နှစ်ကြိမ်ကျွေးလေ့ရှိသော အစာစိမ်းကျွေးရန် စိတ်ပူ၍ပြောမှန်းသိသဖြင့် ကိုစမ်းရေက ခုတင်ကြီးအောက်တွင် သမံကာ ကျင်းထားသည့် ခရမ်းချဉ်သီးများကို မေးငေါ့ပြလျက်-

"အဲဒါတွေ ကတ်ကြေးနှင့်အလောတော် ညှပ်ကျွေးရုံပ၊ နေ နေ ငါလုပ်မှာ"

ခရမ်းချဉ်သီးနှစ်ပိဿာခန့်ကို ရေဆေး၍ ကတ်ကြေးနှင့်ကိုက် ညှပ်နေစဉ် ကိုကျော်စောက စိတ်ဝင်စားစွာ ကြည့်နေရာက မအောင့် အီးနိုင်စွာမေး၏။

"ကြက်ကို ခရမ်းချဉ်သီးကျွေးတော့ မင်းတို့ရုံးမှာပေါ့နော်"

"ဒါတွေက နွေခင်းကောက်ထားတာမို့ ဘာမှအရင်းမရှိလို့ ကျွေးတာဗျ၊ ဝယ်ကျွေးရင် ဘယ်ကိုက်မလဲ၊ ကန်စွန်းရွက်၊ ထောက်စွရွက်တွေက အခုလို မိုးရွာနေရင် နုတ်လို့မကောင်းတော့ ဒါတွေပဲ ကျွေးရတာပဲဗျာ…"

နွေခင်းကောက်သည်ဆိုသည်မှာ ဆောင်းနှောင်းနွေဦးတွင် ခရမ်းချဉ်၊ ရှော်စသော အခင်းကို အခင်းရှင်တို့ ကောက် (ဆွတ်ခူး) မယူဘဲ ပစ်ထားခဲ့သည့်အတွက် မြောက်သူခေါ် ယာမဲ့လုပ်သားတို့ ကောက်ယူသိုမှီးထား၍ တစ်မိုးတစ်နွေစားကြလေ့ရှိရာ ထိုအထဲမှ ကြက်ကျွေးရသည့်အတွက် နမြှောဖွယ်ကောင်းသော်လည်း ဥထွက်နှုန်း တိုးသဖြင့် ကာဓိကြောင်း ကိုကျော်စောကို ရှင်းပြရ၏။

"နေပါဦးကွ…မင်း ကြက်စာ စပ်တုန်းက ငါကြည့်ထားတာ မှတ်မိပါတယ်၊ ပြောင်းဖူးစေ့၊ ဖွဲနု၊ ခရုခွံ၊ နှမ်းဖတ်မှုန့်၊ ငါးလေးခြောက် နှံနေတာပဲ၊ ဒါနဲ့ အာဟာရက မပြည့်စုံသေးဘူးထင်လို့ အစာစိမ်းဆိုပြီး သစ်ရွက်တွေ၊ ခရမ်းချဉ်သီးတွေကို ကျွေးရတာလား"

ကိုကျော်စော သိချင်သောအဖြေကို မပေးနိုင်သေးဘဲ ကြက်များကို အစာစိမ်းကျွေးရသေး၏။ ရသမျှ ကြက်ဥလည်း ကောက်ခဲ့ရသည်။ ကြက်ဥတွေစုပုံနေပါက ကြက်မတို့၌ရှိသော မိခင်စိတ်ကြောင့် ဝပ်ချင်ကြသည်။ "ဝပ်စိတ်" ပေါ်သော် မဥတော့ချေ။ ထို့ကြောင့် ကြက်ခြံပေါ်တက်တိုင်း ဥကောက်ဖို့ ကိုစမ်းရေသတိမမေ့ပါ။ ပြီးသော်မှ ကိုကျော်စော သိလိုသည်ကို ဖြေရ၏။

"ကြက်မျက်သင့်ရောဂါဆိုတာ ကြားဖူးတယ်မို့လား"

ကိုကျော်စောသည် အကြမ်းပန်းကန်လုံးလေးထဲမှ ဦးရည်ကို မော့ချလိုက်ရင်း "အီးကွ" ဟု ဖြေ၏။ ဆက်၍-

"မြောက်ရပ်ထဲက ဦးနီတာကြီးက ကြက်မျက်သင့်တာလို့ ပြောတာပဲ၊ ညနေ နည်းနည်းမှောင်ရင် ဘာမှမမြင်ရတော့ဘူးတဲ့ကွ"

"ဟုတ်တယ်ဗျ၊ ဗီတာမင်အေချို့တဲ့ရင် အဲဒီရောဂါဖြစ်တယ်၊ ဗီတာမင်အေက အရွက်စိမ်းမှာသာ ပါတယ်လေ။ ဒါကြောင့် အစာစိမ်းကျွေးပေးရတာပေါ့"

"အေး မင်းဆီလာရင် အထူးအဆန်းတစ်ခုခုတော့ ကြားရတာပဲ၊ မွေးမြူရေးကို စာပတ်ပြီးလုပ်တာနဲ့ အောင်မြင်နေတာ ကောင်းပါရဲ့၊ ဖြူသန့်ရှင်းရေးလုပ်ဖို့လည်း မမေ့နဲ့ဦး၊ အခု မိုးစွေတော့ မင်းခြံက နံတယ်ကွ"

"တစ်နေ့ဆီကမှ ရှင်းထားတာပါဗျာ…ကျုပ်တို့တော့ မနံပါဘူး"

"မင်းတို့က နှာခေါင်းယဉ်နေလို့ပေါ့ကွ၊ ဘေးအိမ်တွေကတော့ ပြောကုန်ပြီ"

ကိုစမ်းရေတို့သည် ပေခြောက်ဆယ်၊ တစ်ရာရှိသော အိမ်များ ကျပ်နေသော ရပ်ကွက်အတွင်း ခြံသလိုမွေးရသည်မို့ ကိုကျော်စော

ပြောစကားကြောင့် လန့်သွားရပါသည်။ မလန့်၍မဖြစ် ငြိုးခဲ့သည့် မိုးဦးကျစက အပြင်တွင် ကြက်များနာကြ၊ သေကြသည်၌ ကိုစမ်းရေ၏ ကြက်ခြံထဲသို့ ကြက်နာအသေတစ်ကောင်လာပစ်တာ ခံရဖူးသည်။ ကံကောင်း၍သာ ခြံမပြုတ်ခဲ့။ လူကိုသိသော်လည်း သည်းခံခဲ့ရသည်။ ဪ လူတွေ…လူတွေ…။

× × × × ×

ထက်ကောင်းကင် ဝဿာတစ်ခွင်လုံး တိမ်ညိုတိမ်မည်းတို့ ဖုံးအုပ်လေသဖြင့် အလင်းရောင် အားနည်းကာ မိုးချုပ်စလိုဖြစ်နေ၏။ လျှပ်နွယ်၊ လျှပ်ပန်းတို့အရောင်သည်သာ တစ်ချက်တစ်ချက် အိမ်အောက်ထိဝင်လာသည်၌ လင်းခနဲ၊ ဝင်းခနဲဖြစ်သွားရသည်။ မိုးကား ရွာကောင်းတုန်းပင်။

"ကလေးတွေ ကျောင်းဆင်းတော့မယ်၊ တော်တို့ဟာက မပြီးသေးဘူးလား"

ကျောင်းဆင်းချိန်နီးပြီမို့ မဖြူနုက သတိပေးခြင်းဖြစ်ပါသည်။ ထိုသည်ကို နိုပ်စီသော ကိုစမ်းရေတို့ လက်ညီညီ လက်ကျန်ရှင်းရင်း…

"အေးလွှမ်းလို့ပါ မိန်းမရယ်"

"တော့်မှ အသက်ပါတာ မဟုတ်ဘူး ကျွပ်လည်း ချမ်းတာပဲ"

ကိုကျော်စောက မဖြူနုကို စသည့်အနေဖြင့်

"စောစောက ပြောရောပေါ့…တစ်ခွက်လောက်ချမလား"

"အသေသာ ခံလိုက်မယ်၊ အဲဒီအရည်တော့ မသောက်ဘူး"

ကိုစမ်းရေက ကိုကျော်စောကို လက်ရမ်းပြကာ တားမြစ်လိုက်၏။ သူ့မိန်းမသည် အရက်သောက်ခြင်းကို သည်းမခံတတ်သူဖြစ်၍ပါ။ စကားလွှဲ၍-

"မိနက်တစ်ကောင် မတွေ့မိဘူးလားဗျ"

"အေး ငါ့အိမ်မှာ ရွှေတိုးမုံရွာပြောင်းတော့ ပေးထားခဲ့တဲ့ ယုန်အထီးရှိတယ်··အခါတိုင်း သူတို့တွဲနေကျကွ။ အခုတလော မလာတာကြာပေါ့။ ဟော ပြောတုန်းဆိုတုန်း လာပါပြီဗျာ··· မင်း မိနက်"

အခါတိုင်း မိုးရွာမှာကြောက်လှသော မိနက်သည် မိုးရွာထဲတွင် ပြေးဝင်လာပြီး မတိုးအပေါ်တင်ထားသည့် ခြေအစုံကို ကျော်တက်၍ ပုဆိုးစကိုကိုက်ဆွဲလေသည်။

"အခု ဆာလာတာပေါ့လေ၊ နင်ဘယ်သွားနေလဲ မိနက်၊ ဟို ကိုကျော်စောခင်ဗျားနောက်ကတောင်းထဲမှာ ကုလားပဲ တစ်ဆုပ်လောက် နှိုက်ပြီး ချကျွေးလိုက်စမ်းပါဗျာ···"

ကိုကျော်စောက ချကျွေးသော်လည်းမစားဘဲ ပုဆိုးစကိုသာ ဆွဲမြဲဆွဲနေ၍ ထူးဆန်းလှသည်ဟု အောက်မေ့မိ၏။

"ဘာတုန်းဟ··· မိနက် စားလေ၊ ကုလားပဲ မကြိုက်ဘူးလား" မျက်လုံးကလေး တဝင်းဝင်းနှင့် မော့ကြည့်ပြီး ပုဆိုးစကိုလွှတ်၍ မိုးရေထဲတွင် ထွက်ပြေးပြန်သည်။ သူ့နောက်သို့ လည်ပြန်လှည့်ကြည့်ရာ ကြက်ခြံဦးတွင် ပုံထားသော ထင်းပုံကြီးအောက်သို့ ခေါင်းထိုးပြီး ချက်ချင်းပင် လျှင်မြန်သောအဟုန်ဖြင့် ပြန်ပြေးလာပြန်၍ ပထမနည်းတူ ကိုစမ်းရေ၏ပုဆိုးအောက်နားစကို ဆွဲပြန်သည်။ ချကျွေးထားသော ကုလားပဲစေ့ကိုမှ နမ်း၍ပင်မကြည့်ဘဲ ပုဆိုးစကိုသာဆွဲနေသော ယုန်မလေးကို ကိုစမ်းရေတို့သုံးဦးသား ငေးကြည့်နေရုံမှတစ်ပါး ဘာမှ မလုပ်တတ်ကြချေ။ လူတွေဆီက တုန့်ပြန်မှုမရသောအခါ ပုဆိုးစကို လွှတ်၍ မိုးသည်းထဲ ထွက်ပြေးပြန်သည်။ သည်အခါမှာတော့

လူသတ္တဝါသုံးယောက် မတ်တတ်ရပ်လျက် သူ့ကိုစူးစိုက်ကြည့်နေလိုက်ကြသည်။

သည်တစ်ခါတော့ မကြာပါ။ ထင်းပုံထိပ်မှ ရပ်ကြည့်သည်ဆိုရုံကြည့်ပြီး သူ့ကိုမတ်တတ်ကြီးရှုစားနေကြသော လူသတ္တဝါများဆီပြန်ပြေးလာပြန်ပါသည်။ အခုအခါမှာမူ ယခင်အခေါက်များကဲ့သို့ ခုန်ပေါက်၍ မပြေးနိုင်တော့ဘဲ ယိုင်တီယိုင်ထိုးဖြင့် တုန်ရီစွာ အားယူလှမ်းနဲ့ပြီး ကိုစမ်းရေ၏ ခြေစုံရှေ့ရောက်သည်နှင့် ဖုတ်ခနဲလဲကျသွားတော့သည်။ ကိုစမ်းရေ ကောက်ယူမ၍လိုက်ပြီး မကြာပါ။ အရည်လဲ့သော မျက်ဝန်းလေးတစ်စုံ မှိတ်ကျသွားရှာပါသည်။

"မိနက် သမီး…သမီး…ဟာ အသက်မရှိတော့ဘူး…သေပြီ"

ထိုစဉ် မိုးကာအင်္ကျီလေးတွေ ကိုယ်စီဝတ်ကာ ကျောင်းဆင်းလာသော ကလေးသုံးယောက်ကလည်း ကိုစမ်းရေလက်ထဲက မိနက်ကို ကြည့်၍ စီခနဲငိုကြသည်။

"ဖြစ်ရလေ သမီးရယ်…ထင်းပုံထဲက ဘာကောင်ကိုက်လွှတ်လိုက်တာပါလိမ့်ကွာ။ သူ့မှာ ထင်းပုံဆီကို ခေါ်ရဲ့သားနဲ့ကွာ"

ကိုစမ်းရေသည် အသက်မရှိတော့သည့်မိနက်ကို မြေတွင်အသာချလျက် ထင်းပုံကြီးဆီထွက်ပြေးသွားကာ ထင်းတုံးများကို ဆွဲရမ်းဖယ်ပစ်လိုက်တော့သည်။

"ဟောကောင် စမ်းရေ…သတိထား…အထဲမှာ ဘာကောင်ရှိလဲ မသိဘူး။ နေ နေ ဟောကောင် ငါလာပြီ"

ကိုကျော်စောလည်း မိုးရေထဲတွင် ထွက်ပြေးလာကာ ကြက်ခြံတွင် ထောင်ထားသော ပေါက်ပြားကိုယူ၍ ထင်းချောင်းများကို ဆွဲယူနေ၏။

ထင်းတုံးများကုန်သည်ထိ ဘာကောင်မှ မတွေ့သေးချေ။ ကြွက်တွင်းလို မြေကျွံစာတွင်ပိတ်နေသော တွင်းဝကိုမြင်၍ သတိထားကာ ပေါက်ပြားနှင့်ဆွဲဖယ်ရလေ၏။ နှစ်ချက်သုံးချက် မြေစာရှဲ့ခဲများကို ဖယ်လိုက်သော်-

"ကြွက်နက်ကြီးသုံးကောင် သေနေတာကွ၊ ဟင် နေဦး… ဒါ ယုန်လေးတွေဟ…နားရွက်ကားကားလေးတွေနဲ့"

ကိုကျော်စောဏ်တအံ့တသြရေရွတ်သံနှင့်အတူတူ ကိုစမ်းရေစဉ်းစားလိုက်မိသည်။ မိနက်သည် လူမသိသူမသိ ထင်းပုံအောက်မှာ မြုံလုပ်၍ ဤသားလေးသုံးကောင်ကို မီးရှူးသန့်စင်မွှားမြင်ခဲ့ပေလိမ့်မည်။ သို့အတွက် အစာပင်ထွက်မစားဘဲ နို့စွတ်သောမိုးရေနှင့် ချမ်းအေးသည့်ဒဏ်ကို အကာအကွယ်ပေးနေရသည်ဖြစ်မည်။ မိုးရေကြောင့် မြေသားများအိ၍ ပြိုကျစပြုသော်မှ တွင်းထဲမှထွက်ကာ သခင်ဖြစ်သူကို အကူအညီတောင်းလာသည်။ သူ့သခင်ကတော့ အစာသာချကျွေးနေပြီး သူခံစားရသော စိတ်ဝေဒနာကိုတော့ သိပုံမရ။ ထို့ကြောင့် တစ်ခါ အမူအယာဖြင့် ထင်းပုံဆီခေါ်ပြန်ရာလည်းမလိုက်ခဲ့။ ကျင်းကား မြေခဲများတော်တော်ပိတ်မိနေပြီ။ အချိန်မီမကာယ်နိုင်သော် သူ့သားလေးတွေ အသက်ဆုံးရှုံးရတော့မည်ဟု အမြန်ပြန်ပြေးကာ ခေါ်ပါသော်လည်း လိုက်မလာခဲ့။ နောက်ဆုံးအခေါက်ကြည့်ရာမှာတော့ ကျင်းသည် မိုးနှုး၍ မြေနိုင်ခဲအကြီးကြီး ပြိုကျသည်ကို မျက်စိနှင့်မြင်လိုက်ရ၍ သခင့်ဆီသို့ နောက်ဆုံးပြန်လာခြင်းဖြင့် ပြန်လာခဲ့တော့၏။ သခင်ကိုတော့ သူ့သားလေးတွေ သေရှာပြီ။ "မကာယ်နိုင်တော့ဘူးလား သ…ခင်…ရယ်…"ဟု မြည်တမ်းရင်း နှလုံးကွဲကာ သေပွဲဝင်

သွားရှာတာဖြစ်လိမ့်မည်။ အောင်မလေး…ဖြစ်ရလေတယ် မိနက်ရယ်… ကိုစမ်းရေသည် ကလေးတစ်ယောက်နှယ် အော်ဟစ်ငိုမိတော့သတည်း။

ကိုကျော်စောကလည်း နီမြန်းသော မျက်နှာကြီးဖြင့် ပေါက်ပြား ကိုင်ကာ ရပ်နေတော့သည်။ ထိုစဉ် မတိုးအိမ်နေရာမှ ထလာပြီး မိနက်၏ခန္ဓာကိုယ်လေးကို နမ်းရှုံ့လျက် တရှိုက်ရှိုက်အော်မြည်နေတော့သည်။ သူ့မှာလည်း မျက်ရည်တွေနဲ့ပါလား။

"နင်လည်း ငိုတာပဲလား မိတိုးရယ်"

× × × × ×

မိနက်သေပြီးနောက်ရက်တွင် လူတွေကို သက်မျောက်ရှမ်းပြို့၍ အမျှတမ်းဝေလိုက်ပါသည်။

"မိခင်မေတ္တာစိတ်ကြီးလှတဲ့ မိနက်ရေ ကောင်းရာမွန်ရာ ရောက်ပါစေကွယ်…အမျှ…အမျှ…အမျှ"

ကိုစမ်းရေ၏ဆုတောင်း မပြည့်ပါ။ အဘယ့်ကြောင့်ဆိုသော်-

မိနက်သေပြီး နောက်နှစ်လအကြာ၌ မတိုးသားပေါက်သည်။ အမေအမေနှစ်ကောင်လုံး လှော(ရုံ)ပွိုက် ဝက်ဖြူမျိုးများမှ သားသမီး ကိုးကောင်ပေါက်ရာ ရှစ်ကောင်မှာ သန့်စွမ်းသော ဝက်ဖြူလေးများဖြစ်၍ တစ်ကောင်သောဝက်မလေးကား အနက်ရောင်ကွဲပြီးပါလာ၏။ ကျန် ဝက်လေးများက ဝက်နက်မလေးကို အသားအရောင်ခွဲခြား၍ ဆက်ဆံ သလို အနိုင်ကျင့်သော် မတိုးက မခံပါချေ။

တဂုးဂုးအော်ကာ နှုတ်သီးနှင့်ကော်ပစ်သည်။

အခြားဝက်လေးများက "ကျွင်းတက်" အရွယ်တွင် လာဝယ်ကြ၍ ကုန်သွားသော် ကြုံလှီသောဝက်မိနက်ကလေးကို ဝယ်သူမရှိသဖြင့် ကျန်ခဲ့ရာ မတိုးကျေနပ်ပုံရပါသည်။ ယခင်အတိုင်း ပက်လက်လှန်ထားသော မိနက်ကလေးကို နှုတ်သီးဖြင့်ဖွဖွထိုးကာ အယားဖျောက်ပေးနေမြဲပင် တွေ့ရပါ၏။ ကိုစမ်းရေတို့မိသားစုလည်း ကျေနပ်လှပါသောကြောင့် သူတို့ချစ်ခြင်းကို မခွဲတော့ရန် ဆုံးဖြတ်လိုက်ပါသတည်း။

# ကွမ်းတစ်ယာညက်

ရှေးခေတ်မြန်မာတို့သည် အချိန်နှင့်အကွာအဝေးကို စံနှုန်းတစ်ခု ထား၍ အသုံးပြုခဲ့ကြလေ၏။ သာလွန်မင်းတရားကြီးလက်ထက်မှစ၍ နိုင်ငံအဝှမ်းတွင် မှီတင်းနေထိုင်ကြသော လူဦးရေစာရင်းကောက်ယူခြင်း၊ အလေး၊ တင်းတောင်း စသည့်အချိန်အတွယ်တို့ စံသတ်မှတ်ခြင်း၊ ရေနာရီ၊ နေနာရီ၊ သဲနာရီများ အသုံးပြု၍ အချိန်သတ်မှတ်ခြင်းများ ပြုလုပ်လျက် တိုင်းကျိုးပြည်ပြု ဆောင်ရွက်ခဲ့၏။

နှစ်လမြူ တစ်လမျက်၊ နှစ်လက်မျက် တစ်စလှယ်၊ နှစ်စလှယ် တစ်ခွက်၊ နှစ်ခွက် တစ်ပြည်၊ ၁၆ ပြည် တစ်တင်း ဟူသော အခြင်အတွယ်၊ ရွေးစေ့နှင့်ချိန်တွယ်ကာ ၆၄ ရွေးတစ်ကျပ်၊ တစ်ရာကျပ် တစ်ပိဿာ စသည့်အချိန်အတာတို့ကို မြန်မာပညာရှင်တို့ တီထွင်ခဲ့ကြသလို အချိန်နာရီနှင့်ပတ်သက်၍ တစ်ရက်လျှင် နာရီပေါင်း ခြောက်ဆယ်၊ ရှစ်ပဟိုရ် သတ်မှတ်ပိုင်းခြားထားသည်။ ပဟိုရ်စည်မှ စည်တော်မတီးမီ နာရီတော်မှူးတို့က ရေနာရီကို စောင့်ကြည့်နေရပြီး လျှင် ရတနာအင်တုံ၌ ကြေးဖလားနစ်သော် ငွေမောင်းတီး၏။

ငွေမောင်းသံကြားပါက ပဟိုရ်စည်ပေါ်မှ စည်တော်တီးတို့က နန်းတော်ကြီးကို ဦးသုံးကြိမ်ချကာ စည်တော်ကို တီးရသည်ဆို၏။

"ဆယ့်သုံးနှစ် ပျို့ကညာရယ်၊ ဆံကေသာသွယ်လျော်။ ဆယ့်ခြောက်ပင် ဝင်ရုံသာနှစ်ပါလို့ တစ်ခါနှစ်လျှင် နာရီညောင်းတယ် တီးပေါ့ရွှေမောင်း" ဟု နန်းတော်ရှေ့ဆရာတင်က ရေးဖွဲ့ခဲ့သလိုဆိုပါလျှင် အဝေလက်ကိုးသစ်၊ ဆောက်လက်စုနစ်သစ်ရှိသော ကြေးဖလားအောက် တည့်တည့်မှ ဆယ့်သုံးနှစ်အရွယ် ကညာပျို၏ ဆံပင်ဆယ့်ခြောက်ပင် စုရှိ ဝင်လာရုံအပေါက်ဖောက်ကာ ရေတနာအင်တုံထဲ၌ ချထားသည်တွင် တစ်ခါနစ်သော် တစ်မောင်းတစ်စည် တီးရသည်ဟု ဆိုထားပါသည်။ မြို့တော်နေသူတို့ကား ပဟိုရ်စည်သံကို အမှတ်အသားပြုကာ အလုပ်လုပ်ကြသလို ဘုရင်သည်လည်း "စည်တော်သံကြားမှ နန်းပေါ်ဝင်မည်" ဆို၍ လွှတ်တတ်သည်ဟု မှတ်သားဖူးသည်။ တောသူတောင်သားတို့အတွက် အချိန်အတိုင်းအတာမှုကား ကွမ်းတစ်ယာညက်၊ ထမင်းတစ်အိုးချက်၊ ခွေးတစ်ဟောင်၊ မြင်းတစ်ပြေး၊ ဆင်တစ်ယိုင်၊ နွားလားဥသဘတစ်တွန် စသည်တို့ဖြင့် အချိန်ယန္တရားကို လည်ပတ်ကြသည်ဆိုပါ၏။

ထိုသို့သတ်မှတ်ရာ၌ တိကျမှုရှိမည်ဟုတော့ အာမမခံနိုင်ပါ။ ကွမ်းတစ်ယာညက်ဆိုသော အချိန်သည်ပင် စားသူဝါးသူ၏အသွက်လျှာသွက် အောက်မေးသန်မသန် စသည်က ကွာသေးသည်လေ။ မှတ်မိ၍ ဆိုရဦးမည်။ ကိုစမ်းရေငယ်ငယ်က "ဆုံကုန်းရွာတောင် ခွေးတစ်ဟောင်" ဆိုသောစကားအရ သိုက်တူးလာကြသူတို့သည် မကြာစေ ဟောင်တတ်သောခွေးကို အစပေး၍ တောင်အဆုံးရှိအိမ်တွင် ချည်ထားကြပြီး ထိုခွေးဟောင်သံဆုံးသည့်နေရာတွင် သိုက်တူး

ကြမည်ဟု စီမံကြသည်ဆို၏။ ထိုသည်ကိုကြားသော လူရွှင်တစ်ဦး ဖြစ်သည့် ဓာတ်စက်ဆရာ ကိုစောမောင်က ထိုခွေးရှေ့ရှိ ခြံပုတ်ထဲ၌ အသံချဲ့သောမိုက်ခွက် မသိအောင်ထားပေးသဖြင့် ခွေးဟောင်သံသည် အဆများစွာ ကျယ်လေ၍ သိုက်တူးသောဆရာတို့ နှစ်မိုင်ခန့်ဝေးသည့် ယုန်လေးကုန်းရွာသို့ ရောက်သွားရသည်ဆိုပါ၏။ ခွေးတစ်ဟောင်မို့ တော်သေးသည်။ 'ဆုံကုန်းရွာဖြင့် နွားတစ်တွန့်' ဆိုပါက သိုက်ဆရာများအဖို့ ညအိပ်ခရီးသွားရလိမ့်မည်ဟု ညည်းညူလေ၍ ရယ်ပွဲဖွဲ့ကြသည်ဆို၏။

ခြော်···ရှေးထုံးကို မပယ်နဲ့ ဆိုသည့်စကားသည် နေရာတိုင်း မမှန်တော့။

× × × × ×

ကိုကျော်စော လှည်းမောင်းဝင်လာချိန်တွင် ကိုစမ်းရေက အဝတ်အစားပင် လဲပြီးနေပြီ။ နေလုံးကြီးကလည်း ရွာဦးက 'ထွန့်အောင်ချာ' ဘုရားစေတီ၏ငုက်မြတ်နားနှင့် ငြိနေဘိသို့ရှိတော့၏။

''စောစောသွားရအောင်ဆိုမှချာ''

ကိုစမ်းရေ အပြစ်တင်သလိုပြောသည်ကို လှည်းဆရာ ကိုကျော်စောက ''ငါ့နွားတွေနဲ့မောင်းလို့ကတော့ ဘုတလင်ခရီးက ကွမ်းတစ်ယာညက်တောင် မကြာဘူး မောင်''

ကလေးတွေကို ထမင်းကြော်ကျွေးနေသော မဖြူနုက ကိုကျော်စောစကားကို အလန့်တကြားပင် ကန့်ကွက်လေ၏။

''အဲဒီလိုလည်း ခုန်းမောင်းမသွားကြနဲ့နော်···ကြက်ဥတွေက အများကြီး''

ကိုစမ်းရေကလည်း မိုးရွာထားရှိ ဝယ်သူမလာ၊ ကိုယ်ကလည်း မပို့အားသဖြင့် စုပုံနေသော ကြက်ဥများသည် သုံးထောင်ကျော်နေ၍ သတိထားမောင်းဖို့ပြောရင်း-

''ကဲ တစ်ဖက်လောက်ကူဦးဗျ''

ထင်ရှူးသေတ္တာကြီးသုံးလုံးနှင့် အပြည့်ရှိနေ၍ လူတစ်ယောက်အားဖြင့် မနိုင်သည်မို့ အကူခေါ်ရတော့၏။ ကိုကျော်စောကတော့ သူ့နွားနှစ်ကောင်၏ ကြိုးနှစ်စကို အမျှားမှနေ၍ ဆက်ထုံးလိုက်ပြီး လှည်းရုံတိုင်တွင်ချိတ်ကာ လှည်းပေါ်က ခုန်ဆင်းလာသည်။ ကြက်ဥသေတ္တာများကို နှစ်ဦးသား ဂရုစိုက်တင်နေချိန်-

''အမေ သားလည်း လိုက်မယ်''

''သမီးလည်း လိုက်မယ်''

သားကြီး ကြည်သာနှင့် သမီးကြီး နွေသတို့က ပြောလေ၍

''နောက်တစ်ခါ ကျောင်းပိတ်မှခေါ်မယ်နော်၊ လိမ္မာတယ် သမီးငယ်လေးကရော ဘာမှာဦးမှာတုန်းဗျ''

ထမင်းကြော်မှက်ကလေးကိုကိုင်လျက် မဲတင်းကာ စားနေသော ကိုစမ်းရေတို့၏ အငယ်ဆုံးသမီးလေးကား (ထိုစဉ်က သားအငယ် မမွေးသေး) အစားမပျက် ပလုတ်ပလောင်းသံနှင့်ပြော၏။

''မုန့်ဝယ်ခဲ့''

''အေး ဟုတ်ပြီ၊ ဝယ်ခဲ့ရမှာပေါ့၊ ဖြည်းဖြည်း ကိုလေး ဖြည်းဖြည်းဗျ''

ကြက်ဥသေတ္တာကို လှည်းပေါ်တင်ရာ၌ နိုးခနဲ ဇက်ခနဲချသော ကိုကျော်စောကို သတိပေးရသေး၏။

''ကိုင်း သွားပြီဟေ့ မိန်းမရေ''

"ဖြည်းဖြည်းမောင်းသွားကြနော်"

ကိုကျော်စောကား လှည်းမောင်းတတ်စေဖို့ မဖြူနုက စိုးရိမ်စွာ ထပ်၍မှာနေ၏။ မတော်တဆ ကြက်ဥတင်သော လှည်းမှောက်သော် မုန့်လုံးရေပေါ်ပန်းကန် ဖုန်ထဲကျသလို ဘာမှသုံးစားလို့ရတော့မည် မဟုတ်ပါချေ။

ရွာလယ်လမ်းပေါ်ရောက်သော် လှည်းကြုံ၊ လှေကြုံမှာတတ်လှသော ဒေါ်ရွှေရင်က-

"ဟဲ့ ဟဲ့ ဒါ ဘုတလင်သွားကြမလို့လား၊ မွေးမင်းသားလေးတွေရဲ့ ခဏကွယ်…ခွေးလေးရင် မှာပါရစေဦး"

ကိုကျော်စောက နွားကြိုးကိုစုံဆွဲလျက် ရပ်လိုက်ပြီး လေသံကို နိမ့်ပြီး-

"ဘာများမှာဦးမလဲ မသိဘူး မောင်ရေ… ရင်တော့ ခပ်ထိတ်ထိတ်ပဲဟေ့"

ကိုစမ်းရေလည်း ထိုနည်းတူစွာပင်။ ဒေါ်ရွှေရင်သည် စီးပွားတောင့်တင်းသော တစ်ကိုယ်ရေတစ်ကာယသမားဖြစ်သလို လာသမျှဖမ်း၍ နိုင်းတတ်၏။

"ဟဲ့ မြရှင် သမီးလေး လာပါဦး၊ အောင်မလေး ကြာလေ လှလေဟဲ့၊ ကဲ ဗိုလ်ကတော်မလေးရယ်…ခွေးရင် ခြင်ထောင်လျှော်တာ မနိုင်လို့ ဝိုင်းလျှော်ပေးခဲ့ပါဦးအေဟဲ့။ လှပြီးသားလူကို လှသထက် လှအောင်လို့ ခွေးရင်က ကုသိုလ်ပေးရတာပါတော်"

ကိုစမ်းရေမိန်းမ မဖြူနုကိုတွေ့တိုင်း ဒေါ်လေ၍ ကိုယ့်အလုပ်နှင့် ကိုယ်ပင် မအားလှသည်ဖို့ နောင်သော် ဆွမ်းဖို့သွားသည်ပင် ရှောင်ကွင်းသွားရသည်ဟု ပြောဖူးသည်ကိုး၊ 'အမှို့တုန်းကတော့ အဟင်း… ခွေးလေးရင် ပြောသလို နောပါတယ်လေ' ကိုစမ်းရေ၏အတွေးပါ။

တစ်ခါက ရပ်ရွာဥက္ကဋ္ဌ ဦးစိန်တစ်ယောက် ခေါင်းရှေရင်၏ အိမ်ရှေ့က ဖြတ်လျှောက်မိရာ—

“လူကြီးမင်း…ဘယ်ကြွမလို့တုန်းတော့ မရှိမသေ ဥက္ကဋ္ဌကြီး ရယ် အဲဒီလမ်းပေါ်ရောက်နေတဲ့ ဆန်ဆေးပလုံးလေး ဝင်းထဲရောက် အောင် ခြေထောက်နဲ့ ကန်သွင်းထားခဲ့စမ်းပါ” ဟု နိုင်းသည်ဆို၏။

ယခုလည်း လာပြန်ချေပြီ…

“ထွေထွေထူးထူးတော့ မဟုတ်ပါဘူးကွယ်၊ ဈေးလေးရင် မြေပဲလှော်စားချင်လို့ သားရှိုးကုန်းတံတားအောက်က သဲလေး တစ်ပြည်သားလောက် ကျုံးခဲ့စမ်းပါ ရွှေမင်းသားတို့ရယ်”

ကိုကျော်စောကား စိတ်ပျက်သော အသံနှင့်—

“အမိန့်တော်မြတ်အတိုင်းပါ ဘုရား”

× × × × ×

ရွာဦးသို့ရောက်သည်နှင့် ကိုကျော်စောသည် နွားကြီးကို လက်လွှတ်၍ လွယ်အိတ်ထဲမှာပါသော ကွမ်းသီး၊ ကွမ်းရွက်၊ ဆေး၊ ထုံးတို့ကို ကွမ်းယာကာ ပါးစောင်တွင် သွင်းလိုက်ပြီး အိတ်ကို နောက်ပြန်ပေး၏။

“စမ်းရေ ကွမ်းစားလေကွာ ရော့…”

ထို့နောက် သူ့နွားများကို မောင်းတော့သတည်း။

“ဟ…ဟဲ့ အို ဒီနွား…ကိုင်းဟာ…ဖျန်း…ဟ နွား… နယ်ဟာ…ဒီနွား…ကိုင်းဟာ··ဖျန်း…ယော လုပ်ပြီ… အမဲသား… ကိုင်းဖျန်း…တယ်လေ…ဧါ… …. …”

သူ့နွားတွေက ဖျင်းလှပေ၏။ သူ့မှာ တောက်လျှောက်အော်ဟစ် ရိုက်နှက်မောင်းနေသော်လည်း သွားနှုန်းကား သည်အတိုင်းသာရှိ၏။

ခြံပေါက် နွားတစ်ရှဉ်းဖြစ်ပေ၍ ဤမျှမဈေးတန်ရာဟု အောက်မေ့မိသေးသည်။ အမွေးအရောင်ကလည်း ညှိသည့်အထဲတွင် မပါ။ နွားပြာနီအမွေးသည် ရှေးအစဉ်အဆက်ကပင် တိုင်းရင်းနွားတို့ထဲ၌ ခွဲကောင်းခြင်း၊ သတ္တိကောင်းခြင်း၊ ရာသီဥတုဒဏ်ခံနိုင်ခြင်းတို့ကြောင့် နာမည်ကြီးခဲ့သည်မဟုတ်ပါလား။ သို့သော် တစ်ကောင်လုံး နီနေပေလည်း ဒူးနေရာက မည်းသော် ညှိတတ်သည်။ "နွားပြာနီဒူးမည်း ဆူးလှည်းတောင် မရုန်း"ဟု စာဆိုပင် ရှိသေးသည်။ "ဒီနွားတွေ ဒူးမည်းထင်ရဲ့" ဟုတွေးကာ စိတ်လျှော့လိုက်ရ၏။ ဘုတလင်ကို ရောက်ချင်တဲ့အချိန် ရောက်စေတော့လေ။

""သိပ်မရိုက်နဲ့ဗျာ…ထန်းပလပ်တံပြာလည်း အများကနေ မှာနေလိုက်တာ သဘောကောင်းသူတဲ့ ရုတ်တက်ကျနေတာပဲ""

""အဟီး ဟီး မင်းမြင်တဲ့အတိုင်း…ဟ ဟာ နွားနယ်…'ဖုန်း' ဆို ဒီနွားက…ကိုင်း…'ဖုန်း' နာချင်ပြီထင်တယ်…'ဖုန်း' နွားတွေကကို မသွားတာ…ဟဲ့ ခြောက် ပြောနေရင်း ကဲကွာ ဖုန်း""

ကိုစမ်းရေကား မပြောတော့ဘဲ ကိုကျော်စောနွားမောင်းသည့် အသံမျိုးစုံကို တယ်လီဖုန်းဆော်ပရောက တစ်ယောက်ကဲ့သို့ နားဆင်ကာ လိုက်ခဲ့ရတော့၏။

ကြောင်ပန်းတောရ လမ်းခွဲသို့ရောက်သော် ဆွမ်းခံပြန်လာတော် မူသည့် သံဃာတော်တစ်ပါး၊ နှစ်ပါးကို တွေ့ရလေသဖြင့်-

""ခင်ဗျားပြောတော့ ကွမ်းတစ်ယာတောင် မညက်ဘူး ဆိုဗျ""

ကိုစမ်းရေ၏စကားကို ပါးစပ်ဖြင့်မဖြေဘဲ ပါးစပ်ထဲက ကွမ်းယာကို လက်နှင့်နှိုက်ကာ ပြလေ၏။

"ဟ…ဟုတ်သားပဲ ကွမ်းယာက ဒီအတိုင်းရှိသေးရဲ့" ဟု ကိုစမ်းရေ မျက်ခုံးပင့်သွားရ၏။ ကိုကျော်စောက

"ကွမ်းတစ်ယာ မညက်တယ်မပြောနဲ့ ဝါးကို မဝါးအားတာ မင်းသိတဲ့အတိုင်းပဲ ကိုယ့်လူ"

"ဖြစ်ရလေဗျာ…ကျုပ်ထင်တာက နွားတွေမြန်လို့ ကွမ်းတစ်ယာ မညက်ခင် ဘုတလင်ရောက်မယ် ထင်ထားတာ၊ အခုဟာက ပါးစပ်ထဲက ကွမ်းယာကို မဝါးအားအောင် နွားတွေ ခေါက်ခဲ့ရလို့ကိုး ဟား…ဟား…ဟား…."

"ဒါ မင်းတို့ တောသားတွေပြောသလို ပြောကြည့်တာလေကွာ၊ ကွမ်းတစ်ယာမညက်တာလည်း အမှန်ပဲလေ…ဟာ…နွားနယ်…ဟဲ့ကောင်…ဟ…ဒီနွား…ကိုင်း…ဖုန်း…"

× × × × ×

ဆရာကြီးဦးအောင်တင့်၏ ကြက်စာဆိုင်သည် ကြက်ဥလည်း ဒိုင်ဈေးကောက်သည့်အတွက် ကိုစမ်းရေတို့လို အသေးစား ကြက်ခြံ သမားတွေအတွက် အားထားရာဖြစ်ပါသည်။ ယခုလည်း ကြက်ဥများ သွေးနေတော့သည်။ မိုးရက်ရှည်လေသဖြင့် ကိုစမ်းရေကဲ့သို့ပင် ဝယ်သူ မလာ၊ ကိုယ်ကလည်း မပို့နိုင်ဖြစ်ကာ ယခုမိုးလင်းပါမှ လှည်းနှင့် တိုက်လာကြသူတွေချည်း ဖြစ်နေကြသကိုး။ ဆရာကြီးက သဘော ကောင်းသူပီပီ အားလုံးကိုသိမ်းယူပေး၍ တော်သေးသည်ဟု 'ဟင်း' ချနိုင်ကြသည်။

"မင်းကြက်တွေ ဆိတ်ကြသေးလားကွ"

"မဆိတ်တော့ဘူး၊ ဆရာကြီးပြောသလို နှုတ်သီးတွေ အမျှားတိ ပေးလိုက်တာ အဆိတ်ရပ်သွားတယ်"

"အေးရောပေါ့ကွာ"

ဆရာကြီးက အလယ်တန်းကျောင်းအုပ်မှ အငြိမ်းစားယူပြီး မွေးမြူရေးကို ဇောက်ချလုပ်ကိုင်ရာမှ ကြီးပွားလာသူဖြစ်သည်။ ကိုစမ်းရေတို့လို အစမ်းမွေးမြူချင်သူတွေကိုလည်း ဥစမ်းကာစ ကြက်မတွေနှင့် ကြက်စာပါ အကြွေးရောင်းပေးသည်။ ကြက်ဥပြန်သွင်းတာနှင့် ခုနှိမ်ပြီး ငွေရှင်းပေးသည့်အပြင် မွေးမြူရေးပညာပါ သင်ပေးလေ၍ ကျေးဇူးရှင်ကြီးအစစ်ဖြစ်တော့သည်။

တစ်ခါက ကြက်မအရို့ ဥညှစ်ရာက စအိုထွက်ကျသော အခြားကြက်များက ရဲရဲမြင်သည်နှင့် ထိုးဆိတ်စားကြ၍ သေကြရသည့် ဆရာကြီး ဦးအောင်တင့်ထံ အပြေးလာမေးရ၏။ ဆရာကြီးက "စအိုထွဲကျတဲ့ ကြက်တွေကို ရဲရဲကြီးမမြင်အောင် အိုးမဲသုတ်ပေးလိုက်ကွာ…ကြက်ဆိုတာ နီနီရဲရဲမြင်ရင် ဆိတ်ချင်တယ်ကွ၊ ပြီးတော့ နှုတ်သီးအချွန်လေးတွေကို ကတ်ကြေးနဲ့တိပေးလိုက်"ဟု အကြံပေး၏။

ကိုစမ်းရေက ဆရာကြီးပြောသည့်အတိုင်း လုပ်တတ်၍ ကြက်အသေအပျောက် လျော့ကျသွားပါသည်။ ထို့ကြောင့် ကျေးဇူးတင်ရပါ၏။

ပြန်မည်ဟု နှုတ်ဆက်ပြန်လာခဲ့သော် ဈေးနားရှိ စဉ့်အိုးကြီးများ ရောင်းသည့်ဆိုင်မှ နှစ်ရာဝင်စဉ့်အိုးကြီးတစ်လုံး ဝယ်တင်ခဲ့သေးသည်။

"ဘာလုပ်ဖို့တုန်းဟ…ကြက်စာအိတ်တွေနဲ့တင် လေးလှပြီဟာ"

"သည်းခံပြီး တင်ပေးပါဗျာ…အိမ်ရောက်တော့ အစ်ကိုလေး ကြိုက်တဲ့ဟာနဲ့ ချည့်ခံပါ့မယ်"

"အိုကော ကြိုက်သလောက် တင်လာဟ"

ကိုကျော်စော အူမြူးသွားသည်ကိုကြည့်ကာ ကိုစမ်းရေလည်း ပျော်ရပါသည်။ အိမ်နီးချင်း ဆွေမျိုးတွေ မဟုတ်ပါလား။

အပြန်ခရီးတွင် ကြက်စာအိတ် ဆယ့်နှစ်အိတ်၊ နှစ်ရာဝင် စဥ့်အိုး တစ်လုံး၊ ဒေါ်ရွှေရင် မှာလိုက်သော သံတစ်ပြည် အလေးချိန်တို့ကြောင့် ကိုကျော်စော၏ နွားတစ်ရှဉ်းမှာ လှုပ်ရုံလှုပ်တော့သဖြင့် အလာတုန်းက ကွမ်းတစ်ယာညက်ထက်၊ အပြန်ကွမ်းတစ်ယာညက်က ပိုပြီးကြာမည်ဟု သိထားသော ကိုစမ်းရေက ကြက်စာအိတ်များပေါ်တွင်အိပ်၍ လိုက်ခဲ့ ပါသတည်း။ ။

## အဒိုးငါး

နှစ်ရာဝင်စဉ့်အိုးကြီးကို မှတ်တိုက်ဆေးကြောပြီးသောအခါ၌ မဖောက်ထုံးမှုန့်အချို့နှစ်ထယ်၊ ဝက်ချေး၊ နွားချေးရောရာ အချို့နှစ်ထယ် ရောမွှေ၍ ထည့်ပြီးသောအခါ ကန်ရေအပြည့်ခပ်ထည့်ပြီး ၁၀ ရက် ထားလိုက်သော် ရေအရောင်ပြောင်းပြီး စိမ်းမြမြဖြစ်လာ၏။ ရေပိုး ရွေ့ရွားလေးများလည်း ပေါက်ပွားလာပါသည်။ ထိုအခါ ရေပြဇာ ပြည့်ပြီဟု ဆရာမောင်သိကျွာ၏ရေချိုငါးမျိုးစုံ မွေးမြူနည်းစာအုပ်တွင် ဖော်ပြထားပါ၏။ ငါးမွေး၍ရချေပြီ။

ငါးသားပေါက်ရှာသည်က လွယ်ပါသည်။ သူတို့ရွာဦးက ရေကန်ကြီးနှစ်ကန်သည် နှစ်ဆက်အောင် ရေရှိနေသောကြောင့် တစ်ပိဿာခွဲ နှစ်ပိဿာရှိသော ငါးခူကြီးတွေပင်ရှိ၍ ငါးခူသားပေါက် နီတာရဲလေးတွေ အုပ်လိုက်ကူးခတ်နေတာ့ရှိသည်။ ရံဖန်ရံခါ ရေထမ်းပုံး ထဲတွင်ပင် ပါလာတတ်သေးသည် မဟုတ်ပါလော။ ဇာခြင်ထောင် အစုတ်ကို ရေစစ်သဖွယ် ကွန်အသေးစားလေးလုပ်ကာ လက်ကိုင်ရိုး ရှည်ရှည်တပ်၍ ရေခပ်သော ကုန်းပေါင်ထိပ်မှလှမ်းခပ်ယူသော်

အကောင်သုံးရာခန့်ကို မကြာမီရ၏။ ငါးသန်ပေါက်ကလေးများ စဉ့်အိုးကြီးထဲ၌ လူးလားခေါက်ပြန်ကူးခတ်နေကြ၍ ပထမအဆင့် အောင်ပြီဟု ဝမ်းသာရတော့သည်။

ရေပြည့်စာပြည့်ဝ၍ ရေညှိရေမှော်ကလေးများ ဝေဝေဝါဝါပေါက်မွှား နေရာ သူတို့မှာ ငါးကလေးများ နှစ်သက်သောအစာဖြစ်သွား၏။ လက်လေးသစ်ခန့်အရွယ်ရောက်လာသော ညအခါတွင် စဉ့်အိုး နှုတ်ခမ်းပေါ် ဖယောင်းတိုင်ထွန်းပေးလိုက်၏။ ထိုအခါ ပလံများ ဖယောင်းတိုင်မီးကို ပလူပျံအောင်လာတိုး၍ ရေတွင်ကျသေသည်နှင့် ငါးပေါက်ကလေးများအတွက် မြိန်ယှက်ဖွယ်ရာ ပွဲတော်စာဖြစ်သွား လေတော့သည်။

ထိုထက် အရွယ်ကြီးလာသောအခါမှာတော့ အိုးနှင့်ပြည့်လု ပြည့်ခင်ဖြစ်လာပြီ။ အစားလည်းမှပ်လာကြသဖြင့် သားရေချပ်ကလေး များကို မီးသင်းကာ အပေါ်မှနှိုက်ချွဲပေးလိုက်သော် တခက်ခက်ကိုက်၍ စားကြသည်မှာ ကြည့်လို့ကောင်းသေးတော့သည်။

ကိုစမ်းရေ၏သားသမီးများက စိတ်ဝင်စားကြသည်နှင့် အိုးနား ကပင် မခွာတော့။ သမီးငယ်လေးကား အစားသရဲမလေးပီပီ-

"အမေ အဲဒီငါးတွေက ချက်စားလို့ရလား"

"ရတာပေါ့ သမီးရဲ့"

"ဒါဖြင့် အတုချက်ပေးပါ သမီး စားချင်လို့"

"ခြော် အခုတော့ ငယ်သေးတယ်လေ သမီးရဲ့…ဟောလို… (ကိုစမ်းရေကသူ့လက်မောင်းကိုဆုပ်ပြ၍)ဒီလောက်ကြီးမှ စားရမယ်နော်"

"ဟင့်အင်း အတုစားမယ်…အတုစားမယ်၊ ချက်ပေးပါ အီး…ဟီး…"

"တိတ်ပါ သမီးရယ်… ဖေကြီးချက်ပေးမယ်နော်… စောနေဦး"

ကိုစမ်းရေသည် စဉ့်အိုးအတွင်းမှ လေးလက်မအရွယ်ရှိသော ငါးခူခြောက်ကောင်ကို စကောကုံးနှင့်ကော်ယူကာ နွံ့ဖြင့်မံပြီး မီးဖုတ်ပေးလိုက်သော် ငါးခူအုံသင်းဖြစ်သွားသည်။ နွံ့ခြောက်၍ မွေးပြီးအက်အာလာသည်နှင့် နွံ့ခွာလိုက်သော် အသားမွှေးမွှေးသာ ကျန်ရစ်၏။ ထိုအခါ ငံပြာရည်ဆမ်း၍ကျွေးလိုက်ရာ ကလေးတွေ ပျော်ရွှင်မြိန်ယှက်စွာ စားကြလေ၍ ဖခင်တစ်ယောက်အဖို့ ပီတိဖြစ်ရသေးတော့သည်။ မွေးမြူရေးလုပ်သည်ကလည်း သူတို့လေးတွေ အာဟာရပြည့်ဝစွာ စားစေချင်လို့ မွေးသည်လေ။

× × × × ×

ကိုစမ်းရေနှင့်မမြနုတို့ အိမ်ထောင်ကျပြီး ကလေးလိုချင်သည်မှာ ဖျပ်ဖျပ်လူးနေသော်လည်း တစ်နှစ်နီးပါးထိ ကလေးက အရိပ်အယောင် မပြလာ၍ သောကရောက်ရသေးတော့သည်။

"မြနု နင်ဆေးတွေ ဘာတွေများ စားထားလားဟာ"

"ကြံကြံဖန်ဖန်တော် မစားပါဘူး"

"ဒီလိုဆိုရင် ဘာများချို့ယွင်းလို့ပါလိမ့်၊ ဆရာဝန်နဲ့ပြကြည့်ရကောင်းမလား"

"ရှက်စရာကြီး ခင်ဗျားဘာသာသွားစစ် ကျုပ်တော့ မလိုက်ဘူး"

"ဟာ ဒါရှက်စရာ မဟုတ်ဘူးဟ၊ နင်ကလည်း ချီးတဲ့မှ…"

"မဟုတ်နဲ့နော် အဆဲမပါနဲ့ ဒါပဲ"

သို့ကလို ကတောက်ကဆပင် ခဏခဏဖြစ်ရသေးသည်။ ကမ္ဘာဦးသူတို့ နေလကို မျှော်သလို အမျှော်ကြီးမျှော်ရသော သားဦးသည်ကား နှစ်နှစ်နီးပါးကြာလေမှ မီးရှူးသန့်စင်ဖွားမြင်ပါတော့၏။ မျှော်လိုက်သည်ဖြစ်ခြင်းလေ။ ကြည်သာ ဟု နေ့နံ့သင့် အမည်ပေးလိုက်သော အကြီးဆုံးသားသည် နှစ်နှစ်ပြည့်ပြီးသော်မှ စကားမပြောတတ်သေး။ နောက် သမီးနှမှာကိုမွေးလေသည်။ ထိုကလေး ဝဝ ကစ်ကစ်လေး ဆယ့်တစ်လသမီးတွင် နောက်ထပ် သမီးရတနာကို မွေးလေ၍ နာမည်ကျော်သွားလေ၏။ ကိုစမ်းရေကို မင်းလွန်ဒါ၊ မဖြူနုကိုမူ ရှင်မွေးလွန်းတဲ့။

သမီးငယ်သည်ကား သူမလာခင်ကပင် အတိတ်နိမိတ်ကြိုပြနှင့်သလိုဖြစ်နေ၍ အကြောင်းတိုက်ဆိုင်တုန်း ဖော်ပြရဦးမည်။

သူလေးကို ကိုယ်ဝန်အရင့်အမာရှိစဉ်က မဖြူနု၏ဗိုက်သည် အခါတိုင်းထက်ကြီးလေ၍ ယောက်ျားလေးဖြစ်ရမည်ဟု လူတိုင်းက ထင်ကြေးပေးကြလေ၏။ တစ်နေ့တွင် ကိုစမ်းရေ၏သူငယ်ချင်းကြီး ကိုခင်မောင်ရောက်လာသည်။ သူသည် အရက်ကို နံမင်စွာ သောက်တတ်သည့် လူပျိုကြီးဖြစ်သော်လည်း ထိုစဉ်အခိုက်အတန့်၌ အသောက်နားကာ တရားထိုင်နေသလိုလို ကြားရ၏။ သူက မဖြူနု၏ ဗိုက်ကို ကြည့်ပြီးသော် ခေါင်းမော့လျက်မျက်နှာကြက်ကို စိုက်ကြည့်နေ၍

"ဘာလဲ အိမ်မြှောင်ဘယ်နှစ်ကောင်ရှိလဲလို့ ရေကြည့်တာလား"

ကိုစမ်းရေက သောက်ဖော်ကြီးမို့ သရော်တော်တော်ပြောလေရာ သူက လက်ဝါးကာပြ၍ ငြိမ်နေလိုက်ရ၏။ ခဏကြာလေသော်မှ-

"ဒီတစ်ခါ မင်းမိန်းမ မိန်းကလေးမွေးမယ်ကွ"

"ဘာလဲ ခင်ချားကို အိမ်မြှောင်တွေ ပြောလို့လား ဟဲ ဟဲ"

"မင်းမယုံတော့ ယုံအောင် ပြောရဦးမယ်… အဲဒီကလေးက မွေးမွေးချင်း သွားတစ်ချောင်းပါမယ်ကွာ"

"မလုပ်ပါနဲ့ဗျာ…တော်ကြာ ဘီလူးလေးမွေးတယ် ဖြစ်နေပါဦးမယ်"

"ဘီလူး မဟုတ်ဘူး ထူးကို ထူးတာ၊ အဲဒီကလေးကို ရှင်အောင် မွေးကွ အကျိုးပေးမှာ၊ ကိုယ့်လူ မယုံမရှိနဲ့…ကိုင်း…ငါ ပြန်ပြီ"

"ဘာလို့ နေတော့မှာတုန်းဗျ"

ကိုခင်မောင်က ခပ်တည်တည်ပြောသည်ကို တုံ့ပြန်၍ ကိုစမ်းရေကလည်း ခပ်ပေါက်ပေါက်ပင် နှုတ်ဆက်လိုက်ရ၏။ သို့သော် ရက်ပိုင်း၌ နွားစာစဉ်းနေရင်း ဦးနှောက်သွေးကြောပြတ်ကာသေသည်။ ဆေးရုံကို ပို့သော်လည်း မရတော့ပါ။ ကိုစမ်းရေ ငိုမိပါသည်။ ရန်ကုန်မြို့သို့ တက်၍ ဆင်းရဲဒုက္ခခံဖက်၊ တော်မောင်တော်ဖက်ကြီးကို ရွာပြန်သယ်လာကြသည်။ ရွာဓလေ့ထုံးတမ်းအရ ရွာထဲဝင်ခွင့်မပေး၍ ရွာအပြင်၌သာ သူ့ရုပ်ကလာပ်ကို မြှင်ထားရပါ၏။ ရွာကိုချစ်သော၊ ကိုစမ်းရေကို ချစ်သော ကိုခင်မောင်ကား ရွာသုသာန်တွင် စောစောစီးစီး နေရာဦးနှင့်သည်တကား။ သူချစ်သောရွာက ဝင်ခွင့်မပေးပါလေတော့။

သူ့ကို ထုံးတမ်းအစဉ်အလာအတိုင်း ရက်လည်သည့်ညကိုရောက်တွင် ကိုစမ်းရေတို့သမီး ရတနာကိုမွေးမြင်ရာ သူပြောသလိုပင် အပေါ် ရှေ့သွားတစ်ချောင်းလည်းပါလာ၏။ နှစ်ချက်တော့ မှန်ချေပြီ။ ထူးခြားသည်ဆိုသည်က ဘာတွေထူးမှာပါလိမ့်။

ထူးခြားကြောင်းကို ခြောက်လသမီးတွင် စတွေ့ရသည်။ ငှင်းကား ကျွန်ကလေးတွေထက် အစားပိုစားခြင်းပင်ဖြစ်သည်။ လူကောင်လည်း ထွားလှ၏။ အခါလည်သမီးသာသာတွင် ထမင်း

ငါးခွံစရာမလိုတဲ့ ထမင်းဇလုံလေးကို ကားယားခွထိုင်ကာ အကြိုးကလေးများနှင့် တန်းတူတွယ်လေတော့သည်။ နှစ်နှစ်အရွယ်တွင်မှ သုံးယောက်အတူတူယှဉ်စားနေရာက (ကြက်ဥပြုတ်တစ်လုံးကို သုံးစိတ်ညီအောင်စိတ်ပေးထားၿ) သူ့ဝေစုကို အရင်စားပစ်လိုက်ပြီးနောက် သူ့ကြိုတင်လေ့လာကြည့်ရှုထားသော လက်ကျန်များသည့် ပန်းကန်ထဲက (များသောအားဖြင့် အစားနှေးလှသော သမီးအကြီးမထံမှ) ကြက်ဥပြုတ်အစိတ်ကို ဆတ်ခနဲ နှိုက်ယူစားပစ်ပြန်သည်။

"အမေ…ဟောဒီမှာ အမေ့တမီး တမီးရိုက လုတယ်ကျို့"

ဟုအော်ကာ တိုင်လေသည့်အခြင်-

"ကဲဟယ်…ကဲဟယ်…မတာမ ယူဦး"

ထမင်းစားသောလက်ဖြင့် သူ့ညီမခေါင်းကိုခေါက်သဖြင့် ထမင်းလုံးတို့ဖြင့်ဗွေးနေသော ခေါင်းကလေးငုံ့လျက် အစားမပျက်သော သမီးငယ်သည်ကား ရယ်ရအခက်၊ ဒေါသထွက်ရအခက်ဖြစ်တော့သည်။

ကိုစမ်းရေကား သွားလေသူ ကိုခင်မောင်ကြီး ပြောခဲ့သော စကားကို သတိရ၍-

"တောက်…ထူးလိုက်တာ ကိုခင်မောင်ရာ"

× × × × ×

မိုးခေါင်ရေရှားသောဒေသပေမို့ ငါးရှားလှပေရာ ကိုစမ်းရေ ငါးမွေးရကျိုးနပ်ပါသည်။ အနည်းဆုံး ကလေးသုံးယောက် ငါးနှင့် ကြက်ဥကိုတော့ နေ့စဉ်စားရပါ၏။ ကြက်ဥပြုတ်တစ်လုံးကို သုံးယောက်မျှစားရသောအဖြစ်မှ ယခုသော် စိတ်တိုင်းကျစားနိုင်ပြီမို့

ကိုစမ်းရေကျွန်ုပ်လှတော့သည်။ အများပြောသလို "ငရဲကြီးသော အလုပ်"ဆိုလျှင်လည်း ငရဲသို့ မျှော်မျှော်ကြီးသွားရုံမျှတစ်ပါး အခြား မရှိတော့။

ဆရာချစ်ဝင်းညွန့်ရေး၍ စာပေဗိမာန်မှထုတ်သော "လျှပြည့်ကျပ် နေသော ဤကမ္ဘာ"စာအုပ်တွင် ဖတ်ထားဖူးသည်မှာ မျက်မှောက် ကမ္ဘာကို စိန်ခေါ်နေသည်ကား လူဦးရေနှင့်စားနပ်ရိက္ခာတို့ အချိုးမညီမှု ဟု ဆိုထားသည်။ လူဦးရေသည် ဆပွားကိန်းဖြင့် လျင်မြန်စွာတိုးနေ ပေလည်း စားနပ်ရိက္ခာကား သင်္ချာနည်းဖြင့်သာ ဤရှေ့မပျက်ထုတ်လုပ် နိုင်သေးသည်ဆို၏။ အဓိပ္ပာယ်မှာ လူတစ်ယောက်လုပ်စာကို အိမ်ထောင်စုဝင် သုံးလေးဦးထိုင်စားသကဲ့သို့ဖြစ်နေသည်။ ဝေမျှတ်မှု မပျောက်စေရန်အတွက် စားနပ်ရိက္ခာပိုလျှံနေသော နိုင်ငံများမှ မျှဝေ ပေးသော် တစ်ကမ္ဘာလုံးသာအဟာရရှိုတဲ့သွားပြီး ဝေမျှတ်သူကတော့ ရှိမြဲရှိမည်ဆို၏။ အလုပ်မရှိသော လူမွဲတစ်ယောက်ကို သူဌေး ဆယ်ယောက်က ဝိုင်းထောက်ပံ့ရာ၌ သူဌေးဆယ်ယောက်သာ ဆင်းရဲသွား၍ လူမွဲကား "ဟန်မပျက် မွဲကောင်းလျက်တည်း" ဆိုသော မြန်မာစကားပုံကဲ့သို့ ဖြစ်ပါလိမ့်မည်။

ကိုစမ်းရေကတော့ အကုသိုလ်အလုပ်ဟု မည်သူပြောပါစေ ကိုယ့်မိသားစုနှင့် ကိုယ့်ပတ်ဝန်းကျင်အတွက် စားနပ်ရိက္ခာထုတ်ပေးနေ ရပါဦးမည်။

"စမ်းရေ…ငါ့ကို ငါးအစိတ်သားလောက် မျှကွာ…"

ကိုစမ်းရေ၏မိတ်ဆွေကြီး ဦးတင်အုပ်က ငါးလာဝယ်လေ၍ အုံသြရသည်။ သူသည် အညှီနံ့မှမပါသော် ထမင်းမျိုမကျသည်မို့ ကွန်တစ်လက်ဝယ်ထားပြီး ဆုံကုန်းရွာအနောက်ဖက်တွင်ရှိသော ကော်ထဲ

ချောင်းတွင် နေ့ရော ညပါ ငါးရှာ၍စားသူဖြစ်၏။ အခေါ်တိုင်းဆိုသော် သူ့ဆီကသာ ငါးဝယ်ရသဖြင့် အံ့သြခြင်းဖြစ်ပါသည်။

"ဘယ်လိုတုန်းဗျ…ခင်ဗျားက ငါးလာဝယ်ရတယ်လို့"

"ညည်းသည်လာလို့ပါကွာ…သားငါးကလည်း ရှားကုန်ပြီကွ။ ယုန်လေးကုန်းရွာဘက်ကလည်း ကွန်နှစ်လက်ထွက်တာတွေ့ရတယ်။ မျိုးတုန်းပြီ ထင်ပါရဲ့ကွယ်…"

စက်ထဲချောင်းသည် ဘုတလင်မြို့နယ်အတွင်း၌ အရှည်ဆုံး ချောင်းဖြစ်၍ မုံရွာမြို့နယ်သို့ရောက်သော် ချင်းတွင်းမြစ်အတွင်းသို့ စီးဝင်သည်။ မိုင်ငါးဆယ်ခန့်ရှည်လျား၍ မိုးတွင်း၌သာရေရှိသည်ဆို သော်လည်း ထူးကျွင်း၊ ဝဲကျွင်းများတွင်မူ နွေမိုးမပြတ်ရေရှိတတ်ပါသည်။ ထိုသည်ကြောင့် ဦးတင်အုပ် သားငါးမပြတ်ခဲ့ပေ။ ယခုသော် ပိုက်စိတ် ကလေးများနှင့်တိုက်ကာ ငါးရုန်း၊ ငါးသန်လေးများပါမကျန် ဖမ်းကြ၍ ငါးရှားရခက်သော အခြေအနေတွင် ရောက်နေပြီဆိုပါ၏။

သူတို့မြို့နယ်တွင် ငါးလုပ်ငန်းဦးစီးဌာနမရှိသောကြောင့် ငါးရစ် တက်ချိန်၊ ငါးသားပေါက်ချိန်တွင် ငါးမဖမ်းရကြောင်း၊ ပိုက်၊ ကွန် စိပ်စိပ်သုံး၍သော်လည်းကောင်း၊ ဘက်ထရီရှော့တိုက်၍သော် လည်းကောင်း မဖမ်းရကြောင်းကို ပညာပေး၊ အရေးယူမည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းမရှိသည်က ထိုသို့အသိဉာဏ်မဲ့သော လုပ်ရပ်ကို တားမြစ် မယ့်သူမရှိသလို ဖြစ်နေ၏။

"ခင်ဗျား ကွန်ကလည်း စိပ်လွန်းတယ်ဗျာ…ကွန်ကျဲသုံးတော့ ငါးမွှန်၊ ငါးသန်မျိုး ကျန်တာပေါ့"

"အင်း မင်းက ငါ့ကွန်ကိုစိပ်တယ်ပြောနေ ယုန်လေးကုန်းက ကလေးနှစ်ယောက်ရဲ့ ကွန်စိပ်လိုက်ပုံက မြင်လုံ့ဇကာထက်စိပ်သေးရဲ့"

"အဲဒါကြောင့် 'ငပိုး' တောင် မရှိတော့တာကိုးဗျ… ကောင်းမှုရှာ။ ကြာရင် ကုလားနဲ့ငါး အရုပ်ရေးကြည့်ရလိမ့်မယ်ဆိုတဲ့ စကား မှန်လိမ့်မယ်ဗျို့"

ကိုစမ်းရေတို့ အညာဒေသသို့မှ အမှန်ပင် ငါးမမြင်ဖူးသူတွေ ရှိသလို နွားနို့လာဝယ်တတ်သော ကုလားလေးကူးမားကို မမြင်ဖူး၍ ဝိုင်းကြည့်တတ်သော အရုပ်ပေကိုး။ ဦးတင်အုပ်က-

"ဒါကြောင့် မင်းဆီက လာဝယ်တာပေါ့၊ ကိုင်း လုပ်ကွာ… အစိတ်သား"

ကိုစမ်းရေက ဦးတင်အုပ်ကိုပင် ငါးရောင်းသူဟု နာမည်တော့ ကြီးသွားရ၏။

× × × × ×

"အမေရေ အိုးထဲမှာ ငါးနီတာရဲလေးတွေ ရောက်နေတယ်ချို့"

သားကြီးကြည်သာက စဉ့်အိုးဘေးရပ်၍ကြည့်နေရာက အော်ပြောသဖြင့် ကိုစမ်းရေ ထိတ်ခနဲဖြစ်သွားရ၏။ ဟုတ်ပေသားပဲ၊ ငါးသားပေါက်ရှိန့်ကိုးလေ။ ငါးရှသည်လည်း သားစားငါးမျိုးတွင်ပါ၍ အကောင်လေးများကို အမြန်ဆုံးခွဲမွေးရတော့သည်။ သို့မဟုတ်ပါက ငါးရှကြီးများက စားပစ်လိုက်တော့သည်။

နှစ်ရာဝင်စဥ့်အိုးနှစ်လုံးထပ်ဝယ်ကာ အကောင်အရွယ်အစားအလိုက် ခွဲမွေးရ၏။ ကြက်စာခွက်များကို သန့်ရှင်းရေးလုပ်ရာမှ ထွက်လာသော အစာအကြွင်းအကျန်များကို ငါးစာအဖြစ် ထည့်ကျွေးသည်နှင့် မလုံလောက်တော့သဖြင့် တောင်သူအိမ်တိုင်းရှိတတ်သော ထွန်ညှင်းကွင်းအမျက်၊ လှည်းဦးမှတ်ကျုများကိုပါ တောင်းယူ၍ မီးဖုတ်ကျွေးရသည်။ ဘုတလင်ဈေးရှိ အသားငါးဆိုင်များမှ အသားအတိုအစ၊ အရိုးအရွဲများ တောင်းယူကျွေးသည့်နေ့ဆိုပါက ငါးတို့ ဘုရားပွဲတွေ့သတည်း။

နောက်ဆုံးသားရေဖိနပ်အဟောင်းများမှ သားရေကိုခွာယူမီးသင်းကာကျွေးပါက ငါးတို့စားသော်လည်း ငါးကိုစားသုံးသူတို့ ရွံရှာမည်စိုး၍ သူကိုတော့ ငါးစားမီးနူးစာရင်းက ဖယ်လိုက်ရ၏။

ငါးမွေးရသော အရသာကို တွေ့သွားသည့် ကိုစမ်းရေသည် နောက်ထပ်စဥ့်အိုးကြီးတစ်လုံးထပ်ဝယ်ကာ ငါးရံ့ပါမွေးတော့၏။ ငါးရံ့တို့သည် ငါးခူနှင့်မတူ၊ အလားမြောက်သည်နှင့် ခုန်ထွက်တတ်သဖြင့် ကြက်အုပ်ဆောင်းဖြင့် စဥ့်အိုးကို အုပ်ထားရပါသည်။

သည်လိုနှင့် စဥ့်အိုးကြီးဆယ်လုံး ပြည့်သွားတော့၏။

တစ်နေ့တွင် ဦးဖိုးရှိ၊ ဦးအောင်မောင်းတို့ အလည်ရောက်လာကြသည်။

"ထိုင်ကြဦးလေ ဦးလေးမောင်းတို့..."

ကြက်စာကျွေး၊ ကြက်ဥကောက်နေရာမှ လှမ်းပြောရ၏။ အလုပ်ကို အမြန်လက်စသတ်ကာ ကြက်ခြံထဲမှထွက်ခဲ့ပြီး ကြက်စာ

အကာပ်အသပ်တို့ ဖြစ်ယူလာသည်များကို ငါးအိုးထဲသွားထည့်လေ၏။ ဦးမိုးရှိက-

"ဒီကောင်ကတော့ တော်တော် အကုသိုလ် အကျိုးပေးတဲ့ ကောင်ပဲ ဦးလေးမောင်းရေ...."

ဦးအောင်မောင်းကား ပြုံး၍သာနေလေ၏။ သူ၏ပင်ကို သဘာဝပင်တည်း။ အနေအထိုင် အေးစက်လှသူဖြစ်သည်။

ထိုအခါ၌ မီးဖိုချောင်ထဲမှထွက်လာသော မဖြူနုက ကောက် ညှင်းပေါင်းနှင့် ငါးကြော်ပန်းကန်များကို စားပွဲနံ့ပေါ်တင်လိုက်ပြီး-

"ဦးလေးမောင်းနဲ့ ဦးမိုးရှိတို့ စားကြပါဦး၊ ပူပူလေးပါ"

တစ်ဖက်နံ့တန်းလျှားတွင် နေရာယူထားသည့် ကလေးများ ကလည်း အူး...အဲ အသံထွက်သည်အထိ မြိန်ရေယှက်ရေ စားနေကြ သည်။ ကောက်ညှင်းပေါင်းပူပူ၊ ငါးကြော်ရှရှနှင့် ရေနွေးကြမ်းကား လိုက်ဖက်လှသဖြင့် ကိုစမ်းရေပါ သုံးဦးသား ခေါင်းမဖော်စတမ်း စားကြ၍ လေးငါးမိနစ်အတွင်း၌ စကားပင်မပြောအားကြပေ။ အညာဒေသတွင် စားရခဲသော မနက်စာဖြစ်၍ ပိုမြိန်စေသည်လား မပြောတတ်ပါချေ။စားပြီးသော်-

"သာဓု...သာဓု...သာဓု ကျန်းမာပါစေ၊ ချမ်းသာပါစေ" ဟု ဦးအောင်မောင်းက လှူကြီးပီပီဆုပေးလေ၏။ ကိုစမ်းရေက အခွင့်ရှိုက်-

"ဘယ့်နှယ်လဲ ကိုရှိ၊ ကျုပ် အခု ကုသိုလ်မရဘူးလားဗျာ"

ဦးမိုးရှိက ရယ်မောလျက်-

"ဟဲ ဟဲ ဟဲ မင်းက ချက်ကောင်းကိုမှတွယ်တာကိုး၊ ကုသိုလ်ရပါတယ်ဗျာ၊ ငါကလည်း ဆုတောင်းပေးပါတယ်…သာဓု…သာဓု…သာဓု ပါဗျား"

ဓမ္မမြူရေးစြဲအတွင်း သာဓုခေါ်သံများ ဝေသွားရလေသတည်း။ အကြောင်းစုံမသိသော ဦးအောင်မောင်းကမေးလေ၍ ကိုစမ်းရေကို အကုသိုလ်နှင့်အကျိုးပေးသည်ဟု ပြောစိသော ဦးဖိုးရှိက ပြန်ရှင်းပြလေသော်-

"အင်း…ငါ မြောက်ဘက်နယ်က အလှူတစ်ခုရောက်ဖူးတယ်ကွဲ့၊ အလှူကဝက်သားကျွေးအလှူ၊ ဝက်သားဘီးစပတ် (ဘီးဆံပတ်) တုံးကြီးတွေကျွေးတယ်၊ သူ့ကုသိုလ်ကို သာဓုခေါ်ပြီး အိမ်သာသွားချင်လာတာနဲ့ နောက်ဖေးထွက်လိုက်တော့ လား…လား…ဝက်တွေကို ရိုက်သတ်ထားတာ အတုံးအရုံးပဲဟေ့…၊ အသင့်သတ်ဖို့ ချည်ထားတာကတင် မြောက်ကောင်ဟ ငါတော့ စောစောသာဓုခေါ်မိတာကို ပြန်ပြီး ကြက်သီးထမိသွားသကွဲ့၊ အခု စမ်းရေတို့ ကျွေးတာ စားပြီး သာဓုခေါ်ရတာလောက် အရသာမရှိဘူး"

ဘာပဲပြောပြော အသားငါးရှားသောခေသတွင် ရိက္ခာအစိုဖြည့်တင်းနိုင်သော "အိုးငါး" သည် ကိုစမ်းရေတို့မိသားစုကို အကျိုးများစေသည်ကတော့ အမှန်ပါ။ ။

# ရာဇဝင်တွင် စာမတင်သည့်ဘုရင်

ကြက်အိပ်တန်းအောက်မှာ ဝါးကပ်ခင်းထားသည်။ ၎င်းကို ကြက်ချေးခံဟုခေါ်၏။ ကြက်ချေးခံကပ်ပေါ်ရှိ ကြက်ချေးများကို လှဲချရာ ဖြူမွေးသည့် အပ်ချည်သာသာ ကြက်မှကျသော သန်ကောင်တွေကို တွေ့ရ၍ ဝမ်းသာရပါသည်။

ကြက်များကို တစ်နှစ်နှစ်ကြိမ် သန်ချပေးရသည်။ သန်ကောင်ရှိသော ကြက်သည် နီမြန်းသော အမောက်က ဖြူဖက်ဖြူရော်ဖြစ်ကာ ကျုံ့လာပြီး အမွေးအတောင်တို့ ကုပ်လာ၏။ ကျန်းမာစဉ်ကလို စိုပြည်မနေတော့ချေ။ ထိုအခါ ဥနှုန်းကျဆင်းလာပါတော့သည်။ အတောင်အမွေးလည်း ချတော့၏။ (အတောင်အမွေးချသည်ဆိုခြင်းမှာ အတောင်အမွေးဟောင်းတို့ ကျွတ်ထွက်သည်ကိုဆိုလိုသည်) ထိုအခါ ကြက်ဥနှုန်းသည် ထက်ဝက်ခန့်လျော့တော့၏။ ကြာမြင့်ချိန် ရက်သတ္တသုံးပတ်ကျော်သည်နှို့ စီးပွားဖြစ်မွေးသူများ ဂရုစိုက်သင့်သောအချိန်တည်း။ ထို့ကြောင့် သန်ချပေးရပါသည်။

အခါတိုင်း၌ အရောက်တိုင်းသေသူများနှင့်သံချူရာ သေးကပြင်းလွန်းသည့်အတွက် ဥထွက်နှုန်း သုံးလေးရက်ခန့်လျော့ကျသည်။ (ကီးထရွက်၊

ကီး၍) ဆေးများကို လှနှင့်အရွယ်အစားအလွန်ကွာလှသော ကြက်များကို တိုက်ရသည်တွင် အချိုးအစားကိုက်ညီဖို့ အရေးကြီးသည်။ ထိုပြဿနာတို့ကို ဖြေရှင်းရန် ကိုစမ်းရေ ကြိုးစားကြည့်ရာ၌ နိုင်းကျွဲ၊ မိုင်းနွား၊ မြို့နွား၊ မွေးမြူရေးသင်တန်းမှ ပို့ချလိုက်သည်ကို ရုတ်ချည်းပင် သတိရမိတော့သည်။ ဆရာဦးရွှေလွင်က ပြောသည်ကား–

"တပည့်တို့ နို့ကျက်သားကို နွားနို့ဝယ်တိုက်လိုက်တာ ဝမ်းတွေ သွားလို့ တော်တော်ဆေးကုလိုက်ရတယ်ဆိုတဲ့စကားကို နေရာ တော်တော်များများမှာ ကြားဖူးကြမှာပေါ့၊ အေး...အဲဒါမှတ်ထား၊ တန်ဆေးလွန်တောတဲ့ မွေးမွေးချင်းမှာကို နွားကလေးက လူကလေးထက် လေးဆကြီးတယ်၊ အဲဒီနွားကလေးသောက်ဖို့ အနေတော်ထုတ်ပေးတဲ့ နွားနို့သည် လူကလေးသောက်သုံးရန် အနေတော်ဖြစ်ဖို့အတွက် ရေလေးဆရောမှ အနေတော်ဖြစ်လိမ့်မယ်၊ ဒီလိုမလုပ်ရင် အစာမကြေ နိုင်ဘူး"

ကြက်ကား လူထက်အဆများစွာငယ်၏။ ကိုစမ်းရေကတော့ ခန့်မှန်းအဆနှစ်ဆယ်ကွာခြားသည်ဟု တွက်ကာ ဆေးတိုက်ပါသည်။ ဥပမာ စထရပ်တိုမိုင်ဆင်ဆေးတစ်လုံးသည် လူတစ်ယောက်အတွက် အနေတော်ထိုးဆေးဖြစ်၍ ကြက်အကောင်နှစ်ဆယ်ကို ခွဲ၍ထိုးပေးရာ အနေတော်ဖြစ်ကြောင်းတွေ့ရပါသည်။

ယခု ဆရာကြီးဦးအောင်တင့်၏နည်းအရ မြန်မာသနပ်ချူဆေး စမ်းကြေးကြည့်ရာ အောင်မြင်ပေပြီ။ နည်းကား ကွမ်းသီးကို အမှုန့်ထောင်းပြီး ရေစိမ်တိုက်ခြင်းပင်။ ရေတိုက်ချိန်မှာ ညအိပ်တန်းတက်ခါနီးဖြစ်၍ သည့်အရင် တစ်နေ့ကုန်မတိုက်ဘဲ ရေအငတ်ထားရ၏။ သို့မှာ ထိရောက်ပါသည်။

ကြက်ချေးတွေကို လှည်းကျင်း၍ ခြံဝင်းထောင့်၌ ကျင်းဖွဲ့ကာ စုထားသည်မှာ လှည်းသုံးလေးစီးတိုက်ရှိနေပြီဖြစ်သည်။ အခါတိုင်း ကိုချေဦးကို ရောင်းနေကျဖြစ်သော်လည်း ဒီနှစ်တော့ ကိုယ်တိုင် ပဲမျိုးအသစ်ကို စမ်းသပ်စိုက်ကြည့်မည်ဖို့ မရောင်းတော့ပါ။ ကိုချေဦးကား ဂျပန်သခွားမွေးကို စကေများစွာ စိုက်သူဖြစ်၍ ကိုစမ်းရေထံမှ ကြက်ချေးမရသော် ကိုထွန်းဝေဇံဆီတော်ခြံမှ ဆိတ်ချေးဝယ်ပေလိမ့်မည်။ တစ်ခုတော့ရှိသည်။ ဆိတ်ချေးသည် ပေါင်းပင်ပေါက်တတ်သည်။ ဆူးပင်များဖြစ်တတ်၍ သတိထားရပါသည်။ သည်နှစ်တော့ ကြက်ချေးနှင့် စိုက်ပျိုးရေးလုပ်တော့မည်။

ကိုစမ်းရေ၏မိတ်ဆွေ ဦးဝင်းဖိုလ်သည် ကြေးမုံမျိုးသန့်ခြံမှ ဝန်ထမ်းဖြစ်ရာ သူ့အကူအညီဖြင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ထုတ်လုပ်သော ဇီတူး ခေါ် ကုလားပဲဖြူ အလုံးကြီးမျိုးစေ့ ရှစ်ပြည် (တစ်ခွဲသား)ရထားသည်။ သဲဆန်သည့် ကိုစမ်းရေတို့ပိုင်သော တမာပင်ကွက်နှင့်လိုက်ဖက်မည့် စိုက်နည်း၊ ပျိုးနည်းပါ သင်ပေးလိုက်၍ စိတ်အားထက်သန်နေပါသည်။

“တောင်သူတွေ မရဘူးပြောသည့်မြေကို ကုလားပဲမျိုးသစ် ဖြစ်အောင်စိုက်ထုံ” ဟူသည်မှာ ကိုစမ်းရေချမှတ်ထားသော သည်နှစ်အတွက် ဆောင်ပုဒ်ဖြစ်တော့သည်။

× × × × ×

ရာသီဥတုကား သာယာနေ၏။ မှုန်လင်းရာသီ အစပျိုးနေပြီကိုး။ ကိုစမ်းရေ၏အိမ်၌ တောင်သူများ နှီးနှောဖလှယ်ပွဲ အသေးစားလေး လုပ်နေကြသည်။ ဦးဖိုးရှိ၊ ကိုတင်အုပ်၊ ကိုကျော်စောနှင့် ကိုစမ်းရေတို့

သာဖြစ်၍ ဧည့်ခံကြိုဆိုနေရေတာဝန်ယူထားသော မဖြူနုက ဆီထမင်းနှင့် ငါးကြော်ကိုတည်ခင်းဧည့်ခံကာ အစည်းအဝေးကို ပုံပိုးရှာပေ၍ အနည်းငယ်စိုပြည်ပါသည်။ အစည်းအဝေးကို အားလုံးသဘောတူညီစွာ အသံတိတ် တင်မြှောက်ထားသော ဦးဖိုးရှိမှ သဘာပတိမိန့်ခွန်းကို-

"လုံးဝ မဖြစ်နိုင်ဘူး ထင်တယ်ကွ" ဟူ၍ စဖွင့်လိုက်ပြီးနောက်-

သူ့စကားကို စိတ်ဝင်စားမှုရှိမရှိ အကဲခတ်ရာ ဆီထမင်းနှင့် ငါးကြော်လောက် လောလောဆယ်နေရာမကျသေးကြောင်း သိရသည်နှင့် သူပါဖိုးခါးရေသောက်တော့မည်ဟု ဆုံးဖြတ်ကာ ငါးကြော်တစ်ကောင်ကို ကောက်ကိုင်၍ အမြီးမှစ (အညာစား) စားတော့သည်။ ကိုစမ်းရေ၏ မိတ်ဆွေကြီး ဦးနိုးသိန်း မြေမှုးသည်နှ-

"မင်းတို့ အညာသားတွေ ငါးမစားတတ်ဘူးကွ၊ ခေါင်းကိုင်ပြီး အမြီးကစ ဝါးတော့ အရိုးစူးမှာပေါ့၊ အရိုးပြောင်းပြန်စားတာကိုး" ဟု မြေမှုးသည်။ (ဒါလည်း ပညာပေးပဲဟူ၍ မှတ်သားဖူးပါ၏။)

"သဲဆန်တဲ့မြေမှာက ဂျုံစိုက်တာကောင်းတယ်၊ ပဲတော့ သွားပြီး မစိုက်လေနဲ့"

ငါးကြော်တစ်ကိုက်၊ ဆီထမင်းတစ်နှိုက်ကုန်သော်မှ သူ့အဖွင့် မိန့်ခွန်းကို နိဂုံးချုပ်လေတော့သည်။

ကိုစမ်းရေကား သူလုပ်ချင်ရာကို ဖွတ်လုပ်လေ့ရှိသည်နှင့်အညီ-

"သဲဆန်တဲ့မြေပေါ်မှာစိုက်လို့ အောင်မြင်နေတာကို တွေ့ခဲ့ရလို့ စိုက်မှာပါဆိုနေ ကိုရှိကလည်း"

သူ့အဆိုကို ဖွတ်ပင်တင်သွင်းလေတော့ရာ-

"ပဲကို မြှတ်စားလိုက်တာကမှ စိုက်သဲရောက်ဦးမယ်ထင်သကွဲ့"

ဦးတင်အုပ်က အဆိုကို ကန့်ကွက်လေ၏။ ကိုကျော်စောက-

"ဥပြုတ်စားတာထက်ဆိုးတော့မပေါ့ ကိုတင်အုပ်ရာ…"ဟု ထောက်ခံပြန်သည်နှင့် သဘာပတိဦးဖိုးရှိက အဆုံးအဖြတ်ပေးရင်း နိဂုံးချုပ်အမှာစကား ပြောကြားလေ၏။

"ကိုင်း မင်းဒီလောက် အားသန်နေရင်လည်း နိုက်ပေါ့ကွာ။ မနက်ဖြန် ငါ့သွားလည်းအားတယ်"

"ကျုပ်လည်း အားတယ်" ဟု ကိုကျော်စောက ပြန်ပြောပြီးသည့်နောက် အစည်းအဝေးရုတ်သိမ်းလိုက်၏။

× × × × ×

တန်ဆောင်မုန်းလဆန်းဖြစ်၍ မိုးလေကင်းလွတ်ကာ ကောင်းကင်ကြီးကား ပြာနှမ်းနေ၏။ တိမ်ဆို၍ ကြက်မတစ်ဝပ်စာမျှ မရှိသည်မို့ နေမြင့်သော် အလွန်ပူသည်။ ထို့ကြောင့် လှံ့လနိုက်ကာ စောစောထွန်ကြ၊ နိုက်ကြရ၏။ အခင်းတိုင်းလိုလိုပင် နွားပေါက်သံတို့ ဆူညံနေပေသည်။

ဦးဖိုးရှိနှင့် ကိုကျော်စောတို့နှစ်ယောက်သား ခြောက်သွားထွန်မြင့် ထွန်ယက်နေကြ၏။ စောစောရက်များက လှည်းနှင့်တိုက်၍ ချထားသော ကြက်ချေးပုံများလည်း မြေနှင့်ရောစမ်းပြီးသမသွားလေပြီ။ "တစ်ဇကာ မတ်တင်း"ဟု ခေါ်ကြသော ဒသမ ခုနစ်ဆယ် (၀.၇၀) ဧကသာရှိ၍ ခြောက်သွားထွန်နှင့် သုံးစပ်ရအောင် မွှေနိုင်ကြသည့် အချိန်ကိုက်ပင် မဖြူနု၏ ထမင်းတောင်းလည်း ရောက်လာပါပြီ။ ရွားပင်ရိပ်၌ ထမင်းတောင်းချပြီးသော်-

"ထမင်းစားကြမယ်ဗျို့"

ကိုစမ်းရောက ထွန်နေသူများသက်လှည့်ကာ အော်လိုက်ပြီး မဖြူနုနှင့်အတူ ထမင်းပွဲပြင်တော့၏။ ထမင်းတောင်းထုပ်လာသော

ပုဆိုးဟောင်းကို မြေတွင်ဖြန့်ခင်းလိုက်ပြီး ထိုအပေါ်တွင် ဟင်းချိုင့်များ အဆင့်ဖြုတ်၍ တည်လိုက်သည်။ ဟင်းကား ငါးခူစပ်းကောဆီပြန်၊ ကုလားပဲဟင်း၊ ကြက်ဥကို မန်ကျည်းသီးမှည့်ရေတဲသီးတို့နှင့် ချဉ်စပ် ချက်ထားသည်တို့ပါလေ၏။

ထွန်စီးသူတို့ကား ဝမ်းချောင်နေ၍လော၊ ဟင်းစပ်တည့်၍လော မသိ။ နဂိုကပင် အစားကြီးသော ကိုစမ်းရေနှင့် လက်ရည်တူနဲ့ကြ လေတော့ရာ နို့ဆီဘူးလေးလုံးချက်သော ထမင်းအိုးကျွတ်လေသည်။

လက်ဖက်၊ ကွမ်း၊ ဆေးတို့နှင့်အယန်းမြေပြီးသော် ဦးဖိုးရိုကလည်း သူလှည်းပေါ်ပါလာသော စိုက်ထွန်ကိုချ၍ပြင်ဆင်တော့သည်။

ကိုစမ်းရေလည်း ပီနံအိတ်ခွံနှစ်ခု မြေတွင်ဆက်၍ခင်းပြီး ကုလားပဲ မျိုးစုများပုံလိုက်ကာ ထမင်းရည်၊ သကြား အနည်းငယ်နှင့် ပဲမြစ်ဖု ဇီဝမြေဩဇာတစ်ထုပ်နှင့် သမအောင်မွှေလေတော့သည်။

"အဲဒါက ဘာတွေတုန်းဟ"

ကိုကျော်စောက အားနေသူပီပီ ကိုစမ်းရေ အနားလာ၍ မေးရ လေ၏။

"ဒါက ပဲမြစ်ဖု ဇီဝမြေဩဇာလေ၊ သူက ပဲမြစ်မှာမှီနေပြီး အစာစားတယ်၊ အစာချက်ပြီး အညစ်အကြေးစွန့်ထုတ်တယ်၊ အဲဒါကြောင့် ပဲမြစ်တွေဟာ နိုက်ထရိုဂျင်ရပြီး အမြစ်တွေရှည်တယ်၊ သန်တယ်လေ၊ အမြစ်ခွဲအောင် ဇီဇီဝမြေဩဇာကို သုံးတာပေါ့ဗျာ··· ဒါတွေက ဘတ်တီးရီးယားပိုးလေးတွေပေါ့ ကိုကျော်စောရ"

ကိုကျော်စောကလည်း ခေတ်ပညာတစ်ယောက်ဖြစ်၍ သဘော ပေါက်လွယ်ပါသည်။

"ဪ···သဘောပေါက်ပြီ၊ ထမင်းရေနဲ့သကြားထည့်တာက သူတို့အတွက် အစာထည့်တာဖို့လား"

“မှန်တာပေါ့ဗျာ၊ ပဲမြစ်မရှည်ခင် သူတို့အတွက် အစာလည်း ဖြစ်တာပေါ့၊ ဒါတင်မကဘူးဗျ၊ ပဲစေ့ကို ဘတ်တီးရီးယားပိုးတွေ ကပ်ပါသွားအောင်လည်း ကူညီပေးတယ်ဗျ”

ကိုကျော်စောကား သိပ်ဘဝင်မကျသေးပုံဖြင့်-

“အပင်ကြီးတော့မှ အမြစ်ကိုနုတ်ကြည့်ဦးမယ်၊ ဒါနဲ့ မင်းဒီစိဝ မြေဩဇာက ဘယ်ကရလာတာတုန်း”

“ကြေးမုံမျိုးသန့်ခြံက တစ်ခါတည်းဝယ်လာတာလေ၊ အရင် ကျွပ်တို့သမဆိုင်မှာ ရောင်းသေးတယ်၊ တောင်သူတွေ သုံးရကောင်းမှန်း မသိကြဘူးထင်ပါရဲ့…မဝယ်ကြလို့ ဒီအတိုင်းပျက်ကုန်တာချည်းပဲ”

“ပြီးပြီလားဟေ့ နိုက်ရအောင်”

ဦးဖိုးရှိ အော်သံကြား၍-

“နိုက်ရုံပဲရှိ”

ထွန်သွားလေးချောင်း တပ်ထားသော နိုက်ထွန်ကို ကိုရှိက မောင်း၍ ကိုစမ်းရေက လွယ်အိတ်နှစ်လုံး ဘယ်ညာသိုင်းလွယ်လျက် ထွန်နောက်မှလိုက်ကာ နိုက်ခွက်အတွင်းသို့ ပဲစေ့များကို မြေလှမ်းနှင့် ချိန်၍ချပေးရလေ၏။

“မင်းက ဒါလည်းဖြစ်တာပဲနော်”

“တောသားပဲ ကိုကျော်စောရယ်…တောအလုပ်ကို တတ်ထား ရတာပေါ့ဗျာ”

ကိုကျော်စောကို သတိပေးသလို ဖြစ်သွားစေသည့်စကားပင်။ သူသည် ယခုမှထွန်စီး၊ လှည်းမောင်းတတ်ကာစ ရှိသေးသည် မဟုတ်ပါလား။ နေ့လယ်ဆယ့်နှစ်နာရီထိုးသော် နိုက်ပျိုး၍ပြီးလေပြီ။

× × × × ×

"အပင်ပေါက်တွေကတော့ တယ်ပြီးမာန်ကောင်းသပေါ့၊ အိုးပစ်မကျွဲ"

ကိုစမ်းရေကာ ပခင်းထဲရှိ ထောက်ခွရွက်တွေကို ပေါင်းပင်အဖြစ် လိုက်နုတ်နေရာသို့ ဦးတင်ချပ်ရောက်လာပြီး ကုလားပဲဖြူ (ဗိတူး) စိုက်ခင်းကို ကြည့်ကာပြောလေ၏။ ကိုစမ်းရေက နောက်လှည့်မကြည့်ဘဲ ပေါင်းနုတ်ရင်း ပြန်စကားပြောရသည်။

"အခု တောင်တောကြီးမှာ ဘာစိုက်ထားတုန်းဗျ"

"တို့တော့ ကုလားပဲရိုးရိုးပေါ့ကွယ်...မင်းအခြေအနေကြည့်ပြီးမှ နောက်နှစ်တော့ ဗိတူးစိုက်ရမှာပေါ့၊ အခုတိုင်းဆိုတော့ ပဲစွဲသားပဲကွ၊ သီးလာရင်တော့ ဘယ်လိုနေမလဲမသိဘူး၊ အပင်အနေအထားကတော့ ရိုးရိုးကုလားပဲထက် သာတယ်ကွယ့်"

ကိုစမ်းရေလည်း အပင်ပေါက်စ၌ ကျိုးတို့ကျဲတဲသာရှိ၍ "ဟုတ်ပါ့မလား" တွေးကာပူခဲ့ရသည်။ ယခုတော့ စိုက်ခင်းထဲ အိုးပစ်လျှင်တောင် မကွဲအောင် ပြည့်သိပ်သွားပါပြီ။ ပေါင်းနုတ်ထားသော ထောက်ခွပင်များကို ပုဆိုးဟောင်းနှင့်စုထုပ်လိုက်စဉ်-

"အင်း...မင်းကတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့လေ၊ ကြက်စာလည်းရပြီးသား ဖြစ်ရောလဟ"

"ထောက်ခွရွက်က နူးညံ့လို့ကြက်တွေပိုစားတယ်၊ ဒါပေမဲ့ ကျွပ်အထင် ကြက်ဥအနှစ်အရောင်က စိမ်းဖန့်ဖန့်ဖြစ်ပြီး နည်းနည်း သက်တဲ့အရသာဖြစ်လာတယ်ဗျ"

"ကြက်ဥကိုယ်က အစာဥဆိုတော့ အစာရဲ့အာနိသင်တော့ ပါမှာပေါ့"

"ဒြော် ဒါနဲ့ ခင်ဗျားတို့ ကုလားပဲခင်းကို ရွက်ဖြန်းဆေးတွေ ဖြန်းသလား"

ဦးတင်အုပ်က ကွမ်းကိုတွေးထုတ်ပစ်လိုက်ပြီး

"ဦး တို့ကတော့ ပုလဲ (ယွန်းယား) နှီးဆီတစ်ဘူးကို ဆေးမြီးပုံနဲ့ ချော်ပြီး ဖျန်းပေးတာပဲကွ မင်းကရော"

ကိုစမ်းရေက ရှင်းပြပါ၏။ တောင်သူတွေသည် မြေဆီဓော် ဓာတ်မြေဩဇာသာ ဝယ်သုံးကြ၏။ သဘာဝမြေဩဇာ အသုံးပြုမှု နည်းလှသည်ကိုး။

နွားချေးတစ်ကီလိုဂရမ်ကို နွားသေးတစ်လီတာ၊ ထန်းလျက် တစ်ဆယ်သားနှင့် ဖောက်ထားပြီးသော နောက်ရက်တွင် ရေလီတာ နှစ်ရာနှင့်ရော၍ အခင်းကိုပက်ဖြန်းပေးပါက ဩဂဲနစ်မြေဩဇာအဖြစ် အလွန်ကောင်းပြီး စရိတ်နည်းကြောင်းကို ကိုစမ်းရေက စိတ်ရှည် လက်ရှည်နှင့်ရှင်းပြရပါသည်။ ဦးတင်အုပ်ကိုယ်တိုင်က ဆယ်တန်း မအောင်သော်လည်း နှစ်ကြိမ်တိတိဖြေဖူးသည်။ သို့သော် မိရိုးဖလာ အစွဲအနည်းငယ်ရှိပေ၍ ခေတ်နောက်ကျသလိုဖြစ်နေ၏။ ကျောင်း၌ သင်သော သင်ခန်းစာတို့သည်ကား လက်တွေ့နယ်ပယ်တွင်မူ အသုံးချရန် အမြင်ခွင်မကျဖြစ်နေပုံရပါသည်။ ကိုစမ်းရေ မှတ်မိသေး တော့သည်။ ရန်ကုန်မြို့တွင်နေထိုင်သော ခွေးလေးအရီးသည် သူ့သားသမီးများကို ကျောင်းစာမှလွဲ၍ မဂ္ဂဇင်း၊ ဂျာနယ်ပင် ဖတ်ခွင့် မပြုချေ။ သူ့သားသမီးများကား ဘွဲ့ကိုယ်စီရပေလည်း သုံးစား၍မရ သော 'လဒ္ဓ'တွေဖြစ်သွားကြရှာလေသည်။ ဆရာကြီး ဒေါက်တာ သန်းထွန်းက ဆိုဖူး၏။

"ဟိန္ဒူတွေလုပ်တဲ့ မုန့်ထဲမှာ လဒ္ဓုဆိုတာရှိတယ်၊ ပြောင်းဖူး အမှုန့်ကို သကြားနဲ့နယ်ပြီး ထောပတ်နဲ့ကြော်ထားတာ အမယ်ကောင်း တွေပါရဲ့နဲ့ စားလို့မကောင်းဘူး၊ ဒါကြောင့်မို့ ပညာတွေသင်ပါရဲ့နဲ့ ဘာမှမတတ်တဲ့သူတွေကို ငါက လဒ္ဓုလို့ ခေါ်တယ်"

ဦးတင်အုပ်ကား လဒူမဟုတ်ပါ။ ချက်ချင်းသဘောပေါက်၍-

"ငါလည်း နက်ဖြန် မင်းပြောသလို ဩကဲနှစ်နည်းသုံးမယ်ဟေ့"

ကိုစမ်းရေကား ဦးတင်အုပ်ကို ကြားလွှယ်နားလွယ်သူတစ်ယောက် ဆိုကာ လေးစားရပါ၏။ အမှန်ဆိုသော် အတန်းပညာ၌ ဦးတင်အုပ် လောက် သူမတတ်ပါ။ အကျိုးပြုစာတွေ အဖတ်များသလို 'ကောင်းနိုး ရာရာ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်' ဆိုသည့်ဆုံးမစာကို လိုက်နာသဖြင့် လက်တွေ့အကျိုးခံစားရသည်ဟု ရဲရဲပြောဝံ့ပါသည်။

"သွားဦးမယ်ကွ၊ ကြာရင် နေပူမိမယ်"

ဦးတင်အုပ်၏နောက်ကျောပြင်ကိုကြည့်လျက် ပြောင်းလွယ်၊ ပြင်လွယ်ရှိသူတစ်ယောက်ပေကားဟု ပီတိဖြစ်ရသူကား ကိုစမ်းရေ တည်း။

× × × × ×

ခိုက်ချိန်ပြီးစီးသွားချိန်ဖြစ်၍ ကိုစမ်းရေတို့အိမ်တွင် လူစည်နေ၏။ တောင်သူတို့ 'ထွန်တုံးပိတ်ချိန်' အားလပ်ရက်ဖြစ်သွားသည်မို့ ကိုစမ်းရေတို့အိမ်တွင် စုဝေးနေကြသည်ဖြစ်ပါ၏။ လူငယ်အချို့နှင့် တောင်သူဦးစီးတို့ကား သတင်းဖလှယ်ရာဌာနအနေဖြင့် လာကြခြင်း ဖြစ်ပေသည်။

"ဟေ့ စမ်းရေ…မင်းစိုက်ခင်းက အသီးတွေပြွတ်နေတာပေါ့၊ အခင်းစောင့်ရလိမ့်မယ်ထင်တယ်"

"ကိုဖိုးရှိအခင်းကို ကုလားပဲရွက်ခူးတဲ့ ကောင်မလေးတွေ ဝင်သွားကြတယ်နော် ဂရုစိုက်ဦး"

"ဦးတင်အုပ်တို့ နောပင်ချောင်းနားမှာ နွားကျောင်းသားတွေ စက်ကျနေတယ်ဗျ"

စသော တောင်သူတို့နှင့်ဆိုင်ရာ သတင်းဖလှယ်သည့် ဌာန သဖွယ်ဖြစ်နေပါသည်။ အဘယ့်ကြောင့်ပါနည်း။ အဓိကစာတ်လိုက် ဖြစ်သော ကိုကျော်စောတစ်ယောက် အမြဲလိုလိုရှိနေသောကြောင့် လာကြခြင်းဖြစ်တော့သည်။

လူငယ်တွေကား မန္တလေးနှင့်မြို့ကြီးတော်တော်များများရောက် ဖူးသော ကိုကျော်စောထံမှ အာဝဇ္ဇန်းရွှင်ရွှင်နှင့်ပြောသည်ကို ကြားချင် ကြ၍ လာကြသလို ဦးဖိုးရို ဦးတင်အုပ်တို့ကတော့ အလုပ်နှင့်ပတ်သက်ပြီး လာကြခြင်းဖြစ်ပါ၏။

ဦးတင်အုပ်က–

"စမ်းရေပြောတဲ့အတိုင်း ဩဂုံနှစ်ရွက်ဖြန်းဆေးက ဟန်ကျ တယ်မောင်၊ ပြီးတော့ ပိုးပါသတ်ပြီးသား ဖြစ်သွားသလိုပဲ ပိုးမကျ တော့ဘူးကွဲ့"

ဦးတင်အုပ်စကားကို စိတ်ဝင်စားကြသည်နှင့် တစ်ယောက် တစ်ပေါက်မေးကြလေ၏။ ဩဂုံနှစ်ရွက်ဖြန်းဆေးအကြောင်းကို ဦးတင်အုပ်မှပင် ရှင်းပြရလေ၏။ လူငယ်လူကြီးအားလုံး စိတ်ဝင်စား ကြပါသည်။ နောက်နှစ်တွင် တစ်ရွာလုံးအတိုင်းအတာအနေဖြင့် ပိုတက်ရှိ၊ ယူရီးယား၊ တီဆူပါစသော ဓာတ်မြေဩဇာဝယ်ယူစရိတ် သိန်းဂဏန်းသက်သာသွားမည်ဆိုပါလျှင် သူတို့ရေရွေးကြမ်းဝိုင်းမှ စကားတို့ အပေါသက်သက်မဖြစ်တန်ရာ။

"စောစောက ပိုးရှိပြောတာဟုတ်တယ် စမ်းရေ၊ မင်းပဲခင်းကို ထွက်ကောင့်ကြည့်၊ အသီးတွေမြွတ်ခဲနေတာ ပြီးတော့ အလုံးကြီးတွေနဲ့ လူတွေစိတ်ဝင်စားနေကြတယ်လေ၊ နွားကျောင်းသားတွေ လက်ချက် လားမသိဘူးမောင်၊ အကွက်လိုက်နုတ်ပြီး မီးဖုတ်စားထားတဲ့ အရာတွေပါတွေ့တယ်၊ စောင့်ရင် စောင့်၊ မစောင့်ရင် ကုန်မှာပဲ"

ကိုစမ်းရေက ဦးတင်အုပ်ပြောသည်ကို ပြုံးပြီးနားထောင်နေ၍ မဖြူနုက မျက်စောင်းတစ်ချက်ထိုးကြည့်လိုက်သည်။ သူယောက်ျားနှင့် ထိုကိစ္စကို ညကပြောဆိုပြီးခဲ့သည်တွင် အံ့ဩလောက်သော ကိုစမ်းရေ၏ သဘောထားကို သိရ၍ စိတ်တိုမိရ၏။ အခုလည်း သူထင်ထား သလို တွေးမြင်ထားသည်ကို လူပုံအလယ်မှာ ပြောတော့မည်ထင်ရဲ့ဟု မျက်စောင်းကြီး ကြိုတင်ထိုးထားလိုက်သည်။ ထင်သည့်အတိုင်းပင် ကိုစမ်းရေကပြော၏။

"ပြင်သစ်ပြည် လူဝီဘုရင်လက်ထက်မှာ အမေရိကတိုက်က အာလူးမျိုးတွေယူလာပြီး လယ်သမားတွေကို အစိုက်ခိုင်းတော့ ငြင်းကြသတဲ့။ လူဝီဘုရင်က ဘာလုပ်လိုက်သလဲဆိုတော့ ကျွန်ုပ်တွေးစိုက် သလိုနေမှာပေါ့ဗျာ၊ သူပိုင်တဲ့စိုက်ခင်းထဲမှာ အာလူးစိုက်တယ်၊ မော်ကာနီးမှာ စစ်သားအစောင့်တွေချထားသတဲ့၊ ထူးခြားမှုက ဘာလဲ ဆိုတော့ စစ်သားအစောင့်တွေကို နေ့မှာသာ စောင့်ခိုင်းပြီး ညဘက် ကျတော့ အစောင့်မရှိဘဲ ထားခိုင်းသတဲ့ဗျ"

ကိုစမ်းရေကား အာခေါင်ခြောက်လာ၍ ခဏစကားရပ်ကာ ရေနွေးတစ်ခွက် ငှဲ့သောက်လေ၏။ မစောင့်နိုင်လောက်အောင် စိတ်ဝင်စား နေကြပြီဖြစ်သော ဦးဖိုးရှိုက-

"အဲဒီလို ပစ်ထားတော့ ဘာဖြစ်သတုန်း"

"အဟင်း ဟင်း ဘာဖြစ်လိမ့်မတုန်း ကိုရှိုရဲ့၊ အာလူးတွေကို နီးရာလူတွေက မော်ယူသွားလို့ တစ်လုံးမှမကျန်တော့ဘူးတဲ့ဗျ"

"အဲဒီတော့ မင့်ဝီတူးခင်းကိုလည်း တစ်ရေမှမကျန်ရင်နေပစေ၊ ပစ်ထားမယ် ဒီလိုလား"

ကိုစမ်းရေကား ရယ်လေ၏။ ဦးဖိုးရှိနှင့်ဦးတင်အုပ်ကား မျက်မှောင်ကြီးတွေကြုတ်လျက် ကိုစမ်းရေကိုကြည့်နေကြသည်။ ယနေ့ ကလေးတွေပြောနေကြသလို ဒီကောင်စာဖတ်ပြီး "ဂေါက်"သွားပြီလား ဟု တွေးနေကြ၏။ ခဏနေမှ အရယ်ရပ်၍-

"ကျုပ်တို့ရွာက ကလေးတွေ ဒီလောက်မဆိုးဘူးဆိုတာ သိကြမှာပဲဗျာ…သူတို့စိတ်ထဲမှာ စူးစမ်းချင်လို့ နှုတ်ကြည့်ကြတာပေါ့၊ လူ့ဘီဘုရင်ရဲ့ လုပ်ဆောင်ချက်က အမိန့်နဲ့နိုင်းရင်ဖြစ်နိုင်ပေမယ့် ပြည်သူတွေ ဆန္ဒသာ အဓိကကျတယ်ဆိုပြီး "ဆိုက်ကို"စစ်ဆင်ရေး လုပ်လိုက်တာ အောင်မြင်သွားတယ်လေ၊ ပြင်သစ်ပြည်သူတွေ အဲဒီက စပြီး အာဟာရဓာတ်နိုးမြင့်တဲ့ အာလူးကိုစိုက်ကြတာ အခုထိဆိုပဲဗျ"

ဦးတင်အုပ်က မျက်မှောင်ကြုတ်လျက်ပင် မေးလေ၏။

"အဲဒီတော့ မင်းက ရှင်ဘုရင်စိတ်ဝင်ပြီး ရှင်ဘုရင်လိုလိုက်လုပ်မယ်ပေါ့"

သူကကားနားထောင်၍ ကိုစမ်းရေကိုအထင်လွဲနေပြီဟု သိရသဖြင့် သဘောပေါက်စေရန် မည်သို့ရှင်းပြရကောင်းပါမည်လဲဟု စဉ်းစားနေနိုက် မပြုနုက-

"ကိုတင်အုပ် မှန်နဲ့ကျုပ်သွားစောင့်မယ်၊ ဘယ်နှယ်တော်… နိုက်မျိုးထားပြီးလို့ ပါးစပ်ပေါက်နားရောက်ကာမှ ပစ်ထားရမယ်လို့ ကျုပ်ယောကျ်ားက ဂေါက်တောက်တောက်ရယ်။ ညကတည်းက ဒီစကားကိုပြောနေတာလေ၊ ဟုတ်မှဟုတ်ရဲ့လားမသိပါဘူး၊ သူ့အဆင့်နဲ့ ဘုရင်ကိုတုလို့၊ ဟိုဘုရင်က လူ့ဘီ၊ ဒီက လူပလီဘုရင်"

မြတ်စွာဘုရား ကိုစမ်းရေကား ထီးမဲ့နန်းမဲ့ ဘုရင်ဖြစ်နေပါလား။ သမီးငယ်နှစ်ယောက်ကား မိခင်ဘေးမှထိုင်ကာ ထမင်းကြော်စားနေရာမှ သံပြိုင်ပင် အိသိတ်သွင်းပေးကြလေသည်။

"လူပလီဘုရင်၊ လူပလီဘုရင် မောင်း...တို့မေမေက လူပလီဘုရင်"

ဩော် နားလည်မှုလွဲကြလေခြင်းကွယ်ဟု သက်ပြင်းချလိုက်ရုံကလွဲလို့ ကိုစမ်းရေကော ဘာများတတ်နိုင်ပါမည်နည်း။ သို့သော် နောက်နှစ်များတွင် တစ်ရွာလုံးဗိုတ်ထူးစိုက်ကြသည်မှာ ယနေ့ထက်တိုင် ဖြစ်တော့သည်က ငြင်းမရပါချေ။ ။

## အဓမ္မ

"ဟော့ ရှင်မွေးလွှန်း၊ နေကြာပုတ်တဲ့အရွဲက မနည်းပါလားဟ၊ ဘယ်ရွာက သွားခေါ်လာတာတုန်း၊ အံမယ် မျက်နှာပေါက်ရှင်လေးတွေနဲ့ ပါလား၊ ဩော်…အိမ်တွင်းစက်မှုလက်မှုဌာနက ထုတ်တဲ့ပစ္စည်းလေး တွေချည်းကိုး၊ ကောင်းတယ်ဟေ့၊ သားသမီးများတာက မိုးနေကြာနဲ့ တော့ အံကိုက်ပဲ"

ဦးတင်အုပ်သည် သူငယ်ချင်းလည်းဖြစ်၊ ယောက်ဖလည်း တော်စပ်သေးသည့် ဦးဖိုးရှိအိမ်သို့ အလည်လာနေကျဖြစ်သည်။ သူက ပျော်တတ်သူတစ်ယောက်ဖြစ်၍ နှမဝမ်းကွဲတော်သေးသော မနီကို ခရီးရောက်မဆိုက် (မျက်စိထဲတွေ့ရာများကို) ရယ်စရာလုပ်၍ တန်းစီပြီး စလိုက်၊ နောက်လိုက်ခြင်းဖြစ်ပါ၏။ သို့သော် သူပြောသွားသည်မှာ အမှန်တရားတွေချည်းပဲမို့ ကာယကံရှင်များ စိတ်မဆိုးကြပါ။

သားသမီးတစ်ကျိပ်နှင့်တစ်ယောက်မွေးသော မနီကို ရှင်မွေးလွှန်း ဟုခေါ်ခြင်းအား သူ့နှမမနီက စိတ်မဆိုးရှာပါ။ ပြီးတော့ နေကြာပွင့် များကို တုတ်ချောင်းနှင့်ကိုယ်စီရိုက်ပုတ်လျှက် အစေ့ထုတ်နေကြကုန်

သော ကြီးစဉ်ငယ်လိုက် မျက်နှာဆင်တူကလေးများအားလုံးသည် ဦးဖိုးရို၊ ဒေါ်နီတို့၏ ရင်သွေးရတနာများဖြစ်တော့သကိုး။ သူတို့ လင်မယားက သင့်မြတ်လွန်းလှ၏။ စိတ်ဆိုး၊ ရန်ဖြစ်သည်ပင် မကြားဖူးပေ။ ထို့ကြောင့်လည်း-

"မင်းနဲ့တာကြီးကော…ဟုတ်ပေါင် ဟိုကောင်ကြီးရော"

"တော့လူကြီး မီးဖိုထဲမှာ အိုးသူကြီးလုပ်နေလေရဲ့"

မနီက ရင်ခွင်ထဲမှကလေးအငယ်ဆုံးလေးကို နို့တိုက်ရင်းနဲ့ နေကြာပုတ်နေရာက ဦးတင်အုပ်ကို ပြန်ဖြေ၏။ လှည်းနှစ်စီးတိုက်မျှရှိသော နေကြာပုံကြီးတစ်ပတ်ပြည့်အောင် ကြီးစဉ်ငယ်လိုက်ထိုင်နေသော ကလေးအားလုံးကို ဦးတင်အုပ်ရေတွက်ကြည့်ရာ ရှစ်ယောက်ရှိသည်။ ရင်ခွင်ထဲက ကလေးဆိုလျှင် ကိုးယောက်။ မြို့တက်၍ အလုပ်လုပ်နေသော အကြီးနှစ်ကောင်ဆိုသော် ဆယ့်တစ်ယောက်။ 'သီးတိုင်းတင်သည်' ဟု ပြောရပါမည်။ ရွေးသမျှ အဓိတ်အစင် မရှိရေ။ 'နာမည်မပေးတတ်တာနဲ့ ကြီးစဉ်ငယ်လိုက်အမှတ်စဉ် ထိုးထားရသကွဲ့' ဦးဖိုးရိုက ရယ်စရာလုပ်၍ပြောဖူးသည်လေ။

ထိုသို့ မိသားစုအင်အားကောင်း၍လည်း မိုးနေကြာလုပ်နိုင်တာ ဖြစ်၏။ ရှင်းပါမည်။ မိုးဦးမိုးလယ်တွင် နေကြာစိုက်ရသည်မှာ အလွန် ကရိကထများ၏။ မွှင့်အာစမိုးမိသော် ဝတ်မှုံမကူးနိုင်သဖြင့် အစေ့မအောင်တတ်သလို မိုးလွတ်လေလွတ်၍ အစေ့အောင်ပြန်ပါလည်း ရိုးယူခါနီးတွင် မိုးနှင့်တိုးပါက အပင်ပေါ်၌ပင် အညှောက်ထွက်ကာ ပျက်သွားပြန်သည်။ အပင်အားယူခါစမှာတော့ မိုးလိုပြန်ရော။

သို့ကလို မိုးကလိုသလိုရွှာပေး၍ အောင်မြင်သောနေကြာပွင့်များ ရိုးယူပြီး အိမ်ရောက်အောင်သယ်ပြီးသည်နှင့် စိတ်မအေးရသေး။

အပွင့်ကို အမြန်အစေ့ထုတ်ပြီး ခြောက်သွေ့စေရန် နေလှန်းရဦးမည်။ နေလှန်းစဉ် လူတစ်ယောက်ကစောင့်လျက် စာမောင်းနေရသည်။ စာကလေးတို့သည် နေကြာစေ့ကို အလွန်နှစ်သက်၏။ ရံဖန်ရံခါ နို့နှင့်ကျီးတို့ကပါ ဝင်တွယ်တတ်သေးရာ လူစောင့်မရှိလျှင် ဖျာသာ ကျန်ရစ်တတ်သည်လေ။

မိုးတွင်းနေကြာကား အလွန်လက်ဝင်သဖြင့် တောင်သူတိုင်း မစိုက်နိုင်ကြ။ တစ်ချို့က မိုးနေကြာကို မောနေကြာဟု ခေါ်ကြသည်။ အလွန်မောရသော နေကြာပေတည်း။

"ကလေးတွေ ထမင်းစားကြမယ်ဟေ့"

မီးဖိုထဲရှိ ဦးဖိုးရှိ၏အသံထွက်လာသော် နေကြာပုတ်နေသော ကလေးတို့ ဖျားအုံတုတ်နှင့်ထိုးသလို လှုပ်လှုပ်ရွရွဖြစ်သွားရသည်။ ရေအိုးရှိရာသွား၍ လက်ဆေးကြပြီးလျှင် ထမင်းစားပွဲသို့ ကြီးစဉ် ငယ်လိုက်ဝင်ထိုင်ကြရာ လေးပေအချင်းရှိသော ထမင်းစားပွဲကြီးနှင့် ပြည့်သွား၏။ ခရမ်းသီး၊ ပဲသီး၊ အာလူးရောရာချက်ထားသည်တစ်ခွက်၊ မန်ကျည်းရွက်ချဉ်ရည်တစ်ခွက်၊ ငါးပုတ်သင်ခြောက် အကောင်သေးသေး လေးများကို ကြော်ထားသည်က တစ်ခွက်၊ ပေါင်းသုံးခွက်ဖြင့် စားကြ သောက်ကြသည်မှာ အလှူပေးနေသကဲ့သို့ရှိတော့သဖြင့် တစ်ခါက တစ်စိမ်း(သူစိမ်း)ကလေးနှစ်ယောက် အထင်မှားကာ ဝင်စားဖူးသည် ဆို၏။ ခေါင်းတညိတ်ညိတ်လုပ်လျက်ကြည့်နေသော ဦးတင်အုပ်က-

"ဒါကြောင့် ရွာထဲက ဖိုးရှိကို လူချမ်းသာလို့ ခေါ်တာကိုးဟ"

ကလေးများစားနေသည်မှာ ဆူညံခြင်းမရှိပေ။ အကြီးများက ငယ်သူတို့ပန်းကန်ထဲသို့ ဟင်းများကော်ထည့်ပေးနေရင်း ညီညာဖျဖျ စားကြကုန်၏။

"ခွန်းနဲ့ပန်းကန်တွေကိုတော့ ထမင်းနဲ့အရောင်ကွဲပါစေကွယ်၊ အတူတူပဲထင်ပြီး စားပစ်လိုက်ပါဦးမယ်"

ဦးတင်အုပ်၏စကားကို ဦးဖိုးရှိကလည်း အားကျမခံပင်-

"ငါ့ကလေးတွေက ပါစက တောစောအားကောင်းတယ်ကွ၊ ခွန်းတွေ၊ ပန်းကန်တွေ မှားစားမိတာတောင် အစာကြေမှာ သေချာတယ် မောင်၊ တစ်နေ့သီက အိမ်ရှေ့မှာအော်ရောင်းတဲ့ အစာကြေ၊ လေနိုင်ဆေး ရောင်းသူ အသံကိုကြားရုံနဲ့တင် ထမင်းတစ်နပ်ပိုစားလို့ ကြာရင်စက်ရ ချည်ရဲ့ဆိုပြီး လျှက်ဆားသည်ကို ဆဲလွှတ်ရသပ"

"ဟား ဟား ဟား ဟား"

စားသောက်ပြီးသော ကလေးတို့သည် သူတို့အစီအစဉ်နှင့်သူတို့ ပင် ပြင်ဆင်ပြီး ကျောင်းသို့သွားကြလေရာ အိမ်တွင် မနီ၏ရင်ခွင်၌ အိပ်ပျော်နေသော သားအငယ်ဆုံးလေးနှင့် သူ့အထက် နို့ညှာကောင်သာ ကျန်တော့၍ ရုတ်ချည်းပင်ငြိမ်ကျသွားတော့၏။ ဦးတင်အုပ်က-

"ဟော့ မင်းတောမထွက်ရဘူးလားကွ"

"နေကြာမျိုးပြီးသွားတော့ ထွက်စရာမလိုတော့ဘူးလေကွာ"

"အေး စမ်းရေတို့ အိမ်ဘက်အလည်သွားမလို့ မင်းလိုက် မလား"

"ခဏစောင့်ကွာ နွားစာထည့်ခဲ့ဦးမယ်"

ဦးဖိုးရှိသည် အစေ့ထုတ်ပြီး နေကြာပွင့်ဖတ်များကို လက်ဖြင့် အနေတော်ချိုးချ၍ကာ တောင်းတွင်ထည့်၍ နွားတွေစားနေသော စားကျင်း တွင်ထည့်ကျွေး၏။ ပြီးသည်နှင့် နေကြာစေ့များကို တာလဘတ်စ (တာပေါ်လင်စ)ခင်းကာ နေလှန်းလိုက်ပြန်သည်။ နေလှန်းထားသော နေကြာစေ့များအေးမှရှိလျှက် ကက်ဆက်ခွေတိပ်ကြိုးအပျက်များကို

ငုတ်ရိုက်၍စည်းဝိုင်းခတ်ထားခဲ့သည်။ စာကလေးများ ရုတ်တရက် မဝင်ရဲအောင်ဖြစ်သည်။

"မနီရေ…အပြင်ခဏ သွားလိုက်ဦးမယ်ဟေ့"

ထမင်းစားနေသော မနီက-

"မိုးကျလာရင်တော့ ပြန်ခဲ့ဦးနော်"

နေကြာလှန်းထားသည်တို့ မိုးစိုရွှဲပါက ပစ်လိုက်ရမည်ကိုး။

"အေး အေး" ဟူသောအသံနှင့်အတူ ထွက်နှင့်လာပြီးသော ဦးတင်အုပ်နောက်သို့ ခပ်သွက်သွက်လှမ်း၍ လိုက်ခဲ့တော့သည်။

တောင်သူတို့သည် မိုးရွာသောနေ့၊ ထယ်ထွန်၍မကောင်းသောနေ့များမှာတော့ အနားယူရတတ်သည်လေ။ ထိုရက်များတွင် တစ်အိမ်အိမ်၌ စုဝေးလျက် ရေနွေးကြမ်းသောက်ကာ စည်းစိမ်ယူတတ်ကြပါသည်။

x x x x x

ကိုစမ်းရေသည် ကြက်များကို အစာစိမ်းကျွေးပြီး ကြက်ခြံ ကောက်ကာ မြံမှထွက်လာခဲ့သည်နှင့် ဦးမိုးရှိတို့ဝင်အလာမှာ တွေ့သွား ရသည်။

"ဟော မျှော်နေတာနဲ့ အတော်ပဲဗျာ လာကြဗျို့"

အိမ်အောက်တွင်ခင်းထားသော နံ့တန်းလျားများပေါ်တွင် ဝင်ထိုင်ကြပြီးနောက် ဓာတ်ဘူးထဲက ရေနွေးတစ်ပန်းကန်စီ ကိုစမ်းရေက ငှဲ့ပေးလိုက်၏။

"ဒီနေ့ တောမထွက်ကြဘူးလားဗျ"

"မြေကြီးက မြေနှင်းမခံသေးဘူးလေကွာ…ဒါကြောင့် အိမ်တွင်း အောင်းနေရတာ"

ဦးဖိုးရှိက သူတို့ တောမထွက်ဖြစ်သည့်အကြောင်းပြော၍ တစ်ဆက်တည်း-

''မင်းကတော့ ပုံမှန်ပဲကွနော်။ ပြောင်းခင်းမှန်းတဲ့ နွားလို စားရင်းသွားရင်းပဲ''

''ကြံခင်းအောင်းတဲ့ ကြွက်လို့ ဆိုပါတော့ဗျာ''

မွေးမြူရေးလုပ်သူတစ်ယောက်မို့ နေပူမရှောင်၊ မိုးရွာမရှောင် တောထွက်ရသောဒုက္ခမရှိဘဲ ထမင်းစားနေနိုင်သည်ကို ပြောမှန်းသိ၍ ကိုစမ်းရေကလည်း စကားပုံနှင့်တုံ့ပြန်ပြောလိုက်ခြင်းပင်။ ဆက်၍-

''ခင်ဗျားတို့ကို ကျုပ်ပြောသားပဲဗျာ…မွေးမြူရေးလေးတွဲလုပ် ပါလို့လေ၊ စိုက်ပျိုးရေးနဲ့မွေးမြူရေးက ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ နေတာဗျ။ စိုက်ပျိုးရေးကထွက်တဲ့ ဘေးထွက်ပစ္စည်း၊ ဥပမာ ကောက်ရိုး၊ ပဲရိုး၊ ပြောင်းရိုး၊ ဖွဲ၊ ဆန်ကွဲတွေက တိရစ္ဆာန်အစာဖြစ်ပြီးတော့ တိရစ္ဆာန် တွေရဲ့ စွန့်ပစ်အညစ်အကြေးတွေက စိုက်ခင်းထဲမှာ မြေဩဇာဖြစ်ရ တယ်လေ။ ကျုပ်မှာ မြေမရှိလို့ဗျ၊ ရှိရင်ဆို စိုက်ပျိုးရေးနဲ့ တွဲလုပ်မှာ''

ဦးဖိုးရှိက ရေနွေးငုံ့သောက်ရင်း ပြုံးပြီး နားထောင်နေ၏။ ပြီးမှ-

''မင်းကို ငါလို စကားဆိတ်လောက် တောင်သူစမ်းလုပ်ကြည့် စေချင်တယ်ကွာ၊ မွေးမြူရေးတွဲလုပ်ဖို့နေနေသာသာ တောင်သူလုပ်ငန်း ကိုတောင် တစ်အိမ်လုံးလုပ်ကြရတာကလား''

ကိုစမ်းရေက ရေနွေးကုန်နေသဖြင့် ဓါးဖိုဘက်လှည့်၍ ခေါ် လိုက်သည်။

''မိန်းမရေ ရေနွေးရှိလားဟေ့၊ လက်ဖက်လေးလည်း သုတ်ပါ ဦးဟ''

တစ်ဆက်တည်းပင် -

"အဲဒါ သမရိုးကျလုပ်လို့တော့ မဖြစ်ဘူးလေဗျာ… အခြေခံက စပြီး ပြောင်းလုပ်မှရမှာဗျ"

"ဆိုပါဦးကွယ် ဘယ်လိုအခြေခံကစပြီး ပြောင်းရမှာတုန်းလို့"

ဦးတင်အုပ်ကပါ စိတ်ဝင်စားလာပုံနှင့် မေးတော့သည်နှင့်

"ကျုပ်က ပညာရှင်မဟုတ်လို့ သေသေချာချာတော့ ရှင်းမပြနိုင်ပါဘူး၊ ဒါပေမဲ့ သဘောလောက်တော့ သိတယ်ဗျ၊ ကျုပ်သိသလိုပဲ ပြောမယ်"

ထိုစဉ် မဖြူနုက လက်ဖက်သုတ်ခွက် လာပေးရင်း ရေနွေး ဖြည့်ပေးသွားသည်။

"အဟမ်း…ဒီလိုဗျာ ဒီနေ့ နိုင်ငံတော်က ကြွေးကြော်နေတဲ့ ဆောင်ပုဒ်ရှိတယ်၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ဆိုတာလေ၊ စက်မှုလယ်ယာစနစ်ကို ကျင့်သုံးတဲ့ နိုင်ငံအားလုံးတိုးတက်သွားကြပြီဗျ၊ အဲဒါ ကျုပ်တို့နိုင်ငံမှာ စက်ကိရိယာကြီးတွေဝင်ပြီး ထွန်ယက်ရိတ်သိမ်းနိုင်လောက်တဲ့ မြေကွက်ကြီးတွေ မရှိတော့ဘူး၊ မြေကွက်ကျဉ်းလို့ စက်ကြီးတွေမဝယ်နိုင်တော့ လူအားတွေ မတန်တဆ ထည့်ဝင်ရတော့တာပေါ့၊ ခုနက ကိုရှိပြောသလို တစ်အိမ်လုံး ဝိုင်းလုပ်ယူရတဲ့အဖြစ်ကို ရောက်သွားတာပေါ့"

သူပြောသည်များကို စိတ်ဝင်စားမှုရှိပုံရသဖြင့် ကိုစမ်းရေအားရမိ၏။ ဦးဖိုးရှိက မေးသည်မှာ-

"မြေကွက်လေးတွေ ကျဉ်းတာကို ကျယ်အောင် ဘယ်လို လုပ်ပါ့ကွယ်"

"အခု သမဝါယမလယ်ယာတွေ၊ စုပေါင်းလယ်ယာတွေမှာကတော့ တောင်သူတစ်ဦးချင်းပိုင်ဆိုင်မှုတွေကို မြေကြီး၊ မြေပုံမှာ

မှတ်ထားပြီးရင် ကန့်သင်းတွေဖျက်ရတယ်ဗျ၊ ဒါမှသာ စက်ယန္တရားကြီး တွေဝင်လို့ရသွားမှာပေါ့"

"ကန့်သင်းမရှိတော့ ကိုယ့်ယာကွက်ဘယ်လောက်ရှိတယ် ဘယ်နေရာမှာရှိတယ်ဆိုတာ မသိနိုင်တော့ဘူးပေါ့ကွ"

ကိုစမ်းရေသည် လက်ဖက်သုတ်တစ်ခွန်းကိုကော်စားလိုက်ပြီး ဦးတင်အုပ်မေးခွန်းကို ဖြေလေသည်။

"မြေစာရင်းဌာနက ကွင်းပိုင်စာရေးဆီမှာ အမြဲတမ်းရှိနေမှာပါ၊ ပြီးတော့ ကန့်သင်းတွေဖျက်လို့ မြေက တိုးတောင်လာဦးမှာဗျ"

ဦးဖိုးရိုက တွေးတွေးဆဆနှင့်ပင် ပြောလေသည်မှာ-

"မင်းပြောတာ ငါကြားဖူးတယ်ကွ၊ စုပေါင်းထွန်ရက် စိုက်ပျိုး၊ စုပေါင်းစိုက်ပျိုး စရိတ်ချေး၊ စုပေါင်းရောင်းချတော့ အချိန်တွေ၊ ငွေတွေ၊ လုပ်အားနိုက်ထုတ်ရတာတွေ လျော့နည်းသက်သာလာလို့ မွေးမြူရေး ပူးတွဲလုပ်နိုင်မယ်လို့ ပြောချင်တာမို့လား"

"မှန်လိုက်လေဗျာ..."

ဦးတင်အုပ်က သူ့ခါးပိုက်ဆောင် ကွမ်းအုပ်လေးကို ဖြည်၍ ကွမ်းယာနေရာက-

"မင်းပြောတဲ့ သမဆိုတာကြီးက ဟုတ်ပါ့မလားကွယ်၊ အရင်ခေတ်ကတည်းက သမဆိုတာကို ကြောက်နေကြတာကိုး"

"နိုင်ငံတိုင်းမှာ သမဆိုတာရှိတယ်ဗျ၊ ကျုပ်တို့ဆီက စနစ်တကျ မလုပ်သေးလို့ပါ၊ အခုတော့ ဗိုင်းကြီးချုပ်စနစ်နဲ့ စလုပ်နေကြပါပြီ"

"အဲဒီသမကို မပြောဘဲ တစ်ခြားနည်းစနစ်မရှိဘူးလားကွ"

ဦးဖိုးရိုကပြောလေ၍ ကိုစမ်းရေ ထိုင်ရာကထပြီး စာအုပ်ဗီရိုထဲ တွင်ရှိသော စာအုပ်တစ်အုပ်ကိုသွားယူ၍ ပုဂ္ဂိုလ်နှစ်ဦးကို ပြလေသည်။

"ဒီစာအုပ်က ဟိုဘက်ခေတ်ကတည်းက စာပေဗိမာန်က ထုတ်ထားတာ၊ ဆရာမောင်ထိန်လင်းရေးတဲ့ 'မြန်မာ့လယ်ယာလုပ်ငန်း ရှေ့သို့ လှမ်းအတက်' တဲ့၊ သိပ်ပြီးခေတ်မီတာပဲ၊ ဖတ်ကြည့်ကြစမ်း..."

"မျက်မှန်မပါလို့ မဖတ်နိုင်ပါဘူးကွာ၊ မင်းဖတ်ထားတာပဲ ပြောစမ်းပါ"

"ဒီထဲမှာ ဂျပန်လူမျိုးပညာရှင်က မြန်မာ့လယ်ယာလုပ်ငန်း တိုးတက်ဖို့ ပထမဆုံးပြုပြင်သင့်တဲ့အချက်ကို ထောက်ပြထားတယ်၊ သမကိုစိတ်မဝင်စားရင် ကိုယ့်မိသားစုအတွင်းမှာတင် ညှိလို့ရတဲ့ နည်းပဲဗျ၊ အဲဒါကတော့ အဖေသေ၊ မြေအမွေခွဲတဲ့စနစ်ကို အရင်ဖျက်ပစ် ရမယ်တဲ့"

နှစ်ယောက်သားပင်-

"ဟင်"

"ဟယ်"

× × × × ×

ကိုမိုးရှိလူမျိုးဘဝက ရယ်လေးစက်ဘီးအသစ်ကို စီးသည်။ စီးကရက် (ဒူးယား) ကို လက်ကမချ။ အရပ်အမောင်းကောင်းကောင်း နှင့် အလွန်စမတ်ကျ၏။ သူမိဘများက မြေယာတောင့်တင်းသဖြင့် သူတို့ညီအစ်ကိုတွေအားလုံး မင်းသားလိုနေကြသည်ကို မှတ်မိပါသည်။

ကိုမိုးရှိ မနှင့် မင်္ဂလာဆောင်တော့ တစ်ရွာလုံးကို ထမင်းကျွေး၏။ သစ်လွင်တောက်ပြောင်သော ဝတ်စုံကိုယ်စီနှင့် ရွာထဲရှိ ဆွေမျိုးမိဘ တို့ကို လိုက်ကန်တော့သော သူတို့စုံတွဲကိုကြည့်၍ မောင်စမ်းရေဘဝက အားကျခဲ့ရသည်။ သို့သော် မဖြူနှင့် မင်္ဂလာဆောင်သောအခါမှာ

တော့ ဘယ်မိဘ၏အကူအညီမျှမရ၍ အဖြစ်သာလုပ်ခဲ့ရပါသည်။ တစ်ချိန်က အားကျခဲ့ရသော ကိုရှိုတို့မင်္ဂလာဆောင်မျိုးကိုတော့ မမီခဲ့ပါ။

ထိုစဉ်က မိဘနှင့်မခွဲတမ်း တောင်သူလုပ်နေသော ကိုဖိုးရှိုကား ညနေတိုင်သော် သူ့ဇနီးအိမ်သို့ "အိပ်တန်းတက်" သွားတော့ ကိုစမ်းရေတို့အိမ်ရှေ့က စက်ဘီးနှင့်ဖြတ်သွားလေ့ရှိပါသည်။ ထိုအခါကမှ ယုန်လေးကုန်းရွာအလယ်တန်းကျောင်းသို့ ခြေကျင်နင်းရသော ကိုစမ်းရေသည် အားကျရုံမျှမက သွားရည်တောင်ယိုခဲ့ရ၏။

ထိုသည်တို့ကို စားမြုံ့ပြန်သလိုပြောသောအခါ ရွှေထီးဆောင်းစဉ်က ဘဝကိုသတိရ၍ ပြုံးယောင်ယောင်ဖြစ်လာသော ဦးဖိုးရှိုကို ကိုတင်အုပ်က-

"အမယ်…အဲဒီတုန်းက ဒူးယားမှသောက်တဲ့လူ၊ အခု ဖက်ကြမ်းဆေးပေါ့လိပ်တောင် မှန်မှန်မသောက်နိုင်ရှာဘူးကွယ်"

ဦးဖိုးရှိုသည် မချိသွားဖြဲရယ်လိုက်၍-

"အေးပေါ့…အရင်တုန်းကနဲ့တော့ တူမလားဟ၊ အခုက ကလေးဆယ့်တစ်ယောက်နဲ့"

ကိုစမ်းရေက သူလိုချင်သော အကွက်ဆိုက်လာသဖြင့်-

"ဦးဖလေးသေတော့ အမွေခွဲကြတာနဲ့ အခုကိုရှိုရဲ့ လူမှုရေးဘဝ နိမ့်သွားရတာ မဆက်စပ်ဘူးလားဗျာ"

ဦးဖိုးရှိုက-

"ဒါကတော့ ထုံးစံပဲလေကွာ၊ သူတို့လည်း လိုချင်မှာပေါ့"

"ကျုပ်ပြောချင်တာ အဲဒါပဲဗျ…ဂျပန်နိုင်ငံမှာကျတော့ အဖေ သေလို့ မြေကိုအမွေမခွဲရဘူးတဲ့၊ သားအကြီးက ဆက်ခံရသတဲ့။ သားအကြီးက ဆရာဝန်ဖြစ်စေ…တောင်သူပြန်လုပ်ရသတဲ့။ အဲ သူက

ပြင်းရင်တော့ သူ့အောက်ကညီတွေ ဆက်ခံရသတဲ့ဗျာ… အဲဒါ ဘာ့ကြောင့်ထင်လဲ ကိုရို''

''မြေယာတွေ အပိုင်းပိုင်းကွဲကုန်မှာ စိုးလို့နေမှာပေါ့ကွ''

''ဟုတ်တာပေါ့ ကိုရိုရယ်…ဥပမာ ကိုရိုတို့ဖိုးဘွားများက မြေဧက ငါးဆယ်ပိုင်ပြီး သားသမီးလေးယောက်ကို ဝဝလင်လင် ကျွေးနိုင်ခဲ့တယ်၊ မြေဧကငါးဆယ်ကို လူခြောက်ယောက်ပဲ မှီခိုစားနေခဲ့တာကိုး၊ အမွေ ခွဲလိုက်တော့ အညီအမျှဆယ့်နှစ်ဧကစီရကြတယ်၊ အဲဒီဆယ့်နှစ်ဧက ပေါ်မှာ အခုမှီခိုစားသောက်သူ ဘယ်နှစ်ယောက်ရှိမယ်ထင်လဲ၊ မျိုးကောင်းမျိုးသန့် ပိုးသတ်ဆေး၊ မြေဩဇာမထည့်နိုင်တော့ဘူး၊ အိမ်ရှိလူကုန်လည်း လုပ်အားတွေနိုက်ထည့်ရတော့တယ်လေ၊ အဲဒီကနေ ကိုရိုရဲ့သားသမီးတွေကို စိတ်ကူးနဲ့အမွေခွဲကြည့်စမ်းပေါ့…သူတို့ဘဝ တိုးတက်မလား ဆုတ်ယုတ်မလားလို့''

ဦးတင်အုပ်က ပေါင်ကိုလက်ဝါးနှင့်ဖြန်းခနဲပုတ်လျက်…

''ဟုတ်ပြီကွ သဘောပေါက်ပြီ၊ မိုးရှိကြီးသေရင်တော့ သူ့ကလေးတွေ သုံးဧကစီတော့ရမှာလဟ၊ ဒါတောင် မနီဘက်က ရတဲ့အမွေရော ပေါင်းထားလို့ကွဲ့''

''လုပ်ကွက်ကျယ်မလာဘဲ ပိုပြီးကျဉ်းမြောင်းသွားသလို တစ်ဧကချင်းစီမှာ မှီခိုသူဦးရေတွေများများလာသည်နှင့်အမျှ လယ်ယာ ကုန်ထုတ်လုပ်ငန်းဟာလည်း ကျဆင်းပြီးရင်း ကျဆင်းလာမှာ နီယာမ တရားကြီးပဲပေါ့ဗျာ…''

''ဆိုလိုတာက သမလယ်ယာမကြိုက်ရင် စုပေါင်းလယ်ယာ ဖော်ထုတ်ရမယ်၊ ဒါမှသာ လုပ်ငန်းတွေကျယ်လာပြီး ခေတ်မီ စက်ယန္တရားကြီးတွေနဲ့ လုပ်နိုင်မယ်၊ အချိန်တွေလုပ်အားတွေ ပိုလာလို့

မွေးမြူရေးလို အပိုဝင်ငွေရမယ့် အလုပ်တွေကို လုပ်နိုင်မယ်ပေါ့၊ မင်းပြောချင်တာက ဒါမို့လား''

ဦးဖိုးရှိရော ဦးတင်အုပ်ပါ သဘောပေါက်လွယ်သူများဖြစ်ကြ၍ ဝမ်းသာရသေးသည်။ သို့သော် သူ့အာဘော်မဟုတ်ကြောင်းကိုတော့ ရှင်းပြရသေး၏။

''ကျုပ်ဆန္ဒ ကျုပ်သဘော မဟုတ်ပါဘူး…ဒီစာအုပ်ထဲမှာပါတဲ့ ပညာရှင်ရဲ့အဆိုအမိန့်ပါဗျာ''

ကွမ်းယာကို ပျစ်ခနဲထွေးကာ ရေနွေးကြမ်းခွက်ကို ကောက်ကိုင်လိုက်သော ဦးတင်အုပ်က-

''မိန်းမလာမို့ အဖေသေရင် အမွေခွဲတဲ့ ဓလေ့ကတော့ ပပျောက်ဖို့မလွယ်ပါဘူးကွာ၊ အဲဒီအစား စုပေါင်းလယ်ယာက တော်ပါလိမ့်မယ်၊ နော်…ဖိုးရှိ''

''ဟုတ်တယ်ကွ၊ ဓလေ့ကို ပြင်ဖို့ခက်လိမ့်မယ်၊ အစိုးရက ဥပဒေနဲ့တားရင်တော့ မသိဘူး''

ထိုစဉ် မိုးတိမ်များညို့တက်လာပြီး လျှပ်စီးပါလက်လေသောကြောင့် ဦးဖိုးရှိမှာ ထိုင်ရာကထ၍ ပြေးရှာသတည်း။ မောနေကြာ ဆိုသည့်အတိုင်း မောအောင်ပြောကာ လှမ်းထားသည်တို့ကို မိုးလွတ်အောင် သိမ်းရဦးမည်လေ။

ဦးတင်အုပ်က တွေးဆ၍ ပြောလေသည်။

''အင်း…တို့ဇာတွေမှာ ဆိုရိုးရှိသကွဲ့၊ ညီအစ်ကိုမောင်နှမတွေ သင့်မြတ်လိုက်ကြတာတဲ့လို့ကြားရင် ဝမ်းသာရမယ့်အစား သူတို့ အမွေရော ခွဲပြီးပြီလားလို့ မေးကြတဲ့ဓလေ့ရှိတယ်၊ မွေခံထိုက်စေ

ဆိုတဲ့စကားကို ခြေခြေမြစ်မြစ် နားမလည်ကြဘူးလေ၊ အခြားဟာကို ခွဲချင်ခွဲ မြေကိုခွဲလို့ကတော့ လယ်ယာလုပ်ငန်းက အဆိုးသံသရာထဲက ထွက်နိုင်မယ်မထင်ပါဘူးကွယ်...”

စကားအဆုံးတွင် ရှည်လျားသောသက်ပြင်းကို ချလိုက်ပါတော့သည်။ ဓလေ့ထုံးတမ်းဆိုသည်မှာ တော်ရုံနဲ့တော့ ပျက်နိုင်ခဲသည် ကိုးလေ။ ။

# ဝေးရာသို့

ဦးရှိန်သည် နွားနှစ်ကောင်ကို အော်ဟစ်ဆဲရေးရုံမျှမက ရိုက်နှက်မောင်းနေရှာ၏။ နွားသည် အမှတ်သညာကောင်းသော သတ္တဝါ ဖြစ်၍ စောစောက ဘုန်းကြီးကျောင်းမှ ဆွမ်းစားတုံးခေါက်သံကို ကြားလေကတည်းက သိပ်မသွားချင်တော့ဘဲ ပေကပ်ကပ်လုပ်နေ တော့သည်လေ။

သူတို့ကို တုံးခေါက်ချိန်တိုင်း အနားပေး၍ သူတို့သခင်လည်း ရှားပင်ရိပ်ဝယ် ထမင်းစားနေကျ မဟုတ်ပါလား။

ဒါကို ကိုရှိန်ကလည်း ထမင်းလာပို့မည့် သမီးနောက်ကျသဖြင့် စိတ်တိုနေခိုက်ဖြစ်သဖြင့် နွားတွေကိုသာဆဲရေးလျက် ရိုက်နှက်မောင်း နေသည်။ နွားတွေအဖို့ လူစကားသာပြောတတ်လျှင်ဖြင့်-

“နားလည်ရခက်လှသည့် လူကြီးနယ်ဗျာ…” ဟုဆိုပေလိမ့်မည်။

မိုးဦးက ထွန်ယက်မရအောင် ရွာထားသည်မို့ အခင်းထဲက မြက်တွေ တောထနေပုံမှာ ကျားအောင်းလောက်သည်ဖြစ်၍ နှမ်းပင် ပျောက်ကာ နှမ်းခင်းအဖြစ်မှ မြက်ခင်းဖြစ်နေလေသည်။ ပေါင်းပင်

နုတ်ခြင်းဖြင့် နှမ်းပင်ကြီးများ ကြီးထွားလာမည်။ နွားနှစ်ကောင်အတွက်လည်း အစာစိမ်းရမည်ဖြစ်၍ တစ်ချက်ခုတ်ရုံနှင့် နှစ်ချက်ပြတ်မည်ဖို့ မနေ့ကတည်းက သမီးဖြစ်သူကို "မနက်ဖြန် ထမင်းလာပို့ရင်း ပေါင်းနုတ်ရမယ်၊ စောစောလာခဲ့နော်" ဟု မှာထားခဲ့သည်ပဲ။ ယခု ဘုန်းကြီးကျောင်းက တုံးခေါက်ပြီးတာတောင် ရောက်မလာသေး။

"တောက်…ဒီကောင်မလေး…ငစိန်တို့အိမ်မှာ တီဗွီဝင်ကြည့်နေတာများလား၊ ငါသွားရိုက်ရလည်း မကောင်းလို့သာပဲ"

နွားတွေကို ရပ်ထားခဲ့၍ လှည်းပေါ်က ပလတ်စတစ်ရေပုံးမှ ရေကို ပုံးစောင်းပြီး တဂွတ်ဂွတ်မော့ချလိုက်သော် ဆာလောင်၍ ပူနေသောရင်မှာ ခဏတာ အေးသွားပေ၏။ သို့နှင့် နှမ်းခင်းကို ပေါင်းနုတ်တော့၏။ တောင်သူဆိုသည်မှာ နေရာတိုင်းလှုပ်ရှားနေရျှင် ကိုယ်စားဖို့မကျန်ပေ။ အိမ်ရှိလူကုန် ဝိုင်းလုပ်ပါမှ ထမင်းနပ်စေ့စားနိုင်သည်ကိုး။ သူတို့လို မြေယာနည်းသော တောင်သူပိန်တစ်ယောက်အဖို့ မိသားစုလုပ်အားကိုသာ အားထားရမှာဖြစ်လည်း သမီးအကြီးက ကူမော်လောင်ဖက်မရ။ အကျည်းတန်သလောက် မှန်ကြိုက်သူဖြစ်ပြီး လက်ကြောလည်းမတင်းရှာ။ အိမ်တွင်ကျန်ခဲ့သော ဦးနှိုန်းစာ်စနီးမတုတ်တို့သည် အငယ်ဆုံးကလေးကိုရင်ခွင်၌လွယ်လျှက် နေကြာပုတ်၊ အစေ့ထုတ်နေပြီးသော် ကလေးအိမ်ပါက ဖျာခင်း၍နေကြာလှမ်းရမည်။ နေကြာသည် တာကလေးတို့နှစ်သက်သော အစာဖြစ်သောကြောင့် အနားမှာအစောင့်ရှိရသည့်အပြင် တဟောဟောနှင့် အော်ဟစ်နေရသော ဒုက္ခလည်းရှိပေ၏။ ထိုသို့သော ဖာပီရအလုပ်တွေကိုလည်း သမီးဖြစ်သူက ကူညီချင်သည်မဟုတ်ပါ။ သူ့အလိုက ကိုစိန်တို့အိမ်သို့ တီဗီသွားကြည့်မည်။ ထိုအိမ်က ကလေးတွေကိုတော့ စိတ်လိုလက်ရ

တစ်နေကုန်အောင် ထိန်းပေးတတ်ပါသည်။ သို့အတွက် တီစီရှေ့က မန္တာတမ်းကြည့်ခွင့်ကို အရယူထားပါသည်။ ထို့ကြောင့် ဦးရှိန်က သူ့သမီးကို ဧေးနှံ့တီစီရှေ့ ဝင်ကြည့်နေတာဖြစ်မှာဟု အတပ်တွေးလိုက်ခြင်းပါ။

ဦးရှိန် ပေါင်းနုတ်၍ တစ်စည်းတစ်ရွက်စာရရုံလေမှ သမီး ရောက်လာ၏။ သနပ်ခါးကို ခြေဆုံးခေါင်းဆုံးလိမ်းလျက် ပါတိတ်ဝမ်းဆက်ဝတ်လာသော သမီးကိုကြည့်ပြီး ဦးရှိန် အောင်မိတော့သည်။

"စမ်းစမ်းမြင့်...နင် တောထဲလာတာနော်"

"ဟင့် အဖေကလည်း တောထဲလာလို့ ရောက်နေပြီပဲဟာကို"

အမူအယာပိုကာ ပြောနေသော သမီးကိုကြည့်၍ စိတ်ပျက်သွားရသော ဦးရှိန်က-

"အဲဒါပြောတာမဟုတ်ဘူး၊ တောလာရင်တော့ တောအလုပ်လုပ်ရမှာကို၊ ဘာလို့ အငြိမ့်မင်းသမီးကြီးလို ဝတ်လာတာတုန်းလို့ ပြောတာ"

အလိုက်မသိရှာသော သမီးက-

"အာ အဖေကလည်း ဒီရုပ်လား အငြိမ့်မင်းသမီးရုပ်၊ ဒီမှာ ကြည့်စမ်းပါဦး၊ မော်ဒယ်နဲ့တူတာကြီးကို"

သူ့ခန္ဓာကိုယ် ပုဒိုင်းဒိုင်းလေးကို တစ်ပတ်လှည့်ပြနေ၍ ဦးရှိန် စိတ်မဆိုးရက်ဘဲ ရယ်ပဲရယ်ရတော့၏။ ဪ သားဦးအရူးဆိုတာ မှန်ပါလားကလို့ ဟု တွေးပြီးပါ။

"အေး...မော်ဒယ်ပဲ ထားပါတော့၊ သွား ပေါင်းနုတ်ချေ"

စမ်းစမ်းမြင့်က နုတ်ခမ်းကိုတမင်စူ၍ ခြေဆောင့်နင်းကာ နှမ်းခင်းဆီသွားလေ၏။ ဦးရှိန်သည် ထမင်းထုပ်ကို ရှားပင်အရိပ်သို့

ယူသွား၍ ဆာဆာနှင့် ငုံကာစားတော့သည်နှင့် သမီးက လစ်လေ သတည်း။

× × × × ×

ဦးရှိန် ထမင်းစားပြီးသော် ထယ် "တစ်ဖွာ" စာ ကျန်သေးသည်ကို ယနေ့အပိတ်ထိုးမည်ဟု ဝပ်လျက်စားမြုံ့ပြန်နေသော နွားတွေကို မတ်ကာ မောင်းဖို့ပြင်ရင်း မျက်စိကစားလျက်ကြည့်သော် မတွေ့တော့သဖြင့် အော်ခေါ်ကြည့်ရသည်။

"စမ်းစမ်းမြင့်ရေး...ဟေး...စမ်းစမ်းမြင့်"

ထူးသံလည်းမကြား။ အရိပ်အယောင်လည်း မတွေ့ရသည်နှင့် စိတ်တိုသွားကာ ညည်းမိသည်။

"တယ် ဒီကလေးမ လင်နောက်များ လိုက်ပြေးရော့လားဟ"

ထယ်ထိုးနေရင်း သားဦးမရွေးသော မိန်းမကို စိတ်တိုမိပြန်သည်။ "သင်းသာ ယောကျ်ားလေးမွေးခဲ့ရင် ခုနေဆို ငါသက်သာနေပြီပဲ" ဟူ၍ပါ။ အခုတော့ သားဦးမိန်းကလေးမွေးသည့်အပြင် လှလှပပလည်းမဟုတ်။ သူ့အမေမတုတ်တို့၏ ပုဝဝနွားကိုယ်နှင့် သူ့ဘက်က အမွေအဖြစ် နဖူးမောက်မောက်၊ နှာယောင်ကောက်ကောက်မျက်နှာကို ဆက်ခံထားသဖြင့် ကံစေ့၍ အရုပ်ဆိုးလှသူကလေးဖြစ်ပေရာ ယခုအခါ သူ့ကိုယူမည့်သူရှိပါက သမီးလည်း ကံကောင်းသလို မိဘဖြစ်သူ မိမိတို့လည်း ဝင့်ကြွားတဲ့ပေမည်ဟု တွေးမိရ၏။ တစ်ဆက်တည်းပင် တရော်တောရွာက ဦးအောင်ရီပြောဖူးသည်ကို သတိရ၍ ပြုံးမိသေးသည်။

"သားသမီးများ သောက်သုံးမကျပြီဆိုလို့ကတော့ တို့ရွာက ဦးပေါ်လာမျောက်ကို လင်းတချီသလို ဝေးရာသာ ချီတော်မူပါ ဘုရားလို့ ဆိုင်ကန်တော့ချင်သဟ၊ ခေါ်မည့်သူရှိရင် ပြောတာပါ"

ဦးရှိန်က မကြားဖူးသေးသောစကားဖြစ်၍ အဓိပ္ပာယ်သိချင်သဖြင့် ရှင်းပြရန်ပြောလေ၍ ဦးအောင်ဒိုက ထိုအဖြစ်ကို ပြောပြရာ၌-

"ဒီလို မောင်ရှိန်ရ...တို့ရွာအနောက်ဖျားမှာ ဦးပေါ်လာဆိုတာ ရှိတယ်၊ သူက မျောက်တစ်ကောင်ကို ဘယ်ကရလို့လဲတော့ မဆိုနိုင်ဘူး မွေးထားသကွ၊ အဲသည်မျောက်ဆိုးလိုက်တာကွာ ရည်သည်လာရင် ခေါင်းပေါ်တက်ဆော့တာကလား၊ ပေါက်ရင်လည်း မကြိုက်ဘူးဗျာ၊ သူ့ပေါက်လို့ကတော့ မီးဖိုထဲက ထင်းမီးစကိုဆွဲပြီး တဲခေါင်မိုးပေါ် တက်ကရောပဲ၊ မီးနဲ့ရှို့မယ်ပေါ့လေ၊ အဲ့သည်အခါကျရင် ဦးပေါ်လာတို့ လင်မယားက အောက်ကနေ ငှက်ပျောသီးလေး ပြပြီး ချော့ခေါ်ရ သတဲ့မောင်"

"တော်တော်ဆိုးတဲ့ မျောက်ပဲဗျ"

"ဆိုးတာတော့ မပြောနဲ့ မောင်ရှိန်ရေ...တစ်ခါပဲဟာများ နွေခေါင်ခေါင်ကြီးမှာ ထန်းရွက်မိုးတဲပေါ် မီးစကိုင်တက်တော့ တို့တစ်ရွာလုံး ရေပုံးတွေကိုင်ပြီး စောင့်နေရသဟ၊ မီးလောင်ရင် တစ်ရွာလုံးကျူးကုန်မှာကိုးကွ"

"အဲဒီမျောက်ကို ဘာလုပ်လိုက်ကြတုန်းဗျ"

"ဘာမှမလုပ်ရဘူး မောင်ရေ...သူ့စရိုက်နဲ့သူ သွားတာပါပဲ၊ တစ်နေ့တော့ သူတို့အိမ်နောက်ဘေး ရွာအပြင်မှာ မွေးသေကောင်ပုပ်ကို လာစားတဲ့ လင်းတကြီးပေါ်ခုန်ပြီး တက်သွားတာကိုးကွ၊ လင်းတကြီးက

လန့်ပြီး ခုန်ဆွခုန်ဆွနဲ့ ပုံတက်တော့ လင်းတလည်ပင်းဖက်ပြီး ပါသွားပါရောလားကွာ၊ ဒီမှာတင် ဦးပေါ်လာက သူ့ခုက္ခကိုမကြည့်ရက်လို့ နတ်တွေက လင်းတယောင်ဖန်ဆင်းပြီး ကယ်တယ်မှတ်ရှာလို့ သဘက်ကလေး ပုခုံးပေါ်တင်ပြီး ထိုင်ကန်တော့ရှာသများ၊ ပါးစပ်ကလည်း ပြောသေးတယ်၊ အရှင်လင်းတမင်း ခင်ဗျား…ဝေးရာသို့ဆောင်တော်မူပါဘုရား၊ ဝေးရာသို့ ချီတော်မူပါဘုရားနဲ့လေ"

ဦးရှိန် အဲသည်တုန်းက မျက်ရည်ထွက်အောင် ရယ်ခဲ့ဖူးသည်။

ယခုလည်း သမီးကိုသာယူမည့်သူပေါ်လာပါက ဦးပေါ်လာလို ထိုင်ကန်တော့ပြီးပြောချင်သည်။ ဝေးရာသို့ ဆောင်တော်မူပါဘုရားဟု။ သို့သော် လောလောဆယ်၌ကား-

"ဒီလောက်တောင် ရှိလှတဲ့ ကလေး…အိမ်ရောက်ရင် ဖိုက်မှဖြစ်မှာ…"

ဦးရှိန်သည် ထယ်တစ်မွှန်စာကို ခပ်သွက်သွက် နွားကိုနှင်လျက် အပြီးသတ်လိုက်ပြီး နွားများကို ကန်သင်းတွင် 'လှန်'၍ သူတစ်ယောက်တည်းပင် ပေါင်းနုတ်ရလေတော့၏။ လေးခွ၊ နံ့ကားကား၊ နွားလျှာကြီး၊ အောင်မဲညိုတို့သည် လက်တိုး၍မဝင်သာအောင် ပေါက်နေသည်မို့ နမ်းရဖို့မသေချာပါသော်လည်း နွားစာကတော့ ကောင်းကောင်းရပါသည်။

တောင်သူနှင့်နွားသည် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီရှိနေသည်မို့ တောင်သူ၏အဆင့်အတန်းကို သူရွေးမွေးထားသော နွားကိုကြည့်ရုံနှင့် သိပေသည်။ နွားများဝပြိုးနေလျှင် တောင်သူကောင်းတစ်ယောက်ဟု သတ်မှတ်ကြသလို နွားပိန်တစ်ရှည်းပိုင် တောင်သူကိုမူ ဖျင်းသော၊ နုံသော တောင်သူစာရင်းသို့ သွင်းလေ့ရှိသဖြင့် 'နွားတွေ ဝအောင်စားရလျှင် တော်ရောပေါ့'ဟူသည့်အတွေးလည်း ဦးရှိန်ထံရှိသည်လေ။

ညနေစောင်းပြီ။ ဦးရှိန့်ပေါင်းနုတ်သည်မှာလည်း နှမ်းခင်းဓာတ်သုံးပုံ တစ်ပုံ ပေါင်းမြက်တွေ ရှင်းသွားပါပြီ။ နွားစာအဖြစ် လှည်းတစ်စီး ထွင်း ရလိုက်ပြီမို့ စိတ်အေးသွားရပြီ။ လေကလေးချွန်ကာ လှည်းကချို အိမ်ပြန်မောင်းခဲ့တော့၏။

ကျေးရွာဥယျာဉ် မောင်စိန့်အိမ်ရှေ့ရောက်သော် လှည်းစောရပ်၍ သမီးကို တွေ့လေမလားဟု မျက်စိကစားကာ ကြည့်လိုက်ရသေးသည်။ မတွေ့ပါ။ အခုအချိန်မှာဆို အိမ်ရောက်နေရောပေါ့ဟုတွေးကာ လှည်းကို ခပ်မြန်မြန်မောင်းလိုက်ပါသည်။ အိမ်ရောက်ရင် တွေ့ကြတာပေါ့ သမီးရိုက်ရယ်။

× × × × ×

အိမ်ဝင်းအတွင်းသို့ လှည်းမောင်းဝင်မိလေကတည်းက သမီး ဖြစ်သူကို မျက်စိကစားကာရှာ၏။ မတွေ့ရပါ။ မတုတ်တို့သာ ထမီ ရင်လျားနှင့်ပြေးလာပြီး နွားတွေကို လှည်းမှဖြုတ်ပေးသည်။ ဦးရှိန့်က-

"နင့်သမီးကော..."

"ဟင်...တော်နဲ့အတူရှိနေတာ မဟုတ်ဘူးလား"

ဦးရှိန့်က လှည်းနောက်ဖြီးမှ ခုန်ဆင်းလိုက်ရင်း-

"ထမင်းထုပ်ချပြီး ပြန်ပြေးတာလေ...ငါတစ်ယောက်တည်း ပေါင်းနုတ်ရတယ်"

မတုတ်တို့ ခေါသထွက်သွားပြီ သမီးကို အမျိုးမျိုးကျိန်ဆဲတော့၏။

"မြွေပွေးကိုက်မ၊ သေနာကျမ၊ ဘယ်သွားပြီးသေနေပါလိမ့်၊ မြွေပွေးများကလည်း သူ့ဆိုမကိုက်ဘူးတော့ ယဉ်များနေသလား၊ ရွှံ့များ ရွှံ့လို့လား မသိဘူး၊ မိုးကြိုးကလည်း မပစ်ဘူးတော်...ဒီအယုတ်မကို"

"ကဲ တော်ပါဟာ…၊ အမောတောင် မပြေသေးဘူး"

"မတော်နိုင်ဘူး တော်ရေ့…ဆောဆောကလေးတောင် အထည်သည် မရှေ့က လာတောင်းတယ်။ လူကြီးတွေမသိအောင် ပါတိတ်ဝမ်းဆက် အကြွေးယူထားတာတဲ့၊ အိမ်မှာ ဘယ်လိုနေထိုင်စားသောက်နေတယ် ဆိုတာသိရဲ့နဲ့ မိုက်လုံးကြီးတဲ့ဟာမ၊ တွေ့လို့ကတော့ နားရိုက်သလို ရိုက်မှာ"

မတုတ်တိုကား နားတွေကို တံခေါက်တွင်ချည်ထားခဲ့လျက် ပါးစပ်က ပွစိပွစိပြောကာ ထွက်သွားလေ၏။ သူ့သမီးကိုရှာဖို့ ထွက်သွားတာဖြစ်ပါမည်။ ဦးရှိန်ကတော့ သက်ပြင်းကိုချ၍သာ လှည်းပေါ်က ထမင်းထုပ်ကိုဆွဲပြီး အိမ်အောက်သို့ လေးကန်သော ခြေလှမ်းတို့ဖြင့် ဝင်ခဲ့တော့သည်။

ပုခက်ထဲ၌ အိပ်မောကျနေသော သားငယ်က လက်ငင်းဖြစ်နေသောကိစ္စကြီးငယ်နှင့် သူမဆိုင်သည့်အတွက် ယောင်ရမ်း၍ ဆော်သည်ထင့်။ အဲခနဲ ပြည်တမ်းလေသော် ဦးရှိန်က ပုခက်ကိုလွှဲပေးရင်း သူ့မိန်းမလက်စဖြစ်သော ဇာကြာပုတ်ခြင်းအလုပ်ကို ဆက်လုပ်ရတော့၏။ ထိုအခိုက် သားအလတ်ကျော်စိုး ကျောင်းဆင်းလာသည်။ အမောတကော ပြေးဝင်လာသောသားက ကျောင်းလွယ်အိတ်ကို ဖုတ်ခနဲ ပစ်ချလျက်။

"အမေ…အမေ…အမေ ဘယ်သွားလဲ မသိဘူး"

ဦးရှိန်က ဇာကြာပုတ်ရင်းက–

"မင်းအမေ အပြင်ခဏသွားတယ်ကွ၊ ဘာလဲ စိုက်ဆာလို့လား"

"ဟုတ်တယ် အဖေ"

"ဆာရင် အဖေတောက ပြန်ပါလာတဲ့ ထမင်းထုပ်ကို ယူစား လိုက်ကွာ"

သားအလတ်ကောင်မျော အဝတ်တောင် မလဲနိုင်ရှာ။ ထမင်းထုပ်ဆီသို့ အပြေးသွားကာ ဖြည်စားရှာတော့သည်။ ဪ… အစားသန်သော အရွယ်ကိုးလေ။ ထမင်းထုပ်က အကျွန်နှင့်ဝပါမည်လား မသိ။

ဦးရှိန်၏မိဘများလက်ထက်က သားသမီးလေးယောက်ရှိသော စားအိုးသည် ဘယ်အချိန်ဝင်နှိုက်နှိုက် အပြည့်ရှိစမြဲ။ သူ့အောက်က ညီများအားလုံး အတောင်အလက်စုံ၍ မြို့တက်သွားကြတော့ ဖခင်အို၊ မိခင်အိုကြီးတွေကို ထိန်းလုပ်ကျွေးခဲ့ရသူက ဦးရှိန်သာဖြစ်တော့သည်။ ဦးရှိန်အိမ်ထောင်ကျသောအခါ၌လည်း ယောင်နောက်ဆံထုံးပါ မတော်တိုလိုက်ခဲ့၍ မိဘတို့ကို ချွေးတလုံးလုံး၊ သွေးတလုံးလုံးနှင့် ပြုစုခွင့်ကြုံရပါ၏။ သည်လိုနှင့် ဖခင်ကြီးဆုံးသော် အဝေးမှသားများ စုံလင်စွာရောက်လာကြသဖြင့် လှလှပပ မြေချခဲ့သော ဖခင်ကြီး၏ ရက်လည်ဆွမ်းသွတ်အပြီးမှာတော့ အမွေရလိုကြောင်းပြောကြ၍ သားကြီးဖြစ်သော ဦးရှိန်က ကြည်ဖြူစွာခွဲပေးရပါသည်။ တစ်ဦးကို ဆယ်ဧကစီခန့်ရသော အမွေဝေစုများကို ရောင်းချ၊ ပေါင်နှံလျက် အထုပ်ကိုယ်စီပိုက်ကာ ညီများပြန်သွားပြီး နောက်တစ်နှစ်တွင် မိခင်ကြီး ဆုံးပါးရှာရာမှာတော့ ညီအားလုံးမလာနိုင်ကြပါ။ သူတို့လေးတွေ အလုပ်များရှာကြတယ်ဟု ခွင့်လွှတ်လျက် သူတစ်ဦးတည်း သင်္ဂြိုလ်ရခဲ့ပါသည်။ သူ့ဝေစု မြေဆယ်ဧကနှင့် နေအိမ်ကိုအမွေရ၍ ဦးရှိန်ကျေနပ်ခဲ့ပါလည်း တောင်သူကြီးဘဝမှလျှော့ကျကာ စားဝတ်နေရေး ကျပ်တည်းလာသည်ကိုလည်း ကံကိုသာ ပုံချခဲ့သည်လေ။ သူ့သားသမီးလေးတွေကိုသာ အသနားပိုရသေးတော့၏။ သူငယ်စဉ်ကလို မပြည့်စုံရှာပေသကိုး။ ထိုစဉ်၌ ဘယ်အချိန်က ပြန်ရောက်၍

ထမင်းချက်နေမှန်းမသိသော ဇနီးက ထမင်းစားရအောင်ခေါ်၏။ မတုတ်တိုအသံထွက်လာမှ နေကြာပုတ်ရာက ထခဲ့ပါတော့သည်။

× × × × ×

ထမင်းစားပွဲကို ဝင်ထိုင်လိုက်သည်နှင့် သူ့ထုံးစံအတိုင်း ဟင်းခွက်တွေနံ့အောင် လိုက်ကြည့်မိ၏။ ဟင်းခွက်တွေဆိုရသော်လည်း နှစ်ခွက်တည်းရှယ်ပါ၊ ခရမ်းသီးခြောက်ကို ငရုတ်သီးစပ်စပ် ပဲပြုတ်ရေလေးခွက်ကာ ချက်ထားသည်က တစ်ခွက်၊ မန်ကျည်းရွက် ချဉ်ရေတစ်ခွက်သာဖြစ်သော်လည်း ပဲထမင်းနှင့် လိုက်ဖက်သောအတွဲ ဖြစ်ပါသည်။

မတုတ်တိုလှမ်းပေးသော လက်ဆေးခွက်တွင် လက်နှိုက်ရင်း

"နှင့်သမီးက ဘယ်လိုလဲ"

မတုတ်တိုက ထမင်းခူးထည့်နေရင်း-

"တော့်ကို ပြောဖို့ စဉ်းစားနေတာ တော်ရေ့…ဘယ်လို ပြောရမှန်းမသိလို့"

ဦးရှိန်က ဆာနေပြီဖို့ ပဲထမင်းချည်း တစ်လုတ်သွတ်ကာ ဝါးလိုက်ရင်း-

"မတို ပလ္လင်ခံမနေနဲ့၊ ပြောချင်တာပြော"

မတုတ်တိုသည် စိတ်မြန်သော ဦးရှိန်၏အကြောင်းသိ၍ ချင့်ချိန် နေခြင်းဖြစ်ရာ ယခုခွင့်ပြုချက်ရပြီဖြစ်သဖြင့် ထမင်းမစားသေးဘဲ ပြောလိုက်လေတော့သည်။

"တော့်သမီးက တောင်ရပ်ထဲက ဦးပေါ်မြ၊ ဒေါ်ခင်လေးတို့ သားအကြီးဆန်းဦးနဲ့ လိုက်ပြေးတာတဲ့ တော်ရေ့…"

တောင်ရပ်ထဲက ဆန်းဦးဆိုသည်နှင့် ဦးရှိန်သဘောပေါက်လိုက်သည်။ တောင်သူကြီးတစ်ယောက်ရဲ့သား။ အသောက်အစားမရှိ။ သို့သော် အသက်သုံးဆယ်ကျော်လူပျိုကြီးဖြစ်၍ သမီးထက်တော့ အသက်တော်တော်ကြီးနေ၏။ အို…မယားပုခက်တွင်း။ လင်ပခွင်းတဲ့။ ရသွားတော့ အေးတာပေါ့ ဟု စဉ်းစားကာ ဘာတစ်ခွန်းမှမတုတ်တိုကို ပြောမနေဘဲ ထမင်းကိုမြိန်ရှက်စွာစားလိုက်တော့သည်။

မတုတ်တိုကတော့ ထမင်းစားခိုက် ပုခက်တွင်းမှ ကလေးနိုးလာသဖြင့် ကမန်းကတန်းပင် လက်စသတ်စားလိုက်ကာ ကလေးကို ချီ၍ နို့တိုက်ရ၏။

"ကျော်စိုးရေ…သား လာဦး"

ထမင်းထုပ်ထဲမှ ထမင်းအကျန်စားထား၍ "မဆာသေးဘူး" ဆိုကာ စာဖတ်နေသော သားကိုခေါ်ပြီး ချွေးခံအင်္ကျီထဲက ပိုက်ဆံ ထုတ်နေသော ဇနီးကိုကြည့်နေသည့် ကိုရှိန်က-

"ဘာ အဝယ်ခိုင်းမလို့တုန်း၊ ငါ့ဖို့ ဆေးလိပ်လေးလည်း ဝယ်ခဲ့စမ်းပါဦး"

"ဪ…အင်း…အင်း…သား ဒီမှာ ပိုက်ဆံ၊ မစောကြည်တို့ အိမ်သွားပြီး လက်ဖက်နဲ့အကြော်စုံ အစိတ်သားလောက်ရယ် ဆေးလိပ် နှစ်ရာဖိုးရယ်…ဝယ်ခဲ့"

"ဟ လက်ဖက်နဲ့ အကြော်စုံက များလှချည်လား၊ ဘာလုပ်ဖို့ တုန်း"

"ညပိုင်းရောက်ရင် ဟိုဘက်က လူကြီးဝင်နှင့်မယ်ကြားလို့ ဝယ်ရတာတော်ရေ့"

"အဲ့ဒီအလုပ်တွေ…"

မတုတ်တိုက သူ့လင်ကို အံ့ဩစွာ ကြည့်လျက်-

"ဘာအပိုတွေလဲ…ဟိုဘက်က လောကွတ် (လောကဝတ်) ကျေကုန်အောင်လုပ်မှတော့ ကိုယ့်ဘက်ကလည်း ရေရွေးကြမ်းတော့ တိုက်ရမှာပေါ့၊ တော်က သဘောမတူလို့လား…ဟင်း မပြောလိုက်ချင် ပါဘူး၊ ကိုယ့်သမီးအကြောင်းလည်း ကိုယ်သိရဲ့သားနဲ့၊ ဒါပဲနော် ကြိုပြောထားပါရဲ့ ဟိုကလာလို့များ သဘောမတူဘူးလေး ဘာလေး တော့ မလုပ်လိုက်ပါနဲ့"

သူ့မယား၏အမူအယာမှာ ပွဲပျက်မခံနိုင်သော နွားရောင်းသူပုံ ဖြစ်နေ၍ ဦးရှိန်က စချင်လာသည်နှင့် -

"တောက် ထွက်ပြေးတာ ငါနဲ့တိုက်ရိုက်မတွေ့လိုက်လို့ပေါ့ကွာ"

"သိတော့ ဘာလုပ်ချင်လို့တုန်း…၊ တော်ကြီးက သမီးရှင်ဆိုပြီး တော့ မာန်တက်မနေပါနဲ့၊ ကိုယ်က "နွားမှန်းခြံထုတ်"ထုတ်ရတာကို"

ဦးရှိန်က သူ့မိန်းမမျက်နှာကိုကြည့်၍ တဟီးဟီးရယ်လိုက်ပြီးသော်-

"ဟဲ ဟဲ တွေ့လို့ကတော့ ဦးပေါ်လာမျောက်ကို လင်းတရှိုသလို ထိုင်ကန်တော့ချင်လို့ဟေ့၊ မေးရာကို ဆောင်တော်မူပါ ဘုရားလို့လေ၊ ဟား ဟား ဟား ဟား"

ထိုရောအခါမှ မတုတ်တိုကလည်း ကြည်လင်စွာ ပြုံးနိုင် လေသတည်း။ ။

## ပျားခွေး၏ ကုသိုလ်ယူ

"လောကဥ္စွတွင်၊ ပျားနှင့်ယင်ကို၊ မျက်မြင်စံထား၊ မောင်ရှုစားလော့၊ ပျားကားအိမ်ပြု၊ အရည်စုလျက်၊ ထားမှုလီမွာ၊ နောင်ချမ်းသာ၏။ ယင်မှာသော်တုံ၊ ဝမ်းဝရုံမျှ၊ အုံကာလျက်စား၊ စုမထားကြောင့်၊ ရှာငြားမပြတ်၊ မရတော်၏"

မယ်ဒေဝလက်ာအသေးစိတ်ကြီးတွင် ပါရှိသော အထက်ပါစာစုလေးသည်ကား ကိုစမ်းရေနှင့်နှလုံးအိမ်ကို ဆီစိမ်ဘိသို့ ရှိလေရသည်တွင် ဆောင်ပုဒ်တစ်ခုအဖြစ် အိမ်၌ရေးချိတ်ထားပါသည်။ သူ့သားသမီးများ ဖတ်ကာ တစ်သက်တာလမ်းညွှန်အဖြစ် ခံယူကျင့်သုံးသွားစေချင်သလို သူကိုယ်တိုင်လည်း လိုက်နာကျင့်သုံးနေသော "နီတိ" တစ်ခုဖြစ်သောကြောင့်ပါတည်း။

ကိုစမ်းရေနှင့် မဖြူနုတို့ မေတ္တာအစီက၊ ချစ်တာပဓာနဟု နှစ်ဦးသား ဘဝချင်းစပ်တူအိမ်ထောင်ပြုခဲ့စဉ်က ဥစ္စာဆို၍ တစ်ပြားမပါခဲ့ကြပေ။ ကိုစမ်းရေက တွေ့ရာအလုပ်ကိုလုပ်၊ မဖြူနုက ဆေးလိပ်သမအဖြစ် နေကုန်အောင်လိပ်ခဲ့ရသည်။ သားသမီးသုံးယောက်ရလော့ မွေးမြူရေးလုပ်၍ အဆင်ပြေခဲ့သည်မို့ ပျားသဖွယ်

လို့လား၊ ဝီရိယထားကာရှာသလို ပျားတို့ထုံးအတိုင်းလည်း စုဆောင်းခဲ့သဖြင့် ယခုသော် စားဝတ်နေရေး ချောင်လည်နေပါပြီ။

ကိုစမ်းရေသည် ပျားမွေးမြူရေးသင်တန်းတက်ဖူးသည်။ ထို့ကြောင့် သူတို့ဒေသ၌ ဖိုးကြီးရင်းထိုက်ပေးဝယ်ရသော အာဟာရ ပြည့်ဝသည့် ပျားရည်ကို ဖောဖောသီသီစားသုံးနိုင်ရန် ပျားမွေးချင်နေ သည်မှာ ကြာလေပြီ။ သို့သော် ထိုစဉ်က ပျားမွေးမြူရေးကို နိုင်ငံတော်က လုပ်နေပြီး ပုဂ္ဂလိကများ မမွေးမြူနိုင်ကြသေးပေ။ တစ်နေ့ သော် ဦးတင်အုပ်က သတင်းကောင်းတစ်ခု ပြောလာသည်။

"မင်း ပျားမွေးချင်တယ်ဆိုလို့ လာပြောတာ...သစ်ခေါင်းပျားအုံ တွေ့ခဲ့တယ်ကွဲ့"

"ခင်ဗျား သေသေချာချာကြည့်ခဲ့ရဲ့လားဗျာ...တော်ကြာ မွေးလိမ်ပျားတွေ ဖြစ်နေပါဦးမယ်"

"ငါသိပါတယ်ကွာ...မွေးလိမ်ပျားတွေက ဖြူတ်ကောင်လေး တွေလိုဟာပါ၊ အခုဟာက ယင်ကောင်ထက် ကြီးတယ်"

"ဝေးလားဗျ"

"မဝေးဘူး သချိုင်းကုန်းအနောက်ဘက် တောင်းချမ်းပင်ကြီးမှာ"

ကိုစမ်းရေသည် စိတ်အားထက်သန်စွာ သွားကြည့်လိုက်၏။ အမှန်ပါပဲ။ 'အင်ဒီကာ' ခေါ် သစ်ခေါင်းပျားအစစ်ဖြစ်ပါသည်။ မွေးလိမ်ပျားကိုလည်း သစ်ခေါင်းပျားဟုခေါ်ကြသေးသည်မို့ သေချာ အောင် သွားကြည့်ရခြင်းဖြစ်၏။ မွေးလိမ်ပျားကား သစ်ပင်ပင်စည်ထဲ၌ နေရာတော်တော်ယူကာ အိမ်ဖွဲ့လေ့ရှိပြီး အရည်များစွာမရှိ၍ ဖွတ်လေ့ မရှိကြပါ။ သို့သော် အချိုတွင်း၊ အချဉ်တွင်း သက်သက်စီ စီမံထား သည်ကတော့ အံ့သြစရာပါပေ။ ယခုမူ ရှမ်းပြည်တွင် အတွေ့များသော

'အင်ဒီကာ' သစ်ခေါင်းများဖြစ်နေ၍ ဝမ်းသာလှတော့သည်။ အဘယ့်ကြောင့်ဆိုသော် ခြံ၊ သစ်ကိုင်းတို့၌အုံသော ယင်များ (မယ်လီဖယ်ရာ)ထက် ဦးမှင်ရှည်၍ ဝတ်ရည်စုအားကောင်းပြီး ယင်းများကဲ့သို့ ရန်လိုစိတ်မရှိဘဲနှင့် ယဉ်ပါးပြီးမွေးလို့ရသော ပျားဖြစ်သောကြောင့်ပါတည်း။

အိမ်ကိုတန်းမပြန်ဘဲ ဦးညာဏ်လင်းဆီဝင်၍ ပျားပုံးတစ်ပုံး အပ်ရသည်။ သူသည် စေ့စပ်သော လက်သမားဆရာဖြစ်သောကြောင့် သူ့လက်ရာကို စိတ်ချသည်မို့ အပ်ခြင်းဖြစ်ပါ၏။ ပျားတို့သည် စည်းစနစ်အလွန်ကြီးသည်။ ပျားအုံ အတိုင်းအတာလွဲသော် မနေကြချေ။ သို့သော် ရွာင်နယ်ဘက်၌တွေ့ဖူးသည်ကား ဆီချုံအဖျက်ကြီးထဲတွင်လည်းကောင်း၊ အိုးထဲတွင်လည်းကောင်း မွေးထားသည်ကိုတွေ့ဖူး၍ စဉ်းစားရ၏။ ဥရောပပျားလောက် မြန်မာပျားက စီစဉ်ကြောင်းဟန်မတူပေဟု။

× × × × ×

ဦးညာဏ်လင်းထံမှ ပျားအိမ်ပြီးပြီဆိုတော့ သတင်းမတိုင်မီကပင် ပျားကာဝတ်စုံ (Bee Suit) ကို ပျားမွေးမြူရေးဌာနက ငှားထားခဲ့၍ ပျားရှိုင်းကို အုံသွင်းဖို့ အသင့်ဖြစ်နေပါပြီ။ (ဗိုလ်ကြီးရဲနောင်အား ကျေးဇူးတင်ရပါလေ၏)

"ကိုင်း ဒီနေ့ည ဆယ်နာရီလောက်မှာ အုံသွင်းရအောင်ဗျာ… ပျားတွေက အလင်းရောင်ရှိသ၍ အလုပ်လုပ်ကြတာမို့ သူတို့အိမ်ရှိန်မှ လုပ်ကြရအောင်"

ကိုစမ်းရေတို့နှစ်ယောက် ခရောင်ပျားကာဝတ်စုံကိုယ်စီ ဝတ်ပြီးသောအခါ လပေါ်ဆင်းသော အာကာသယာဉ်မှူး နှစ်ယောက်ပမာ

ဖြစ်သွား၍ မဖြူနှသည်ရယ်လေတော့၏။ သည်အထဲတွင် ဦးတင်အုပ်က အာကာသထဲတွင် လမ်းလျှောက်သလိုလုပ်ပြနေသေး၍ ပိုပြီးပွဲကျနေတော့၏။ ရယ်မော၍ အားရသော် မှတ်ချက်ချလိုက်ပြန်သည်။

"ဘာကောင်ကြီးတွေနဲ့ တူမှန်းမသိဘူး"

ကိုစမ်းရေသည် နာရီကိုကြည့်ပြီး-

"ဆယ်နာရီထိုးတင်းရှိပြီ၊ သွားကြစို့ဗျာ"

ဦးတင်အုပ်က ပွားပုံးကြီးကိုထမ်းကာ ကိုစမ်းရေ လွယ်၊ ရဲတင်းနှီ့ သည့်လက်သမားကိရိယာထည့်သောပုံးကို ထမ်း၍ ရွာမှထွက်ခဲ့သည်တွင် ခွေးတစ်စီအူလျက် ဆူညံသွားလေ၏။

"တောက်---သောက်ခွေးတွေ သူနိုးနိုးတဲ့ညကျတော့ အသံမထွက်ဘဲ ငြိမ်ခံနေကြတယ်"

ဦးတင်အုပ် စိတ်တိုပြီးပြောသည်ကို သဘောကျပြီး ကိုစမ်းရေ ပြုံးရသေးသည်။ အလံနီသခင်နိုးက ဆိုဖူးသည်။ "ရေတိသီးနဲ့ခွေးဟာလောကကြီးမှာ အပိုတွေပဲ"ဟူ၏။ ခွေးမချစ်တတ်၍ ရေတိသီးမကြိုက်သော ကိုစမ်းရေကတော့ သဘောတူပါသည်။

သန်းခြိမ်းကို ဖြတ်လျှောက်လာစဉ်မှာတော့ ထိတ်သလိုလို၊ လန့်သလိုလို ဖြစ်မိသေးသော်လည်း အတူပါလာသော ဦးတင်အုပ်ကို ရှက်၍ ရဲဟန်ဆောင်ကာ မတွန့်မဆုတ်ဖြတ်နိုင်ခဲ့သည်။ ဦးတင်အုပ်လည်း ထို့အတူ ရှိပါလိမ့်မည်။ သူ့ထံမှလည်း ဘာသံမှမထွက်ချေ။

ပွားအုံရှိသော တောင်းချမ်းပင်သို့ရောက်ပါပြီ။ ပွားထွက်ပေါက်၌ ကင်းစောင့်ပွားသုံးလေးကောင်တွေ့ရ၏။ ဦးတင်အုပ်က လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သော် ထိုကင်းစောင့်ပွားကလေးများ အုံအတွင်းသို့ လှည့်ဝင်သွားကြသည်။ "အလင်းရောင်လာပြီ၊ အစာ

ရှာထွက်ကြတော့"ဟု အတွင်းက မှားများကို သွားပြောခြင်းဖြစ်ပေမည်။ မှားတို့ လုပ်အားခွဲဝေပုံမှာ မပျံနိုင်သေးသောမှားသည် ကင်းစောင့်ရ၏။ အုံအတွင်း သန့်ရှင်းရေးလုပ်ကြရသည်။ ဆယ့်ခြောက်ရက်သားရသည်နှင့် ပျံနိုင်ပြေတော့ရာ အုံမှတ်ပျံသန်းခြင်းတာဝန်ကို စယူရ၏။ အုံဘက်လှည့်ကာ နေရာမရွေ့ဘဲပျံသည် (ရဟတ်ယာဉ်များကဲ့သို့)။ တစ်နေရာတည်းရပ်လျက် မှားအုံကိုမှတ်မိအောင် ကြည့်နေသည်ဖြစ်ပါ၏။ မိမိအုံကို မှတ်မိသည်နှင့် ငါးမိုင်အတွင်း အစာရှာရတော့မည်ကိုး။

"ဟော တစ်တန်းကြီးထွက်လာပြီကွ"

ကင်းသမားခေါ်ခွဲ၍ ထွက်လာခြင်းဖြစ်ပေလိမ့်မည်။ ဦးတင်အုပ်က ပုစွန်နှစ်ကောင် ဆေးပေါ့လိပ်ကို မီးညှိ၍ရှိုက်ဖွာကာ မီးနိုးနှင့်မှုတ်ထုတ်လိုက်သည်နှင့် ပြန့်ဝင်သွားကြ၏။

"ဘာသဘောလဲ မသိဘူးနော်...၊ မီးနိုးတော့ ကြောက်ကြတယ်"

"သူတို့ သဘာဝပေါ့ဗျာ...မီးနိုးနဲ့ရရင် သူတို့ဘဝပေးအသိကတောမီးလောင်ပြီ၊ တို့စုဆောင်းထားတဲ့မှားရည်ကို အဆုံးရှုံးမခံဘဲ တစ်ဝစုပ်ယူပြီး ပြေးကြမယ်ဆိုတဲ့ သဘောပေါ့၊ ကျွပ်သင်တန်းမှာ လက်တွေ့အုံဖွင့်စစ်ဆေးခြင်းလုပ်တော့ 'စမှတ်ကာ'နဲ့ မီးနိုးမှုတ်ပြီးမှ ဖွင့်ရတယ်၊ အစွရေးမှားတွေက ခေါသကြီးသကိုးဗျ"

မှားများငြိမ်သည်နှင့် မှားအုံအထက် လွှတ်ရုံခန့်မှန်းကာ လွှနှင့်တိုက်ဖြတ်၏။ လေးလက်မခန့် သစ်ပင်ပင်စည်အတွင်း စူးဝင်သည်နှင့် မှားအုံအောက်နားမှလည်း လွှတ်ရုံမှန်းကာ အထက်အတိုင်းပင် လေးလက်မခန့်တိုက်ဖြတ်လိုက်ပြီးသော် ဆောက်ပြားနှင့်ခုံထုတ်လေ၏။

"ဖြည်းဖြည်းကွ…အုံ့ပေါ်လာပြီ၊ ဟ မနည်းပါပဲလား… သလက်တွေ ခြောက်စုတောင် အမယ်…ဘိန်းမုန့်တွေ ထပ်ထားသလို ညီနေတာပဲ"

လက်အိတ်စွပ်ထားသည့်နို့ ရဲရဲပင် သလက်တွေကို တစ်ခုပြီး တစ်ခုခွာယူကာ ပျားအိမ်အသစ်တွင် သလက်ပေါင်အသစ်တွေကြားရှိ ညှပ်ကာထည့်လိုက်၍ စရွေးကိုက်လုပ်ထားသောအဖုံးကို ပိတ်လိုက်သော် သစ်ခေါင်းပျားများ အုံသွင်းခြင်းလုပ်ငန်း ပြီးပါပြီ။

စိတ်လက်ပေါ့ပါးစွာ စကားတပြောပြောနှင့် ပုံးများထမ်း၍ ရွာလမ်းအတိုင်းပြန်အဝင်တွင် လက်နှိပ်ဓာတ်မီးများ မျက်နှာဆီ လှမ်းထိုးသည်ခံရပြီး-

"ဟော ရပ်လိုက်…မင်းတို့ ဘယ်သူတွေလဲ"

ဉက္ကဋ္ဌဦးစိန်က အမိန့်သံဖြင့် မေးလိုက်၏။ သူ့နောက်တွင်လည်း လူခြောက်ဦးက တုတ်၊ ဓားကိုယ်စီ ကိုင်ဆွဲလျက်။

"ကိုစိန် ကျုပ်တို့ပါ"

ထိုအခါမှ အသံကို ကျက်မိသွားပုံဖြင့်-

"မင်းတို့ကောင်တွေ ဒါဘာလုပ်လာတာတုန်း၊ ရွာကလူတွေ အထိတ်တလန့်ဖြစ်အောင်"

"သစ်ခေါင်းပျားအုံဖမ်းလာတာပါဗျာ…မယုံရင် ကြည့်"

ကိုစမ်းရေက ပျားပုံးကိုချကာ ဖွင့်ပြလေ၏။ ထိုအခါကျမှ-

"မသိပေါင်ကွာ…လူမြူကြီးတွေ ခေါင်းတလားထမ်းပြီး သင်္ချိုင်းဘက် ထွက်သွားကြတယ်ဆိုပြီး လန့်နေကြတာ၊ ခွေးတွေ အူတာလည်း ဆူလို့ဆိုတော့ တို့တတွေလူစုပြီး လိုက်တော့မလို့"

သူတို့ သက်ဘကင်းရှင်းစေရန် အစအဆုံးရှင်းပြလိုက်ရသည်။

"အိမ်ရောက်ပျက်တာပဲရှိတယ်…လမ်းတဲ့ သွားနို့ ဟော့ကောင်တွေ"

"အေးလေဗျာ…ကိုစမ်းရေတို့များ ပျားမွေးရတယ်လို့ ကြာရင် ခြတို့၊ လောက်တို့ပါ မွေးဦးမလား မသိဘူး"

ဖိုးတာက ခနဲ့တဲ့တဲ့ ပြောသည်ကို-

"မင်းသာ ဝယ်စားမယ်ဆိုရင် ခြနဲ့လောက်လည်း မွေးမှာ ပေါ့ကွ" ဟု ပြန်ထေ့လိုက်ရသေးသည်။ ရယ်မောစရာအဖြစ်သို့ ချက်ချင်းပြောင်းသွားတော့သည်လေ။

× × × × ×

ပျားအုံကို မန်ကျည်းပင်အောက်တွင် နေရာချလိုက်သည်။ လူအသွားအလာနည်းသောနေရာကို ရွေး၍ ထားရခြင်းဖြစ်ပါ၏။

စဥ္စအင်ပက်ကလေးထဲသို့ ရေထည့်ကာ ကြက်ဥအရွယ် ကျောက်ခဲလေးများထည့်ပြီး ပျားအုံရှေ့သို့ချပေးလိုက်သည်။ ပျားတို့သည် ရေသယ်ယူကာ ပျားသလက်ကို မွတ်ပေးတတ်၍ဖြစ်၏။ မှုပြင်းသော ရာသီဆိုပါက ရေနှစ်ရာခိုလိုကရယ် ကုန်လေသည်။

ပျားအုံလာကြည့်သော ဦးကျော်က-

"မင်းကတော့ အပါယ်ကျဖို့ အချက်တစ်ချက်ပဲ လိုတော့ တယ်ကွ"

"ဘယ်အချက်ပါလိမ့် ဦးလေးကျော်ရယ်"

"'ပျားဖွတ်၊ သားထိုး၊ မယားနိုး၊ လင်နိုးမိန်းမ အပါယ်ကျ' ဆိုတာကိုးကွ၊ မယားသာနိုးလိုက်ရင် သုံးချက်ညီသွားမှာ"

အိမ်နီးချင်းလည်းဖြစ်၊ သားချင်းလည်း မကင်းလေ၍ မကောင်းမှု လုပ်သည်ထင်ကာ ဆုံးမစကားပြောသည်ဟု ထင်ပါသည်။ ကိုစမ်းရေက စိတ်မပူစေရန် ရှင်းပြရပါတော့၏။

"ပွဲ့ပူတောင်တာ မဟုတ်ပါဘူး ဦးလေးကျော်ရဲ့ ပွဲ့ရွေးတာပါ၊ ပွဲ့ပူတောင်ရင် ပွဲ့ကောင်းတွေသေကြတယ်၊ သားလေးလေးလေးတွေကိုတော့ မီးမြှိုက်ပြီးချက်စားကြတာလေ၊ ရဲကြီးတယ်ဆိုတာ ဟုတ်မှာပါ၊ ကျုပ်က ပွဲ့ရွေးတာပါ…ပွဲ့ပူတောင်သမားမဟုတ်ပါဘူးဗျ"

ဦးကျော်ကား မျက်နှာကြီးတည်သွားကာ စဉ်းစားနေပုံရ၍ ကိုစမ်းရေက ဆက်ရှင်းပြရသည်။

"ပွဲ့ရွေးသမားက ပွဲ့အင်အားကောင်းဖို့ ပဋိဇီဝဆေး၊ အားဆေးတွေ ကျွေးပေးရတယ်၊ အစာရှားချိန်ဆိုရင် သကြားရည်ကျွေးပေးရပါတယ်၊ ကုသိုလ်တောင် မရဘူးလားဗျာ…"

ထိုအခါတွင် ပြုံးရယ်လာပြီး အနည်းငယ်ကျေနပ်သွားသည့် ဦးကျော်က-

"သူတို့စုဆောင်းထားတဲ့ အစာကို လုစားတာကကောကွယ်"

"ဒါကလည်း ပိုလျှံတဲ့အခါမှသာ ပွဲ့ရည်ထုတ်ယူတာလေ… အစာရှားချိန်ကျရင် ကိုယ်ကပြန်ကျွေးရပါတယ်လို့ ပြောပြီးပြီပဲဗျာ… ဦးလေးကျော်အိမ်က နွားမကြီးကို နို့ညှစ်ယူတာကျတော့ရော၊ နွားကလေးဆီက လုတာပဲလား"

သူ့ဘက်လှည့်လာသည်နှင့် ဦးကျော်က ဖျာဖျာသလဲပင် ထရပ်၍-

"အတွန့် ထွက်ရဦးမယ်ဟေ့၊ မင်းနဲ့စကားမများအားသေးဘူး"

"နေပါဦး ဦးလေးကျော်ရဲ့ လူတွေက သတ္တဝါတွေကို နိုင်းတဲ့ သဘောက ရှေးအတီတောကတည်းက ရှိခဲ့တာပါ၊ အပြန်အလှန် အားဖြင့် အစာကျွေးရတယ်၊ နာမကျန်းဖြစ်တော့ ဆေးကုပေးရတယ် ပေါ့ဗျာ၊ အခု ကျုပ်က ပွဲ့တွေကို ဝတ်ရည်စုခိုင်းတာပဲပေါ့"

"သွားပြီပော့ ထွန်ထွက်နောက်ကျနေပြီ"

"နွားတွေကို နိုင်းတာ နိုက်နက်ပြီး မနိုင်းနဲ့နော် ငရဲကြီး ဦးမယ်ဗျ"

ဦးကျော်သည် စိတ်ဆိုးသွား၍ထင့်။ ခြေကိုဆောင့်လျက် နှင်း သွားသည်။ ကိုစမ်းရေက သူ့နောက်မှကြည့်ကာ ပြုံးလိုက်မိတော့၏။

× × × × ×

"ပျားရည်ကို ရှေးနှစ်ပေါင်းများစွာက မသိုးထမင်း၊ မသိုးဟင်း အဖြစ် စားခဲ့ကြပြီး အီဂျစ်လူမျိုးတွေက လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးထောင် ကျော်ကတည်းက မွေးခဲ့ကြပါတယ်ဗျား။ ကျုပ်တို့နိုင်ငံတော်မှာတောင် တိုင်းရင်းသားတွေ မိရိုးဖလာနည်းနဲ့မွေးလာတာ နှစ်ပေါင်းရှစ်ရာကျော် ခဲ့ပြီလို့ အထောက်အထားတွေတွေ့ရပါတယ်"

မနက်စောစောရေနွေးဝိုင်းတွင် ရောက်နေကြ ဦးဖိုးရို ဦးတင်အုပ်၊ ဦးကျော်၊ ဦးကျော်စောတို့ကို သင်တန်းတက်ဖူးသည့် ကိုစမ်းရေက ရှင်းပြနေခြင်းဖြစ်ပါသည်။

ပျားတို့သည် လေးစားအတုယူဖွယ်ကောင်းသော သတ္တဝါ လေးများဖြစ်ကြသည်။ ကိုယ်စီ အလုပ်လုပ်ရသည်။ သားလောင်းဘဝမှ အကောင်စပေါက်သည်နှင့် နိုင်ရာဝန်ကိုထမ်းရ၏။ သူတို့၏သက်တမ်း သည် ရက်နှစ်ဆယ်သာသာရှိ၍ ပျားဘုရင်မက နေ့စဉ်ဥပေးနေရသည်။ ပျားအင်အားမလျော့စေရန် ဥပေးနေရခြင်းဖြစ်တော့သည်။ ဘုရင်မကို သီးသန့်ကျွေးသော နို့ရည်ရှယ်ဂျယ်လီ (Royal Jelly) သည် အင်အားကို တိုးပွားစေရာ၍ သုမတူအောင် ကောင်းမွန်သည်။ ဘုရင်မအားရှိမှ ဥနိုင်မည်ကိုး။ ဘုရင်မအို၍ ဥနှုန်းကျဆင်းလာသည်နှင့် ဘုရင်မအသစ် နှင့် မိတ်လိုက်နိုင်ရန် ပျားထီးကို လုပ်သားပျားတို့က မွေးပေးတော့၏။

ဘုရင်မအသစ် မွေးပုံမှာ သန့်မာသော ပျားလောင်းသုံးလေးကောင်ကို ရှိုင်ရယ်ဂျယ်လီပိုကျွေးကာ ကြီးထွားစေသည်။ ရှပ်ဖုံးသားလောင်းဘဝမှ ဖယောင်းကို ပထမဆုံးကိုက်ဖြတ်ထွက်လာသော အမျိုးဘုရင်မသည် ကျန်ရှပ်ဖုံးဘဝက မထွက်နိုင်သေးသော ဘုရင်မလောင်းလျာတို့နှင့် လက်ရှိဘုရင်မအိုကြီးကိုသတ်ပစ်ကာ သူနှင့်အတူပေါက်သော ပျားထီးများနှင့် အုံအပြင်ထွက်၍ မိတ်လိုက်သည်။ မျိုးအောင်လေမှ အုံအတွင်းပြန်ဝင်ကာ နေ့စဉ် ဥငါးရာအောက်ထစ်ဥတော့၏။ ဤသို့ဖြင့် ပျားမျိုးဆက်ကို ထိန်းသိမ်းကြ၍ ပျားလောကတည်တံ့နေကြောင်း ကိုစမ်းရေရှင်းပြရပါ၏။ အားလုံး သဘောပေါက်သွားကြပါသည်။

ထိုစဉ် မဖြူနုက ပေါင်မုန့်ကြမ်းအား ပျားရည်ဆမ်းထားသည်ကို အဆာပြေမနက်စာအဖြစ် လာကျွေးလေ၏။ ပေါင်မုန့်တစ်ချပ်သည် တော်တော်ထူလေ၍ တင်းတိမ်ကြပါသည်။ ကိုစမ်းရေ၏သားသမီးတို့သည် ခေါင်းမဖော်လေတော့ပြီ။ စာရင်းပင် ဦးတင်အုပ်က နှုတ်ခမ်းကို အဝတ်ဖြင့် သုတ်လိုက်ပြီး-

"ကုသိုလ်ပြုတဲ့ စမ်းရေတို့ ဒီထက်ကြီးပွားပါစေလို့ ဆုတောင်းပါတယ်၊ ကုသိုလ်ထဲမတော့ ဒီကုသိုလ်က ချိုပေသကွဲ"

ဦးကျော်လည်း စားရင်းသောက်ရင်းမှပင် စိတ်ကူးရ၍လားမသိ-

"ငါလည်း ကမ္မဋ္ဌာန်းကျောင်းဆရာတော် ကျန်းမာရေးမကောင်းလို့ စတေ့မစ္စကျူချင်တာ စမ်းရေဆီက ပျားရည်ဝယ်ရမယ်ဟေ့"

အကြွက်ဆိုက်လေပြီမို့ ကိုစမ်းရေက-

“စတုမဓုဆိုတာ လေးပါးသော ပျားရည်လို့ အဓိပ္ပာယ်ရတာပေါ့ဗျာ၊ ဘုရားရှင်ကိုယ်တော်တိုင်က ဂိလာနရဟန်း (မကျန်းမာသောရဟန်း)တွေကို မကာလိကော (အချိန်မရွေး) ဘုန်းပေးခွင့် ပြုထားတော်မူပါတယ်၊ ဒါကြောင့် ဦးလေးကျော် ဘုန်းကြီးလှူဖို့ ရည်ရွယ်ထားတယ်ဆိုတဲ့ စတုမဓုအတွက် ပျားရည်ကို ကျွပ်လှူမယ်ဗျာ”

အားလုံးကပင် သာဓုခေါ်ကြ၍ ပီတိဖြစ်ရသော ကိုစမ်းရေက သူ့မိန်းမဘက်လှည့်၍-

“တွေ့လား မြနု…ပျားမွှေးတာ ကုသိုလ်ဘယ်လောက်ရလဲလို့”

စောစောက ပျားမွှေးသည်ကို သိပ်မကြည်ဖြူချင်သော မြနုသည်ပင် ပြုံးယောင်ယောင်မျက်နှာထားနှင့်ပါတကား…။ ။

# စကားပုံများနှင့်လူ

မုံရွာမှ ရေဦး၊ တမူး၊ အိန္ဒိယနယ်စပ်ထိရောက်သော လမ်းမကြီးကို ဦးတိုက်နေသည့် ညောင်ပင်ကန်-ဆုံကုန်းလမ်းကို ခြေနင်းမိသောအခါ လွန်ခဲ့သော ဆယ်နှစ်က လျှောက်ခဲ့ရသော လမ်းနှင့်မတူ ကွာခြားနေ၍ အံ့သြသွားရသည်။ ဪ…ကတ္တရာခင်းထားပြီးပြီပဲ။

လမ်းဘေးဝဲယာရှိ တမာပင်များကတော့ မပြောင်းလဲနိုင်ပဲ သည်အရွယ်၊ သည်အရိပ်ဟုပင် ထင်ရလေ၏။ မိုးခေါင်ရေရှားရပ်ဝန်းတွင် ရှိနေပေသကိုးလေ။

"ဟော အဲဒီတမာပင်တစ်ပင်ကို "ဘားမားရယ်ဝေးကုမ္ပဏီ" က ရွှေဒင်္ဂါးတစ်ပြား အကုန်ခံစိုက်ထားတာကွ၊ မင်းခုတ်လာတာလား"

သူငယ်စဉ်က လေပြင်းအတက်ကြောင့် ကြက်ပေါင်ပဲ့ ပဲ့ကာကျနေသော တမာကိုင်းကြီးကိုထမ်းကာ အိမ်ပြန်လာခဲ့ရာ၌ သူ့အဖေက ညောင်ပင်ကန်လမ်းရှိ အပင်များက ခုတ်ယူလာသည်ထင်၍ အော်ခဲ့ဖူးသည်ကို သတိရမိသေးသည်။

မှန်ပါ၏။ ညောင်ပင်ကန်ရွာလမ်းခွဲမှ ဆုံကုန်းရွာဘူတာအထိ ခုနစ်တာလုံသောလမ်းကို ကျောက်ခင်း၍ ဘေးဝဲယာတွင် တမာပင်များ ရေလောင်းကာ စိုက်ပျိုးထားခဲ့သည်။ လမ်းဖောက်ရာတွင် ဘင်္ဂလားနယ်မှ ကုလားများကို ခေါ်ယူအသုံးပြု၍ လုပ်အားယူခဲ့ရာ အလုပ်ကြမ်းလုပ်သည်ကို မမြင်ဖူးသော ဗမာတို့က တကူးတက သွားကြည့်ခဲ့ရသည်ဆို၏။

"သူတို့ထမင်းထုပ်ထဲမှာ ကြက်သွန်နီတစ်ဥ၊ မန်ကျည်းသီး အမှည့် လက်တစ်သစ်နဲ့ ငရုတ်သီးခြောက် သုံးတောင့်သာပါတာ ကလားကွာ။ ထမင်းမစားမီ ငရုတ်သီးခြောက်တောင့်ကိုခါးချိုးပြီး နှုတ်ခမ်းကို ပွတ်လိုက်တယ်၊ ပြီးတော့မှ ထမင်းကို မြိန်ရေယှက်ရေ စားတာပဲ။ သူတို့ကတော့ လျှာနွှီးတာတဲ့လေ၊ ဒါနဲ့ သနားလွန်းလို့ အိမ်ကဟင်းတွေ ခိုးခိုးပေးရတယ်၊ အဲဒီတော့လည်း မစားဘူး၊ ကျေးဇူးတင်ပါတယ်လို့ မပီကလာ ပီကလာပြောပြီး ဆလံပေးသကွ၊ အောင်မယ် အဲဒီကုလားတွေက တစ်လကို ရွှေဒင်္ဂါးတစ်ပြား ဘင်္ဂလား ပြန်ပို့သတဲ့ သားရေ..."

သူ့အဖေစကားကို ငယ်စဉ်က ပုံပြင်သဖွယ်နားထောင်ခဲ့ရသည့်ပို့ ဟိုတစ်ခေတ်က မြန်မာတို့ရှေ့ဖြစ်ခဲ့သည်ကို ဝိုးတဝါးမြင်မိသေးသည်။ ကြီးပြင်းလာ၍ မြို့တက်ကာ ငွေရှာသည်တွင် နိုက်၍မမီသော ငွေတွင်း နက်နက်နှင့်ကြုံလေတိုင်း မြန်မာပြည်တွင် အလုပ်လုပ်၍ တစ်လလျှင် ရွှေဒင်္ဂါး (ငါးမူးသား) တစ်ပြား ဘင်္ဂလားပို့နိုင်သည်ဆိုသော ဖခင်ကြီး၏ စကားကို ယုံမှားသံသယဖြစ်မိရ၏။ ဖခင်ကြီးသည်ပင် အမှတ်မှား လေသလားဟု စဉ်းစားမိသေးသည်။

"ဟော ခင်နိုးပါလားကွ၊ ဘုရားပွဲတုန်းက မပြန်ဘဲ နွေခေါင် ခေါင်မှ ပြန်ရသလား"

ကိုယ့်အတွေးနှင့်ကိုယ် ခေါင်းငုံ့လျက် လျှောက်လာမိရာ ရှေ့တည့်တည့်မှ အုပ်စုလိုက် ပေါက်ပြားကိုယ်စီ ထမ်းထွက်လာသော ကိုမျိုးသိမ်းတို့အဖွဲ့နှင့် တွေ့သည်မှာပင် သူတို့ကစ၍ နှုတ်ဆက်ရာမှ သတိထားမိတော့၏။

''အေး…မင်းတို့ကလည်း နေ့ခေါင်ခေါင်ကြီးမှာ ဘယ်အခင်းကို ပေါင်းပေါက်ထွက်ကြလို့တုန်း''

အံ့သြစွာ မေးဘိကိုစေးကြည့်သော် နေ့အခါ၌ပင် စိမ်းစိုနေသော သခွားမွှေးစိုက်ခင်းများကို တွေ့ရလေသည်။ မျိုးသိမ်းက စိုက်ခင်းများဘက်သို့ မေးငေါ့ပြလိုက်ပြီး–

''ကိုဆွေဦးက မြေဩဇာရေနဲ့ သခွားမွှေးစကာနစ်ဆယ် စိုက်ထားတယ်လေဗျာ၊ တို့တတွေလည်း အလုပ်ရတာပေါ့ဗျ''

ကြားရသည်မှာ နားချမ်းသာလှသဖြင့် ခရီးပန်းသမျှပြေပျောက်၍ လမ်းဆန်းသွားရ၏။ ယခင်က ခြောက်သွေ့နေသည့်ချည်းဖြစ်သော ညောင်ပင်ကန်ဆုံကုန်းလမ်းဘေးဝဲယာသည် နေ့ခေါင်ခေါင်၌ပင် စိမ်းစိုနေပြီကော။

''ကဲ သွားလိုက်ဦးမယ်၊ ညနေကျမှ တွေ့ကြတာပေါ့''

ငယ်ပေါင်းမိတ်ဆွေ ရွာတွင်နေသူတို့ကို နှုတ်ဆက်၍ လမ်းဆက်လျှောက်ခဲ့သည်။ ရွာဦးရောက်သော် ဆေးပေးခန်း၊ မိန့်ရတာနာခန်းမ၊ သားဖွားခန်း၊ စာကြည့်တိုက်၊ ရေစင်၊ အထက်တန်းကျောင်း၊ ဓာတ်ရုံတို့ဖြင့် တိုးတက်စည်ပင်နေသော စံပြဆုံကုန်းရွာကို တွေ့မြင်ရ၍ ဘဝင်မြင့်ချင်သလိုပင် ဖြစ်လာရ၏။ မိမိတို့ရွာသားများသည် ပျား၊ ပုရွက်ဆိတ်တို့၏ လုံ့လမျိုးဖြင့် သာသနိကအဆောက်အဦများ၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာ အဆောက်အဦများကို

တည်ဆောက်ခဲ့ကြပေပြီ။ ဤအဆောက်အဦးများ ရေရှည်တည်တံ့နိုင်ရန်အတွက်ကတော့ မျိုးဆက်သစ်လူငယ်တို့၏ ပုခုံးထက်တွင်ရှိနေသည်ဟု ခံယူမိပါသည်။

× × × × ×

"ဒါက ဘယ်တုန်း...နှင့်ဟာက အိမ်ကိုဖင်ပူအောင်တောင် မထိုင်ရသေးဘူး"

အိမ်ကိုရောက်သော် ထူထူထောင်ထောင်ဖြစ်နေသော မိခင်ကြီးကို တွေ့ရ၍ စိတ်ချမ်းသာသွားရပါသည်။ လမ်းသွားအောင် ရေချိုးလိုက်စဉ် အရင်လိုကန်းသွားခပ်စရာမလိုတော့ဘဲ ရေကြည်ရေသန့်တို့ ကျလာသဖြင့် သဘောကျသွားရ၏။ အို...ရေမီးစုံနေပါပကောလား ရွာတို့။

ရေချိုးပြီးအဝတ်အစားလဲကာနေသော သူ့ကို အိမ်ယာထက်က လှမ်းကြည့်နေသည့် မိခင်ကြီးက မေးလိုက်ခြင်းဖြစ်ပါသည်။

"ကိုစမ်းရေတို့အိမ်ကို သွားမလို့ပါ"

"လက်ထဲက ဘာထုပ်ကြီးတုန်း သား"

ခင်စိုးသည် သတင်းစာစက္ကူနှင့်ထုပ်ထားသော အထုပ်ကို မခင်ကြီးအား မြှောက်ပြလိုက်ပြီး-

"ရန်ကုန်ပြန် လက်ဆောင်ငါးခြောက်လေ အမေရဲ့"

သူ့မိခင်သည် ဟက်ပက်စွာရယ်လေ၏။ ခင်စိုးတွေဝေစွာ မိခင်ကို ငေးကြည့်လိုက်ပြီး-

"ဘာဖြစ်လို့တုန်း အမေရဲ့..."

"ဘာမှမဖြစ်ပါဘူး သွား...သွား၊ အကြာကြီးမနေနဲ့"

"ဟုတ်ကဲ့ အမေ"

မိခင်ကြီးကို ခွင့်တောင်း၍ထွက်ခဲ့ရာ၌ သူ့အမေသည် ကိုစမ်းရေကို ငါးခြောက်လက်ဆောင်ပေးမည်ဆိုခြင်းကို အဘယ်ကြောင့် ရယ်သနည်းဆိုကာ စဉ်းစားရင်းပင် ကိုစမ်းရေအိမ်ရောက်တော့၏။ ကြက်ချေးနံ့ အနည်းငယ်ရ၍ ကြက်သံများဆူညံနေသော အိမ်သည်ကား မိတ်ဆွေကြီး၏အိမ်ပင်ဖြစ်တော့သည်လေ။ မရောက်တာကြာပြီမို့ အခြေအနေတွေ ပြောင်းနေသည်ကို တအံ့တသြမြင်လိုက်ပါသည်။

ကြက်ခြံထဲမှထွက်လာသော ကိုစမ်းရေကို သူကအရင်မြင်သည်။ ကြက်ဥတွေကိုလည်း ခြင်းနှင့်အပြည့် ကောက်လာခဲ့၍ ကိုစမ်းရေ၏ လက်မောင်းအကြောတွေ ဖြိုင်းဖြိုင်းထနေပါသည်။ စွပ်ကျယ်ချိုင်းပြတ်ဝတ်ထား၍ သိသိသာသာကြီး ဝဖြိုးနေသည်ကို တွေ့ရသမို့ အဆင်ပြေနေမှန်း သိသာလှပါသည်။ ခင်နိုး ချောင်လာသည်နှင့် -

"ကြက်ဥ အလုံးတစ်ရာလောက် ဝယ်ချင်လို့ပါ"

"ရပါတယ်…ဟာ…ငါ့ကောင်ကြီးပါလား ခုရောက်တယ်ပေါ့"

အမှန်ပင် ရှေ့ဝယ်သူဟု ထင်ပြီးမှ မော့ကြည့်လေသော ခင်နိုးကိုမြင်၍ ဝမ်းသာအားရ နှုတ်ဆက်လေ၏။

"ထိုင်ဦးကွာ"

ကိုစမ်းရေသည် ကြက်ဥများကို ထင်ရှူးသေတ္တာထဲသို့ ရေတွက်လျှက်ထည့်နေစဉ် ခင်နိုးက အိမ်အောက်ရှိ တန်းလျားခုံပေါ် ဝင်ထိုင်ကာ အိမ်အတွင်းမျက်စိကစားကြည့်လေရာ တီဗီ၊ ဆောက်စက်၊ ရေခဲသေတ္တာ စသည့် လျှပ်စစ်ပစ္စည်းတို့နှင့်ဖြစ်နေသော ကိုစမ်းရေတို့မွေးမြူရေး လုပ်ငန်းကို အားကျမိရသည်။ ထို့ပြင် ကြက်ခြံဘေးမှ နှစ်ရာဝင်

စဉ့်အိုးကြီးများကိုလည်း စိတ်ဝင်စားမိသည်။ ဘာတွေများ သိုလှောင်ထားပါလိမ့်ဟု။

ကိုစမ်းရေ အလုပ်ပြီးစီး၍ သူ့ဘေးလာထိုင်ပြီး-

“မင်းကွာ နေနိုင်လိုက်တာ ဆယ်နှစ်လောက်ရှိရောမယ်”

ဟုတ်ပါသည်။ ခင်စိုးရွာမပြန်တာ ဆယ်နှစ်ရှိပြီ။ ထို့အတူ ကိုစမ်းရေမြို့ကနေပြန်သွားတာလည်း ဆယ်နှစ်ရှိပြီတည်း။ လွန်ခဲ့သော ဆယ်နှစ်ကျော်အချိန်က သူတို့နှစ်ဦး ရန်ကုန်မှာ စီးပွားရှာခဲ့ကြဖူးသည်ပဲ။

“ဟိုမှာ အဆင်ပြေရဲ့လား”

ကိုစမ်းရေသည် တစ်ချိန်က မာကျူရီမီးရောင်အောက်ဝယ် ဝမ်းစာအတွက်ရှာဖူးသော သံယောဇဉ်ဖြင့်မေးသည်ကို ခင်စိုးသိပါသည်။

“မကောင်းမြောက်လ၊ ကောင်းမြောက်လယ်ပဲကွာ…မှင်လင်းရာသီတွေမှာ ဈေးအရောင်းအဝယ်ကောင်းသလို မိုးတွင်းမိုးခါမှာတော့ အိပ်စိုက်ပဲ”

ယခုထိ အိမ်ထောင်မပြုသေးဘဲ မိခင်ကြီးကို အလုပ်အကျွေး ပြုနေသော ခင်စိုးကို ကိုစမ်းရေလေးစားပါသည်။ သူတို့နှစ်ဦးကား ရွယ်တူမဟုတ်သော်လည်း လုပ်ဖော်ကိုင်ဖက်၊ စာပေဝါသနာပါတာရော တူပြီး စာဖတ်ဖော်တွေဖြစ်၍ မြို့ကြီးတွင် ဘဝအမောတွေနှင့်ရင်ဆိုင် နေရဆဲ ညီတစ်ယောက်၏ပြဿနာကို ကိုယ်ချင်းစာမိပုံရပါသည်။

ကျောတစ်ခင်းစာ နေရာလေးတွင် မလှုပ်သာမလှည့်သာ အိပ်စက်ရပြီး ထမင်းနှစ်နပ်အတွက် အချိန်တွေများစွာပေးကာ မြို့ပြအင်္ဂတေတောတွင် ကိုစမ်းရေလည်း မောဖူးသည်ပဲ။ လူရည်လည် ပညာတတ်များဖြင့် ပြိန်းတီးသောမြို့ပြ၌ သာမန်အရည်အချင်းနှင့် ဝင်မတိုးသာသည့်နောက်ဆုံးတွင် အင်္ဂတေတောကို ကျောခိုင်းလျက် ရွာသို့ပြန်ပြေးခဲ့ရသည်လေ။

"ဟို အိုးကြီးတွေက ဘာတွေထည့်ထားတာတုန်းဗျ"

ခင်နိုး မေးလေမှ ကိုစမ်းရေ အတိတ်ကနိုးထဖြစ်သည်။ ခင်နိုးကို တစ်ချက်ပြုံးပြလိုက်ပြီး-

"ငါးရံ့နဲ့ ငါးခူတွေ မွေးထားတာကွ"

ခင်နိုး အံ့သြစွာ အပြေးသွား၍ ကြည့်လိုက်၏။ မြေအိုးကြီးများအထဲ၌ လှုပ်ရှားသွားလာနေကြသော ငါးရံ့၊ ငါးခူကြီးများကား အစိုင်သား၊ သုံးဆယ်သား ရှယ်တွေကောင်တွေချည်းသာဖြစ်သည်။ အိုး...နေဦးပါလား၊ ရန်ကုန်မှာနေစဉ် ဈေးကြီးလွန်း၍ အနားပင်မကပ်နိုင်ခဲ့သော ငါးခူ၊ ငါးရံ့တွေပါလား။

"အကောင်သိပ်ကြီးရင် ဈေးကွက်နည်းသွားလို့ တစ်ပိဿာအထက် ငါးရံ့တွေကျတော့ ခါးခွဲ၊ အခြောက်လှန်းပြီး ရောင်းရတယ်လေ၊ ကြီးတော့ မြေအိုးထဲမှာ အနေကျပ်လာတယ်ကွ၊ အနေကျပ်တော့ မကြီးတွားဘဲ ဓာတ်တူသားချင်း ကိုက်ကြတာနဲ့ ငါးရံ့ခြောက်ဘဝကို ပို့လိုက်ရတယ်လေ"

ဟုတ်ပေသားပဲ။ တောရွာတစ်ရွာတွင် ပိဿာကျော်သော ငါးကို မွဲလမ်း၊ အလှူအတန်းရှိမှသာ ဝယ်ချက်သည်ကိုး။ ကိုယ့်ရွာတစ်ရွာမှ မဟုတ်ပါ။ ရွာတိုင်းသည့်နယ်ပင်။ ကိုစမ်းရေက ငါးခြောက်လုပ်ကာ ရောင်းသည်ဆိုပါလား။ မှန်ကန်သော လုပ်ရပ်ဖြစ်ကြောင်း ခင်နိုးသိပါပြီ။ သူ့အမေက ငါးပုတ်သင်ခြောက် ငါးဆယ်သားထုပ်ကို ကြည့်၍ ရယ်သည်ကို သဘောပေါက်လိုက်ပါတော့သည်။ ကိုစမ်းရေက ငါးရံ့ခြောက်ပင် ရောင်းစားနေပြီကိုး။

x x x x x

ခင်စိုး စဉ်းစားမိရသည်။ ယနေ့ခေတ်၌ တောရွာနေ၍ လယ်ယာလုပ်ငန်းလုပ်ကိုင်နေသူဦးရေမှာ ခုနစ်ဆယ်ရာခိုင်နှုန်းသာရှိတော့သည် ဆိုပါလား။ ဆိုရှယ်လစ်ခေတ်တွင် သန်းခေါင်စာရင်း တစ်ခါကောက်တုန်းက လယ်ယာလုပ်ငန်းခွင်၌ နိုင်ငံ၏ရှစ်ဆယ်ရာခိုင်နှုန်းရှိသည် ဆိုတာ မှတ်မိသည်။ သည်အတိုင်းဆိုပါက လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စီးပွားတစ်ခု ထူထောင်နေသည်ဆိုသော မိမိတို့နိုင်ငံ၏ အနာဂတ်သည်ကား စိတ်ပူစရာ ဖြစ်လာနေပါပကော။ တလောက ဂျာနယ်တစ်စောင်မှာ ဖတ်လိုက်ရသေးသည်။ နိုင်ငံ့စပါးကျီခေါ်သော ပဲခူးတိုင်းအတွင်း၌ လူငယ်လူရွယ်များ တစ်ဖက်နိုင်ငံသို့ အလုပ်သွားကြရာ လယ်ကွယ်များကို မစိုက်ပျိုးနိုင်တော့သဖြင့် ပက်လက်ပစ်ထားခဲ့ရသည်တဲ့။

အနာဂတ်ကမ္ဘာသည် အဆမတန်တိုးပွားလာနေသော လူများကို ကျွေးမွေးဖို့ အခက်အခဲရှိနေ၏ ဆိုသည့်စကားကို ကြားဖူးသည်။ ထိုပြဿနာကို ဖြေရှင်းရန်အတွက် လူတိုင်းမှ တာဝန်ကိုယ်စီရှိကြသည်ပဲ။

ထိုအခါ ကိုစမ်းရေ၏ ဘုရားစင်အောက်တွင် ချိတ်ဆွဲထားသောစာကို ခင်စိုးမျက်စိရောက်သွား၍ ဖတ်ကြည့်ရာ-

"အကြင် အလုပ်တစ်ခု၏ ရလဒ်သည်
စစ်မက်ကိုလည်း အားမပေး၊
ရွှေငွေနှာကိုလည်း ပဓာနမပြု၊
လူတန်းစားကွဲပြားမှုနှင့်လည်း မသက်ဆိုင်၊
ဝိဇ္ဇာနှင့် သိပ္ပံပညာတို့၏ အလေးထားရာလည်း ဖြစ်သည် ဆိုလျှင် ထိုအလုပ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသာတည်း"

**ဂါးဗီး (လ်)**

သဘောကျလွန်းသဖို့ စေ့စပ်စွာ ဖတ်နေမိသည်။ ကိုစမ်းရေ သိသည်ထင့်။ အောက်ပါအတိုင်း ပြောလေ၏။

"ဒါ အင်းကုန်းလယ်ယာသုံးစက်ပစ္စည်းဆိုင်မှာတွေ့လို့ ခေါင်းထဲစွဲသွားတာနဲ့ လူတိုင်းဖတ်နိုင်အောင် ရေးထားတာကွ၊ ဘယ့်နှယ်တုန်း ခင်စိုး"

ခင်စိုးလည်း သဘောကျနှစ်သက်ရကား ကိုစမ်းရေ၏ စကားကို စိတ်ပါလက်ပါထောက်ခံလိုက်တော့၏။

"မှန်လိုက်လေ ကိုစမ်းရေရယ်...ဟုတ်တာပေါ့ဗျာ"

× × × × ×

ခင်စိုးကို (ကိုစမ်းရေနှင့်တွဲလျက်) ကြက်အစာစိမ်း ကန့်စွန်းရွက် ရိတ်လာသော မကြူနက မြင်သွားသော် ဝမ်းသာအားရ နှုတ်ဆက်ပြီး-

"ထမင်းစားသွားနော်...ငါချက်လိုက်ဦးမယ်၊ ခဏပါ"

ကိုစမ်းရေနှင့် ဆက်ပြောဖြစ်သည်ကတော့-

ရန်ကုန်မြို့ကြီးသည် ယခုအခါ လူဦးရေခြောက်သန်းကျော် သွားပြီဖြစ်သည်။ ရန်ကုန်မှာမွေး၍ ဤမျှလူဦးရေ များပြားလာသည် မဟုတ်ဘဲ တောင်သူလယ်သမားတို့ မိရိုးဖလာ တောင်သူစွန့်၊ လယ်လုပ်ငန်းကိုပစ်၍ ကောက်ရိုးမီးသဖွယ် အရှိန်ရှုရှယ်ကာ မီးငြိမ်း လွယ်သည့် မြို့ပြတွင် လမ်းဘေးဈေးသည်၊ လက်တိုလက်တောင်း အစေခံ၊ အနိုင်းခံဘဝ၌ ပိုးဖလံနှယ် တိုးဝင်နေကြ၍ဖြစ်ကြောင်း။ အမြင့်တက်သော် အမှုညီစားရန်းထင်ကာ လက်တွန်းလှည်း ဈေးသည်၊ ထီသည်တို့အော်၍ လမ်းတကာလျှောက်ရောင်းသည်တွင် နာဆိုသည်ဟု အခြူ အစောင်းမြောင်းခံရပြီး အရှိ သည်းမခံနိုင်သူတို့က အပေါ်ထပ်

တွေမှ ရေမြင့်လောင်းချခြင်း၊ ကွမ်းတံတွေး တွေးချခြင်းပင် ခံရကြောင်း။ ကိုယ့်ရွာကိုယ့်ဒေသတွင် မည်သူကိုမှ အောက်ကျို့အားနာစရာမလိုဘဲ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကာ ထမင်းဝဝစားနိုင်ကြောင်း စကာတွေဖြစ်ပါသည်။

နေ့လယ်ဆယ်နာရီတွင် ကိုစမ်းရေနှင့် မမြူနတို့၏ရတနာလေးများ ကျောင်းဆင်းလာကြသည်။ မုန့်စားကျောင်းဆင်းချိန်ဆိုပေလည်း ကျေးရွာ၌ ထမင်းစားချိန်ဖြစ်၍ အတူတကွပင် တစ်ဝိုင်းတည်း စားရလေ၏။

"ရော ဒါက ငါးခူဆီပြန်၊ ကြက်ဥချဉ်ဟင်း၊ ဘာလချောင်ကြော် စားကြ၊ ခုသည် ဦးဦးရှိတယ်နော်...ထပ်မနှိုက်နဲ့တော့"

မမြူနက သူ့သားသမီးတွေ၏ ပန်းကန်ထဲ ကော်ပေးထည့်ပေးလိုက်ပြီး သတိပေးသလိုပြောလေသည်။ ကလေးတို့ကလည်း ကြည်မြူစွာပင် ခေါင်းမဖော်စတမ်းလွေးကာ သူတို့အမေစကားကို လိုက်နာကြပါ၏။ ကိုစမ်းရေ ဝသည်ကား အဆန်းမဟုတ်ကြောင်း ခင်နိုး သိလိုက်ရပါတော့သည်။ သူသည် နှီးဆီဘူးနှစ်ဘူးချက်ကို မျက်စိအောက်တွင် ပျောက်သွားအောင် စားပစ်လိုက်သည်လေ။

ခင်နိုးတွေးမိသည်ကား သတ္တလောက၌ ထိပ်ဆုံးက ရပ်တည်နေသော လူသတ္တဝါတို့သည် နိုင်ရာစားသည့်လောကဝယ် ကိုယ့်ထက်အရွယ်အစားကြီးသော ဆင်၊ ကျွဲ၊ နွားတို့ကိုပင် နိုင်းစား၊ သတ်စားနေကြ၍ ဒါကိုမတရားသည်ဟု ဆိုနိုင်ပါသလော။ လူဟူသည့် အသိဉာဏ်ရှိသော သတ္တဝါတို့သည် သတ္တလောကကို ဦးဆောင်ကာ မိမိဘဝ၊ မိမိမျိုးဆက်တို့ တည်တံ့အောင် ကြိုးစားနေသည် မဟုတ်ပါလား။ နောက်ဆုံးတော့ လူသည်ပင် သေမင်း၏ခံတွင်းဝ၌ စိုဝ်နိချုပ် ရသည်ပဲ။

ခင်စိုးသည် မြေယာရှိသည့် တောင်သူတစ်ဦးပင်ဖြစ်လေ၏။ ပြီးခဲ့သည့်နှစ်များစွာက ဆိုရှယ်လစ်စီးပွားရေးစနစ်အရ စိုက်ပျိုးထုတ်လုပ်၍ ရသမျှကို နိုင်ငံတော်အား ရောင်းရသည့်တွင် စားဝတ်နေရေး ကျပ်တည်းလာသဖြင့် လယ်ယာကိုပစ်ကာ မြို့သို့တက်၍ စီးပွားရှာခဲ့သော သူကြောင့် အိမ်၌ကျန်ရစ်သော ညီ၊ ညီမငယ်တို့က စာသင်ဖျက်ကာ တောင်သူစွင်ဝင်ကြရသည်။ ယခုသော် ညီ၊ ညီမတို့လည်း အတောင်အလက်စုံကာ မိဘရင်ခွင်မှ ခွာကုန်ကြသည့်တွင် မိခင်ကြီးမှာ ယာခင်းတွေကို သီးစားချထားရသည်။ သမားရိုးကျစိုက်သည့် "မိုးမျှော်" စိုက်ပျိုးရေးမို့ သီးစားချထားသည့်သူတွေလည်း တစ်ဝက်နီးပါးပေးရသော သီးစားကြောင့် ဆက်မလုပ်ချင်ကြတော့ဟု သိရ၏။

ကိုအေးဦးတို့ မြေဩဇာကို အသုံးပြု၍ စိုက်ပျိုးအောင်မြင်နေသလို မိမိလည်း သမားရိုးကျသီးနှံအစား ခေတ်သစ်သီးနှံကို စိုက်ပျိုးမည်။ မွေးမြူရေးနှင့်တွဲဖက်လုပ်က မချမ်းသာသော်လည်း ဝမ်းဝ၍ ခါးလှုပ်နိုင်မည်ဟု တွက်မိရပါသည်။

ဤနေရာတွင် ဗမာစကားပုံနှင့်သူ့ အဖြီးအမောက်မတည့်ပုံကို သတိတရ ရှိမိသေးတော့၏။ သူသည် "တစ်ရွာမပြောင်း သူကောင်းမဖြစ်" ဆိုသည့်စကားပုံကိုယုံ၍ မြို့တက်ကာ စီးပွားရှာသော်လည်း သူကောင်းမဖြစ်ခဲ့ပါ။ ကိုစမ်းရေကို အားကျ၍ တောပြန်ပြောင်းကာ စိုက်ပျိုးမွေးမြူရေးလုပ်မည်ဆိုတော့လည်း အင်း…ဟန်ကျမှာ သေချာပါလည်း မြေချော်လက်ချော်ဖြစ်ခဲ့သော် "သေချင်သည့်ကျား တောပြောင်း" ဟု ပြောခံရဦးတော့မည်လေ။ ။

## ဇနိတ်

ကိုစမ်းရေတို့တစ်အိမ်သားလုံး အလုပ်များနေကြသည်။ ကလေးတွေလည်း အငြိမ်မနေရပေ။

"သားကြီးက ဦးတင့်နိုင်ဆီက သံအစိတ်သားသွားဝယ်ကွာ… လေးလက်မနော်"

"အကြီးမနဲ့အငယ်မက သွား ရွှေပေါ်စာ သွားကောက်စမ်း"

ထမင်းချက်ဖို့ မီးမွေးရန်မှာ ရွှေပေါ်စာက မီးညှိလွယ်ပေသကိုး။

"ဝင်းဦးရေ…သံက လေးလက်မပဲလား၊ တခြားဆိုဒ်တွေရော"

"နှစ်လက်မက တစ်ပိဿာ၊ တစ်ခွဲ ငါးဆယ်သားလည်း လိုဦးမယ်ဗျ"

"အဲဒါကတော့ ဘုတလင်ကို လွှတ်ရမှာကွ လာခွေးတဲ့"

"စောစောက ပြောရောပေါ့ကွား နိုင်ဦး ဈေးမသွားခင်က"

"ဆောရီးဗျာ…ကျွန်တော် မေ့သွားတယ် ဦးစမ်း"

လက်သမားဆရာ ကိုဝင်းဦးသည် ရုပ်ရှင်မင်းသားဝင်းဦး၏ အသံကိုတုချွဲ ကိုစမ်းရေကို တောင်းပန်စကားဆိုလေသဖြင့် အားလုံး ရယ်မောကြရသေး၏။

အသံကတော့ တူပါလျက် ရုပ်ရည်နှင့်ကျမှ အဖြူအမည်း ကွာသွားသော (လက်သမား) ဝင်းဦး၏ အနုပ္ပညာသညာခေါ်စရာဖြစ်ပုံက လည်း စိတ်ဝင်စားစရာပင်။ ကိုစမ်းရေတို့ ဆုံကုန်းရွာဦး ဘောလုံးကွင်း အတွင်း၌ မင်းသားဝင်းဦး အကယ်ဒမီရသော မှုံရွှေရည်ဇာတ်ကားကို ပိတ်ကားထောင်၍ပြသောနေ့က တရော်တောရွာနေ ယခုလက်သမား ဆရာဝင်းဦး၏မိခင်လေးလှကြာ ကိုယ်ဝန်အရင့်အမာနှင့် ဘိုင်စကုပ် လာကြည့်စဉ် ဇာတ်ကားတစ်ဝက်၊ ဇာတ်ရှိန်တက်ချိန်ရောက်ပါမှ ကမ္မဇ လေလှုပ်ရှား၊ သားကိုဖွားသဖြင့် နေ့နံကလည်းသင့်မေ၍ ဝင်းဦးဟု အမည်ရခဲ့သောဟူ၏။

ဝင်းဦးက ထိပ်ပြောင်ပြီး အသားမည်းသလောက် နှလုံးလှသူ တစ်ယောက်။ စကားပြောညက်သလို အလုပ်သွက်လှသူတစ်ယောက် ဖြစ်၍ နှစ်လိုဖွယ်ကောင်းသူတစ်ဦးဖြစ်တော့သည်။ ယခု ကိုစမ်းရေ ကြက်ခြံအသစ် ဆောက်နေသည်ဖြစ်၍ ကိုဝင်းဦးကို ပုတ်ပြတ်ပေးထား ၍ အိမ်ဝင်းထဲလှမ်းမျှော်ဘဲ အလုပ်တွင်ကျယ်သည်ကိုတွေ့ရပါသည်။

အိမ်ယောင်းတစ်လုံးဝယ်၍ ကြက်ခြံအဖြစ် ပြန်ဆောက်ခြင်း ဖြစ်ရာ အကိုင်အတွယ်ကြမ်းက အသားကောင်းမှ ထင်းဖြစ်သွားနိုင် သည်။ ထိုသည်တို့ကို ဂရုစိုက်လုပ်ပေးကြသည့် ကိုဝင်းဦးတို့စေတနာ ကို တုံ့ပြန်သောအားဖြင့် ကိုစမ်းရေတို့မိသားစုမှ ထမင်းကျွေးပါသည်။ တိုင်ထောင်၊ ရှုယ်ကျိုပြီးသွားသည်မှာ တစ်စေတသာဖြစ်၍-

“ခဏနားပြီး ရေနွေးသောက်ကြပါဦးဟေ့”

ထမင်းကြော်ကို ဇလုံကြီးနှင့်အမောက်ထည့်၍ ဖွန်းခြောက်ချောင်း တပ်လျက် မဖြူနုကလာချပေး၏။ ငရုတ်ငါးပိကြော်၊ ငါးခြောက်မှုတ် ဆီဆမ်း ပန်းကန်များလည်း ဆက်တိုက်ရောက်လာသည်။ ထမင်းကြော်

စားလိုက်၊ ရေနွေးပူပူကို မှုတ်သောက်လိုက်နှင့်မို့ တစ်ခဏတော့ စကားမပြောနိုင်အားသေး။ ခဏနေမှ ကိုဝင်းဦးက-

"ဦးစမ်း မေ့နေမှာစိုးလို့ ထပ်ပြောရဦးမယ်၊ သဲဝယ်လွှတ်ဦးနော်"

ထိုအခါ ဘုတာလင်မှပြန်ရောက်လာစ မောင်နိုင်ဦးက-

"ကျွန်တော်သွားလိုက်ရမလား အစ်ကိုကြီး"

"အေး...အမောပြေပါဦးကွာ၊ ခဏနေမှသွားပါ"

"မမောပါဘူးဗျာ...စက်ဘီးနဲ့မိနစ်နှစ်ဆယ်ပဲ နင်းရတာကို"

"ဒါဖြင့် သွားကွာ...ဖြူနုဆီက ပိုက်ဆံယူသွား"

ကိုစမ်းရေ၏ခွင့်ပြုချက်ရသည်နှင့် မဖြူနုဆီမှငွေတောင်းကာ စက်ဘီးကို အပြေးစီးထွက်သွားလေသူ နိုင်ဦး၏ကျောပြင်ကို ကြည့်လျက် ကိုဝင်းဦးက ချီးကျူးလေသည်။

"ပေါ့လိုက်ပုံကတော့ လေမှုမှုလိုက်တဲ့ လဲမို့လေးလိုပဲဗျ"

ကိုစမ်းရေက ရေနွေးပန်းကန်ကိုင်လျက်သား အနေထားဖြင့်ပင် မသောက်နိုင်ဘဲ-

"မင်းတို့က ဒါပဲသိတာကိုးကွ၊ သူနိုင်းရတာ တစ်ခါတလေများ စရိတ်ကြီးလွန်းလို့ပေါ့ မလွဲသာမှ နိုင်းရတာ"

လက်သမားအစွဲက အံ့သြသွားကြပုံဖြင့် ပါးစပ်ဟောင်းလောင်း မှင်နေကြ၍ ကိုစမ်းရေက ရှင်းပြရသည်။

တစ်ခါက ကြက်ကလေးများကို လည်လိမ်ကာကျွယ်ဆေးပါဝင်သော ဖျက်စဉ်းဓဝတ်ရန် အဝယ်လွှတ်လိုက်ရာ မုံရွာမြို့မှ အပြန်တွင် အရက်ဆိုင်ဝင်သောက်သည်နှင့် ရေချိန်လွန်ကာ ဆိုင်ကယ်လဲခဲ့၍ ငှားထားသောဆိုင်ကယ်ကို ပြင်ပေးရ၊ လူကို ဆေးကုရ ပေါင်းသော် သိန်းဂဏန်းထွက်သွားဖူးကြောင်းပြောပြရသည်။ ကိုဝင်းဦးက နားထောင်ပြီးသည်နှင့်-

"ဦးစမ်းရဲ့ညီတော်မောင်ကို ခိုင်းရတဲ့စရိတ်က မသေးလှဘဲကိုးဗျ။ ကျုပ်တို့ရွာက ဦးကိုလံရဲ့ကို လှေငှားအရိုက်ခိုင်းရသလို နေပါပေါ့လား"

ကိုဝင်းဦးပြောလျှင် အနည်းဆုံးတော့ ရယ်ရသည်ဖြစ်၍ ကိုစမ်းရေ က တိုက်တွန်းလိုက်ပါသည်။

"ပြောပါဦးကွ…ဦးကိုးလံကြီးကို လှေရိုက်အငှားခိုင်းတဲ့ အကြောင်းကို"

ကိုဝင်းဦးသည် အလုပ်မပျက်ပင် သူတို့ရွာသား၊ ယခုတိုင် အသက်ထင်ရှားရှိနေသေးသော ဦးကိုးလံကို ရွာမှအားကိုးတကြီးဖြင့် 'တွင်းရွာ' လှေရိုက်တွန်းရိုန်ကို ရိုက်ပေးဖို့ တောင်းပန်ကြပုံအား ပြောပြ ပါလေသည်။

× × × × ×

အချိန်ကာလအားဖြင့် လွတ်လပ်ရေးရပြီးကာစ။ ရောင်စုံသူပုန် တွေ ကြွလျက်တောကြောင်ထကာ တိုင်းပြည်နေ့နေ့ဝယ် မုန်တိုင်းထန် ချိန်ဖြစ်တော့သည်။

သို့ပါလည်း ဘုတလင်မြို့နယ်အတွင်းရှိ တရော်တောရွာကြီးကမူ နှစ်စဉ်နှစ်တိုင်းပင် ဘုရားပွဲနှစ်ပွဲမှန်မှန်ကျင်းပလျက် အေးချမ်းစွာရှိနေ၏။

ထိုရွာသားတို့ပိုင်သော ယာလုပ်ကွင်းများမှာ အနောက်ဘက် နှစ်မိုင်ကွာသော တွင်းတောင် (ယခုပရိုစီမင်ဆေးဝါး ထုတ်သည့်နေရာ) ဦးအထိ ကျယ်ပြန့်ပေ၍ ယာထွက်ချိန်ကစောသည်။ ကြက်ဦးတွန်သည် နှင့် တောထွက်နိုင်ရန် မိန်းမတို့က သန်းလွဲသည်နှင့် ထမင်းထချက် ကြသည်တွင် အိမ်ပေါက်နေရလိုလိုပင် ရေနံဆီမီးခွက်ကိုယ်စီထွန်းပြီး ငရုတ်သီး၊ ကြက်သွန်ထောင်းသံတို့ဖြင့် ညံနေပါရောဆို၏။

ညလယ်သား ချောတေးသံနှင့် တူပေသည်တကား။ ကြက်ဦးတွန်သော် အိမ်ကိုဆူးဆို့ ကလေးလက်တို့၊ ခွေးအိုအိုခေါ်ကာ ထမင်းထုပ်နှင့် ရေဘူးကိုအပါယူလျက် တောထွက်ကြပါတော့သည်။

ရွာမှအတူထွက်ခဲ့ကြသော လှည်းတန်းကြီးသည် ယာစပြင် ရောက်သည်နှင့်လမ်းခွဲကာ ကိုယ့်ယာခင်းအသီးသီးသို့ ဝင်ကြပြီး လှည်းဖြုတ်လျက် နွားများကို ကြိုးရှည်လှန်၍ နံနက်စာစားကြ၏။ စားပြီးသော်မှ ထွန်၊ ထယ်ကြတော့သည်။ ထွန်စရာ၊ ထယ်စရာမရှိပါက လူ့အလုပ်ဖြစ်သော ပေါင်းနုတ်၊ မြက်ရိတ်၊ အသီး (ဟင်းသီးမျိုးစုံ) ခူးဆွတ်ကြ၊ လှည်းပေါ်ထမ်းတင်ကြတော့သည်မှာ နေ့ခင်းထမင်းစား နားရုံသာ နားတော့၏။ ညနေစောင်းသည်နှင့် အသီး၊ အရွက်၊ အမွှင့်၊ အနိုင်များကို ပစ်ထားခဲ့ကာ အိမ်သို့ပြန်ကြတော့သည်။

လယ်ထိုင်ကျွင်းထဲတွင် စိုက်ပျိုးထားသည့် ငှက်ပျော၊ ဆီးစသည့် ခြံသမားတို့ကတော့ ရင့်မှည့်မှီတွင် ညအိပ်ပါ စောင့်တတ်ကြပါသည်။ သို့နှင့်အေးချမ်းစွာ လုပ်ကိုင်စားသောက်နေလာခဲ့ကြသည်မှာ နှစ်ပေါင်း ကြာခဲ့ပါပြီ။ သူခိုး သူဝှက်မရှိ ပကတိအေးချမ်းခဲ့ပါ၏။

သို့သော် တစ်နေ့သောအခါမှ အစပြု၍ ယာခင်းထဲရှိသော အသီးအရွက် အမွှင့်အနိုင်တို့ ပျောက်စပြုလာသည်။ အစသော် အနည်းငယ်မျှမို့ မျက်စိမှိတ်နေနိုင်သော်လည်း လှည်းနှင့်တိုက်ယူသည် အထိ သူခိုးကရဲတင်းလာသောအခါ မနေသာတော့ပြီ။ စုံစမ်း ကြည့်တော့ တွင်းရွာသားလူမိုက်ထွန်းရှိန် ထောင်ကလွတ်လာပြီး သောင်းကျန်းနေသည်တဲ့။

သို့နှင့် တွင်းရွာထဲသို့ဆင်းကာ သူကြီးဦးကာကကို တိုင်ကြား၏။ အရာမထင်ချေ။ နိုးမြဲနိုးလျက်ပင်။ ပိုဆိုးလာသည်က မရှင့်မှည့်

သေးသော ငှက်ပျောနိုင်ကို စားကာစားသွားတာမျိုးထိ လုပ်လာသည်။ တစ်နေ့တော့ ဟင်းသီးဟင်းရွက်ခင်း ဝင်ခူးရာ ရုံးပတီတောင့်သည် ခူးဆွတ်လို့မရအောင် သေးငယ်ရုပါမည်လောဟု ဆဲရေးကာ အပင်ကို နုတ်ပစ်လေရိုက် အခင်းစောင့်နှင့်တိုးလေ၍ တောင်းပန်သည်ကို ရိုက်ထားခဲ့သဖြင့် အတော်အထိနာရှာသည်ဆို၏။

သူကြီး ဦးကာကထံ သွားတိုင်ပြန်တော့လည်း-

"မင်းရို့ လူအုပ်ကောင်းသားပဲဟာ ဗိုင်းရိုက်လွှတ်လိုက်ကြလဟဲ့။ ငါပြောသာကိုလည်း မကြားချင်ယောင်ဆောင်နေတာကြီးကို"

သမာသမတ်ကျသည်ဆိုသောသူကြီးကပင် ထိုသို့ပြောယူရလေသည်။ တရော်တောရွာသားတို့ စဉ်းစားရလေပြီ။ လူမိုက်နှင့် ဖက်မပြိုင်လိုသော်လည်း တည့်တည့်တိုးချေပြီကော။

× × × × ×

ငှက်ပျောခြံ တော်တော်များများပိုင်သော ဦးသန်းရွှေက-

"ဗိုင်းသတ်လိုက်ရင်လည်း တစ်တောရှင်းကရောလဟဲ့"

ဦးအောင်ရင်ကမူ သူ့ထုံးစံအတိုင်းစကားကို တိုးညှင်းစွာပြောလေသည်။

"စိတ်လိုက်မာန်ပါ မလုပ်ကြနဲ့လေ...တော်ကြာ မြေမသေ တုတ်မကျိုးဖြစ်ရင် ကိုယ့်ပြန်ထိဦးမယ်"

ဦးအောင်ရင်စကားက အလွန်တာသွားသည်။ ဒေါသနှင့် ပြောခြင်းမဟုတ်သော်လည်း အဓိပ္ပာယ်ကတော့ 'သေအောင် မသတ်နိုင်ရင် မစနဲ့'ဟူ၍တည်း။

ဦးအောင်နိုကတော့ မေးကြီးပွတ်ကာ စဉ်းစားနေရာမှ-

"ဗိုင်းသတ်တော့ တို့တစ်တောလုံးခုက္ခရောက်ကုန်မှာပေါ့ဟ၊ ရဲဘော်ခေတ်နော် သတိထားကြဦး၊ တလောဆီက မရွေးပြင်သား တစ်ယောက်ကို ဓားပြမှုနဲ့ဖမ်းပြီး လှည်းနောက်ကနေ ကြိုးတုတ် တရွတ်ဆွဲတာ လမ်းတင်သေရောတဲ့ မောင်"

ဦးအောင်နီစကားက တော်တော်ထိရောက်သည်မို့ လူတွေငြိမ် ကျသွားတော့သည်။ ဟုတ်ပေသည်။ လောလောဆယ် မင်းမူသော ပြည်သူ့ရဲဘော်အဖွဲ့သည်ကား ပြစ်မှုတစ်စုံတရာရှိက ရုံးတင်စစ်ဆေး လေ့မရှိ။ နေရာတင် သေနတ်နဲ့ပစ်သတ်သွားသည်ကများသည်။

ဦးအောင်နီတို့ရွာက အရှေ့ဘက်ရှိ ဆုံကုန်းရွာ၌ ယောက်ဖဦးသီ ကို ပေါက်ပြားနှင့်ခုတ်သတ်သော တရားခံ ကိုဆုရကို သချိုင်းထုတ်၍ သတ်မည်လုပ်ရာ၌ ဦးသီ၏နှမ်း (ဦးဆုရ၏အစ်မ)ခေါ်သင်းလှိုင်က ငိုယိုလျှောက်ထောင်းပန်လေမှ လွှတ်ပေးလိုက်သော ဖြစ်ရပ်က မကြာသေး။

တရော်တောရွာ၏ အနောက်မြောက်အရပ်တွင် ရွာသစ်တစ်ရွာ တည်လေရာ ရဲဘော်အဖွဲ့မှ တာဝန်ခံ၍ တည်ဆောက်ရေးလုပ်သူ တစ်ဦးဖြစ်သည့် ရဲဘော်မြင့်သိန်းက သူ့အမည်နှင့်ဗိုလ်ချုပ်အောင်ဆန်း နာမည်နှစ်ခုပေါင်းလျှက် ရွာအမည်ကို အောင်ဆန်းမြင့်ရွာဟု သမုတ် လေသည်။ ရွာကိုမြို့တစ်မြို့လို အကွက်ကျကျတည်ပေးသည့်အပြင် ရွာသူရွာသားများကိုလည်း မြို့သူမြို့သားများနယ် ယဉ်ကျေးစွာ ပြောဆို စေသည်။ ဥပမာ "ဟုတ်ကဲ့ရှင်"၊ "မှန်ပါတယ် ခင်ဗျ"၊ "ထမင်း သုံးဆောင်ပြီးပါပြီလားရှင်"၊ "ဘယ်က ကြွလာပါသလဲ ခင်ဗျာ" စသည်ဖြင့်။ ရက်ရှည်၍ မြို့သုံးမသုံးရဲ့သူတို့ကိုခေါ်ကာ ဒိုက်သဖြင့် တစ်ရွာလုံးကြောက်နေရသည်ဆို၏။ ထို့ကြောင့်လည်း အမှားမှား အယွင်းယွင်းနှင့်-

"ရှင်ခွေးကြီးကိုလည်း ကြည့်ထားပါဦး၊ ကျုပ်ကို ကိုက်ပါ့မယ် ရှင့်"

"ကျုပ်တို့ တစ်ရွာလုံး ခင်ဗျား ကျွန်တော်ပြောကြသပဟ"

"ကျွန်မဖြင့် ရှင့်ခွေးကြီးလိုက်ကိုက်လို့ ပြေးလိုက်ရတာ မောလို့တော်"

အထက်ပါအတိုင်း ကမောက်ကမဖြစ်ကုန်ကြရှာသည်။ ယခုလည်း ပြည်သူ့ရဲတော်အဖွဲ့ကို သွားတိုင်ကြရန် အဆိုတင်သွင်းသူက တင်သွင်းပါလျက်-

"ငါတော့ မတိုင်ရဲပေါင်ဗျာ...တော်ကြာ ကိုယ့်ပါအမှုပတ် နေမှဖြင့်"

"အေး အေး နေပါစေမောင်...လည်ပင်းကြိုးတပ်လျက် မသေပါရစေနဲ့"

ထို့ကြောင့်ပင် ထွန်းရှိန်မည်ခေါ် သူမိုက်ကျော်ကား ဈော်ဈော်ကြီးပင် နိုးမြဲနိုးလျက်ပါတည်း။

× × × × ×

"ကိုးလံ ပြန်လာသတဲ့ဟေ့"

ဘုရားပွဲနီးလာပြီမို့ အဝေးနေ တခေါ်တော ရွာသူရွာသားတို့မှာ ရောက်ရာအရပ်ကနေ၍ မပြတ်ပြတ်အောင်လာကြရိုးထုံးစံရှိပါသည်။ ထိုအထဲ ရွာကိုမရောက်တာကြာပြီဖြစ်သော မောင်ကိုးလံအပါအဝင် ဖြစ်၏။ ဟိုအိမ်သည်အိမ်သို့ လျှောက်လည်ရင်း သူပြောစကားအရ ချင်းတွင်းမြစ်ညာဆီမှ မောင်ချသော မောင်လုပ်သားသူသည် မြစ်တစ်ကြောဝယ် လူမိုက်လုပ်နေသည်ဆိုပါလား။ မောင်လုပ်သား တစ်ယောက်ထက် လူမိုက်တစ်ယောက်အဖြစ် ပို၍လူသိများသော

မောင်ကိုးလုံကား မိုက်ကြေးခွဲရန်မလို။ သူ့အလိုလိုသာ ဆက်ကြေးပေး လာသည်ကို မောင်ကပ်သည့်ဖြိုတိုင်းတွင် လက်ခံယူနေရသည်တဲ့။

အခါတိုင်းတွေဆိုပါက သူ့စကားနှင့်သူပင် အထင်ကြီးစရာ မရှိပေလည်း ယခုလိုအခြေအနေမျိုးမှာတော့ မောင်ကိုးလုံတစ်ယောက် တစ်ဟုန်ထိုးနာမည်ပေါက်သွားရသည်။ ရွာမျက်နှာဖုံးဖြစ်သည့် ဦးအောင်ရှိ၊ ဦးအောင်ရင်၊ ဦးတုတ်တို့ကပင် အိမ်ခေါ်၍ စည့်ခံကြ လေသည်။ ဘုရားပွဲတော်မီတစ်ရက်တွင် ဦးအောင်ရှိ၏အိမ်၌ လူကြီးများ နှင့်မောင်ကိုးလုံတို့ စုညီတွေ့ဆုံပွဲတစ်ခု တိတ်တိတ်စီစဉ်ကြသည်။ လူကြီးများက လတ်တလောကြုံတွေ့နေရသော အခက်အခဲကို ရှင်းပြ ကြသည်။ ထိုရောအခါ၌ မောင်ကိုးလုံသည် အံကြိတ်ခြင်း၊ တောက် ခေါက်ပြခြင်း၊ လက်သီးဆုပ်ခြင်း စသော ခံပြင်းစိတ်ကို အမူအယာ ဖြင့် ဖော်ပြနေသည့်လက္ခဏာကို လူကြီးများက သတိထားမိကြ၍ ကျေနပ်ဝမ်းသာဖြစ်ကြကုန်၏။ ရပ်ရွာအတွက် ကယ်တင်ရှင်ပေါ်ချေ ပြီကော။ ထွန်းရှိန်ရန်က အေးပေတော့အံ့ဟု စိတ်ချမ်းသာစွာနှင့် -

"ကဲ မောင်ကိုးလုံ လိုရင်းပြောရအောင်ကွာ"

"ပြောဗျာ ဦးလေးတုတ် ကျွပ်လည်း တိုတိုကြိုက်သာပါ"

ခေတ္တခဏတော့ စကားဝိုင်းက ငြိမ်သက်သွားရသည်။ ခိုင်လုပ်သူက ဂျင်ကိုအုပ်ထားသည့်ခွက်ကို ဖွင့်မည်လုပ်သောအခါ ကြွက်ကြွက်စီသောအသံတို့ ငြိမ်သက်သွားသော လေးကောင်ဂျင်ဝိုင်းတို့ နယ်တည်း။

"မင်း…ထွန်းရှိန်ကို နောင်ကျဉ်အောင် ဆုံးမပေးပြီး ဒီရွာကနေ ဖြန့်သွားလိုက်ပါ။ မင်းအမကြီးကို တစ်သက်တာလုံး နေထိုင်စားသောက် ဖို့ ငါတို့တာဝန်ယူမယ်"

"ဟုတ်သယ် မောင်ကိုးလံ အဲ့ဒီလိုလုပ်ရအောင်"

မောင်ကိုးလံကား လက်ပိုက်ကြီးနှင့် ခန့်ထည်စွာ ရပ်နေရာက လေးနက်စွာသော အမူအယာဖြင့် -

"တစ်ခုပဲဗျာ…ရွာက ကျုပ်ကိုတစ်ခုတော့ လုပ်ပေးရလိမ့်မယ်၊ ဒါဆို ထွန်းရှိန်ဆိုတဲ့ကောင် သူ့အိမ်ထဲကမထွက်ဘဲ သေစေရမယ်"

ရွာက လူကြီးများအားလုံးပင် ဝမ်းသာအားရမေးကြသည်။

"ဘာလုပ်ပေးရမလဲ ကိုးလံ…ပြောကွာ…"

"ပြောသာပြော လုပ်ပေးဖို့က တို့တာဝန်"

ဤတွင် မောင်ကိုးလံက သူလိုချင်သောအရာကိုပြောလေရာမှ လူကြီးအားလုံး ဟင်ခနဲဖြစ်ကုန်ကြပြီး ငိုင်သွားကြရှာ၏။ ကိုးလံက -

"ကျုပ်ကို ဒီရွာကနေ တွင်းရွာအထိရောက်မယ့် ဓားရှည်ကြီး လုပ်ပေး"

× × × × ×

"ဟား ဟား ဟား ဟား ဟုတ်ရဲ့လားကွာ…မင်းဟာက"

ကိုစမ်းရေက ရယ်စရာပြောသည်ထင်၍ ရယ်လေသော် ကိုဝင်းဦးက -

"ဦးကိုးလံက ခုထိရှိတယ်ဗျ၊ နောက်မှသိရတာက အထက်ပိုင်းမှာမောင်ချရင်း ငှက်များအကြီးအကျယ်မိပြီး 'စိတ်ကတောက်ကဆ' ဖြစ်လာသလိုလို၊ လူပြုစားပခံရသလိုလို ပြောကြတယ်…အခု ကလေးတွေစကားနဲ့ပြောရရင် 'ဂေါက်'လာတာကိုးဗျ၊ ဒါကြောင့် ဦးတန်းရာ လျှောက်ပြောတာကို ရွာကလူကြီးတွေက အဟုတ်ထင်နေမှာကိုး"

ကိုစမ်းရေက ရယ်ရင်းနဲ့-

"အ ဟား ဟား စရိုက်ကြီးတော့ ရွာကလူကြီးတွေ ဘယ်တတ်နိုင်ပါ့မလဲကွယ်...နှမ်းမိုင်လောက်ရှည်တဲ့စာကြီး လုပ်ပေးရမယ်ဆိုတော့"

တစ်ဆက်တည်း စဉ်းစားမိသည်ကတော့ လမ်းစဉ်ပါတီခေတ်က သမဝါယမအသင်းတစ်ခုတွင် စာရင်းစစ်အဖွဲ့ စစ်ဆေးရာ၌ စည်းမဲ့ စရိတ်ကို ကြက်သားတစ်ပိဿာ ငါးထောင်ကျပ် (မှတ်ချက် တိုက်ကြက်) (ထိုစဉ်က ကြက်သားတစ်ပိဿာမှ သုံးလေးဆယ်သာ ရှိသည်) စရိတ်တင်ထားသည်ဆိုပါ၏။ ထို့နောက်တွင် တွင်းတောင်သို့ ထိုစဉ်က နိုင်ငံတော်အကြီးအကဲ လာရောက်ရာမှာလည်း ခါငှက် တစ်ကောင်ကို မြောက်ရာကျွပ်ဟု စာရင်းပြထားသည်ဟု ကြားဖူးသည်။ သူကလည်း မှတ်ချက် "တည်ခါ" ဆိုပဲ။ အမှန်တကယ် ကုန်ကျသင့်သည့် စရိတ်ထက် တော်တော်များနေသော သမအမှုဆောင်လူကြီးတွေကြောင့် ကောင်းမွန်သော သမဝါယမစနစ်မှာ ညစ်ထေးစွန်းထင်ခဲ့ရသည်လေ။

ညနေတော်တော်စောင်း၍ လက်သမားအဖွဲ့ ပြန်ကာနီးလေမှ နိုင်ဦးတစ်ယောက် လိုက်ပို့သူ မောင်တင့်နိုင်နှင့်တွဲလျက် ပြန်ရောက်လာ၏။ လှနှင့်စက်ဘီးက သာခွေယိုင်ဖြစ်နေလေပြီ။ စက်ဘီးရှေ့ခြင်းထဲ၌ ပါလာသော သံထုပ်မှာလည်း တစ်လမ်းလုံးဖိတ်ယိုခဲ့ပုံဖြင့် အနည်းငယ်သာ အဖတ်တင်တော့သည်။ မောင်တင့်နိုင်က-

"ခင်ဗျားညီ ညောင်ပင်ကန်သရိုင်းနား လဲနေလို့ တွဲခဲ့ရတျိး"

"အေး တင့်နိုင်ရာ ကျေးဇူးတင်ပါတယ်ကွာ"

"သူ့အမဲသားထုပ်ကြီးကတော့ ခွေးနက်ကြီးတစ်ကောင် စားတာ ကုန်လုပြီလေ၊ သရိုင်းနီးတော့ မသတီတာနဲ့ မယူခဲ့တာ"

"ဒါလည်း ကျေးဇူးပါပဲ…"

မမြနန္ဒက ဝင်ပြောလေ၍ လက်သမားအဖွဲ့ ရယ်ကြရသေးသည်။

မောင်တင့်နိုင်က သူ့သူငယ်ချင်းဖြစ်သူ နိုင်ဦးကို တန်းလျားပေါ် သို့ တွဲပို့လျက် သိပ်ပေးပြီးပြန်သွားသည်။ ကိုစမ်းရေတို့မှာ ကျေးဇူးတင်မဆုံးဖြစ်ရပါသည်။ နိုင်ဦးနှင့်ပတ်သက်သော ကျေးဇူးရှင်တွေလည်း မနည်းတော့ချေ။

တစ်နှစ်က မားကန့်သို့ ကျောက်တူးလိုက်သွားရာ တစ်နှစ်နီးပါး ကြာလေမှ ပြန်ရောက်လာပြီး သူ့မိခင်ကိုပြောသည်မှာ-

"သားဗိုက်လို့ အမေရာ နို့မှိုဆို ကားစီးရတယ်"

ဒေါ်ရွှေခဲမှာ သူ့သားစကားကိုကြားရသော် သိန်းကြီးကျောက် မှန့်ပါလျက် လောင်းကစားလုပ်ပစ်လိုက်၍ ကုန်ခဲ့ဟန်တူသည်ထင်ရဲ့ ဆိုကာ မြည်တွန်တောက်တီးတော့သည်။

"ဗိုက်တဲ့အကောင်…အိမ်ကမြင့် လမ်းစရိတ်ဆိုလို့ မရှိ ရှိတာ ပေါင်နှံပေးလိုက်တာကို မထောက်မထား လောင်းကစား ပစ်ခဲ့တယ် ပေါ့လေ၊ သိန်းဘယ်နှစ်ရာ ကုန်ခဲ့သလဲဟဲ့ လူမိုက်"

နိုင်ဦးကား ခရီးရောက်မဆိုက် ပန်းလွှမ်း၍ တုံးလုံးလှဲနေရာက မိခင်ကြီးအထင်မှားလျက် ရန်တွေ့နေသည်ကို ဖြေရှင်းရပြန်၏။

"ဘယ်ကလာ သိန်းရာကထန်းလောင်းကစားလုပ်ရမှာတုန်း အမေရ၊ အလုပ်မဖြစ်လို့ ပြန်ချင်တာတောင် စရိတ်မရှိလို့ မပြန်နိုင်ဘူး အမေရေ၊ အခုပြောတာက အထက်ကနေ မော်တော်ကြုံလိုက်ခဲ့လို့ မုံရွာရောက်ကာမှ သူများပေးလိုက်တဲ့ ကားခကို အရက်ဝယ်သောက် မိလို့ ခြေကျင်လျှောက်ပြန်ခဲ့ရတာကို ပြောတာ အမေရဲ့"

"ကိုင်း သေစမ်းဟဲ့ ဒီလောက် ဗိုက်လုံးကြီးတဲ့ကောင်"

ဒေါ်ငွေခဲက အိပ်ပျော်နေသော သူ့သားကို ကရုဏာဒေါသဖြင့် ရိုက်တော့သည်ဆိုပါ၏။

ကိုစမ်းရေက ထိုအကြောင်းကိုပြောပြ၍ လက်သမားအဖွဲ့ ပွဲကျသွားသဖြင့် နိုင်ဦး လန့်ဖြန့်နိုးလာသည်။ ကိုဝင်းဦးက သူ့လူတွေကို-

"တိုးတိုးရယ်ကြပါဟ…ဒီမှာ ကိုးလုံးကြီးနိုးလာပြီ"

"ဟား…ဟား…ဟား…ဟား"

× × × × ×

မိုးချုပ်စအပြုတွင်မှ နိုင်ဦးတစ်ယောက် ထမင်းထ၍စားနိုင်သည်။ ထမင်းစားရင်းပင် လက်သမားဆရာ ကိုဝင်းဦးက သူ့ကို ကိုးလုံးကြီးဟုခေါ်သည့်ကိစ္စအား ကိုစမ်းရေကိုမေး၏။ သူ့ကို မတော်တရော်ခေါ်သည်ထင်၍ စိတ်ဆိုးသည့်မျက်နှာထားနှင့် မေးသည်ဟုထင်သဖြင့် ကိုစမ်းရေက ရယ်ကာမောကာနှင့်ပင် ကိုဝင်းဦးပြောပြသော ဦးကိုးလုံး၏ အဖြစ်သနစ်ကို ရှင်းပြရ၏။ ထိုရောအခါမှ နိုင်ဦးသည် ပြုံးလေသည်။ ပြုံးရာမှ ဟက်ဟက်ပက်ပက်ရယ်တော့သတည်း။

ကိုစမ်းရေသည် အပြစ်ကင်းစွာ ရယ်မောနေသော သူ့ညီတော်မောင်ကိုကြည့်၍ စောစောက မူးယစ်လာသောပုံနှင့် ခြားနားပေစွဟု တွေးမိရလေပြီးလျှင် "ငါ့ညီ စောစောက ဆင်ဆိုးကြီးမုန်ယိုလာသလိုနဲ့ အခုပုံကတော့ ဆေးမစားမီပုံနဲ့ ဆေးစားပြီးပုံလို ကွာပေသကွဲ့"

နိုင်ဦးက ထမင်းစားရင်းနှင့်ပင် နားထောင်နေ၏။ ပြန်တော့မပြော။ ကိုစမ်းရေက "အခွင့်သာခိုက်" ဆိုကာ ဆက်ပြောရသည်။

"အေးကွ…အရက်ကို သေရည်လို့ခေါ်ကြတာပဲကွ၊ သောက်ထားတဲ့ အချိန်အတန့်မှာတော့ သေသလိုဖြစ်သွားတာကိုး၊

ပြီးတော့လည်း သေလွယ်တယ်လေ၊ ငါညီ မသောက်ဘဲ မနေနိုင်ဘူးလားကွာ"

နိုင်ဦးက ဟင်းရည်ကို ခပ်သောက်လိုက်ပြီး-

"နေနိုင်တာပေါ့ အစ်ကိုကြီးရာ…အခုဟာက အလုပ်မရှိလို့ ပျင်းတာနဲ့"

နိုင်ဦးသည် ဘွဲ့ရတစ်ယောက်ဖြစ်သည်။ အလုပ်လျှောက်ထားသော်လည်း မရသဖြင့် စိတ်လေနေမှန်း ကိုစမ်းရေ သိပါသည်။ ထို့ကြောင့်-

"အလုပ်ဆိုတာ မင်းလျှောက်နေတဲ့ အစိုးရအလုပ်မှ အလုပ်မဟုတ်ပါဘူး ငါညီရာ…မောင်မောင်နိုးတို့ ဆိုက်မှာဝင်လုပ်ရင်လည်း အလုပ်၊ ဆွေဦးရဲ့ သစ္စာမွေးမြူမှာလုပ်ရင်လည်း အလုပ်ပါပဲကွ"

နိုင်ဦးက ထမင်းဝါးရင်း ပလုပ်ပလောင်းလေသံဖြင့်-

"အဲ့ဒီအလုပ်တွေလုပ်ဖို့ ဘွဲ့ရစရာလိုလားဗျ"

"အေး…ညီ မင်းဘွဲ့ရအောင် အိမ်ကစရိတ်ကုန်တယ်၊ နိုင်ငံတော်ကလည်း ကုန်ထားတယ်၊ ဘာမှမလုပ်ရင်တော့ အဲ့ဒီစရိတ်တွေရှုံးပြီပေါ့၊ အလဟဿဖြစ်ပြီပေါ့၊ ဆောဆောကပြောသလို ဦးကိုးလုံးရဲ့ ဓား လုပ်မပေးခိုင်း အလုပ်မဖြစ်ဘဲ စရိတ်သာ မတရားကုန်သွားမှာမျိုးလေ"

နိုင်ဦးက ရယ်ရယ်မောမောနှင့်ပင် ပြောရှာပါသည်-

"သဘောပေါက်ပါပြီ အစ်ကိုကြီးရာ…ကျွပ်တော့ ကိုးလုံးလို့ အခေါ်မခံပါရစေနဲ့ နက်ဖြန်ကစပြီး ဆိုက်မှာ အလုပ်ဆင်းပါ့မယ်"

ကိုစမ်းရေ သဘောကျသုံးကြိမ်ခေါ်ဖိသတည်း။ ။

# ကံကောင်း၍ ကားပျက်သည်

"အောင်" ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသည် ရန်ကုန်-ပဲခူးလမ်းမကြီးဘေး၌ ခံညားသောဆိုင်းဘုတ်ကြီးဖြင့် အထင်ကရရှိပေသည်။ သဲသဲတစ်ယောက် ဆိုင်းဘုတ်ကိုတွေ့ရသည်နှင့် သက်ပြင်းရှည်ရှည် ချပစ်လိုက်မိသည်။ ကံကောင်းလို့ပါလား။ တစ်ယောက်တည်း ကားမောင်းလာမိပါတယ်၊ ကားကဖွတ်ချက်ဖွတ်ချက်ဖြစ်ကာ ထိုးရပ်သွားပြီ။ ကားကို တံခါးတွေ သေသေချာချာပိတ်ပြီး အနီးအနားတွင် အကူအညီရလိုရငြား လျှောက်ကြည့်ရာမှ "အောင်" ဘက်စုံစိုက်ပျိုးရေး မွေးမြူရေးခြံကို တွေ့ရခြင်းဖြစ်ပါသည်။

ကားပျက်၍ အကူအညီလိုနေချိန်တွင် အကူအညီပေးမည့်သူရှိရာ ဤခြံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ခဲ့ပါလည်း ဝမ်းသာလှသည်တော့ မဟုတ်ပါ။ မိမိကို တစ်ဖက်သတ်ချစ်ခင်ကာ သမာဓိပိုး ပိုးနေသူက ဤခြံ၏အရှင် ကိုအောင်လင်းပင် မဟုတ်ပါလား။

ကိုယ်မှာ ခုက္ခနှင့်လှလှတွေ့သည်ပဲ။ မတတ်နိုင်ဘူးလေဟု နှလုံးသွင်းကာ လုံခြုံရေးဝန်ထမ်းတွေရှေ့သွားရပ်၍ စုံစမ်းရပါတော့၏။

"ဒါ ဦးအောင်လင်းရဲ့ခြံပါနော်…သူ ရှိသလားရှင်"

အသက်အရွယ်အားဖြင့် လေးဆယ်ကျော် ငါးဆယ်အရွယ်တွေ ဖြစ်၍ ရဲရဲတင်းတင်းမေးရပါသည်။ လုံခြုံရေးအဖွဲ့ကလည်း ဦးအောင်လင်းဆို၍လားမသိ မော်ရှေ့စွာပင် ဖြေကြပါသည်။

"ဟုတ်ပါတယ်ကွယ်…ဒါဦးအောင်လင်းရဲ့ခြံပါ။ လောလော ဆယ် မရှိသေးပါဘူး၊ ပဲခူးကို ခဏထွက်သွားပါတယ်၊ အထဲဝင်ပြီး သူ့ရုံးခန်းက စောင့်ရင်ရပါတယ်"

သဲသဲက ခပ်လှမ်းလှမ်းတွင် ရပ်ထားခဲ့သော သူ့ကားကိုညွှန်ပြ၍

"ကားပျက်လို့ ရပ်ထားခဲ့ရတာ…တစ်ချက်ကြည့်ပေးပါနော်"

"စိတ်ချပါ"

ပေငါးဆယ်ထက်နိမ့်မည်မဟုတ်သော အဆောက်အဦများ ရှိရာသို့ ကွန်ကရစ်လမ်းပြေပြေခင်းထားသည်မို့ ဖြည်းဖြည်းချင်း လျှောက်ခဲ့ရာ ဘေးဝဲယာမှ အကွက်ကျကျစိုက်ပျိုးထားသော စိုက်ပျိုးခင်းများကို အဝေး၊ အနီးရှုခင်းနှစ်မျိုးမြင်ရလေသော် အညိုရောင် မြေကစွာလာအထက်၌ စိမ်းရောင်စိုဆေးပန်းချီရေးခြယ်ထားသလို မျက်စိအေးသွားရပါသည်။

မြေလျှာပေလည်း နှစ်မာလုံခန့်ဝေးကာ အတက်ခရီးဖြစ်၍ သဲသဲဝင့်မော်တစ်ယောက် "တောချွေးလေးများတောင် ပြန်ချင်တယ်" ဆိုသလိုဖြစ်ရ၏။

ဒေဝဏ္ဏရာလေးတစ်ပါး လမ်းမှားကာ ဝင်လာသည်ထင့်ဟူ၍ ရုံးခန်းရှေ့ခုံများပေါ်ထိုင်ကာ ရှစားနေသော အလုပ်ကြပ်နှစ်ဦးက မျက်တောင်ခတ်ဖို့ပင် မေ့နေကြဟန်တူ၏။

"ကြည့်စမ်း ပြောရေ…သူ့မှာ မြေကြီးကို အခုမှ နင်းဖူးတာ ဖြစ်ရမယ်ကွ"

ပြောအခေါ်ခံရသော မျက်စိမှေးမှေးမျက်နှာပြောပြောနှင့်လူက-

"ဖက်တီးကတော့ ပိုပါပြီကွာ…အခုမှ မြေကြီးကို နင်းမူးတာဆိုရင် ဘယ်လမ်းလျှောက်တတ်မှာတုန်း၊ လေးဘက်ကြီး ကုန်းဝင်လာမှာပေါ့ဟ"

"အဲ့ဒါကတော့ နောက်ရက် ကြောက်လို့နေမှာပေါ့ အဲလေ၊ ဘာတွေပြောမိပါလိမ့်"

"ရှူး တို့ဆီလာနေတာဟ"

သူတို့နှစ်ဦးသား မျက်တောင်မခတ်မိအနားသို့ သဲသဲဝင့်မော်ရောက်သွားသည်ဟု ထင်ပါသည်။

"ဦးအောင်က ပဲစူးသွားနေတာ ကြာပြီလားဟင်"

စိမ့်စမ်းရေစီးသံလေးကို နာခံရသော် အသက်ရှူပြီးပင် ထပ်ဆင့်မေ့ရပြန်သည်ကိုး။ ခဏအကြာတွင်မှ ပြောထက်သွက်ဟန်ရှိသော ဖက်တီးက အသက်ပြန်ဝင်သွားသလို စကားပြောတော့၏။

"ဟုတ်ကဲ့…အလုပ်ကိစ္စနဲ့ဆိုတော့ နည်းနည်းကြာပါမယ်၊ ရုံးခန်းထဲမှာ ထိုင်စောင့်ပါလား ခင်ဗျာ"

သဲသဲဝင့်မော်က မျက်နက်ကလေးကို ဝင့်ကာဝဲကာ စဉ်းစားလိုက်ပြီးမှ-

"လူမရှိတဲ့ရုံးခန်းထဲမှာ ထိုင်စောင့်နေမယ့်အစား ခြံထဲကို လျှောက်ကြည့်ချင်တယ် ဖြစ်မလား"

"ဟာ…ဖြစ်တာပေါ့ဗျာ…ကျွန်တော်လိုက်ပို့ပါမယ်၊ ကျွန်တော်နာမည်မြတ်သူပါ၊ တစ်ချို့ကတော့ ဖက်တီးတဲ့၊ တစ်ချို့ကလည်း ဝက်ကြီးတဲ့ ကြိုက်သလိုခေါ်ပါ"

မှုန်လင်းပုံရသော မြတ်သူကို ကြည့်၍သဲသဲပြုံးမိတော့၏။

× × × × ×

လူဆယ့်ငါးယောက်စနဲ့ နွားမများကို နို့ညှစ်ယူနေကြသည်။ နို့ညှစ်သောစက်မှ စုပ်ခွက်များကို နွားမများ၏နို့တံများ၌စွပ်ကာ နို့ညှစ်နေကြသည်မှာ တစ်ညီတစ်ညာတည်းဖို့ ကြည့်၍ကောင်းလှ၏။

"အများကြီးပဲနော်…နွားဘယ်နကောင်ရှိလဲရှင့်"

"ဒီခြံထဲမှာ နွားအကောင်ရေ တစ်ရာငါးဆယ့်ခြောက်ကောင်ရှိပါတယ်၊ ဖရီရှန်းဆိုတဲ့ အဖြူအနက်ကြားကောင်က ရှစ်ဆယ်ရှိတယ်၊ နို့ပေးအလွန်ကောင်းတဲ့ အမျိုးပေါ့ဗျာ၊ နွားမတစ်ကောင်ကနေ တစ်နေ့ ၁၈ ပိဿာမျှမျှ နို့ပေးနိုင်ပါတယ်၊ ဒီဘက်ခြမ်းက နွားမတွေကတော့ ဂျာဆီမျိုးတွေပါ၊ အကောင်သေးပြီး နို့ထွက်က ဖရီရှန်းကိုမမီပေမယ့် သူ့နို့ကမှုန်တော့ ဒိုက်စ်ကရင်း၊ ဒိန်ခဲ၊ ထောပတ်လုပ်ဖို့ သင့်တော်တာပေါ့"

"နို့ညှစ်လို့ရတာ ဘယ်နကောင်ရှိသလဲ"

"အကောင်ရှစ်ဆယ်ရှိတယ်ဗျ၊ ကျန်တာက နွားကလေးနဲ့ သားမတင်ရသေးတဲ့ နမခန်း (နွားမတမ်း) တွေပေါ့၊ နွားဘုရင်ကြီး နှစ်ကောင်ကတော့ ရုံးခန်းအနောက်က အယားကွန်းခန်းထဲမှာ ခြင်လုံဇကာနဲ့ ထားရပါတယ်"

သဲသဲ စိတ်ဝင်စားသွားရပါသည်။ နွားဘုရင်ဆိုပါလား။ ဘယ်လိုအကောင်ကြီးပါလိမ့်။

"နွားဘုရင် ဆိုတာက…"

မြတ်သူကရယ်လျက် ဖြေလေ၏။

"သူတို့ကို အအေးခန်းထဲမှာထားပြီး လူတွေလိုခြင်ဇကာနဲ့ ထားရတယ်၊ မြိုင်ပေါ်တဲ့နွားမတွေကို ထည်လဲသူတို့နဲ့ တွေ့ပေးရတာဆိုတော့ မိဖုရားအများကြီးယူထားတဲ့ ဘုရင်ကြီးတွေလိုဖြစ်နေလို့ ရှင်ဘုရင်ကြီးတွေလို့ တင်စားခေါ်လိုက်တာပါဗျာ…"

သဲသဲ ဆက်မမေးတော့ဘဲ နားပင်းချင်ယောင်ဆောင်ကာ ရှေ့သို့ ဆက်လျှောက်ခဲ့ရပါတော့၏။ မြတ်သူက နောက်မှကပ်လိုက်လာပြီး-

"ဟိုက အကြီးဆုံးအဆောက်အဦထဲမှာ ဥစားကြက် အကောင်ရေ ငါးသောင်းမွေးထားတယ်ဗျ…၊ ကိုးဆယ်ရာနိုင်နှုန်းဥလို့ တစ်နေ့ကို ကြက်ဥလေးသောင်းခွဲနေ့စဉ် ဥတာပေါ့၊ အဲဒီခြံနဲ့ကပ်လျက် ခြံကတော့ အသားစားကြက်အကောင်ရေ သုံးသောင်းမွေးထားတယ် တစ်လခွဲမှာ ကြက်သားပိဿာလေးသောင်းခွဲပတ်လည် ကြက်သား ထုတ်ပါတယ်"

မနည်းသော ကုန်ထုတ်စွမ်းအားကြီးပါလား။ လူဦးရေ သန်း ငါးဆယ်ကျော်ရှိသော နိုင်ငံတော်ကြီးအတွက် အာဟာရပြည့်ဝစွာ စားနိုင်ဖို့ဆိုလျှင် ဤလိုခြံပေါင်းတော်တော်ရှိမှ ဖြစ်ပေမည်ဟု သဲသဲ တွေးမိပါသည်။

"အထက်နည်းနည်းမြင့်တဲ့ အဆောက်အဦတွေမှာတော့ လာ့(ချ်)ဝှိုက်အမျိုးအစား ဝက်အကောင်သုံးရာ မွေးထားသေးတယ်"

မြတ်သူကတော့ သူ့ဝတ္တရားကျေကုန်အောင် ရှင်းပြနေသည့် အလား မနားတမ်းပြောနေပါသည်။ သဲသဲက-

"ဝက်ခြံရဲ့ အောက်နားက အုတ်ကန်ကြီးတွေကရော ဘာမွေး ထားသလဲရှင်"

မြတ်သူက ရယ်တဲ့၍-

"ဪ အ ဟား ဟား ဟား။ အဲဒါ 'Bio Gass Tank' ဇီဝဓာတ်ငွေ့ကန်တွေပါ။ ဒီတစ်ခြံလုံးက တိရစ္ဆာန်တွေက စွန့်ပစ်တဲ့ အညစ်အကြေးတွေကို တစ်နေ့နှစ်ကြိမ်ရေဆေးချတိုင်း မြောင်းတွေကနေ အဲဒီကန်ကြီးထဲစီးဝင်သွားတယ်၊ အဲဒီကနေ ဇီဝဓာတ်ငွေ့ ထုတ်ပြီး ဒီတစ်ခြံလုံးအတွက် လျှပ်စစ်မီးရပါတယ် ခင်ဗျာ…"

စနစ်ကျကျလုပ်ချလေသလားဟု ဦးအောင်ကို အထင်ကြီးလေးစားသွားရ၏။ သဲသဲထင်သလို အကာပ်အရှုပ်ကောင်း၍ ဖြစ်လာသော မိုးပေါ်ကျ သူဌေးမဟုတ်တာ သေချာပါပြီ။

"ခုတ်ခွေ့ထုတ်ယူပြီးတဲ့ အနယ်အနှစ်တွေကို မြောင်းမကြီးလေးခုကနေ ချောင်းလက်တံတွေထဲလွှတ်ပေးပြီး စိုက်ခင်းတွေအတွက် သဘာဝ (သြဂဲနစ်) မြေဩဇာ ကျွေးပေးပါတယ်"

"ဘာတွေ စိုက်ထားသလဲဟင်"

"ပုလဲသွယ်စပ်မျိုးစပါးက ကေနစ်ရာ၊ ဟင်းသီးဟင်းရွက်က ကေ စုနစ်ဆယ်၊ ဖြစ်ညင်းရိုးပတ်လည်လေကာပင်အဖြစ် ရာဘာက ကေနစ်ရာစိုက်ထားတယ်ဗျ...ကျန်တဲ့မြေလွတ်မှာ မီးမိုချောင်သုံး အသီးအနှံစိုက်ဖို့ စီစဉ်နေပါတယ်...။ ဟော...ဆရာပြန်လာပြီခင်ဗျ"

အဖြူရောင် လင်ခရူဆာကားကြီးမောင်းဝင်လာ၏။ နောက်မှ လူများအပြည့်နဲ့ ကန်တာကားကြီး လိုက်ပါလာသည်ကို တွေ့ရပါသည်။

× × × × ×

သဲသဲတို့ ဝင်ဒါခါမီယာသို့ မနှစ်က တစ်ထပ်တိုက်လေးတစ်လုံး ဝယ်ကာ ရောက်လာသော အသားညိုညို၊ အရုပ်ရှည်ရှည်နှင့် အညာသားပုံ အနည်းငယ်ထွက်နေသည့် ကိုအောင်လင်းဆိုသူကို သူ့အိမ်တက်မှာ ဖြနားနီးချင်းတွေကိုဖိတ်သဖြင့် ဒယ်ဒီ၊ မာမီတို့ကိုယ်စား သွားခဲ့ရာမှ သေိခဲ့ရသည်တွင် "စိုက်ပျိုးရေးလုပ်နေပါတယ် ခင်ဗျာ" ဟု သူ့ကိုယ်သူမိတ်ဆက်သော ဦးအောင်၏ရုပ်ပုံလွှာကို မြင်ယောင်မိ၍ သဲသဲပြုံးမိတော့၏။ "ပြော် ထင်တဲ့အတိုင်း အညာသားကိုး" ဟုရှုပ်ပါ။ (တောင်တွင်းကြီးသားဟု ပြောသည်ကိုး)

အဲ့သည်မှအစပြုလျက် သဲသဲတို့အိမ်ဘက်သို့ သျှိခ့်ထွက်ကြက်ဥ၊ နွားနို့နှင့် အသီးအရွက်တို့လာပို့ရင်း အဝင်အထွက်လုပ်လာသော ဦးအောင်ရဲ့မျက်ဝန်းတွေကို ဂုဏ်စာဖော်သလို ဖော်ကြည့်လေသော် သဲသဲကို စိတ်ဝင်စားနေသည်ဟု အဖြေထွက်ပါ၏။ တစ်ဆင့်တက်ပြီးသော်...

"ဦးအောင်ရဲ့ခြံကို အလည်လိုက်ခဲ့ပါလား သဲသဲရဲ့" ဘာညာတွေပါလာတော့ ခယ်ဒီနှင့်မာဆီက ကြည်ကြည်ဖြူဖြူပင် ခွင့်ပြုလေ၏။

"ဟုတ်သားပဲကွယ်...ဗဟုသုတလည်းရ၊ စိတ်လည်းလန်းဆန်းသွားအောင် လိုက်သွားလိုက်ပါလား သမီးရဲ့"

သဲသဲကတော့ အားမနာ လျှာမကျိုး တည့်တိုးပင်ပြောလိုက်သည်။

"နွားချေး၊ ဝက်ချေးနဲ့ မခံနိုင်ဘူး" ဟူ၍။ သို့သော် ဦးအောင်သည် အပြုံးမပျက်ခဲ့ရှာပါ။

သူ့အတ္ထုတစ်ခုအတွက်မဟုတ်ဘဲ ပရဟိတတွေလည်းလုပ်သည်ဟု စောစောကမှသိရသည်။ အနီးအနားရှိ ကျေးရွာစာသင်ကျောင်းများမှ ကျောင်းသားငယ်လေးများကို နွားနို့နေ့စဉ်တိုက်ကျွေးကာ ကုသိုလ်ယူနေသူလည်း ဖြစ်နေသည်ဆိုပါလား။

ဆွေးဆွေးကိန်းနှင့်တိုးနေသော ကမ္ဘာလူဦးရေအတွက် စားနပ်ရိက္ခာထုတ်လုပ်ပေးခြင်းဟူသော ကုသိုလ်ကား အတိုင်းမသိ မှန်ဖြတ်လှမှန်းပညာတတ်တစ်ယောက်ဖြစ်သော သဲသဲ သိပါသည်။ သိပင်သိလျက်နှင့် ဘာတစ်ခုမှ လက်တွေ့နယ်ပယ်၌ မိမိမဆောင်ရွက်နိုင်သေးပါ။

ယခု ဦးအောင်ကတော့ လက်တွေ့ပင် အတ္ထု၊ ပရ မျှတစွာအသက်မွေးနိုင်သူဖြစ်သဖြင့် သာဓုခေါ်မိရပါသည်။ သဲသဲတို့

မိသားစုမှာ ဘိုးဘေးတို့ရှာဖွေပေးထားသော အမွေအနှစ်တို့က သုံးချိုပင် မကုန်နိုင်သဖြင့် တစ်နေ့ တစ်နေ့ "ဘာစားရင် ကောင်းမလဲ" ဆိုသည်ကို အလုပ်ကြီးတစ်ခုလုပ်ကာ နေဝင်ခဲ့သည့် ရက်၊ လ၊ နှစ်တွေ မနည်းတော့ပြီလေ။ သို့နှင့်ပင် လူသားတိုင်း၏ပုံမှန်ထက်မြင့်တည်နေသော လူတိုင်းအာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးတာဝန်ကြီးနှင့် မသက်ဆိုင်သလိုနေခြင်းသည် တရားမျှတပါ၏လော။ ကမ္ဘာပေါ်တွင် အချို့သော ကံမကောင်း အကြောင်းမလှရှာသည့် လူတော်တော်များများမှာ အငတ်ဘေးကြီးဆိုက်နေကြရ၏။ ထို့အတူ ဟိုတယ်ကြီးများ၊ စားသောက်ဆိုင်ကြီးများမှ စားမကုန်သည့် အစားအစာများကို စွန့်ပစ်နေကြသည်မှာလည်း တောင်ပုံယာပုံမြင်လို့မှ မကောင်းအောင် ရှိနေသည်လေ။

"ကဲ…အခု ခင်ဗျားတို့ အလုပ်လုပ်ရမယ့်နေရာတော့ ရောက်ပြီ၊ ကျွန်တော် ဘုရားဖူးဖို့ သုံးရက်ခွင့်ပြုတယ်၊ ဒီကားနဲ့ပဲ ပို့ပေးပါ့မယ်"

ဦးအောင်၏စကားသံကြောင့် သဲသဲ အတွေးကမ္ဘာထဲမှ ပြန်ထွက်နိုင်ခဲ့ပြီး သူစီမံခန့်ခွဲနေသည်ကို ဆိတ်ဆိတ်ပင် နောက်မှနေ၍ ထိုင်ကြည့်နေလိုက်သည်။

ဦးအောင်သည်လည်း သဲသဲကိုပင် နှုတ်မဆက်နိုင်သေး။ သူ့လုပ်သားအသစ်တွေကို စကားပြောနေရသေးသည်။ ဒါကိုတော့ ခွင့်လွှတ်ရပါမည်။

"အောင်ပန်း၊ ကလောဘက်ကလူတွေကို ခင်ဗျားတို့ဒေသမှာ စိုက်ပျိုးလို့အောင်မြင်နေတဲ့ ချင်း၊ အာလူး၊ ကြက်သွန်၊ ခရမ်းချဉ်နဲ့ ဂေါ်ရခါးစိုက်လို့ဖြစ်မဖြစ် မြေအနေအထားကြည့်ပြီး လုပ်ကြမယ်ဗျာ… ဧယျဝတီ၊ ဖြူးဘက်ကလူတွေကို တာဝန်ခံခေါ်လာတာက ကူးမားနော်"

"ဟုတ်ပါ့ဘယ် ဆရာ၊ ချွန်တော် ခေါ်လာပါတယ်"

အသားမည်းသလောက်ဖြူသော သွားတွေပေါ်အောင်ပြုံးနေသူ ကုလားတစ်ယောက်ဖြစ်နေသည်ကို တွေ့ရပါသည်။

"ဟုတ်ပြီ…ကုမ္ပဏီဘက်က လူတွေကို စပါးခင်းနဲ့ နွားခြံမှာ တာဝန်ချထားလိုက်မယ်၊ ဟုတ်ပြီလား"

"စိတ်ချပါ ဆရာ…ဒီအလုပ်တွေက ချွန်နော်တို့ ကလေး ပိစိညှောက်တောက်ကတည်းကလုပ်လာလို့ တာဝန်ယူနိုင်ပါတယ် ဆရာ"

ရယ်သံအချို့ထွက်လာ၍ သဲသဲပါ ပြုံးမိရသေးသည်။ ဦးအောင်က ဆက်၍-

"မြတ်သူက သူတို့ကို အဆောင်လိုက်ပို့ပြီး အသက်၊ နေရပ် လိပ်စာနဲ့ မှတ်ပုံတင်နံပါတ်၊ ကိုးကွယ်သည့်ဘာသာ၊ တတ်ကျွမ်းသည့် အလုပ် စတာတွေမေးမြန်းပြီး စာရင်းကောက်ခဲ့၊ အဲ ထမင်းချက်အဖွဲ့ ကိုလည်း လူအင်အားစာရင်းပေးခဲ့ဦး၊ တောနေရင် သူတို့ထမင်းချက် ကြတော့မှာ"

"ဟုတ်ကဲ့ ဆရာ"

"ငပြာနဲ့ကျော်သူ၊ ညီညီတို့က ငါ့ကားပေါ်က တီဗီနှစ်လုံးကို ချပြီး အလုပ်သမားတန်းလျားကိုပို့လိုက်၊ ဒိန်ချဉ်ဘူးကတ်အသစ်တွေကို စတိုထဲချ၊ ဝက်စာအိတ်တွေကို အလုပ်သမားတွေခေါ်ပြီး ဂိုဒေါင်ထဲ ပို့လိုက်ကြကွာ"

"ဟုတ်ကဲ့ ဆရာ"

သူ့အလုပ်တွေပြီးစီးသွားမှ နောက်သို့လှည့်၍ သဲသဲကို နှုတ်ဆက်၏။

"ဆောရီး သဲသဲရေ…ဦးအောင် ဒီနေ့အလုပ်များနေတယ်၊ သဲသဲ မြင်တဲ့အတိုင်း ခြံအတွက်လိုတာတွေဝယ်ရင်းနဲ့ ကားဂိတ်မှာ ရောက်လာတဲ့ အလုပ်သမားအသစ်တွေကို ကြိုခဲ့ရသေးတယ်၊ ဒါနဲ့ သဲသဲ…ဘာနဲ့လာတာလဲ ကားလည်းမတွေ့ပါလား"

"အဲဒါပြောတာပေါ့ ဦးအောင်ရဲ့…ကားအသစ်ဆိုပြီး ပဲခူးလမ်းမှာ စမ်းမောင်းဖို့ထွက်မိပါတယ်…ကားက ဖွတ်ချက် ဖွတ်ချက်နဲ့ ပျက်ရော"

ရှုံ့မဲ့၍ပြောနေသော သဲသဲကို ရီဝေဝေမျက်လုံးတစ်စုံဖြင့် ကြည့်နေသော ကိုအောင်လင်းကား စိတ်ခေါ်တိုင်းမလိုက်ဘဲ ယခု ကားပျက်မှ ဝင်လာသူလေးကို မြတ်နိုးစွာကြည့်နေမိတော့သည်။

"ဦးအောင် ကားပျက်တာကို ဘယ်လိုလုပ်ရမလဲလို့"

စိတ်မရှည်သလိုပြောနေသော သဲသဲကို ပြုံးပြလိုက်ပြီးသော်-

"လာပါ သဲသဲရဲ့…ရုံးခန်းထဲထိုင်ပါဦး။ ကားပြင်တဲ့သူတွေကို ဖုန်းဆက်ပြီးခေါ်ပေးပါ့မယ်"

သဲသဲလည်း မငြင်းသာတော့ဘဲ ရုံးခန်းထဲလိုက်ခဲ့ရတော့သည်။ ကိုအောင်လင်း၏ရုံးခန်းသည် ခမ်းနားလှန်းလှသည်။ ခေတ်မီပရိဘောဂ များနှင့် အပြည့်ပါလား။

ကိုအောင်က ဗီရိုကြီးတစ်ခုကိုဖွင့်၍ ဒိန်ချဉ်ဘူးနှစ်ဘူးယူလာပြီး တစ်ဘူးဖောက်ကာ ပိုက်တပ်လျက် သဲသဲကို ပေးလေ၏။

"ဟယ်…ရှောပင်းမော(လ်) တွေမှာရောင်းတဲ့ အောင်သဘာဝ ဒိန်ချဉ်နဲ့ နို့အေးဆိုတာ ဒီကထုတ်တာကိုး"

သဲသဲ စိတ်ထဲက ပြောလိုက်ခြင်းပါ။

ဦးအောင်ကတော့ ဒိန်ချဉ်ဘူးကို မသောက်သေးဘဲ သဲသဲ ရှေ့လာထိုင်ပြီး-

"ကားအသစ်ဆိုပေမယ့် ဂျပန်မှာ ဆူနာမီမုန်တိုင်းမိလို့ ရေမြုပ်ထားတဲ့ကားဖြစ်နေရင် ပျက်တတ်တယ် သဲသဲရဲ့"

သဲသဲသည် ကိုအောင်လင်းပြောသည့် ကားအကြောင်းထက် ဒိန်ချဉ်နှင့်နို့အေးဘူးများ ဘူးသွတ်၊ ပါကင်ပိတ်သည်ကို စိတ်ဝင်စားနေသည်။ များပြားလှသော အရေအတွက်ရရန်ဆိုလျှင် အလုပ်သမားများစွာလိုမည်။ ယခု ညီခြံတွင် မသဏ္ဍာဝါတစ်ကောင်တစ်လေမှ မတွေ့ပါလား။

"ဦးအောင်…ဒီဘူးတွေ ပါကင်ထုပ်တော့ စက်နဲ့လုပ်တာလား ဟင်"

ကိုအောင်လင်းက သဲသဲဆိုလိုချင်တာကို သိလိုက်ရသဖြင့် ပြုံးပြီး-

"ခြံအလုပ်သမားတွေ အလုပ်ပြီးလို့ ရေမိုးချိုးပြီး၊ ကိုယ်လက်သန့်စင်ပြီးတာနဲ့ ဒိန်ချဉ်နဲ့နို့အေးဘူးသွတ်၊ ပါကင်ပိတ်တာတွေ လုပ်ရတယ်လေ"

"အဲဒီတော့ သူတို့မျာ သနားစရာ…တစ်နေကုန်လည်း အလုပ်လုပ်ရသေးရဲ့"

"အောင်မလေး သဲသဲရယ်…ပူတတ်ရန်ကောဗျာ၊ တစ်ဘူးကို လက်ခတစ်ကျပ်ပေးတော့ သူတို့ကပျော်နေတာဗျ၊ မိန်းကလေးအလုပ်သမားခေါ်ရင် ဖယ်ဒီကြိုဖို့ရမယ်၊ မလိုလားအပ်တဲ့ လူမှုရေးပြဿနာတွေလည်း ရှုပ်နိုင်တယ်လေ"

"ကဲပါ ဝယ်ရှောဆရာ ခေါ်ပေးပါတော့"

သဲသဲသည် စိတ်ထဲတွင် ကျေနပ်သွားမိ၍ ရုတ်တရက် မျက်နှာပြောင်းသွားမိရသည်ကို ဦးအောင်များ ရိပ်မိသွားမလားဆိုသည့် စိုးရိမ်စိတ်ကြောင့် စကားလွှဲလိုက်သည်။ ထိုသည်ကိုပင် လူပါး

တစ်ယောက်ဖြစ်သော ကိုအောင်လင်းသိကာ ပျော်သွားရတော့သည်။ သူ့စိတ်ထဲမှာတော့…

"အပါးမလေးက ဒီခြံထဲမှာ မိန်းကလေးတွေရှိမလားဆိုတဲ့ မှုယန်စိတ်နဲ့မေးတာဆိုတော့ ဟင်း…ဟင်း…တော်သေးရဲ့ ငါအမှတ်ပြည့်ရလိုက်လို့"

လက်တွေ့လုပ်ဖြစ်သည်ကတော့ ဖုန်းဆက်၍ သူ့လက်ရုံး ဝပ်ရှော့ဆရာကို သူ့ခြံအမြန်လာဖို့ မှာလိုက်ရပါတော့သည်။

× × × × ×

"ဆောဆောက ဦးအောင် အလုပ်သမားအသစ်တွေကို ကိုးကွယ်သည့်ဘာသာကစပြီး မေးခဲ့ မှတ်ခဲ့တာရော…ဘာလုပ်ဖို့လဲ ပြောပါဦး"

သဲသဲတစ်ယောက် သူ့ကို အရည်အချင်းစစ်နေပြီဟုသိသော ကိုအောင်လင်းက မေးခွန်းကို ပျော်ရွှင်စွာဖြေလေသည်။

"မေးထိုက်တဲ့ မေးခွန်းပါပဲဗျာ…ဒီလိုရှိတယ်…ကြက်ခြံမှာ လုပ်တဲ့ ကရင်လေးတွေက ခရစ်ယာန်တွေများတယ်၊ သူတို့က တစ်နှစ်ပတ်လုံး အလုပ်ကို ကြိုးစားလုပ်ပေမယ့် သူတို့နှစ်ကူးပွဲ၊ နတ်စားပွဲဆိုရင်တော့ ရွာပြန်ချင်တယ်၊ မနှစ်ကဆိုရင် ကြက်ခြံရော၊ ဝက်ခြံမှာလုပ်တဲ့ ကရင်လေးတွေရော ပြန်ကုန်ကြလို့ စိုက်ခင်းမှာ လုပ်တဲ့လူတွေနဲ့ အစားထိုးရတယ်လေ၊ ဒီအတူပဲ နွားခြံက ကုလားတို့ လည်း ဒေပါဝလီပွဲကျရင် ပြန်ချင်တယ်၊ အဲဒီအခါကျရင်လည်း လယ်စိုက်တဲ့အဖွဲ့ကို အဝင်ခိုင်းရတယ်၊ ဘာကြောင့်လဲဆိုတော့ လယ်သမားမှ နွားအကြောင်းသိမှာကိုး သဲသဲရဲ့၊ ဒါကြောင့် ဘာလုပ်ဖူး

သလဲဆိုတဲ့ မေးခွန်းကို မေးနိုင်းတာပေါ့၊ ဦးအောင်ရဲ့ခြံက လူအင်အားကို ကွတ်တိခန့်ထားတာဆိုတော့ တစ်ယောက်ပျက်ကွက်ရင်ကို ကျန်တဲ့လူတွေ ပိုဆင်းရဲတာဗျို့ လုပ်အားချိန်ခွင်လျှာညီထားနိုင်မှ တန်ကာကျတယ်လေ"

"တော်တယ်ကွာ ဦးအောင်က"

ဒီတစ်ခါမှာတော့ သဲသဲမှာ နှုတ်ကပင်ထုတ်၍ ချီးမွမ်းမိသည်။ ကိုအောင်လင်းမှာလည်း ဆရာမမေးသည်ကို ဖြေနိုင်၍ ချီးကျူးခြင်း ခံရသော ကျောင်းသားနယ် ဝမ်းသာပီတိဖြစ်ရသည်လေ။

"ဟော…ဝပ်ရှော့ဆရာ လာဗျာထိုင်ဦး"

ပဲခူးက ကိုအောင်လင်း၏လယ်ယာသုံးစက်တွေ ပြင်စရာရှိတိုင်း ဖုန်းဆက်ခေါ်လျှင် အပြေးလာနေကျ ဝပ်ရှော့ဆရာရောက်လာ၍ ကိုအောင်လင်းက အထိုင်နိုင်းကာ နို့အေးတစ်ဘူးပေးလိုက်ပြီး-

"ကျွန်တော့်ခုညီ သည် ကားဗျာ…ကားကအသစ်ဟာကို ကံကောင်းချင်တော့ ခြံရှေ့လာပျက်သွားလို့ အဲဒါကြည့်လုပ်ပေးပါဦး"

ဝပ်ရှော့ဆရာက အလုပ်များ၍ထင့်၊ နို့အေးဘူးကို တစ်ခါတည်း မော့ချလိုက်ပြီး-

"ကားသော့ပေးဗျာ…"

ကိုအောင်လင်းက သဲသဲလှမ်းပေးနေသော ကားသော့ကိုယူကာ ဝပ်ရှော့ဆရာကို ပေးလိုက်သည်။ ဝပ်ရှော့ဆရာထွက်သွားသည်နှင့် သဲသဲက-

"သူ့ခြံရှေ့ကားပျက်တာကိုများ ကံကောင်းချင်တော့လေး ဘာလေးနဲ့"

နှုတ်ခမ်းလေးစူတူတူနှင့် အမူပိုကာပြောလိုက်ရာ-

"ကံကောင်းတာပေါ့ဗျာ...တကူးတကအလည်ခေါ်လို့ မလာတဲ့သူက ဖြစ်ရှေ့ကားပျက်မှ ဝင်လာတာဆိုတော့ အဟဲ"

"ဘာ အဟဲဟဲလဲ"

မျက်စောင်းကလေးတစ်ချက်ကျလာသည်။ ဒါကတော့ ချစ်မျက်စောင်းပဲ ဖြစ်ပါမည်လေ။

သဲသဲက ဆုံးဖြတ်ချက်ချပြီးသွားပါပြီ။

သမာအာဇီဝအလုပ်ဖြင့် လူနေမှုဘဝမြင့်နေသော ဦးအောင်သည် သူ့ထက် အသက်ရှစ်နှစ်ခန့်ကြီးသည်ဆိုသော်လည်း သုံးဆယ်ပြည့်ရုံသာ ရှိသေးသော လူငယ်တစ်ယောက်ဖြစ်ပါသည်။

စောစောက ဦးအောင်ကို အထင်မကြီး၍ ငြင်းခဲ့သည်ကို အားနာဝမ်းနေသော သူကိုယ်သူလည်း သဘောပေါက်မိပြန်သည်။

မချော်လင့်ဘဲ ဖြစ်ကိုရောက်ခဲ့တော့မှ အရည်အချင်းပြည့်ဝသူ၊ အားကိုးလောက်သူဟု သိလိုက်ရသည်။ ဦးအောင်ပြောသလိုပင် ယနေ့ ကားပျက်ခြင်းကား ကံကောင်းသည်ဟု ပြောရမလိုဖြစ်နေလေပြီတည်း။ သဲသဲက မိန်းကလေးမို့ ယခုနေ သူကဖွင့်ပြောလာသော် ချက်ချင်း လက်ခံလိုက်လို့ကတော့ သင့်တော်မည်မထင်။ အချိန်လေးတော့ ပေးစေချင်သေးသည်လေ။ ။

# ရုပ်ရှင်မင်းသားနှင့် ဦးပေါ်စံ

တပေါင်းလသည်ကား လတကာတို့ထက် သာသည်ဟု ရှေးစာဆိုတို့က 'တပေါင်းသာခေါင် လများနောင်' ဟု စပ်ဆိုခဲ့ကြသည်။ မြတ်စွာဘုရားကို နေပြည်တော်သို့ ပြန်ကြွရန်အတွက် ကာဠုဒါယီ အမတ်က ဂါထာပေါင်းခြောက်ဆယ်လေးဂါထာဖြင့် လျှောက်ထားရာတွင် မိုးလေကင်းလွတ်၍ ခြေခင်းလက်ခင်းသာယာသော ပန်းတကာတို့ ပွင့်သောလဟု တပေါင်းလကို အမွန်းတင်လျှောက်ထားခဲ့ပါသည်။

မြန်မာတို့အတွက်မူ တပေါင်းလသည် ဖက်ဆစ်တို့ကို တော်လှန်သော လလည်းဖြစ်၍ မမေ့နိုင်သောလဖြစ်တော့၏။

'လေခြေသာကာ၊ ရွာနိဗိတက်သို့၊ သစ်ရွက်ရော်ရီ၊ ဤနှစ်ဝယ်၊ သီဂီတစ်ဝက်၊ ဖက်ရှဲဆေးစုံ၊ ချယ်သော ပုံသို့၊ ရဂုံမြိုင်အတွင်း၊ တော်လုံးလင်းသား၊ နွေခင်းသမယ၊ မိန်ကာလ' ဟု ရှေးစာဆိုတို့ ရေးဖွဲ့သည်မှာလည်း တပေါင်းလတွဲ့ပင်။ ထိုအချိန်နှင့် အံကိုက် ကိုစမ်းရေတို့အိမ်၏ တောင်ဘက်လှမ်းနေသော အိမ်ဝင်းထဲ၌ အလေ့ကျ ပေါက်နေသော မိုးမခြုံ၊ တောက်ပင်၊ သောစကိုင်းပင်များကို အကာ

အကွယ်ယူကာ ဂျပန်တော်လှန်ရေးတစ်ခု ဆင်နွှဲနေကြသော ကလေး တစ်သိုက်၏အသံကား ဆူညံနေ၏။

"သေပေတော့ ဂျပန် ငပုစုတ်…ကျား…"

ဒါကိုစမ်းရေ၏ တူတော်မောင်နိုင်ဦး၏အသံဖြစ်တော့သည်။ သို့နှင့် ကိုစမ်းရေ စိတ်ဝင်တစားနားထောင်မိလေ၏။

"ဟေ့ ဘိရှမာ…နိုင်းညောင့်"

"ဟေ့ကောင် သေလေကွာ…မှန်ပြီ ဥစ္စာ"

"ငါက သီဟတင်စိုးကွ မသေဘူး မင်းသာ သေ"

နဘူးသား ဓားရှည်နှင့်ပြေးခုတ်သော ဘိရှမာနိုင်ဦးကို ပြေးဝင် လာစဉ်ကတည်းကပင် ဂျပန်ငပုလုပ်သော ကုလားက ကော်နေ ကျည်ဆန်သုံးရသော ကြောင်ပန်းပွဲပဲ့တို့နှင့် ပစ်နှင့်ပြီးလေပြီ။ သို့သော် မသေသောကြောင့် သေဖို့သတိပေးရ၏။ သို့ပေလည်း နိုင်ဦးကား သူတို့စစ်ပွဲ၏ဥပဒေသကို အော်ပြောလိုက်၍ ကုလားမကျေမနပ်ငြိမ်ခံ လိုက်ရသည်။ သီဟတင်စိုးလုပ်သူသည် သေရိုးမရှိဆိုဘဲ။

တင့်နိုင်၊ မောင်မောင်စိုး၊ မောင်မျိုး၊ ထင်လင်း စသောရဲဘော် များလည်း ထန်းပလပ်သေနတ်ကိုယ်စီဖြင့် သက်ကွင်းထဲ ဝင်လာကြ ကုန်ရာ ဘေးကကြည့်နေသော ကိုစမ်းရေ ရင်ဖိုသွားရ၏။ ခြောင်ပင် ဝင်လာရလေဟု။ သို့သော် ဂျပန်ဗိုလ်ကျဆုံးသွားပြီမို့ ပွဲပြီးကြောင်း၊ တိုက်ပွဲအသစ် ပြန်စမည်ဖြစ်ကြောင်း သူတို့စကားအရသိတော့မှ "သြော် ဒီလိုကိုး"ဟု တီတိုးရေရွတ်မိရသည်။

"ဒီတစ်ခါ ငါသီဟတင်စိုးလုပ်မယ်ကွာ"

နာမည်အရင်းကို မသိ၊ ဟိုကတည်းက ကုလားဟုခေါ်ကြသူ ကလေးကား ဗီလိန်ဘဝဖြင့် ဓားခုတ်ခံ၍ သေရပေါင်းများလို့လား

မသိ၊ ဓာတ်လိုက်သီဟတင်နီး တစ်လှည့် လုပ်လိုကြောင်း ဆိုလေ၏။ သို့သော် နိုင်ဦးက-

"မရဘူး…မင်းမှာ ခြောက်လုံးပူးရှိတာ မင်းပဲ ပေလုပ်ရမယ်"

"မလုပ်ဘူးကွာ…မင်းချည်းပဲ သီဟတင်နီးလုပ်နေတာကြာပြီ"

"မလုပ်ရင် မပါနဲ့ကွာ"

"ပါတယ်ကွာ…ဘာဖြစ်လဲ"

"အောင်မာ…ခွေးကုလား မင်းက ဘာဓိုလဲ"

အခြေအနေကား ရုတ်ချည်းပင် တင်းမာ၍ ကိုစမ်းရေမှာ မနေသာတော့ဘဲ ဝင်ထိန်းရတော့သည်။

"ဟော့ ကလေးတွေ လာကြဦးကွ…ဦးလေးက မင်းတို့ကို ပီကေဝေမယ်"

"ပီကေ ဒီပလိုမေ့စီ" နှင့်ကျမှ သူတို့လေးတွေ အပြေးဝင်လာကြ၏။ ငြိမ်းချမ်းရေးလည်း ရသွားပုံပေါ်သည်။

"ကစားတာ ကောင်းပါတယ်…ရန်ဖြစ်တာ မကောင်းဘူးနော်၊ နိုင်ဦးနဲ့ကုလားက နီစွိဖက်တွေဆိုတာ သိကြရဲ့လား"

နှစ်ယောက်လုံးခေါင်းညိတ်ကြ၍ သိပြီးဖြစ်ဟန်တူသော်လည်း နိုင်ဦးမွေးစ၌ မိခင်နေမကောင်းဖြစ်ကာ နို့မထွက်၍ ကုလားအမေက နို့တိုက်ခဲ့ရသည်တွင် နို့တစ်ဖက်စီငြိုင်ရှိကြသော သူတို့ကား ညီအစ်ကို ထက်ပင် သွေးနီးကြောင်းပြောကာ ဆုံးမရလေသည်။

ပီကေတစ်စုစီ ဝေပေးပြီးသော်-

"မင်းတို့ စစ်တိုက်တမ်းကစားတာကလည်း ဂျပန်နဲ့ချည်း ပါလားကွယ့်၊ အင်္ဂလိပ်နဲ့ရော မတိုက်ဘူးလား"

ရှေ့သွားကြီးနှစ်ချောင်းက ကြီးနေသဖြင့် အမြဲတမ်းပြုံးနေသည် ထင်ရသော မောင်တင့်နိုင်က-

"ဟာ…ဦးလေးကလည်း…အင်္ဂလိပ်ကို သီဟတင်စိုးကမှ မတိုက်တာရှည်ကြာ၊ အနော်တို့က သီဟတင်စိုးလုပ်တာမ်း ကစားတာဗျ"

"ဪ…ဒီလိုလား"

"ဟုတ်တယ် ဦးလေးရ…သီဟတင်စိုးကို အနော်တို့ ကြိုက်တယ်"

စကားနည်းသော မောင်မောင်စိုးကပင် အားတက်သရော ဝင်ပြော၍ သီဟတင်စိုးကား ကလေးတွေအပေါ် တော်တော်ဩဇာ ညောင်းနေကြောင်း သိလိုက်ရ၏။

"တစ်နေ့က ဦးလှမှင် ဇီဇီယိုရုံမှာပြတဲ့ကားထဲမှာ သီဟတင်စိုးရဲ့ ညီမကို ဂျပန်ငပုကောင်က ပက်လက်ကားယားလုပ်တာဗျ၊ သီဟတင်စိုးသိတော့ ဓားနဲ့ခုတ်သတ်လိုက်တာ သေရောပဲ"

မောင်တင့်နိုင်ပြောစကားကို ရယ်လျှက်နှင့်ပင် ပြင်ပေးရသေး၏။

"ဟား ဟား ဟား စလေ့ရွာယပြုတယ်လို့ ပြောရတယ်ကွယ်"

ကိုစမ်းရေသည် ကလေးတို့နှင့် စကားပြောရသည်မှာ အမှုင်းပြေ လာသည်နှင့် ဝီကေတစ်ခုစီထပ်ပေး၍ စကားဆက်ရ၏။ (မဖြူနှင့် ကလေးတွေကား ကိုစမ်းရေ၏အစ်မကြီးအိမ် အလည်သွားနေ၍ မရှိပါ)

"မင်းတို့ ဘုတာက ဦးပေါ်စံကြီးကို သိလား၊ အခုပြောင်းသွား ပြီလေ"

မောင်မျိုးက ဝီကေဝါးရင်း-

"တိတယ် ဂျကား မဝိတဲ့လူကြီး"

"အေး ဟုတ်တယ်၊ သူက ဦးလှမှင်ဇီဇီယိုရုံမှာ သီဟတင်စိုး ကြည့်ရင် သူ့မြေးလေးနဲ့ လာကြည့်တယ်ဗျ"

နိုင်ဦးနှင့်ဦးပေါ်စံက အိမ်နီးချင်းတွေကိုး။ ဇီဇီယိုကြည့်ဘက် လည်း ဖြစ်ပေမည်။ ကိုစမ်းရေက-

"အဲဒီ ဦးပေါစံကြီးကမှ ဂျူပန်ကို တကယ်တော်လှန်ခဲ့တာကွ၊ မင်းတို့နားထောင်ချင်ရင် သူ့အကြောင်း ဦးလေး ပြောပြမယ်"

"နားထောင်ချင်ပါတယ် ဦးလေး"

စိတ်ပါလက်ပါ ရှိကြသောကြောင့် ကိုစမ်းရေက သူတို့မျှင်း ရအောင် ဇာတ်လမ်းပမာ ပြောပြရလေသည်။

× × × × ×

"ပေါစံရေ…ဟေ့ ပေါစံ"

အိမ်ရှေ့မှ နားစည်ခေါ်ကာဝင်လာသော မတင်အေးကြောင့် ပေါစံ ထင်းပေါက်နေရာမှရပ်ကာ ဘာလဲဆိုသည့်သဘော မေးငေါ့ပြလိုက်၏။

"မြစ်ထဲမှာ ရေမျောထင်းတွေ ဆယ်နေကြတယ်ဟဲ့၊ တို့လည်း သွားဆယ်ပြီး ရောင်းရအောင်ဟယ်"

ထင်းဆယ်၍ ကမ်းနားရေစပ်တွင်ပုံထားသော် အညာဆန်သော သဘော်ကြီးများက ဘိုင်လာစီးထိုးရန် သဘော်ကပ်၍ ဝယ်တတ်သည်။ ထင်းလံပုံ (လက်တစ်လံ) တစ်ပုံလျှင် သုံးကျပ်ရသဖြင့် ယခုလို မိုးဦးကျတွင် ထင်းဆယ်သူတွေ မြစ်ကမ်း၌ သဲသဲလှုပ်နေတတ်သည်။

ပေါစံကား ထင်းပေါက်ခွဲနေရာမှ ပုဆိုးနံကိုချ၍ သွားမယ် ဆိုသည့်အနေဖြင့် မြစ်ကမ်းဘက်မေးငေါ့ကာ ခြေလှမ်းဖို့ပြင်လေတော့ ရာ မတင်အေးက ရယ်ရင်းနှင့်-

"အခုချက်ချင်းမဟုတ်ပါဘူး ပေါစံရဲ့၊ ငါ ထမင်းကြမ်း စားလိုက်ဦးမယ်၊ နင်ကော စားပြီးပလား"

ပေါစံကား ပြုံးဖြီးဖြီးနှင့် ခေါင်းခါပြလေ၏။ သူသည် စကားထစ်လှ၍ တော်ရုံဆိုပါက မပြောဘဲ ခေါင်းခါလက်ရမ်းဖြင့်သာ တုံ့ပြန်တတ်ပါသည်။

မတင်အေးက အိမ်နားနီးချင်း၊ အမေမုဆိုးမကိုယ်စီနှင့်အငြိုး ထင်းရဲ့ကြသူများပီပီ တစ်ဦးအကြောင်း တစ်ဦးအိတ်သွန်ဖာမှောက် သိပြီးဖြစ်၍-

''ငါ ထမင်းကြမ်းယူခဲ့မယ်…နင် ရေနွေးခပ်ထားလိုက်''

''အာ…အ…အေး…ယေး…ပါ ဟ''

အိမ်ချင်းက ရှေ့နောက်ကပ်လျက်တည်နေသဖြင့် (စည်းရိုးပင် မခြားသဖြင့်) ခဏအတွင်းပင် သူတို့လက်ဆုံစားပွဲစတော့သည်။

ထမင်းကြမ်းဆိုသည့်အတိုင်း သုံးလွန်တင် (ဆန်၊ ပြောင်း၊ ပဲ) ထမင်းခဲကြီးကား ထော်နေအောင် ကြမ်းလှ၏။ ထိုအပေါ် ဆီဆမ်း၊ ဆားဖြူးလာသည်မို့ ပေါ်ဂက မီးဖိုတွင်းသို့ အပြေးဝင်ကာ ကြက်သွန်နီ နှစ်ခု၊ ငရုတ်သီးခြောက်တောင့်လေးတောင့် ယူလာပြီး နှုတ်ခမ်းပဲ့နေသော ထမင်းစလုံတွင် ထည့်လိုက်၏။ မတင်အေးက-

''အမယ်…ဒါနဲ့ဆို မြိန်ပြီပေါ့ဟာ…လာစားရို့''

ဖွန်းနှစ်ချောင်းတပ်၍ မြိန်ရေယှက်ရေ ကော်စားလိုက်၊ ရေနွေးကြမ်းပူပူကို မှုတ်သောက်လိုက်၊ ကြက်သွန်နီဥကိုက်လိုက်၊ ငရုတ်သီးတောင့်ကိုချိုးကာ ဝါးလိုက်ဖြင့် အစာအိမ်ကိုနှစ်သိမ့်စေလိုက် ကြပြီးနောက် မြစ်ဆိပ်သို့ ကြိုးတစ်ခွေယူကာ ထွက်ခဲ့ကြပါသည်။

× × × × ×

ချင်းတွင်းမြစ်ရေသည် ကော်ဖီရောင်ပေါက်နေ၏။ ရေစီးကလည်း သန်လှသဖြင့် ရေစွယ်တိုးသံ၊ လှိုင်းပုတ်သံများသည် တဟဲဟဲအော်ကာ ကမ်းစပ်ဆီသို့ ပြေးဆောင့်ကြသည်နှင့် ဆူညံနေ ပေသည်။ လှသံများကလည်း ပွက်ပွက်ရိုက်မတတ်ပင်။

"ဟေ့ ကြိုးဆွဲတော့ဟေ့…ဆွဲ…ဆွဲ ဟုတ်ပြီ"

ရေအလျင်နှင့်မျောလာသော သစ်ကိုင်း၊ သစ်ငုတ်တို့ကို ရေထဲက လူမှ ကြိုးချည်ပေး၍ ကမ်းပေါ်မှ လူများတာဝန်က ဆွဲယူရသည် ဖြစ်ပါသည်။ ရေစီးသန်လွန်းသဖြင့် ဆွဲသူနှင့်မနိုင်သည့်အခါများတွင် ရေထဲကလူများပါ တွန်းပို့ပေးရသည်လည်းရှိ၍ ဆွဲသူ၊ တွန်းသူ ဟန်ချက်ယူကာ အော်ဟစ်နေကြသည်မို့ ဆူညံနေရခြင်းဖြစ်ပါသည်။

ပေါ်စံသည် အရပ်မြောက်ပေနီးပါးရှိ၍ ကာယနှင့်လုပ်ကိုင်စားရသူပီပီ သန်စွမ်းလှ၏။ ကုန်းပေါ်က ကြိုးဆွဲသူ မတင်အေးမှာ နုနယ်သော မိန်းမသားဖြစ်၍ သူကိုညာကာ ပေါ်စံက ကုန်းပေါ် ရောက်အောင် တွန်းပို့သည်ချည်း ဖြစ်ပါသည်။ ရေ၌ ကျွမ်းကျင်သော မြစ်ကမ်းဘေးနေ 'ဝန်ပိုရွာသား'ဖြစ်ပေ၍ တော်ရုံလူမကူးဝံ့သော မြစ်လယ်နီးပါးကူးကာ တော်ရုံအင်အားဖြင့် မဆယ်ရဲသောတုံး၊ တိုင်တို့ထိ ဖမ်းယူဆယ်မနိုင်သဖြင့် သူတကာထက် အသားကောင်း ဝါးကောင်းရတတ်လေရာ သူနှင့်ထင်းဆယ်ဘက် မတင်အေးမှာ သက်သောင့်သက်သာနှင့်ပင် ထင်းပိုရတတ်ပါသည်။

နေခင်းဘက်ရောက်လာသော် လူနည်းသွားလေပြီ။ ထမင်းစား ပြန်ကုန်ကြ၍ဖြစ်ပါ၏။ ကမ်းနားမှာလည်း ထင်းပုံတွေ အစီအရီဖြင့် ဖြစ်နေပါသည်။ ပေါ်စံကြီးကား ရေထဲမှမတက်သေး။ မတင်အေး ဗိုက်ဆာသလိုဖြစ်နေ၍ မလှုပ်ချင်တော့၊ ထင်းပုံရိပ်ဝယ် နားနေရ၏။ ပေါ်စံသည် ရေစီးနှင့်မြောလာသော ဒိုက်ပုံ၊ တောင်ခေါက်အောက်မှ ဒိုလာတတ်သော ပုဇွန်ထုပ်ကြီးတွေ ဖမ်းယူနေတာကို သိ၍ ထိုင်စောင့်ခြင်းပါ။

ဓေါပုတ်ကိုဆွဲမသော် ရုတ်တရက်မြောက်ပါလာသော ပုဇွန်ထုပ်တစ်ကောင်စ နှစ်ကောင်စကို အမိအရဖမ်းယူလျှက် ခါးပုံစထဲ

ထည့်ခဲ့သည်မှာ ငါးကောင်ခြောက်ကောင်ရနေပြီဖြစ်၍ ပေါ်ကြီး ရေထဲမှတက်ခဲ့ပြီး စောင့်နေသော မတင်အေးနှင့် အိမ်သို့အတူပြန်ခဲ့ကြလေ၏။ အိမ်ရောက်သော် ပါလာသော ပုစွန်ထုပ်ကြီးများကို နှစ်အိမ်ထောင်မျှဝေကာချက်ပြီးလျှင် နေ့လယ်စာထမင်းစားကြပေမည်။ ပေါ်ကား အဆင်းမလှသော်လည်း အချင်းလှပေသဖြင့် သူတကာ မသိအောင် ဟင်းစားလည်း ရှာတတ်၏။ ရေငြိမ်သောရက်များ ရောက်သော် ကွန်ဖြင့် ငါးများရှာတတ်သလို ကျောက်ဆောင်ကြားမှ ပုစွန်စမ်းတတ်၏။ ရေငယ်ချိန်မြစ်ရေကြည်ကြည်၌ ယက်သုံဖြင့် ရွှေစာရေငါးကလေးတွေလည်း ဖမ်းယူကာ နှစ်အိမ်ထောင်မျှဝေ ချက်စားကြသည်မို့ မတင်အေးက အားကိုးရပါသည်။

ထိုသို့ဖြင့် မချမ်းသာနိုင်သော်လည်း ထမင်းသုံးနပ်စားကာ ပျော်ရွှင်စွာနေထိုင်လာသော သူတို့ဝန်ပိုရွာကလေးသို့ ဖက်ဆစ်ဝါဒီ ဂျပန်များရောက်လာသဖြင့် သူတို့ဘဝများ မုန်တိုင်းထန်၊ လှိုင်းကြီးခြင်း နှင့် ကြုံရလေတော့သည်။ ကံစီမံရာအတိုင်း လူတို့ဖြစ်ကြ၊ ပျက်ကြ ရသည်ပဲလေ။

× × × × ×

ဝန်ပိုရွာသည် ချင်းတွင်းမြစ်၏အရှေ့ဘက်ကမ်း၌ လေးမြေ၊ ရွှေစာရေး၊ ထန်းတော၊ ညောင်သုမျှားရွာတို့နှင့် မနီးမဝေးတွင် တည်ရှိကာ ဘုတလင်မြို့နယ်အတွင်း၌ တည်ရှိသည်။ ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်းတွင်မူ ကနီမြို့နယ်ပိုင်သော နတ်လှို့၊ အိုင်တောင်၊ သရက်ပင်၊ ချိုင် စသောရွာများရှိလေ၍ တောင်သူလုပ်ငန်း၊ ရေလုပ်ငန်း စသည်တို့နှင့် အသက်မွေးကြသူများပါသည်။ မြစ်ညာသို့ တက်၍ သစ်မောင်၊ ဝါးမောင်ချသူ အနည်းငယ်တော့ရှိ၏။

ထိုသို့ အေးချမ်းလှသောရွာများသို့ ဖက်ဆစ်ဝါဒီ စစ်ဘီလူးများ ရောက်လာသောအခါ ကြည်လင်သောကန်ရေပြင်တွင် ခဲကျသကဲ့သို့ ဂယက်ထသွားတော့သည်။

"ညောင်သူများက တင်ဝိုင်းကြီးကို ဂျပန်ကပါးရိုက်ပြီး အုန်းသီးခူးခိုင်းတာ သူ့ခမျှာ မတက်တတ် တက်တတ်ဆိုတော့ အုန်းပင်ပေါ်က ပြုတ်ကျတာ အောက်ကမြေကြီးခံပေလို့သာပ။ နို့မို့ အဝီစိကို တိုက်ရိုက်ရောက်မှာဟ"

"တစ်နေ့ဆီက ထန်းတောဆိပ်ကမ်းမှာ ရေချိုးတဲ့ကလေး မလေးတွေကို စလာကွာယပြုလို့ ရွာသားတွေက ဝိုင်းရိုက်တော့ လူငယ်မှန်သမျှ ပါးရိုက်ခံရသတဲ့"

"ရွာထဲက ကြက်တွေဖမ်းပြီးသတ်စားလိုက်ကြတာ ပိုက်ဆံ ပေးချင်မှပေးတယ်၊ ပေးရင်လည်း ဘုရားနီပိုက်ဆံတွေကွ…ငါတော့ ယူပေါင်ကွာ အလကားပေးလိုက်တယ်၊ ဒီတော့ ငပုက အာရိဂတော ဘိရုမာဘာနီနိုင်းဆိုပဲ ဘာပြောမှန်းမသိဘူး"

သို့ကလို မကောင်းသတင်းကျော်စောခြင်းဖြစ်နေသော ကိုရွှေ ဂျပန်တို့နှင့် ကင်းအောင်နေကြကုန်၏။ သို့သော် မရလေကုန်။

× × × × ×

ပေါစံကြီး ဝါသနာမှာ အားလပ်ချိန်များတွင် သူ့လက်ဖြစ် ပုလွေကို ရတတ်သရွေ့တေးဟူသမျှ တစ်ပုဒ်မကျန် ထိတ်ဝမှ သွားရည် တောက်တောက်ကျအောင် မှုတ်လေ့ရှိ၏။ ထိုရောအခါဝယ် သူ့မိခင်ကြီးကတော့ သူ့သား၏ဂီတသံသာကို ခေါင်ခေါင်းပြီးခြံ၍ သော်လည်းကောင်း၊ မတင်အေးအမေကြီး မဖွားခြွတဲ့သွား၍ တေးတေးမှ သောတဆင်ခြင်းဖြင့်လည်းကောင်း ရှောင်ရှားရ၏။

တစ်နေ့ ပေါစံကြီး ဝါးပုလွေနှင့် ဂီတရေယာဉ်ကြောသို့ ကောင်းကောင်းကြီးမျောပါနေခိုက် နီပွန်လူမျိုး ကိုရပ်ဆိုးတစ်ယောက် ပေါက်ချလာပြီး-

"ဘိရုမာ ဌာဘာကိုးရှိသလား၊ ဌာဘာကိုး"

နီပွန်က ဆေးလိပ်တောင်းခြင်းကို သူ၏ပုလွေသံကိုနှာခံဖို့ ရောက်လာသည့် စည့်သည်ဟု အထင်ရောက်ကာ ပြုံးပြ၍ ပုလွေမှုတ်မြဲ မှုတ်နေ၏။

"ဌာဘာကိုး ဘိရုမား၊ ဌာဘာကိုး"

ဂျပန်က သူ့ကို မထီမဲ့မြင်လုပ်သည်ထင်ကာ ဝါးပုလွေကို ဆွဲယူရိုက်ခွဲပစ်လိုက်ပြီး-

"ခုရား...ဘတ်ကေရိုး"

"မြန်း...မြန်း"

ပါးကိုနှစ်ချက်ဆင့်ရိုက်သွားလေ၍ ပေါစံမှော ရိုင်းလှသော စည့်သည်ပေတာကားဟု ပါးပွတ်လျက် ဒေါသထွက်ကာ ကျန်ခဲ့ရ၏။

အစအဆုံးမြင်လိုက်သော မတင်အေးလေးက ဂျပန်ထွက်သွားသည်နှင့်အပြေးလာကာ ကြပ်ထုပ်ထိုးပေးရှာသည်။ ပါးစပ်ကလည်း ဆီမန်းမန်းသလို-

"ဖြစ်ရလေ ပေါစံရယ်...နင်နာသလားဟင်၊ နောက်ကို ပုလွေမမှုတ်နဲ့တော့၊ ဒီတိရစ္ဆာန်တွေက လူလိုသိတာ မဟုတ်ဘူး"

မတင်အေး၏အမူအရာကိုကြည့်ကာ မြတ်နိုးစနာစွာ ရင်၌ ဖြစ်ရလေသောကြောင့် လက်ကလေးကို မချင့်မရဲဆုပ်ကိုင်မိတော့၏။

မတင်အေးကလည်း မရုန်းသည့်အပြင် အချစ်ရည်ရွှမ်းသော မျက်ဝန်းအစုံနှင့်ပြန်ကြည့်နေသဖြင့် ပေါစံ၏နှုတ်မှား၌ ရှားရှားပါးပါး စကားတို့ ကြွေကုန်၏။

"ချ…ချ…ချစ်…တ‥တ‥ယ်"

သူ့စကားကို အပြင်လူနားလည်မည် မဟုတ်သော်လည်း မတင်အေးဏ်နားစည်သို့မူ 'ချစ်တယ်'ဟု ပီသစွာ ရိုက်ခတ်လေ၍-

"ငါလည်း ချစ်ပါတယ် ပေါစံရယ်"

ထိုနေ့သည်ကား အုံ့ပုန်းရည်းစားဘဝမှ အတိအလင်းပင် ရည်းစားဘဝသို့ ရောက်ရှိသွားရသည်ဖို့ ဂျပန်ရေးသောမှူးစာဟု ဆိုနိုင်သည်တကား။

× × × × ×

ပေါစံတစ်ယောက် ရေစိုက်လက်နှင့် မြစ်ထဲကတက်လာချိန် သည် နံနက်စောစောသာရှိသေး၏။ ခါးပိုက်ထဲတွင် ပုစွန်ထုပ်ကြီး ခုနစ်ကောင်ပါ၍ သူတို့နှစ်အိမ်ထောင်မျှစေကာ ချက်စားကြမည်ဟု အပျော်စိတ်ကလေးဝင်လာသည်နှင့် (ဝမ်းသာချိန်တွင် သူလုပ်နေကျ) သွားနေ၍သီချင်းညည်းလာခဲ့သည်။

ထိုစဉ်လက်နက်ကိုယ်စီကိုင်ထားသော ဂျပန်နှစ်ယောက်နှင့် ပက်ပင်းတိုးကာ သေနတ်နှင့် အချိန်ခံရလေသည်။ သူတို့ပြောစကားကို သိသော်လည်း စောစောစီးစီး ရေချိုးလာသည်ကို မေးမြန်းဖြစ်မည်ဟု တွေးမိသဖြင့် ခါးပိုက်ထဲမှ ပုစွန်ထုပ်များကို ပြလျက် လက်ဟန်ခြေဟန် ဖြင့် ပြောရလေ၏။ သဘောက 'ပုစွန်ထုပ်နှိုက်လာတာပါ'ဟူ၍ပါ။ ဂျပန်နှစ်ယောက်ကတော့ ပုစွန်ထုပ်ကြီးတွေကိုမြင်ရ၍ ခြေဟန်လက်ဟန် ဖြင့်ပင် တောင်းတော့ရာ ပေါစံမှာ စိတ်မသက်သာစွာနှင့် ပေးခဲ့ရ တော့သည်။ ခံပြင်းသည်ကတော့ အသားများပင်တုန်၍ နှိုမည်းနေ သောမျက်နှာမှာ မည်းကြုတ်သွားရလေ၏။ သူချစ်သူလေးပျော်သွား

မည့်အရေးနှိ ကြိုတင်ကာကြည်နူးရသော သူ့စိတ်အလျင်သည် ရှေ့ကိုရောက်ရှိသွားရသည်ကိုး။

× × × × ×

အညာဆန်သင်္ဘောကြီးဆိုက်ကာ ထင်းဝယ်သည်နှင့် ပေါ်စံသည် မတင်အေးကို ဆရာတင်၍ ထင်းသွားရောင်းရာ ကမ်းစပ်တွင် ထင်းရောင်းသူတွေနှင့် စည်ကားသလို သင်္ဘောပေါ်တွင်လည်း ဂျုံ ပန်း စိန်သား တော်တော်များများတွေ့ရသည်။ သူတို့ရွာတွင် တပ်ခွဲသော ဂျုံအရာရှိလည်း သင်္ဘောပေါ်က သူ့ထက်အဆင့်မြင့်ပုံရသော ဂျုံ ဗိုလ်ကြီးကို အလေးပြုသတင်းပို့နေသည်မှာ ရှုညီနေပေ၏။ ခြိုးခြံ ခြားသဲချင်း မိုးမှန်နေပေ၍ နားမလည်သော်လည်း ဟိုက် ဟိုက်နှင့် အောက်ကဂျုံသည် အလေးပြုမဆုံးရှိသဖြင့် စစ်မိန့်ပေးနေမှန်းတော့ သိသာလှသည်။

ထင်းလေးပုံရောင်းလိုက်ရ၍ ငွေဆယ့်နှစ်ကျပ်ရလိုက်ရာ ပေါ်စံက မတင်အေးကို ခြောက်ကျပ်အညီအမျှခွဲပေးလိုက်သည်။ ဤသို့နှင့် သင်္ဘောထွက်သွား၍ လူတွေပါးစအပြည့် မတင်အေးက သူ့ရေချိုးခဲ့ဦးမည်ဖို့ ပြန်နှင့်ရန် ပေါ်စံကိုပြောသဖြင့် နောက်ဆံတင်းငင်နှင့် ပေါ်စံကြီး ပြန်ခဲ့လေသည်။

လူတိုင်းလိုလို ထင်းရောင်းရသော ပိုက်ဆံလေးတွေ ကိုယ်စီကိုင်ကာ အိမ်ပြန်ကုန်ကြသည်ဖြစ်၍ ကမ်းစပ်တွင် ရေချိုးမည့်သူ တစ်ယောက်စ နှစ်ယောက်စနှင့် ကလေးတစ်သိုက်သာ သင်္ဘောကြီး ကို မျက်စေ့တစ်ဆုံးမျှော်ကြည့်ရင်း ကစားနေရစ်ကြသည်။

ပေါ်စံရွာတွင်းသို့ဝင်ပြီး မကြာမီ ဂျုံနှစ်ယောက်တွဲ အင်္ဂလာခါးမှာ နံငယ်ပိုင်းဆုတ်လျက် ရေချိုးဆင်းသွားသည်ကို ရှောင်လိုက်

ရှ၏။ ထိုနှစ်ယောက်ကား ပေါ်စံဆီက ပုစွန်ထုပ်ကြီးတွေကို အမွေ အလျှံခံသွားသော ကိုယ်တော်နှစ်ပါးမှန်း ပေါ်စံသိ၏။ ထို့ကြောင့် မတင်အေးအတွက် စိတ်ပူကာ နောက်ပြန်လှည့်၍ ခပ်လှမ်းလှမ်းမှ လိုက်ကာချောင်းပါသည်။

ထင်သည့်အတိုင်းပင် ဂျပန်တစ်ယောက်က ကိုယ်လုံးတီး ရေထဲသို့ဆင်းသွားပြီး ကျန်တစ်ယောက်က မတင်အေးရေချိုးနေသည်ကို ရှိုင်းပြွှာ ရပ်ကြည့်နေ၏။ ပေါ်စံကား အုန်းပင်ပင်စည်ကို ကွယ်ကာ ချောင်းနေမှန်း ဂျပန်နှစ်ကောင်သိပုံမရချေ။

ဂျပန်တွေရောက်လာကတည်းက ရေကိုအမြန်ချိုးပြီး ပြန်ရန် စဉ်းစားထားသော မတင်အေးသည် သုတ်သီးသုတ်ပြာ ရေထဲမှ တက်လာပြီး ထင်းပုံပေါ်လုံး၍တင်ထားခဲ့သောအကျီနှင့် ဝိုက်ဆံ ခြောက်ကျပ်ကိုယူလျက် အိမ်သို့ ပြန်ရန် ခြေဦးလှည့်စိုက် ဂျပန် ခေါ်တောက ဖျတ်ခနဲလက်ဆွဲကာ-

"မှုစုမေ လှသကား"

"အိုး ဘာလုပ်တာတုန်း လွှတ်ပါ"

ဂျပန်က မလွှတ်သည့်အပြင် လက်တစ်ဖက်ဖြင့် မတင်အေး၏ ပုခုံးဝိုင်းဝိုင်းလေးကို သိမ်းဖက်လိုက်၏။ ပါးစပ်မှလည်း ဂျပန်လို တေးသီလျက်။

ရေစိုအဝတ်နှင့်မို့ ဖြူဝင်းသောအသားအရည်နှင့် လိုက်ဖက်လှ သော ကျင်လည်သည့် ပန်းပုဆရာတစ်ဦး ထုလုပ်လျက် ရွှေစင် သွန်းလောင်းထားသည့် ယမင်းရုပ်ကလေးနှယ်ရှိသော မတင်အေးကို အငမ်းမရပင် နမ်းဖို့ ခေါင်းငုံ့လိုက်၏။ သို့သော် "ဂုတ်" ခနဲ အသံနှင့် အတူ ခေါင်းသည် အထက်သို့ လန်တက်သွားကာ လူပါ ထန်းပင်လဲ လဲကျသွားတော့သည်။

ပေါစံသည် ဂျပန်ကို ပါးချိတ်ကော်သတ်ပြီးနောက် သူချစ်သူ ဖြူဖြူဝင်းအား ထင်းထမ်းသလို ထမ်းပြေးသတည်း။

× × × × ×

ညနေစောင်းသော် ရင်တထိတ်ထိတ်စောင့်နေသော ပေါစံတို့ နှစ်ဦးသားထံ သူကြီးဦးချစ်ဖူးရောက်လာသည်။ ဦးချစ်ဖူးက-

"သူလူမှားတာလည်းပါသဗျို့ မင်းကို အရေးမယူတော့ဘူး တဲ့ကွာ။ နို့မို့ဆိုရင် သူတို့စစ်သားတစ်ယောက်ကို ကိုယ်ထိလက်ရောက် စော်ကားရင် စော်ကားသူကို သေဒဏ်အထိ ပေးလို့ရသတဲ့…ငါ မနည်းတောင်းပန်ထားရတယ်၊ ဒီတော့ အပြစ်ဒဏ်ကို ပေါ့လျော့သော အားဖြင့် အခုညနေ သူတို့တပ်စိတ် သရက်ပင်ရွာကိုပြောင်းရာမှာ မင်းလှေနဲ့ချော့ပို့ပေးရလိမ့်မယ်တဲ့ကွ၊ လှေပြင်ထားလိုက်မယ် ဆင်းခဲ့ပါ သိလား ပေါစံ"

"ဟ ဟ ဟုတ်ကဲ့"

ရက်စက်သော ပြစ်ဒဏ်ဖြစ်သည်ဟု ပေါစံ သိပါသည်။ မြစ်ညာတစ်မိုင်လောက်ကို ရေဆန်ကာလှော်ရမည့်ခရီးအား ဂျပန် ခုနစ်ယောက်စီးမည်။ နာမည်ကျော် ရွှေစာရေးဝဲကြီးကို ရှောင်ကွင်း လှော်ခတ်ရမည်မို့ အသက်နှင့်ရင်းရသော ခရီးဖြစ်ပေလိမ့်မည်။

သို့သော် ပေါစံကား အကြံသမားမို့ လူမိုက်မခေါ်ဘဲ ရောက်အောင် ပို့မည်ဟု ကတိပေးလိုက်တော့၏။

ပေါစံ၏အမေ မလှအိုက သားကို ထမင်းခူးကျွေးရင်း ပူပန်စွာနှင့်-

"ကျွဲကို မှဲ့ကိုင်ခေါ်သွားပါလား သားရယ်"

"ဖြ ဖြ ဖြစ်…ပ ပ ပါ…ဒ ဒ ဒယ်…အ…အ မေရဲ့"

တးသောက်ပြီး မီခင်ကိုကန်တော့ပြီးသော် မြစ်ဆိပ်ဆင်းခဲ့တော့ ဂျပန်ခုနစ်ယောက်လှေပေါ်က အသင့်စောင့်နေသည်ကို တွေ့ရပါသည်။ လှေအနီးတွင်ရပ်နေသော သူကြီးဦးချစ်ဖူးက ပေါ်စံကို စိတ်မချသလို မှာနေ၏။

"ပေါ်စံ…မာစတာတွေကို သရက်ပင်ဆိပ်ထိ သေသေချာချာ ပို့ပေးနော် ကြားလား"

ပေါ်စံသည် ခေါင်းညိတ်ပြလျှက် လှေကို ရေစက်ရာထိ တွန်းချ လိုက်ကာ ရေပါးလယ်လောက်ရောက်မှ လှေခုန်တက်ပြီး ရေသာကနေ ဆန်တက်လှော်ခတ်တော့သည်။ လှေခုနစ်ယောက် သေနတ်ကိုယ်စီ၊ ကျောပိုးအိတ်ကိုယ်စီနှင့်ဖြစ်၍ လှေကားရေပေါ်သို့ ပေါ်သည်ဆိုရုံမျှသာ ရှိတော့၏။ အားကုန်သုံးကာ လှော်တက်ကိုနှစ်၍ လှော်လေမှ ရွေ့ရုံ ရွေ့သည်။ ပေါ်စံကား ချွေးပေါက်ပေါက်ကျလေ၏။ သူတို့ရွာမှ သုံးဖာလုံခန့် လှော်လေသော် ရွှေစာရေးဝဲကြီးရောက်ပါပြီ။ အလင်းရောင်လည်း ပျောက်လုပျောက်ခင်မို့ ပေါ်စံသည် သူ၏အကြံကို အကောင်အထည်ဖော်ဖို့ လုပ်တော့သည်။

ဝဲကြီးကား အဟဲဟဲ တဝေါဝေါ အသံပေးနေ၍ ဂျပန်များ ကြို့ကြို့ ကွကွ အသံတွေငြိမ်ကျသွားပြီး လှေနံကို လက်တွေ တင်းနေအောင် ဆုပ်ထားကြသည်ကို ပေါ်စံ သတိထားမိပါသည်။

မြောက်မှတောင်သို့ တန်းတန်းကြီး ပြေးဆင်းလာသော ချင်းတွင်းမြစ်၏ရေအလျှင်သည် ရွှေစာရေးရွာအနီးရောက်သော် မြစ်အနောက်ဘက်ကမ်းပါးရှိ ကျောက်တောင်ကြီးက ခြေထိုးခံဘိသို့ မြစ်အတွင်းသို့ ခြေဆင်းနေရာ၌ ရေစီးတို့ တစ်ပတ်ကျွမ်းပြန် သချါ

လန်လျက် ကြီးလှသော ဝဲကတော့ဖြစ်ကာ သေမင်းငင်သလို အသံကြီး ထွက်နေခြင်းဖြစ်၏။

မြစ်၏အနောက်ဘက်ကမ်းကို မီ၍ ဝဲကတော့ရှိနေရာ အရှေ့ဘက်ကမ်းပါးကို ကပ်ပြီးလှော်ပါမှ ဝဲပြန်ရေကြောင်းနှင့် ရေသာနိုကာ လိုက်ရ၏။ ရေသာကကြဲ့တုန်း ပုဆိုးကို နိုင်အောင် ဝတ်ပြီး ခါးတောင်းမြှောက်အောင် ကျိုက်ထားလိုက်ရသည်။ ကိုရွှေဂျပန်တို့ အမြင်မှာတော့ ကြဲ့ကား၊ ရှန်းကာ လှော်တော့မည်ပေါ့။

ဝဲကြီး၏အထက် ပေငါးဆယ်ခန့်လွန်သော် လှေကိုမြစ်လယ် ရေစီးသန်ရာသို့ ဦးတည်ပေးလိုက်တော့သည်။ ဂျပန်တို့က ဘာမှမသိ။ အနောက်ဘက်ကမ်းရှိ သရက်ပင်ရွာတွင် ယနေ့ညအရောက်လာခဲ့မည် ဟူသော အမိန့်သာသူတို့သိသည်လေ။

ရေစီးကို ကန့်လန့်ခံလိုက်၍ လှေဖောင်းအသွားတွင် ဖောင်းသည့် လှေနံကို တအားဆောင့်နင်းကာ ခုန်ချလိုက်ပြီး ဝဲလွတ်ရာသို့ ကူးခတ်ပြီးနောက် ပေါ်စံကြီးသည် သူ့ခရီးသည် ဂျပန်တို့အား လှည့်ကြည့် ရသေး၏။

ဂျပန်ခုနစ်ဦးကား လှေမှောက်သည်နှင့် စီးလာသောဘွတ်ဖိနပ်၊ ကျောပိုးအိတ်၊ သေနတ်တို့အလေးချိန်ကြောင့် အော်ရန်ပင် အချိန်မရ လိုက်တော့ဘဲ ရေစလာဝဲစလုပ်က ဆွဲမြှုပ်ခြင်းခံလိုက်ရသည်ကို တွေ့လိုက်ရပါသည်။

× × × × ×

ပေါ်စံ အိမ်သို့ရေစိုစက်လက်ဖြင့် ပြန်ရောက်သော် ညအချိန် 'သူငယ်အိမ်ဆိတ်' ကြက်တွန်ကာစရှိလေပြီ။ နှစ်မိသားစုလုံး မအိပ်ဘဲ

သူကိုစောင့်နေကြ၍ ဖြစ်ခဲ့သည့်အကြောင်းအရာ (တစ်ကိုယ်တော် ဂျပန်တော်လှန်ရေး)ကို ပြောပြလေသော အားလုံးမျက်လုံးပြူးသွားကြပြီး အရေးပေါ် အစည်းအဝေးထိုင်ကြလေ၏။

လေးဦးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ ပေါ်စံသည် မတင်အေးကိုခေါင်ကျဉ်းလျက် အရှေ့ဘက် လေးမိုင်သာသာ ဝေးသော ဆုံကုန်းရွာရှိဆွေမျိုးများထံ ခေတ္တရှောင်နေရန်ဖြစ်ပါသည်။

"အမေတို့ရွာမှာ ခင်အေးတစ်ယောက်လုံးရှိတယ်…မမှုနဲ့ လွှတ်အောင်သာ ပြေးကြတော့ဟဲ့"

မတင်အေးတွင် အိမ်ထောင်ကွဲအစ်မ မခင်အေးနှင့် ပေါ်စံ၏ အစ်ကိုဝမ်းကွဲ အစ်ကိုအစ်မတို့ရှိသေးသည်ဖြစ်ရာ အရေးကြုံက မျက်နှာလွှဲမည့်သူတွေ မဟုတ်သောကြောင့် စိတ်ချစွာ ကိုယ်လွတ်ရုန်းလျက် ပြေးကြပါတော့သည်။

(နောက်ရက်မကြာမီ ဂျပန်တပ်ဖွဲ့မြို့ရောက်လာကာ စစ်မေးသော်လည်း သူကြီးကအစ တစ်ရွာလုံး 'လှေသမားအပါအဝင် အားလုံးကို ဝဲစုပ်သွားကြောင်း' ညီညာစွာထွက်ဆိုကြ၍ အမှုပိတ်လိုက်ရသည်ဆို၏။ အလွန်ညီသော ရွာပေတည်း)

ဆုံကုန်းရွာ၌ ကြံရာကျပန်းလုပ်ကိုင်စားရာမှ မီးရထားသံလမ်း၌ အလုပ်သမားတစ်နေရာရ၍ ကိုပေါ်စံက သံလမ်းလုပ်သား၊ မတင်အေးက မုန့်တီသုတ်ရောင်းကာ သားသမီး၊ မြေးထိ ပွားစည်နေလေပြီ။ (၁၉၉၉ ခုနှစ်တွင် ဝဋ်ပိုသို့ ပြန်သွားကြပါသည်)

မျက်လုံးလေး ပေကလပ် ပေကလပ် လုပ်ကာ နားထောင်နေကြသော ကလေးတို့ကို-

"ဘယ်နှယ်တုန်းကွ…ဦးပေါ်စံကြီးက မင်းတို့သီဟတင်စိုးထက် မသာဘူးလား၊ ဦးပေါ်စံလုပ်တမ်း မကစားချင်ဘူးလားဟေ့"

စကားတတ်သော မောင်တင့်နိုင်က မဆိုင်းပင်ဖြေလေ၏။

"ဦးပေါစံလုပ်တမ်းကစားတော့ အနော်တို့က သူ့လို မှ စကားမပြောတတ်တာ ဦးလေးကလည်း၊ ပြီးတော့ သေနတ်လည်း မပစ်ရဘူးတော်ပါပြီဗျာ…သီဟတင်နိုးပဲလုပ်တော့မယ် ဟေ့ကောင်တွေလာကြ"

မကြာခင်မှာပင်

'သေပေတော့ ငပုစုတ်'

"သီဟတင်နိုးကွ…ကျွး…"

ဟူသော အသံများ တစ်ကျော့ပြန် ဝေစီလာတော့သတည်း။

ကိုင်း ကိုစမ်းရေရော ဘာများတတ်နိုင်ပါမည်နည်းလေလို့။ ။

# လူရှင်ပုပ်

"ကိုစမ်း…မရောက်သေးဘူးလားဗျာ ခင်ဗျားထမင်းဆိုင်က"

"ရေစကြိုလမ်းခွဲမှာတော့ ရှိတယ်ကွ၊ နည်းနည်းလိုသေးတယ် ဆာပလား"

ဆိုင်ကယ်နောက်မှ လိုက်လာသော လှိုင်မြင့်က-

"ဆာတယ်လို့တော့ မဟုတ်ပါဘူး၊ နည်းနည်း ကတုန်ကယင် ဖြစ်လာလို့"

"ဟား ဟား ဟား ရှင်လူထွက်ကလည်း ဆာတတ်လိုက်တာ ကွာ"

"ဘာဆိုင်လို့လဲဗျ၊ ရှင်လူထွက်မှာလည်း အစာအိမ်ပါတာပဲ ဥစ္စာ၊ ဒီမယ် ရှေ့က မြေလမ်းကလေးထဲကို ချိုးဝင်လိုက်ဗျာ၊ မခူဆိုတဲ့ ဆိုင်းဘုတ်ဘေးက လမ်းအဝတိုင်းချိုး"

"အဲဒီမှာ ထမင်းဆိုင်ရှိလို့လား လှိုင်မြင့်ရ"

"ထမင်းဆိုင်ထက် သေချာတယ်ဗျ၊ ကျွန်တော့်အဘောက်က အသွားရှိတယ်"

"အိုကော ဒါဖြင့် ထမင်းစားရဖို့ သေချာပြီပေါ့"

ဖုန်လမ်းမို့ ဆိုင်ကယ်သည် ဖြောင့်ဖြောင့်မသွားချင်။ လူးလူး လွန့်လွန့်မို့ ဂရုစိုက်ရ၏။ ဝမ်းဟာနေရသည့်အထဲ ဆိုင်ကယ်အလဲ မခံနိုင်။ အချိန်သည် နေမွန်းတည့်နေပြီမို့ ဗိုက်ဆာနေသည့်ဝေဒနာက အထွတ်အထိပ်ရောက်နေပါပြီ။ ထို့ကြောင့် လှိုင်မြင့် ညွှန်ရာကို သွားနေခြင်းပင်။ ကြိုက်မရက်၊ ငတ်မရက်ဆိုသော စကားပုံသည် ယခု လက်တွေ့မှန်နေလေပြီ။

ရွာမြောက်ပိုင်းတွင် တစ်ထပ်တိုက်ပုလေးနှင့် ခြံအတွင်း နေရာမလပ် သနပ်ခါး၊ နံ့သာဖြူ ကရမက်အပင်များကို စိုက်ပျိုးထား သည်မှာ ဒူးလောက်၊ ပေါင်လောက်အရွယ်တွေချည်းမို့ တော်တော် စီးပွားရေးကောင်းသည်ဟု ကိုစမ်းရေထင်မိလျှက် ထမင်းတစ်နပ် တော့ စားရနိုင်သည်ဟု ယုံကြည်မိပါသည်။ နောက်ဖေး၌ ကွမ်းခြံနှင့် ရေတွင်းနှင့်ဆိုတော့ တောသူဋ္ဌေးနှင့်တူပါ၏။ လူစလူနကိုတော့ မတွေ့ရသေး။

"ဘုန်းကြီးလူထွက်က ဘာလုပ်မယ်လာသတုန်း၊ ဩော် ညှို့သည်ပါသကိုး"

အသက်ခုနစ်ဆယ်ကျော် အမျိုးသမီးကြီးတစ်ယောက် ကိုစမ်းရေတို့ ထိုင်နေရာသို့ဝင်လာပြီး ပဋိသန္ထာရစကားဆိုလေ၏။ သူ့မြေးလူထွက် လာသည်ကို ကျေနပ်ပုံမရမှန်း ကိုစမ်းရေ ရိပ်မိလိုက်ပါသည်။

"အောင်မကြည်ရေ…ရေနွေးလေးလုပ်ပါဦးဟယ်"

"မီးမွှေးနေတယ် အမေရေ"

အဘွားကြီးက အိမ်နောက်ဖေးမီးဖိုချောင်ဆီသို့ လှမ်းအော်ရာ၌ တုံ့ပြန်ပြောလေသော သမီး၏အသံကြောင့် စိတ်နည်းနည်းလေးသွား သည်ကတော့ အမှန်ပင်။ ရေနွေးဆိုတည်ရုံမျှပင် မီးမွှေးတုန်းဆိုပါလား။

"မောင်ရင်လေးက အခုကျုပ်မြေးနေတဲ့ ရွာကလား"

"ဟုတ်ပါတယ် ခင်ဗျ"

"အေး…ဒါဖြင့် အမကြီး ပြောရဦးမယ်၊ သင်းအမေ ထန်းလျှော်ပြီးသေတော့ သူ့ (လှိုင်မြင့်ကို လက်ညှိုးထိုး၍) အမေ ချေးမဖြစ်သူက တစ်ပင်ထူတယ်လေ။ အမကြီးလည်း မုဆိုးမပါပဲ မောင်ရယ်… နုထိ သားသမီးတွေနဲ့ အုပ်စီးမဖျက် လုပ်ကိုင်ကျွေးမွေး နေခဲ့တာပါ၊ တော်ရောပေါ့…ကာမဂုဏ်ညွှန့်အတွင်း သက်ဆင်း အခါခါ၊ လက်ငင်းမကြာမီကရော ဆိုသလို၊ ဆားငံရေနောက် ငတ်တိုင်းသောက်ချင်နေလို့ ဖြစ်မတဲ့လား၊ အမကြီးမှာ သူတို့ ထန်းတက်နေတဲ့ ချောင်းဦးနယ်၊ မန်ကျည်းခွရွာကိုသွားပြီး ဒီကလေး သုံးနှစ်သားကို ခေါ်ခဲ့ရတယ်၊ ငါးနှစ်ကျော်တော့ ရွာဦးဘုန်းကြီးကျောင်း ကို ချွမ်းတစ်အုပ်နဲ့သွားအပ်ရတယ်ပ၊ ရှင်ပြုချိန်ရောက်ပြန်တော့ အမကြီးကပဲ စီစဉ်ပေးရတယ်၊ ရဟန်းခံပေးခဲ့တာလည်း အမကြီးပဲ၊ ပဉ္စင်းလေးပါး ဒါယိကာမဆိုလည်း ဟုတ်ရဲ့ပေါ့၊ အဲတာကို ရဟန်း သုံးဝါရပြီး၊ အကြီးတန်းလည်းအောင်ပြီးမှ လူထွက်သတဲ့၊ သူများပြောလို့ တစ်ဆင့်နားနဲ့သာ ကြားရတယ်…အစက မယုံဘူး မောင်ရဲ့"

ဤတွင် လှိုင်မြင့်က-

"အမကြီး ကျွန်တော်တို့ ထမင်း…" ဆုံးအောင်ပြောခွင့်မရချေ။

"အေး ထမင်းစားပြီး လူလုပ်တာချင်းအတူတူဟာ မကောင်းမှု လုပ်ဖို့ မရှက်တာနဲ့ရှက်တာ ကွာသေးတယ်။ ခေါ်အေးတင်က ရဟန်း အမဆိုတော့ သေရင်ရွှေထီးဆောင်းရမှာလို့ ပြောတဲ့လူတွေ အခု ဘာပြောမှတ်သတုန်း၊ မြေးမဟုတ်တော့ ထီးစုတ်တောင် ဆောင်းရမှာ မဟုတ်ဘူးတဲ့လေ"

"အမကြီး ကျွန်တော့်ဗိုက်…"ဆာသည်ဟုပင် မပြောခွင့်မရပေ။

"အဲဒါပေါ့ လူတကာကာကပ်တဲ့ခွမ်းကို ဘုန်းပေးနေတုန်းကဆိုရင် ဗိုက်ကပြည့်ပြည့်ဖြိုးဖြိုးရှိတော့ တင့်တယ်ပေတာပေါ့၊ အခု သခွားမွှေးဖြဲမှာ ရေလောင်းပေါင်းသင်လုပ်နေရပြီမှ မသေထမင်း၊ မသေဟင်းရှည်းစားရတော့ ဗိုက်ကလည်း ပိန်ကပ်သွားပေတော့မပေါ့၊ အမိုက်ကောင်ရဲ့၊ လူတကာ ရှိန်းတာခံနေရတဲ့ဘဝကနေ လူတကာ အနိုင်းခံဘဝရောက်နေတာ ရှက်စရာလို့ မထင်ဘူးလား…လူရှင်ပုပ်ကောင်ရဲ့"

ဒေါ်အေးတင်သည် ကိုစမ်းရောက်လှည့်ကာ သူ့စကားကို ဆက်ပြန်၏။

"ဒီက ငါ့မြေးလည်း မှတ်ထားကွဲ့၊ လူသေပုပ်နံ့တာက ကိစ္စမကုန်ခင် ခဏရယ်… လူရှင်ပုပ်နံ့ကျတော့ တစ်သံသရာလုံး နံပါလေရော၊ မကောင်းသတင်းဆိုတဲ့ အပုပ်နံ့ပေါ့ကွယ်… အခု အတွားရဲ့မြေးက လူရှင်ပုပ်ဆိုတော့ လူကောင်က ဘယ်နေနေ အပုပ်နံ့က ဒီရွာကို လေမတိုက်ဘဲ ရောက်လာသကွဲ့၊ အရက်သောက်တာရော၊ မိန်းမလိုက်တာရော၊ အို…မကြားဝံ့မနာသာတွေ အကုန်ပဲဆိုပါတော့ကွယ်…"

ဒေါ်အေးတင်ကား သူ့မြေးလူထွက်ကို တော်တော်မကျေနပ်ဟန်တူပါသည်။ ဘေးလူ လေမတိုးသာအောင် တစ်ပါးသွားကျဲလိုက်ပြီး အာမြောက်သွားဟန်ဖြင့် ရေအိုးစင်သို့သွားကာ ရေသောက်လေ၏။

ထိုစဉ် သူ့သမီးအငယ်ဖြစ်ပုံရသော အောင်မကြည်ဆိုသည့် ကလေးမက လင်ပန်းတစ်ချပ်ကို မလာသည်နှင့် အကဲခတ်ကြရာ ကော်သီမစ်နှစ်ခွက်နှင့် ဘီစကစ်မုန့်ပန်းကန်ငယ်တစ်ချပ်သာ တွေ့ရသဖြင့် နှစ်ဦးသားစိတ်ပျက်သွားမိရသည်။ လှိုင်မြင့်ကတော့-

"ဟာ ခွေးငယ် ကျွန်တော်တို့ ထမင်းမစားရသေးဘူးနော်"

ထိုရောအခါ ရေသောက်ပြီး၍ အာရှင်သွားပြန်သော ဒေါ်အေးတင်က-

"ပြောရင်းဆိုရင်းက ပိုဆိုးလာပါလား လူရှင်ပုပ်ကောင်ရဲ့၊ ဒီနေ့ ဥပုသ်နေ့ဆိုတာတောင် မသိတော့တဲ့အထိ အစိန္တာဖုံးနေပြီကိုး၊ တို့သားအမိဥပုသ်ရတယ်…နေ့လွဲညစာကို ကိုင်တောင်မကြည့်ချင်ဘူး၊ ဒါပေမဲ့ စည်သည်ပါလို့ လက်ဖက်ရည်တိုက်တာ၊ မောင်စည်သည် သောက်လကွယ်"

"ရပါတယ် အဘွားရဲ့" ဟု ကိုစမ်းရေက ပြောလေပါလည်း လှိုင်မြင့်ကမူ သည်းမခံနိုင်သလိုဖြင့် နှုတ်ကာထလျှက် ကိုစမ်းရေလက်ကို ဆွဲထူလိုက်ရင်းက-

"သွားစို့ ကိုစမ်းရေ…ထမင်းစားချိန်ရောက်လာတဲ့သူကိုတောင် ထမင်းမကျွေးနိုင်တဲ့လူတွေက လူရှင်ပုပ်ထက်ပိုဆိုးတယ် သွားစို့"

ဒေါ်အေးတင်သည် ဆွေ့ဆွေ့ခုန်မတတ် ဒေါသထွက်သွားပုံ ရပါသည်။

"အောင်မလေး မွေးကျွေးစုးဆပ်လိုက်တာ အရပ်ကတို့ရေ… ကျုပ်ကိုများ မြေအမိုက်ကောင် လူရှင်ပုပ်က ပြောတာ ကြားကြသေး လား… တောက် မသာကောင် ငါဥပုသ်ကြီးနဲ့မို့သာ…ပါးရိုက်လိုက်ရ"

ကိုစမ်းရေတို့နှစ်ယောက်သား ထွက်ပြေးခဲ့ကြပါတော့၏။

× × × × ×

ရေစကြီး-ပစ္စုပ္ပန်ခွဲရောက်တော့ နေ့လယ်နှစ်နာရီထိုးနေပါပြီ။ ထမင်းဆိုင်တွေ့သည်နှင့် ရရာဟင်းမှာကာ ခေါင်းမဖော်စတမ်း

စားလိုက်ကြပြီးမှ စကားပြောနိုင်ကြတော့သည်။ လှိုင်မြင့်က ကိုစမ်းရေကို သူ့အတွေ့အကြောင်းပြောပြလေရာတွင် -

"ကျွန်တော့်အဖေသေတော့ လာခေါ်တယ်ဆိုတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ အဲဒီကတည်းက ကျောင်းအိပ် ကျောင်းစား ပို့ထားလိုက်တာ ကျွန်တော်လူထွက်သည်အထိပဲဗျာ...ရှင်ပြုတာကလည်း ပရိက္ခရာရှစ်ပါးနဲ့ ကန်တော့ပွဲတစ်ပွဲတည်းနဲ့ပြီးခဲ့တာ၊ ပဉ္စင်းခံတော့လည်း ထိုနည်းလည်းကောင်းပဲဗျ၊ သားကြီးရှင်ပြစ်လုပ်တာပေါ့၊ အမယ် သိမ်ဆင်းလောင်းတာတွေကိုတော့ အကုန်သိမ်းယူသွားဗျ၊ မသင့်တော်၏ သင့်တော်၏ မဝေဖန်နိုင်ဘူးလေ၊ ရဟန်းဘဝနဲ့ နေပြန်တော့လည်း ဟိုက၊ ဒီကလှူထားတဲ့ ဝတ္ထုငွေကို လာလာသိမ်းတယ်၊ ကျွန်တော် ဒါကို စိတ်ပျက်ပြီး ထွက်လာတာပဲဗျာ"

ကိုစမ်းရေသည် လှိုင်မြင့်ကိုစာနာမိပါသည်။ သို့သော် သူ့အတွေ့ ဒေါ်အေးတင်၏မူပိုင်စကားလုံးဖြစ်ဟန်တူသော 'လူရှင်ပုပ်'ဆိုသည်ကိုတော့ နားထဲစွဲသွားမိရပါ၏။

ထိုနေ့က လာရင်းဖြစ်သော 'လက်ပံခါး' ကိစ္စကလည်း အဆင်မပြေသဖြင့် ရှင်မတောင်မှလှည့်ပြန်ခဲ့ရာ မိုးချုပ်မှ အိမ်ပြန်ရောက်သတည်း။

× × × × ×

"မင်းတို့ သွားတဲ့ကိစ္စက အဆင်ပြေခဲ့ရဲ့လား စမ်းရေ"

ကိုစမ်းရေက ရေနွေးပန်းကန်လေးတွေထဲသို့ ရေနွေးလိုက်ငှဲ့ပေး နေရာက ရှင်းပြရလေ၏။

လက်ပံခါးပင်ကို သံနှင့်ရိုက်လျှင် နာရီပိုင်းအတွင်း၌ ရိုက်ထားသောသံပြုတ်ကျသည်ဟု မောင်မင်းကျော်က ပြောထားသည်။ ဦးဖိုးရှိကတော့ သူ့ထုံးစံအတိုင်း တွေးတွေးဆဆပြောသည်။

“သိုက်စာဖတ်ရာ နားထောင်ပါ၊ ဥစ္စာရှန်းနီးဆိုသလိုလည်း ဖြစ်နေဦးမယ်”

“ဘာဖြစ်လို့တုန်း ကိုရှိရဲ့…ဒီလက်ပံခါးက သေချာပါတယ်၊ ခါးရင်းနိုကနေ လုံးပတ်တိုင်းပြီး တစ်ပေကို သိန်းသုံးဆယ်ပေးတယ် ဆိုတာ ထုံးစံလို့ ပြောတာပဲလေ”

‘မင်းကိုပြောတဲ့ကောင်လေးက ဒီအနီးအနားရွာတွေမှာ သတင်းမကောင်းလှဘူးကွဲ၊ ချင့်ယုံပါ’”

ကိုစမ်းရေလည်း မပြောသာပါ။ အမှန်လည်း မကောင်းသတင်းနှင့် ကျော်နေသူတော့ဖြစ်၏။ သို့သော် ‘လောကီအရတ်၊ သူတို့နှုတ်ကား၊ မဟုတ်လည်းပြော၊ ဟုတ်လည်းပြော၏’ ဟူ၍ မဃဒေဝလင်္ကာကြီး၌ မာန်လည်ဆရာတော်ကြီးပင် ဆိုထားဖူးသည်လေ။ လူကလေး ကားတွေထည်လဲစီးနေတာကို မနာလိုဖြစ်ကြပုံရပါတယ်ဟု ကိုစမ်းရေ တွေးမိသဖြင့် ပြုံးနေလိုက်ပါသည်။ ထိုမောင်မင်းကျော်က ကိုစမ်းရေနှင့်ဆွေမျိုး (အနည်းငယ်) တော်စပ်သေး၍ သူတို့ညားကာစ၊ ဆွေပြမျိုးပြလာစဉ်က နှုတ်ဆက်မည့်သူမရှိသည်ကိုပင် သနားသဖြင့် ထမင်းဖိတ်ကျွေးဖူးသောကြောင့် သူ့ကိုတော့ လိမ်မည်မဟုတ်ဟု ကိုစမ်းရေတစ်ထစ်ချယုံကြည်ပါသည်။

“ဒီကောင်က ဂိုက်ဆိုက်ကောင်း၊ အပြောကောင်းဆိုတော့ မင်းကယုံတာနေမှာပါကွာ”

ကိုကျော်စောကလည်း သူ့အထင်၊ သူ့အမြင်ကို ပြောလေ၏။ တစ်ဆက်တည်းပင် -

"မင်း အဲဒီလောက် ဆန္ဒပြင်းပြနေရင်လည်း မေမြို့က ငါ့ဦးလေးဆီလိုက်ပို့မယ်…ပိတ်ချင်းမြောင်မှာ လက်ပံခါးပင်တွေ ပေါက်နေတယ်လို့ သူတစ်ခါပြောဖူးတယ် မောင်"

ကိုစမ်းရေသည် လက်ပံခါးပင်ရှိသတဲ့ဟူသော မင်္ဂလာသတင်းအားပြောလာသူကို ကျေးဇူးတင်စွာ ကြည့်လိုက်၍-

"သွားရအောင်ဗျာ…မနက်ဖြန်ကို"

ဦးဖိုးရှိကတော့ စိတ်ပျက်လေဟန်ဖြင့် ဦးခေါင်းတရမ်းရမ်းနှင့်ပင် ကိုစမ်းရေတို့စကားဝိုင်းကို ကျောခိုင်းသွားတော့သည်။ ဤသို့နှင့် နွတ်တရွတ်လုပ်တတ်သူ ကိုစမ်းရေသည် အဖော်အဖြစ် ကိုကျော်စော လိုက်ပါလျက် မေမြို့ (ပြင်ဦးလွင်) ခရီးကို စမ်းတဝါးဝါးနှင့်ပင် သွားခဲ့ပါ၏။

× × × × ×

ပြင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီးအတွင်းပါဝင်၍ ပုဗ္ဗာရုံ မန္တလေးနှင့် မြေလိမ်မြွေကောက်ရှိသော ကားလမ်းမှသွားသော် ၄၂ မိုင်ရှိသည်။ (Crowfly) ကျီးကန်းပျံသလို တည့်တည့်ပျံက မိုင် ၂၀ ခန့်သာဝေးသော်လည်း မြောက်ဝင်ရိုးစွန်းဒေသသို့ မိုင် ၂၀ အကွာ၌ တွဲ၍တွေ့ရဘိသကဲ့သို့ အံ့ဩဘနန်းဖြစ်ရသူက ကိုစမ်းရေပါတည်း။

"သစ်ခေါင်းပျားအိမ်ထဲက အရိုတွင်းနဲ့ အရည်တွင်း သပ်သပ် ရှိနေသလိုပဲဗျာ…"



ကိုစမ်းရေမှာ အံ့ဩစွာပင် မန္တလေးနှင့် ပြင်ဦးလွင်တို့ကို သစ်ခေါင်းပျားတို့ အသိုက်အုံအတွင်းက ပျားရည်တွင်းများနှင့် ပုံနှိုင်း မိတော့ ကိုကျော်စောက ရယ်သည်။

"ဟုတ်သားဟ…မန္တလေးနဲ့ပြင်ဦးလွင်ကလည်း အပူတွင်းနဲ့ အအေးတွင်း ကပ်လျက်ရှိနေတာမျိုးကိုး"

မြေကြီးတစ်ကောင်နှယ် တွန့်လိမ်ကောက်ကွေ့လျက်ရှိသော နာမည်ကျော်မြောက်ထပ်ကွေ့သည် ယခုမူ အဆင်းလမ်းဖြစ်သွားသည်။ ယခင်ကိုလိုနီခေတ်က ဘုရင်ခံ၏ကားတစ်စီးသော မေမြို့သို့ အပန်းဖြေ အနားယူရာတွင် တက်ရန် ဖောက်ထားသည့်လမ်းဟု ကိုကျော်စောက ပြောသဖြင့် သိရသည်။

ကိုစမ်းရေတို့နှစ်ယောက် ခေါင်မိုးကဲ့ အိမ်ပေါ်က စီးလာခဲ့သည့် ဟိုင်းလတ်ကားလေးသည် အသံကုန်အော်၍ တက်နေရှာ၏။ မြောက်ထပ်ကွေ့ကျော်ပြီးသော်မှ အသံမှန်သွားတော့သည်။ အတက် ကြီးကြီးမားမား မတွေ့ရတော့ပါ။

ဘေးဘီဝဲယာရှုခင်းတွေက ယန်းမြို့င်လယ်သို့ရောက်နေသလို ခံစားရပြီး အေးမြသောလေထုထဲသို့ အမြန်တိုးဝင်နေသော ကား၏ အရှိန်ကြောင့် ချမ်းအေးလာရာ တွဲတေးသိန်းတန်၏ "မြဲ့ကျွာ လက်ဆောင်"သီချင်းကို သတိတရ ဆိုညည်းမိတော့၏။

"သီခေါင်မြင့်ဖျား×××မိုးအပါး××တောင်ထိပ်များစွာ ဝန်းရံလို့ မြဲ့ရိုကာ×××မောင့်ချစ်သူ×××မေတစ်ပါး…ချမ်း ရှာ ရေမှာ…××× အေး…ရှာ တော့ မှာ…နွေးစေမယ့်×××ကမ္ဘာလာမြဲ့ကျွာ…ဝေး… ရပ်ဆီက×××မောင်ကြီးစေတနာ… ××× ပါးလိုက်ချင်ပါရဲ့××× သည်ဆောင်းဟောမာန်ခါ"

ကိုစမ်းရေခမျှာ အုံညြွှာပင် မန္တလေးနှင့် ပြင်ဦးလွင်တို့ကို သစ်ခေါင်းပျားတို့ အသိုက်အုံအတွင်းက ပျားရည်တွင်းများနှင့် ပုံနှိုင်း မိတော့ ကိုကျော်စောက ရယ်သည်။

"ဟုတ်သားဟ…မန္တလေးနဲ့ပြင်ဦးလွင်ကလည်း အပူတွင်းနဲ့ အအေးတွင်း ကပ်လျက်ရှိနေတာမျိုးကိုး"

မြေကြီးတစ်ကောင်နယ် တွန့်လိမ်ကောက်ကွေ့လျက်ရှိသော နားမည်ကျော်ခြောက်ထပ်ကွေ့သည် ယခုမူ အဆင်းလမ်းဖြစ်သွားသည်။ ယခင်ကိုလိုနီခေတ်က ဘုရင်ခံ၏ကားတစ်စီးသော မပြို့သို့ အပန်းဖြေ အနားယူရာတွင် တက်ရန် မောက်ထားသည့်လမ်းဟု ကိုကျော်စောက ပြောသဖြင့် သိရသည်။

ကိုစမ်းရေတို့နှစ်ယောက် ခေါင်မိုးကဲ့ အိမ်ပေါ်က စီးလာခဲ့သည့် ဟိုင်းလတ်ကားလေးသည် အသံကုန်အော်၍ တက်နေရာ၏။ ခြောက်ထပ်ကွေ့ကျော်ပြီးသော်မှ အသံမှန်သွားတော့သည်။ အတက် ကြီးကြီးမားမား မတွေ့ရတော့ပါ။

တောဘဲဝဲယာရှုခင်းတွေက ပန်းမြိုင်လယ်သို့ရောက်နေသလို ခံစားရပြီး အေးမြသောလေထုထဲသို့ အမြန်တိုးဝင်နေသော ကား၏ အရှိန်ကြောင့် ချမ်းအေးလာရာ တွံတေးသိန်းတန်၏ "ဖြူလွှာ လက်ဆောင်"သီချင်းကို သတိတရ ဆိုညည်းမိတော့၏။

"သီခေါင်မြင့်ဖျား×××မိုးအပါး××တောင်ထိပ်များစွာ ဝန်းရံလို့ ခြံရံကာ×××မောင့်ချစ်သူ×××မေတာ်ပါး…ချမ်း ရှာ ရှောမှာ…××× အေး…ရှာ တော့ မှာ…နွေးစေမယ့်×××ကမ္ဗလာဖြူလွှာ…ဝေး… ရပ်ဆီက×××မောင်ကြီးစေတနာ… ××× ပါးလိုက်ချင်ပါရဲ့××× သည်ဆောင်းဟေမာန်ခါ"

ကိုကျော်စောသည် သွားလေးပေါ်အောင်ပြုံး၍ ပြောရှာသည်။

"နှစ်ပတ်လောက် သောက်လိုက်ရင် ရွှေသွားမှာကွ"

ပတ်ဝန်းကျင်တစ်ခုလုံး တောင်တွေနှင့်၊ တောင်ထိပ်တို့နှင့်အတိ ရှိသည်ကို နှင်းကမ္ဘာလာခြုံပေးထား၏။ ကားလမ်းသည် ထိုထိုသော တောင်များကြားမှ မြေနက်ချောင်းတစ်ခုနှယ် ကွေ့ကောက်စီးဆင်း နေသည်ကို တေးတစ်ပက်ဆီက ထင်းရှူးပင်၊ ယူကလစ်ပင်ကြီးများ သည် ဣန္ဒြေကြီးလှစွာ ငုံ့ကြည့်နေလေ၏။ ဥပမာဆိုရသော် ဘက်ကင်ဟန်နန်းတော်ရှေ့က အစောင့်တပ်သားကြီးများသဖွယ်-

"အနီးစခန်းရောက်ပြီကွ၊ လေယာဉ်ကွင်းရှိတယ်"

"လှလိုက်တာ အစ်ကိုလေးရာ…"

× × × × ×

မနက်ကိုးနာရီခန့်၌ မြင်ဦးလွင်သို့ရောက်သည်တွင် ကိုကျော်စော၏ ဦးလေးရှိရာ ရက္ခဝေဒဥယျာဉ်သို့ တန်းသွားကြ၏။ နိုင်ငံကျော် ရထားလုံးကို ပထမဆုံးအကြိမ် ကိုစမ်းရေ စီးဖူးသွားသည်။

ဥယျာဉ်မှူးကြီးကို ပန်းတွေအပင်တွေနှင့်တကွ တွေ့ရပါ၏။ သို့နှင့် ကိုကျော်စောက အကျိုးအကြောင်းပြောကာ ကိုစမ်းရေနှင့် မိတ်ဆက်ပေးလေသော် ဦးအောင်ဆွေက ပြုံး၍နှုတ်ဆက်ရှာပါ သည်။ ကိုစမ်းရေတို့ စကားဆုံးလေမှ-

"အခု မင်းတို့ပြောတဲ့လက်ဖက်ခါးကို ရှေးတုန်းကတော့ ဧရည်းပင်လို့ခေါ်တယ်…ရှေးအခါက အဲဒီအပင်ရဲ့ ပင်စည်ကိုတွင်းပြီး အိုးကြီးတွေလုပ်ကြတယ်၊ ကြားဖူးမှာပေါ့ ဧရည်းအိုး၊ ခွက်ဆိုတာလေ၊ အိုးဧရည်းပမာဏရှိသောလို့ နိုင်နိုင်းပြောကြသေးတယ်၊ နှစ်ကျိပ်ရှစ်ဆူ ဘုရားတွေထဲက တဏှင်္ကရာဘုရားဟာ ဧရည်းပင်အောက်မှာပဲ

မှင်တော်မူတယ်ကွ၊ မင်းတို့ အင်းဝက မယ်နုအုတ်ကျောင်းကို ရောက်ဖူးလားဟေ့"

ကိုကျော်စောက မဆွလေးသားဖေ့-

"ရောက်ဖူးပါတယ် ဦးလေး…"

"အေး…အဲဒီအုတ်ကျောင်းကြီးရှေ့က တဆက်ရာဘုရား ဆင်းတုတော်ကြီးရဲ့နောက်က အပင်ကြီးက လက်ပံခါးပင်လို့ မင်းတို့ ခေါ်ကြတဲ့ ရေညှိးပင်ပဲ၊ သံပြုတ်မပြုတ်တော့ မသိဘူး၊ အချို့အရပ် တွေကတော့ တောမဲ့အုပ်ပင်လို့ ခေါ်ကြတယ်၊ မြန်မာဆေးဆရာများ ကတော့ ဆေးခါးပင်ကြီးတဲ့၊ ဝိတ်ချင်းမြောင်မှာ သုံးပင်လား ငါ တွေ့ဖူးတယ်၊ အပင်ကတော့ သေးသေးလေးပဲရှိသေးတယ်၊ ရိုးရိုး လက်ပံနဲ့ ဘာကွာသလဲဆိုတော့ ဆူးကအထက်ကိုကောက်တယ်… အပွင့်က ဖြူရော်ရော်နဲ့ အကိုင်းအခက်ကပင်စည်ကနေ ထီးခရိုင်လို စကြာလည်ပြီး ထွက်တယ်ကွာ…ဖြူး၊ ဒိုက်ဦးဘက်မှာ တော်တော် များများ တွေ့ဖူးတယ် မှတ်တာပဲ"

ပညာရှင်ဝိသလုပေဏ်ဟူ၍ ငွေရောင်ဆံကေသာလှိုင်းတွန့်လေး များပိုင်ရှင် ဖြူသွယ်သောခန္ဓာကိုယ်အရပ်အမောင်းနှင့် ကြည့်ကောင်း လှသော ဥပဓိရုပ်မှူးကြီး ဦးအောင်ဆွေကို လေးစားစွာ ငေးကြည့်နေ မိသော ကိုစမ်းရေကို မျက်မှန်ချင်းဆိုင်လျက် ရပ်နေသော ကိုကျော်စောက အကြည့်တစ်မျိုးနှင့် ကြည့်လေသည်။ သဘောမှာ 'ကဲ ရှင်းပြီလား' ဟူ၍။

"မင်းတို့လူငယ်တွေ မစူးစမ်းဘဲ လျှောက်လုပ်တော့ အလဟဿ ငွေကုန်၊ လူပန်းဖြစ်တာပေါ့ကွာ…ပညာမနိုင် ပြောတိုင်းယုံတဲ့၊ စောစောက ကြားလိုက်ပါသေးတယ်၊ ဘာတဲ့ မိုးကြိုးသွားဆိုလား၊ အမေရိကန်သံရုံးက သိန်းရာချီပေးဝယ်တယ်ဆိုပြီး ရှာလိုက်ကြတဲ့

လူတွေတစ်ပုံကြီးကွ၊ စာမတတ်၊ ပေဟုသုတမရှိတော့ သူများပြောတိုင်း ယုံကြရှာတာပေါ့၊ ကိုင်း…ရောက်တုန်းရောက်ခိုက် ဥယျာဉ်ထဲ လျှောက်ပတ်လှည့်လာကြည့်ကြကွာ၊ ဒါအမြတ်ပဲလို့သာ အောက်မေ့ပြီး ကြည့်ပေရော့၊ ဟော…ညနေငါးနာရီကျော်ရင် ဦးလေး အိမ်ပြန်ရောက် မယ်၊ ဘယ်မှမတည်းကြနဲ့၊ ဘာမှလည်း ဝယ်မစားကြနဲ့ ငွေကုန်မယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဦးလေး…"

ကိုစမ်းရေကတော့ လက်အုပ်ချီ၍ ရိုသေစွာပင် နှုတ်ဆက်ခဲ့ပါသည်။

"သွားပါဦးမယ် ခင်ဗျ"

နှစ်ယောက်သား ခြေကို သွက်သွက်လှမ်းလျှောက် ကန်တော်ကြီးနှင့် ရက္ခာဓေဝဥယျာဉ်ကို ပတ်ကြည့်ကြ၏။ ရောင်စုံ၊ အရွယ်စုံပန်းများ လန်းဆန်းစွာ ဖူးပွင့်နေသည်က စိတ်ကိုကြည်လင်စေပါသည်။ မျက်စိတစ်ဆုံး ပန်းတွေချည်းသာ။ မြက်ပင်လေးတွေသည်ပင် ပန်းကိုယ်စီပွင့်နေ၍ 'တာဝတိံသာက စိတ္တလတာ ဥယျာဉ်ဆိုတာ ဒါမျိုးကို ခေါ်တာနေမှာ' ဟုသာ တောက်ချက်ချမိရတော့သည်။

ဦးအောင်ဆွေလို ဥယျာဉ်မှူးကြီးတွေ အစဉ်အဆက်ပြုစုခဲ့ ပျိုးထောင်ခဲ့သော ဥယျာဉ်ဖြစ်သည်ကိုး။

× × × × ×

နောက်တစ်နေ့ မနက်ခင်းတွင် ဦးအောင်ဆွေအား ကန်တော့၍ လက်ပံခါးရှာပုံတော်ခရီးကို နိဂုံးချုပ်ခဲ့ရတော့၏။ သူ့ကျေးဇူးကြောင့် မသိမှုတည်းဟူသော မောဟတိမ်သလ္လာတို့ကွာကျကာ သိမှုတို့ရှင်းနှင်း ဝင်ရောက် အလင်းပေါက်ခဲ့ပြီ မဟုတ်ပါလား။

ငွေကြေးသိန်းဂဏန်း ကုန်ကျခဲ့သည့်အပြင် ချွေးပေါက်ပေါက် ကျသည်အထိ ဆင်းရဲခဲ့ရသည်။ ဆရာကြီး သိပ္ပံမောင်ဝ ရေတိမ်နစ်ခဲ့ ရသော အလွန်ခေါင်းပါးလှသည့် ဂါးအာဆိုသောရွာကို ရောက်ဖြစ် ခဲ့ကာ သိပ္ပံမောင်ဝ (ဦးစိန်တင်) ၏ အုတ်ဂူကို ကန်တော့ခဲ့သည့် အဖြတ်၊ ယခုရက္ခဓေဒဥယျာဉ်ကို လေ့လာခွင့်ရ၍ ဥယျာဉ်မှူးကြီး၏ ဩဝါဒကို ခံယူရခြင်းအဖြတ်တို့သာ အဖတ်တင်ကျန်ခဲ့ရပေလည်း နစ်နာသည်ဟု ကိုစမ်းရေ မမှတ်ယူပါချေ။

ဘဝတစ်သက်စာ သိမှတ်ဖွယ်ရာများ ရခဲ့ပြီကိုး။ နောင်သော် အခြေအမြစ်မရှိသောစကားကို ယုံစားလျက် ငွေကြေးဥစ္စာများကို အလောင်းအစားဆန်ဆန် မဖြုန်းလုပ်ဖို့၊ ပညာမနိုင်၍ ပြောတိုင်းမယုံဖို့ အသိတစ်ခုရလိုက်ပါသည်။ ဤသည်ကို ဘဝပေးအသိဟု ခေါ်လေ မည်ထင်သည်။

အပြန်ခရီးသည် အဆင်းလမ်းဖြစ်၍ ကားကလေးမှာ သက်သာစွာ အပြေးဆင်းနိုင်ခဲ့ပါသည်။ ထို့အတူ ကိုစမ်းရေ၏စိတ် အစဉ်မှာလည်း ပေါ့ပါးစွာဖြင့် ပျံ့မည့်ရက်အသွင်ရှိသတည်း။

× × × × ×

"ဆောရီးဗျာ…ကျွန်တော်လည်း အဘတ်ခံရတာဗျ၊ အခု အဲဒီလူက ရှောင်နေတယ်"

နှစ်လခန့်အကြာတွင် မောင်မင်းကျော်ရောက်လာကာ ထိုနှယ် ပြောလေသည်၊ ကိုစမ်းရေက-

"မင်းက ဆောရီးနဲ့ပြီးသွားပေမယ့် ငါ့မှာတော့ ကလေးတွေ အတွက် စုထားတဲ့ကျောင်းစရိတ်လေး ပြုတ်သွားတာပေါ့ကွာ"

မောင်မင်းကျော်သည် ကိုစမ်းရေကို လက်ကာပြလျက်-

"တော ဦးလေး…ဦးလေး မနစ်နာစေရအောင် လုပ်ပေးခဲ့မယ်"

ခါးတွင်ချိတ်ထားသော ဖုန်းသုံးလုံးထဲမှ တစ်လုံးချင်းကို နှိပ်လျက်ခေါ်နေ၏။ မရသေး…

"အဘက ဒီအချိန်ဆို ဂေါက်ကွင်းက ပြန်ရောက်ပါပြီ၊ ရေချိုးခန်းများ ဝင်နေရော့လား မသိဘူး"

သူတစ်ကိုယ်တည်း ပြောသလိုလိုနှင့် ကိုစမ်းရေကို အကဲခတ်သည်။ ဖုန်းကို ကိုစမ်းရေကြားစေရန် စပီကာဖွင့်၍ ထပ်ခေါ်ပြန်၏။

"ဟဲလို…ဟဲလို…အဘ သားပါ မောင်မင်းကျော်ပါ အဘ"

"အေး…မင်းအခု ဘယ်မှာလဲ"

"အဘ ကျွန်တော်ရွာမှာပါ အဘ၊ အဘကို တောင်းဆိုစရာလေး ရှိလို့ပါ"

"အေး…ပြော"

"ကျွန်တော့်ဦးလေးတစ်ယောက်အတွက် အောင်ချမ်းသာမြို့ပြ စီမံကိန်းက မြေတစ်ကွက်လိုချင်ပါတယ် အဘ…ကူညီပါဦး"

"အေး…လျှောက်လွှာယူခဲ့လေ…ဒါပဲ"

ဖုန်းကိုပိတ်၍ ကိုစမ်းရေကို မေးသည်။

"အဲဒါ ဘယ်သူထင်လဲ ဦးလေး"

"မသိပေါင်ကွာ"

"ဟာ…အဲဒါ…ဝန်ကြီးချုပ် ဗိုလ်ချုပ် … …လေ"

အလွန်ရိုးအသော ကိုစမ်းရေက ယုံကြည်ပြန်သည်။ မောင်မင်းကျော်ကတော့ သူနှင့်ဂေါက်ရိုက်ဖက်။ ဘုရား အတူတူ တည်သည်မှာပင် အဆူသုံးဆယ်ကျော်ရှိနေပြီဆိုသည်။ တူတစ်ယောက် ကောင်းစားနေသည်ကို မုဒိတာပွားရသေးတော့၏။ မောင်မင်းကျော်

ကလည်း ကျေးဇူးသိတတ်ပုံရပါသည်။ ယခု ပါမစ် (သို့)စလစ်ကို ရောင်းလျှင်ပင် သိန်းတစ်ရာအသာလေးမြတ်မည်ဆိုသော မြေတစ်ကွက်ကို ကိုစမ်းရေရတော့မည်ဆိုပါလား။ ကိုစမ်းရေ ဝမ်းသာအားရဖြစ်နေပုံကိုကြည့်၍ မောင်မင်းကျော်က သူ့အိတ်အနက်ကြီးကိုဖွင့်ကာ စာရွက်တစ်ထပ်ကို ထုတ်လျက် ကိုစမ်းရေကိုပြသည်။

"တွေ့လား ဦးလေး...ဒါကျွန်တော်ရထားတာ လေးဝင်းတွဲကြီးဖျူနော်...အောက်က ဝန်ကြီးလက်မှတ်လေ၊ တံဆိပ်တုံးကိုလည်း ကြည့်ဦးနော်...အစိုးရော လေးထောင့်ပါ အပြည့်အစုံပါတယ်"

ဟုတ်ပါကလား။ ငါတို့လေးတော့ အဆင်ပြေရှာပြီကိုးဟု မုဒိတာပွားရာက စေတနာပါတိုးလာပြီးသော်-

"မင်း ဒီလောက်ပိုင်နေတာများကွာ...အစုရှယ်ယာနေတဲ့ မင်းမိတ်တွေအတွက်ရော မြေကွက်လျှောက်ပေးလိုက်ပါတော့လား"

ဤတွင် မောင်မင်းကျော် တောငြိမ်သွားရ၏။ အတန်ကြာမှ-

"အဟမ်း...ဒါကဒီလိုရှိတယ်ဗျ၊ အင်း ဘယ်လိုပြောရမလဲဆိုတော့ ဒီလိုဗျာ...ကျွန်တော့်ကို အခွင့်အရေးသမားလို့ ထင်သွားမှာကိုလည်း စိုးရသေးတယ်ဗျ၊ မေးတိုင်းမယူတတ်လို့ပေါ့ဗျာ ဟဲ ဟဲ"

ထိုသို့ ပြောနေရင်းကပင် သူ့ဓါးဝယ်တစ်ပတ်ရလှုန်းပါးဖြစ်သော ဖုန်းများထဲမှတစ်လုံးကိုထုတ်လျက် ဟိုနှိပ်သည်နှိပ်လုပ်နေ၏။ မကြာပါ-

"ဟဲလို...မင်္ဂလာပါ အဘ...ကျွန်တော် မင်းကျော်ပါ၊ တစ်နေ့က အဘရဲ့ အင်တာဗျူးကို ကြည့်လိုက်ရတယ် အဘ၊ ဟာ ကွက်တိပဲ အဘရာ...အဘပြောတာ တကယ့်ကွက်တိဝင်သွားတာပဲ။ ဟုတ်...လေးစားပါတယ်...အဘ။ မြန်လာမှ ဂေါက်ရိုက်ကြမယ်လေ"

ဒီတစ်ခါ စပီကာမဖွင့်၍ တစ်ဖက်လူအသံကိုတော့ မကြားရပါ။ သို့သော် မောင်မင်းကျော်၏အပြောအရ တစ်ဖက်ပုဂ္ဂိုလ်သည် ရောမ အကောင်ကြီးတစ်ကောင်ပါတဲ့။ သူက ကိုစမ်းရေ၏ တွေဝေပုံရသော အမူအယာကိုကြည့်ပြီး ဆိုက်ကိုစစ်ဆင်ရေးလုပ်နေသည်ကို ထိုစဉ်က ကိုစမ်းရေတို့ တစ်မိသားစုလုံး မရိပ်မိကြပါလေ။

"ဦးလေး ကံကောင်းတယ်၊ ကျောက်လွှာယူခဲ့ဆိုလို့ တစ်ခါတည်း ပြောတာလေ၊ ကြည့်ရတာ အဘ ဒီနေ့ ဂေါက်ကွင်းမှာ စိတ်ကြည်လင်စရာတွေ့ခဲ့ပုံပဲ၊ ဂေါက်...ကျွန်တော့်တုန်းက သုံးလ လောက် စောင့်လိုက်ရတယ်ဗျာ...၊ ကဲပါလေ...ဒါတွေပြောနေရင် ဒါတွေပါလိမ့်မည်၊ ရေးစမ်းဗျာ...ကျောက်လွှာ၊ အို...ကြာနေရောမယ်"

သူ့အိတ်နက်ကြီးထဲက စာရွက်ဖြူတစ်ရွက်ထုတ်လျက် သူ့ဘာသာရေးသည်။ လိပ်မူတာကိုက 'သို့ ဝန်ကြီး' ဆိုပါလား။ ကိုစမ်းရေသည် ဤအရွယ်သို့ရောက်ခဲ့ရပါပြီ။ ယခုလို ဝန်ကြီးကို တိုက်ရိုက်ရေးဖို့ မပြောနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဆယ်အိမ်ခေါင်း တို့ထံသော်မှ ရေးဖူးသဖြင့် ကျောက်လွှာအောက်နားဆီတွင် လက်မှတ် ထိုးဖို့အရေးကိုပင် ဂုဏ်ယူရမလိုလို၊ တော်ကြာလာများ ဖမ်းလေမလား ရယ်လို့ ရင်ပဲမိုရမလိုလို၊ စိတ်ဝေဒနာများ တစ်လှည့်စီသော် လည်းကောင်း၊ တစ်ပြိုင်တည်းသော်လည်းကောင်း ဖြစ်ရလေသော ကြောင့် ထိုအခိုက်အတန့်လေး၌ သေးကာခေါ်၍မျှ မထူးနိုင်ရှာတော့ပြီ။ (ထိုကျောက်လွှာကို ယခုထိ သိမ်းထားပါသည်။)

ကျောက်လွှာရေး၍ လက်မှတ်ထိုးပြီးသော်-

"ဝန်ကြီးရဲ့ ပီအက်စ်အို (PSO)ကို ငါးသိန်းပေးရမယ်၊ လုပ် လုပ်"

ထိုအခါမှ ကိုစမ်းရေမျော မျက်လုံးပြူးကြီးနှင့် -

"ဟော…ငါးသိန်း"

"သိန်းရှစ်ဆယ်လောက်က တစ်လအတွင်း လေစ်ရောက်တာနဲ့ မြတ်မှာကို ငါးသိန်းလောက်နဲ့တော့ ဈေးမကိုင်နဲ့လေဗျာ…"

ကိုစမ်းရေတို့အိမ်သားများ အရေးပေါ် အစည်းအဝေးထိုင်ရတော့သည်။ သူပြောသော ငွေပမာဏက အိမ်တွင် အရှိသင့်ရှိသော်လည်း ရှိုးသားသော မဖြူနုက-

"အဲဒီလောက် သေချာနေရင် သူ့မိဘ၊ သူ့ဦးလေးအရင်းတွေ ပေးမှာပေါ့…တော့်ကို ပေးနေပါ့မလား"

"အို…ဖြူနုကလည်း သူက ငါ့ကိုတော့ ခင်ရှာပါတယ်၊ ပြီးတော့ တို့လိုတစ်ရွာတည်းသားချင်းကို လိမ်ပါ့မလားဟ၊ သူ့မှာ အဘတွေ ဒီလောက်ပေါနေတာကြီးကို"

နောက်ဆုံးအမျှားဆန္ဒအရ သုံးသိန်းပေးရန် ဆုံးဖြတ်ပြီး သူ့ရှေ့ ချပေးသော်-

"အေးလေ…ကျွန်တော်က ကန့်တော့တာတောင် ကန့်တော့ ရဦးမည့်ဟာ…ရပါတယ်ဗျာ"

ဒါပေမဲ့ ကိုစမ်းရေက ပြောမိသေးသည်။

"လိုတာ မင်းနိုက်လိုက်ကွာ…မင်းပြောသလို တစ်လ အတွင်းမှာ ပါမစ်ကျမယ်ဆိုတော့ အဲဒီကျမှ လေစ်ကိုရောင်းပြီး မင်းနိုက်ထားတာကို နုတ်ယူလိုက်။ ပြီးတော့ မြတ်တာထဲကလည်း တစ်ဝက်ယူ…ဟုတ်ပြီလား"

"ဟဲ ဟဲ မလိုပါဘူးဗျာ…"

ကားပေါ်ရောက်မှ လက်ပြလျက်-

"ခင်ဗျားတို့ကို ကြည့်မနေပါဘူး၊ စိတ်ချပါ"

သူ့မျက်နှာလွှဲခဲပစ်မလုပ်ပါဘူးဟု ပြောသည်ထင်၍ ကျေနပ်စွာ၊ ယုံကြည်စွာ စောင့်မျှော်နေလိုက်ကြရာ လတော်တော်ရှည်လာတော့မှ ဖုန်းတစ်လုံးစုံစမ်းကာ ဆက်ကြည့်သော် သူ့ကိုယ်စားမိန်းကလေး တစ်ယောက်က–

"စက်ပိတ်ထားပါတယ်ရှင်" ဟု ချိုစွာပြောပေးရှာ၍ ကျေနပ်ရသေးတော့၏။

နောင်သော်မူ ကိုစမ်းရေအပြင် အိမ်ဝင်းရမည်ပြောကာ ငွေတောင်းယူသွားသူတွေ မနည်းလှကြောင်း၊ ဆွေမျိုးသားချင်း မကောင်းသူတွေချည်းဖြစ်ကြောင်း၊ အဆိုးဆုံးမှာ ကွမ်းယာရောင်းစားရှာသူ မချိုထံမှပါ အရချေးသွားသည်ဆိုသည့် သတင်း (အပုပ်နံ့) များ လှိုင်နေတော့သည်။

ထို့မျှမက ခေါ်လာရသော လခစားအလုပ် သွင်းပေးမည်ဆို၍ တစ်ဦးလျှင် ငါးသောင်းစီ လူရှစ်ယောက်ထံမှယူသွားသည်ကိုလည်းကောင်း၊ ဘုန်းတော်ကြီးထံမှ ဂျစ်ကားရောင်းပေးမည်ဟု ယူသွားသည်ကို လည်းကောင်း…လည်းကောင်း…လည်းကောင်း…လည်းကောင်း…

လူ့သေပုပ်နံ့သည် ပေသုံးလေးဆယ်ဝန်းကျင်သာ နံ၍ ကိစ္စကုန်သော် အနံ့ပျောက်သွား၏။ မသင်္ဂြိုဟ်မီ ကျောက်ဖရုံသီး၊ ရေပြည့်အိုးထားကာ အပုပ်နံ့မနံအောင် လုပ်၍ရသေးသည်။ တတ်နိုင်သူတို့က "ဖော်မလင်" ထိုးကြ၍ ရက်အနည်းငယ်အတွင်း၌ လုံးဝအနံ့မထွက်ချေ။

မောင်မင်းကျော်၏အနံ့ကတော့ ဖော်မလင်ပင် တတ်နိုင်မည်မထင်။ မိုင်လေးရာကျော်အတွင်း အထက်ဘဝဂ်၊ အောက်အဝီစိ၊ ရှိရှိသမျှ ဝေနေယျတို့၊ နရက်ဒုက္ခဖြစ်စေရပြီး၊ အနံ့ကြီး နံလေသတည်း။ ။

## သောနုတ္တမြို့က ငိုသတဲ့ထား

"ဦးလေး...ဖုန်းလာတယ် ခင်ဗျ"

တက္ကစီသိမ်း၍ ပိုင်ရှင်ထံ ကားနှင့်အုံနာကြေးပေးပြီး တစ်ခိုင်လောက်ဝေးသည့် မိမိအိမ်ကို ဆိုက်ကားမစီးဘဲ နာသောဒူးကို အားနာနာနှင့် အိမ်ပြန်လာခဲ့ရာ အိမ်ရောက်ကာစလေးတွင် တစ်ဖက်ခန်း စတိုးဆိုင်မှ ချာတိတ်ကလေး ရောက်လာပြီး အပေါက်ဝမှ အော်ပြောနေသည်။

ဦးမြင့်ငြိမ်း သိလိုက်ပါပြီ။ ဤအချိန်လာသောဖုန်းသည် သူ့သားကြီး ဩရသဆီကလွဲ၍ အခြားမရှိတော့ပြီ။ ထို့ကြောင့် အတွင်းဘက်သို့လှည့်ကာ အော်လိုက်သည်။

"မိန်းမရေ...ဖုန်းလာသတဲ့၊ နင့်သားနေမှာ သွားကိုင်ချေစမ်း"

ထိုရောအခါ မီးဖိုထဲက သူ့မိန်းမအသံကား တရုတ်နှစ်ကူးတွင် ကြားရသော ဖြောက်အိုးဖောက်သံနှယ် အတွဲလိုက်ထွက်လာ၏။

"ဟင်းအိုးတန်းလန်းနဲ့ မအားဘူးတော်ရေ...ကိုယ့်သားသမီးဆီက ဖုန်းလာတာပဲ မကိုင်ချင်လည်း ထားလိုက်တော့"

ဦးမြင့်ငြိမ်းကား သက်ပြင်းချကာ ဖုန်းရှိရာသို့ လေးကန်သော ခြေလှမ်းတို့ဖြင့် သွားရင်း 'အမေ ကျွန်တော် ဒီလ အိုတီမရလို့ ငါးသောင်းပဲ ငွေလွှဲနိုင်တယ်၊ အလုပ်တွေမကောင်းဘူး၊ အိမ်တောင် ပြန်ပြေးချင်တယ်' စသော စိတ်ညစ်ဖွယ်ရာစကားကို ကြားရဦးမည်ဟု တွေးမိသေး၏။

ဖုန်းကိုကောက်ကိုင်၍ စိတ်လက်မကြည်စွာ "ဟဲလို" ဟုထူးသော်-

"အမေလား၊ သားပါ ကြည်သာပါ အမေ၊ အမေတို့ နေကောင်းရဲ့လား"

"အေး…"

"အမေ ကျွန်တော် ငွေလွှဲလိုက်တယ်၊ ငါးသောင်း၊ အိုတီမရှိဘူး အမေ ဒါကျွန်တော် ချွေတာပြီး ပို့လိုက်တာ"

"အေး…မင်း ဒီလောက်ချွေတာရင်း ဝတ်လည်းသေသေးဦးမယ်၊ ဝအောင်သာစားကွ၊ ငါတို့တစ်တွေက ဆန်ပြုတ်သောက်လည်း ရပါတယ်"

စိတ်နာလွန်း၍ ပြောမိပြောရာ ပြောချလိုက်၏။ တစ်ဖက်က အသံတိတ်သွားပြီး သက်ပြင်းချသံကြားရသည်တွင်-

"မင်းကို မလေးရှားပို့လိုက်မိတာကိုက အကုသိုလ်လုပ်မိပြီ ဆိုတာ အမေ သိပြီးသားမို့ ဖြေသာပါတယ်၊ ဘာမှအားနာစရာ မလိုပါဘူး၊ ပျော်အောင်သာနေပါ ဒါပဲ"

ဖုန်းကို 'ဂလောက်'ခနဲပစ်ချလျှက် ကောင်လေးကို ငွေနှစ်ရာ ပေးပြီး အိမ်သို့ပြန်ခဲ့တော့သည်။

"ဘာတဲ့လဲ ရှင့်သားက"

သူ့မိန်းမက အိမ်ရောက်သည်နှင့် ဆီးမေးလေသည်။ သူက မပြောချင် ပြောချင်ပုံစံဖြင့် -

"ထုံးစံအတိုင်း ငွေလွဲတာပေါ့ကွာ"

ဒေါ်အေးနွယ်က ထုံးစံအတိုင်း ငွေလွဲတာ ဆိုသည်နှင့် -

"ငါးသောင်းတည်းလား…သမီးတွေဆီ ငွေပို့ရမယ်နော်၊ ပြီးတော့ အိမ်လခက ဒီလကုန်ဆိုတော့အင်း…တစ်ပတ်ပဲ လိုတော့တာ"

ဦးမြင့်ငြိမ်း စကားမပြန်တော့ဘဲ အင်္ကျီကိုချွတ်၍ တန်း၌တင်ပြီး -

"ဗိုက်ဆာတယ်ကွာ…ထမင်းစားတော့မယ်"

"ရေမချိုးတော့ဘူးလား၊ အင်းလေ ဒီအချိန်ကြီးကျမှ ချိုးမနေပါနဲ့တော့"

ဒေါ်အေးနွယ်က သူ့မေးခွန်းကို သူ့ဘာသာဖြေလျက် ထမင်းခူးတော့၏။ ပဲကုလားဟင်း၊ ငါးခြောက်ဖုတ်နှစ်ခွက်ဖြင့် ထုံးစံမပျက် ထမင်းပွဲကို လင်နှင့်မယား မြိန်ယှက်စွာစားပြီးသော် သားအငယ်လေး ကျူရှင်ကပြန်လာပါပြီ။

"အမေ ထမင်းစားမယ်"

"အေး အေး အမေခူးပြီးပြီ လာစားလှည့် သားရေ…"

သားငယ်လေး၏ထမင်းပွဲမှာတော့ အသားဟင်းတစ်တုံးစ နှစ်တုံးစပါအောင် သူတို့လင်မယား ကြိုးစားကာထည့်ပေးရသည်။ ရေသည် အောက်သို့သာ စုန်သည်ချည်းလေ။

× × × × ×

ဦးမြင့်ငြိမ်းတို့လင်မယားသည် ရန်ကုန်ဇာတိမဟုတ်ကြ။ အညာသူ အညာသားများဖြစ်ကြ၏။ တိုင်းရုံးများစိုက်သော မြို့ကြီး

တစ်မြို့တွင် ခေတ်နှင့်အညီ လယ်ယာသုံးပစ္စည်းများ ရောင်းသည့်ဆိုင် ဖွင့်ကာ အတော်အသင့်ကြီးပွားခဲ့ရာ ကားစီးနိုင်သော လူတန်းစားထဲတွင် ဝင်ဆံ့ခဲ့သေးသည်။

ထိုစဉ်က သားသမီးလေးယောက်ကို လူအောင်ဆင်၊ ဝအောင် ကျွေးနိုင်ခဲ့ပြီး ကျောင်းပိတ်တိုင်း နိုင်ငံတွင်း ဘုရားဖူးထွက်နိုင်ခဲ့သည်။ သို့သော် ဦးမြင့်မြိမ်းအား လယ်ယာသုံးစက်ပစ္စည်းများ တင်ပို့နေသော နိုင်ငံခြားသားပိုင်ကုမ္ပဏီသည် အကြောင်းကြောင်းကို အကြောင်းပြု၍ ပိတ်သိမ်းသွားသဖြင့် ငိုချင်းဆုံးအောင် ဆိုင်းက ပို့မပေးလေသော မင်းသားပမာ ကိုယ့်ဟာသာ ကြံဖန်ငိုရသည့်အဖြစ်သို့ ရောက်ရလေ၏။

ထိုအခါ၌ ရှိသည့်ဥစ္စာကလေးကို အရင်းပြုလျက် ကိုယ်တတ်ကျွမ်းသော အောက်ကားလေးများကို နယ်တကာ လှည့်ဝယ်ပြီး ဘော်ဒီလုပ်၊ ဆေးမှုတ်၍ ပြန်ရောင်းသည့် အလုပ်ကိုလုပ်ရာ စားဝတ် နေရေး ပြေလည်ခဲ့သေးသည်။

ထိုအခိုက် စစ်မှုထမ်းဟောင်းများ၏သားသမီးမြေးတို့ကို မလေးရှားနိုင်ငံသို့ အလုပ်လုပ်ကိုင်ရန် ပို့ပေးသော ကုမ္ပဏီတစ်ခု ပေါ်လာ၍ သတင်းစာများမှ ခေါ်ယူနေ၏။ ဆယ်တန်းအောင်စ သားကြီးက ပူဆာသောကြောင့် ငယ်သေးသော သားကြီးအဖော်ရရန် အတွက် အသက်ကြီးနေသော ညီဝမ်းကွဲတစ်ယောက်ကို သဘွာရာစ် ပြီးကာ အဖော်အဖြစ်ထည့်လိုက်မိ၏။ စရိတ်ကိုမူ လက်ရှိကားကို ရောင်းပေးလိုက်ရပါသည်။

ထိုသို့ ရှိသမျှပုံအောကာ နိုင်ငံခြားသို့ လွှတ်လိုက်ပါသော်လည်း သားဆီက ငွေမရောက်လာ။ ညီဝမ်းကွဲမှလည်း မဆက်သွယ်ဖြစ်နေချိန် တွင် ကားဈေးများ ဆယ်ဆခန့်ခုန်တက်လေ၍ လက်ကျန်ငွေမှာ

ဆိုက်ကားတစ်စီးဖိုးသာသာ ကျန်တော့သဖြင့် တက္ကသိုလ်ရောက်နေသော သမီးနှစ်ဦးအတွက် ပညာသင်စရိတ်ရစိမ့်သောငှာ ရန်ကုန်တက်ပြီး တက္ကစီမောင်းရသည့်ဘဝသို့ ရောက်ခဲ့ရခြင်းဖြစ်တော့သည်။

ဦးမြင့်ငြိမ်းတစ်ယောက်တည်း ပထမ ရန်ကုန်သို့ရောက်လာကာ အလုပ်အကိုင် အခွင့်အလမ်းရှာကြည့်ပါလည်း တည်းခိုနေထိုင်သော ဆွေမျိုးတို့က မကူညီသည့်အပြင် ဆော်ကားမော်ကားပင်လုပ်ချင်လာသည်မို့ သူ့ဘဝဖြစ်စဉ်ကိုသိ၍ စာနာပံ့ပိုးရသောသူငယ်ချင်းကိုလှမြင့်၊ မသင်းသင်းတို့က တက္ကစီတစ်စီးဝယ်ပေးလေသဖြင့် ရွာမှကျန်ရစ်သော သားငယ်နှင့်ဇနီးကိုပါခေါ်၍ ရန်ကုန်မြို့ရပ်ကွက်ငယ်တစ်ခုတွင် အိမ်ငှားကာ အခြေချဖြစ်ခဲ့တော့သည်လေ။

× × × × ×

ညနေကားသိမ်းလာသော ဦးမြင့်ငြိမ်းသည် ယနေ့တော့ ကားရွဲ၍ကောင်းသောကြောင့် ပျော်သလိုလိုဖြစ်နေ၍ သွက်လက်သော ခြေလှမ်းတို့ဖြင့် အိမ်အပြန်လမ်းကိုလှမ်းခဲ့နိုင်၏။ ဒူးနာသောဝေဒနာသည်လည်း သူ့အပျော်ကိုလက်ရှောင်ပေးရှာထင့်၊ အခုထိ ပေါ်မလာသေးချေ။

အိမ်ရောက်လျှင်ရောက်ချင်း-

"မိန်းမရေ…ရော့ဟာ၊ ပိုက်ဆံတွေသိမ်းလိုက်၊ သေချာလည်းရေဦး"

သူ့မိန်းမက ပိုက်ဆံတွေကိုရေတွက်ပြီး-

"များလှချေလား ဘယ်လိုလုပ်လာတာ…အဲတော့ လက်စွပ်ကြီးကို ပေါင်လာတာလား"

"အပြတ်ပဲ ရောင်းခဲ့တာပေါ့၊ ကားလည်းဆွဲလို့ကောင်းတယ်၊ ဒီနေ့ နင်ပဲ အိမ်လာစပေးရမှာဆို"

ဒေါ်အေးနွယ်ငိုင်သွားပါသည်။ သူမယောက်ျားသည် နဝရတ်လက်စွပ်ကို အပြတ်တန်းရှိလှသည် မဟုတ်ပါလား။ 'အဆောင်အဖြစ်ဘေးကင်းအောင် ဝတ်ထားရတာ'ဟု အမြဲပြောတတ်သူကား ယနေ့တော့ အပြတ်ရောင်းခဲ့ပြီဆိုပဲ။ သို့သော် 'လွှဲမှမလွှဲသာတာပဲလေ' ဟု စိတ်ကိုဖြေ၍-

"ထမင်းခူးလိုက်မယ်နော်"

"အေး···စားတာပေါ့ဟာ"

သူလင်သည် တစ်ချိန်ကလက်ဖွာသလောက် ယခုသော် ဗိုက်ဆာလို့ ဘာဖြစ်နေနေ သွားရည်စာပင် ဝယ်စားသူမဟုတ်မှန်းသိ၍ ရောက်လျှင် အိမ်ကချက်သည့်မိရိုးဖလာဟင်းနှင့် ထမင်းပွဲပြင်ပေးရန်ကိုတော့ သူမမေ့ပါ။

သူတို့လင်မယား ထမင်းစားရင်း ဒေါ်အေးနွယ်က-

"ရှင် မရောက်ခင်လေးတင်ပဲ သားဆီက ဖုန်းလာတယ် သိလား"

ဦးမြင့်ငြိမ်းက စကားမပြန်ဘဲ ထမင်းသာငုံ့စားနေ၏။

"အိုတီ (အိုတာတိုင်) မရတာ အမှန်ပါတဲ့၊ မယုံရင် နောက်လ ငွေလွှဲတဲ့အခါ လစာထုတ်တဲ့ဘောင်ချာကိုပါ ထည့်ပေးလိုက်ပါ့မယ်တဲ့"

ရွှေအင်းဝကုမ္ပဏီနှင့်စာချုပ်ချုပ်စဉ်က (လစာရင်း ၆၇၁ ရင်းဂစ်+အိုတီ) ဆိုသဖြင့် မြန်မာငွေသုံးသိန်း ပတ်လည်ရမည်ဆိုထားသည်။

"သူတို့စက်ရုံသူဌေးက ညစ်တာနဲ့တူတယ်၊ လစာတောင်အပြည့်မရလို့ ဒီလအိမ်ကို ငါးသောင်းလွှဲပြီးတော့ သူမှာ မလေးငွေ

ငါးဆယ်ပဲရှိရစ်သတဲ့၊ ကျွန်မက ငွေငါးဆယ်နဲ့စားလောက်ရဲ့လား သားရယ်လို့မေးတော့ သူတို့ဆီမှာ အုန်းနို့ခေါက်ဆွဲတစ်ပန်းကန်ကို ပြားရှစ်ဆယ်ပဲပေးရသတဲ့၊ အဲဒါ မနက်တစ်ပွဲ ညတစ်ပွဲစားရင်တော့ လောက်နိုင်စားနိုင်မှာပါတဲ့''

ဒေါ်အေးနွယ်ကား ပြောရင်းနှင့်ပင် အသံတိမ်ဝင်သွားလေ၏။ ဦးမြင့်ငြိမ်းလည်း ရင်ဆို့သွားရလေသဖြင့် ထမင်းဆက်မစားနိုင်တော့ဘဲ လက်ဆေးတော့သည်။

သူ့စိတ်ထဲမှာကား ''ဖြစ်ရလေ သားကြီးရယ်…အမေ ဒါတွေ မသိဘဲ ငွေကို တပူဆာဆာ မှာနေတာပါလား၊ အိမ်မှာ တစ်နေ့ ထမင်းလေးနပ်စားတဲ့သူ၊ အခုတော့ တစ်နေ့ အုန်းနို့ခေါက်ဆွဲ နှစ်ပွဲပဲ စားပြီး အိမ်ကိုငွေပို့သတဲ့လား၊ အိမ်မှာဆို အုန်းနို့ခေါက်ဆွဲမကြိုက်လို့ တို့မကြည့်တဲ့သူက အုန်းနို့ခေါက်ဆွဲကို မနက်ပြန်ညပြန် လပေါက် အောင် စားမတဲ့လားကွယ်…'' ဟု တွေးကာ မျက်ရည်စို့ကျရလေ တော့သည်။ သို့သော် ဇနီးမသိအောင် မျက်နှာကိုမော့လျက် မျက်ရည်စ ကို မျောက်လိုက်ပြီး-

''တော်ပြီဟာ နောက်တော့ စားလို့ရှိမှသာ ပို့လို့ပြောလိုက်မယ်၊ ငါ လူမြင့်ကိုပြောပြီး ညဘက်မှာပါမောင်းမယ်''

''ရှင့်မျက်စိနဲ့ ဖြစ်ပါ့မလားရှင်…''

''အို…ဂရုစိုက်မောင်းရမှာပေါ့ကွာ''

လင်မယားနှစ်ယောက် အတွေးကိုယ်စီနှင့်ငြိမ်နေခိုက် သားငယ် ၏အသံကိုကြားရလေ၍ တိုင်ပင်ထားသလို ဟန်မပျက်နေလိုက်ကြ တော့သည်။

× × × × ×

ကားကို ဖြည်းညင်းစွာမောင်းရင်း ဘေးဝဲယာကို မျက်စိကစားကြည့်ရလေ၏။ လူစည်းကားသောနေရာပေမို့ ကားငှားသူတွေ တတ်သောနေရာဖြစ်သည်ကိုး။ တွေ့ပါပြီ ခေါင်းဖြူကြီးနှင့် အဘိုးကြီးတစ်ယောက်။ သူ့အနီးတွင် အိတ်လေးအိတ်၊ ခြင်းက တစ်လုံးရှိနေ၍ အဝေးပြေးဂိတ်သို့ သွားမည်ခရီးသည်ဟု ခန့်မှန်းကာ-

"ဘယ်သွားမလဲ ဆရာကြီး"

ထင်သည့်အတိုင်းပင်-

"အဝေးပြေးကားဂိတ်ကို ဘယ်လောက်ပေးရမလဲဗျာ"

ဦးမြင့်ငြိမ်း အချိန်ကိုကြည့်လိုက်တော့ ဆယ်နာရီခန့်။ ထမင်းစားမြန်မို့အချိန် နီးနေသလို သူ့အိမ်နှင့်နီးသော လမ်းကြောင်းဖြစ်သည်နှင့်-

"လေးထောင်ပဲ ပေးပါဗျာ"

အဘိုးကြီးငိုင်ကျသွားသည်ကိုတွေ့ရပြီး တုန့်ဆိုင်းသောအသံနှင့်-

"သုံးထောင်လောက်ထားပါလားဗျာ"

ကိုမြင့်ငြိမ်း လျှော့စျေးနှင့်လိုက်သည်ကို ထပ်ဆစ်နေသော်လည်း အဘိုးကြီး၏ နွမ်းပါးပုံကိုကြည့်၍-

"ကဲ တက်ပါဗျာ"

ပြောပြောဆိုဆို အောက်ဆင်း၍ကားနောက်ဖုံးဖွင့်ကာ သူ့အထုပ်အပိုးလေးတွေကို မတင်ပေးလိုက်သည်။ အဘိုးကြီးကား ကျေးဇူးတင်သော မျက်လုံးတွေနှင့်ကြည့်ကာ ရှေ့ခန်းကတက်ထိုင်လေသည်။

ကားထွက်လာသည်နှင့် အဘိုးကြီးက-

"ကျေးဇူးတင်ပါတယ်···ကိုယ်တော်တွေပြောတော့ ခုနစ်ထောင်တော့ပေးရလိမ့်မယ် ဒကာကြီးဆိုလို့ စိတ်ညစ်နေတာလေ၊ သူတော်ကောင်းကြီးနဲ့တွေ့ပေလို့သာပဲဗျာ၊ ကျုပ်မှာ ပိုက်ဆံက ဒါပဲရှိတော့တာဆိုပါ"

အခက်အခဲ တော်တော်ကြုံနေရှာသူပဲဟု စာနာစွာတွေးမိရပါ၏။ သို့သော် ကိုယ့်ဝမ်းနာကိုယ်သာသိဆိုသလို ခရီးကြုံသည်ဆိုကာ အလကားလည်း မတင်နိုင်သဖြင့် စိတ်မကောင်းဖြစ်ကာ ငြိမ်နေမိသည်။

"ကျွန်လေ ရွာမပြန်တာကြာလို့ မုံရွာဘက်သွားတဲ့ ကားဂိတ်ကို ပို့ပေးပါနော်"

ဩော် မုံရွာကဆိုပါလား။ တစ်နယ်တည်းသားတွေပဲကိုး။ မနေသာတော့ဘဲ မေးကြည့်တော့။

ဖန်းသေဆုံး၍ အမေတစ်ခု သားတစ်ခုကျန်ခဲ့သည်၌ သားက ပူဆာသဖြင့် အိမ်ကိုပေါင်ပြီး ကိုရီးယားလွှတ်လိုက်ရာ သားက ငွေမပို့နိုင်သောကြောင့် အိမ်သည် အတိုးဖြင့်ဆုံးသွားကြောင်း၊ ယခုနေပင် အိမ်ပေါ်က ဆင်းပေးရသည်မို့ ဈေးရပ်ခြေတွင်ရှိသော ဆွေမျိုးတို့ထံ ကပ်ရပ်နေဖို့ပြန်ရကြောင်း။ လက်ခံမည့်သူမရှိပါက ကိုရင်ကြီးဝတ်ကာ နေသွားမည်ဖြစ်ကြောင်း သိရပါသည်။ ကားဂိတ်သို့ ဆိုက်ရောက်သော် ပို့ပြီးသော် ခရီးသည်က ငွေသုံးထောင်ကို တုန်ရီစွာထုတ်ပေးလေ၏။

"မပေးပါနဲ့ ဆရာကြီး…ကျွန်တော့်ဒါနလို့ သဘောထားလိုက်ပါ၊ ဒါနဲ့ မုံရွာထိ ကားခက တစ်သောင်းလောက်ကုန်ဦးမှာ…ပါရဲ့လားဗျာ"

"အဲဒါကတော့ ကားလက်မှတ်ကို ဆွမ်းခံကိုယ်တော်က ဝယ်ပေးလိုက်တယ်ဗျ၊ ဒီမှာကြည့်ပါဦး…အောင်ရတနာဆိုလားပဲ"

ဦးမြင့်ငြိမ်းရှေ့ ကားလက်မှတ်ကိုထိုးပြ၍ ကြည့်လိုက်သော် မှန်နေ၏။ သို့သော် လမ်းတစ်ဆုံး ဘာမှမစားဘဲ ဝဇီဝိတ် လိုက်ရရှာပေမည်ဟု ကရုဏာစိတ်ဝင်လာသဖြင့် -

"ကဲ ဆရာကြီး ကျွန်တော်လည်း မုံရွာနယ်သား၊ ဘဝတူတွေမို့ တတ်နိုင်သမျှ ကူညီပါရစေ"

ငွေငါးထောင်ကို လက်အုပ်ချီကာ ကန်တော့လေသော် အဘိုးကြီးမှာ မျက်ရည်စက်လက်ဖြင့် ဆုတောင်းရှာပါသည်။ ဆုတောင်းပြီးသော် ပြောသေး၏။

"သားက လူကောင်းပါ ကျုပ်ညီရယ်…သူ့မှာ တကယ် အဆင်မပြေဖြစ်နေရှာလို့သာ ငွေမပို့နိုင်တာနေမှာပါ၊ သူအဆင်ပြေလို့ ငွေပို့ရင် ကျုပ်ညီဆီတင်တဲ့ကျေးဇူးဆပ်ရအောင် လိပ်စာလေးတော့ ပေးခဲ့ပါဦးနော်…"

"မလိုပါဘူး အဘိုးကြီးရယ်…ကျွန်တော့်ဒါနပါ…သွားပြီနော်"

ခရီးသည်အဘိုးကြီးကို နှုတ်ဆက်၍ ထွက်ခဲ့သည်နှင့် ကားမောင်း ရင်းစဉ်းစားမိသည်မှာ ကိုယ်လိုဘဝတူချင်းဖြစ်သည့်အပြင် နေထိုင်စရာပါ မရှိတော့သော ထိုခရီးသည်ကြီးကား အကောင်းမြင်တတ်လွန်းပေစွ။ သူ့သားသည် သူတို့နေထိုင်ရာအိမ်ကို ဆုံးရှုံးစေသည်မို့ ဘုံပျောက်ကာ အညာရပ်ဒေသသို့ ပြန်ပြေးရှောင်ငြားလည်း သူ့မှာ အဆင်မပြေရှာလို့ ဖြစ်မှာပါဟု ဖြေသိမ့်နိုင်သေးသည်။ မိမိမှာမူ ကားဈေးတွေတက်သွား၍ ကားတစ်စီးလက်လွှတ်လိုက်ရသည်ကို သားအပေါ်အပြစ်ဖို့ မဆုံး အောင် နေခဲ့သည်လေ။ အကောင်းမြင်ကြည့်လျှင်ကား တိုင်းပြည်ကို စီမံအုပ်ချုပ်နေသူတို့ကြောင့် ကားဈေး၊ ကုန်ဈေးနှုန်းတို့ အတက်အကျ ကြမ်းရသည်ပဲ။ သားနှင့်တော့ မဆိုင်လှဟု အဖြေရပါ၏။ အတွေး တိမ်သလွှာတို့ကွာလေမှ သား၏သနားစဖွယ်အဖြစ်ကို ရှင်းရှင်းမြင်ရပါတော့သည်။ အို…သားရယ်…။

× × × × ×

အိမ်သို့ ထမင်းစားရန် သက်သက်ပြန်လေ့မရှိဘဲ ခရီးကြုံ လမ်းကြုံမှသာ ဝင်စားသည်ကတော့ ကားသမားတိုင်းလိုဖြစ်ချင်မှ ဖြစ်ပါမည်။ ဦးမြင့်ငြိမ်းကတော့ လမ်းမကြုံသေးလျှင် အငတ်ခံတတ်ပါသည်။ ယနေ့လည်း အဝေးပြေးကားကွင်းနှင့် မဝေးသောအိမ်သို့ ထမင်းစားရောက်ခဲ့ရာ၌ လှေကားထစ်တွင်ထိုင်စောင့်သလို မျှော်ကြည့်နေတတ်သော သားငယ်ကိုမြင်ရ၏။ သားကလည်း သူ့ကားရပ်လိုက်သည်နှင့် အမောတကောပင်-

“အဖေ မကြီးရော၊ မငယ်ရော ဒီနေ့အိမ်မလာတော့ဘူးတဲ့၊ ကျောင်းပိတ်ရက်မှာ မငယ်က ဦးဆွေတို့မုန့်ဆိုင်မှာ ကူလုပ်ပေးမယ်တဲ့၊ မကြီးကတော့ စတိုးဆိုင်မှာ အလုပ်ရသတဲ့၊ အဲဒါ စောစောက ဖုန်းဆက်တယ်ဗျ”

သားငယ်သည် မုံရွာတွင် ကျန်ခဲ့သော သူ့အစ်မများကို ကျောင်းပိတ်ရက်မှသာ အတူနေရ၍ အမျှော်ကြီးမျှော်နေတတ်ရာ ယနေ့ မလာတော့ဘူးဆိုသဖြင့် အားငယ်သလိုဖြစ်နေရှာ၏။ သူ့ကိုကြည့်ပြီး ဦးမြင့်ငြိမ်းပါ စိတ်မကောင်းဖြစ်ရပါသည်။ စိတ်မကောင်းဖြစ်ရသည်နှင့် အတူ သူတို့ကလေးနှစ်ယောက် တစ်ဖက်တစ်လမ်းက ကျောင်းစရိတ် ရှာနိုင်ပြီမို့ မလေးရှားက သားကြီးကို ပြန်မှာမည်ဟု ဆုံးဖြတ်ကာ ရင်၌ အေးရသေးတော့သည်။ သားငယ်ကို ခေါင်းကလေးပွတ်ကာ နှစ်သိမ့်ပေးလိုက်၍-

“သားငယ်…အဖေတို့ ထမင်းစားရအောင်ကွာ…”

ဦးမြင့်ငြိမ်းတို့ ဘဝလေးကား လက်ရှိတွင် မုံရွာမြို့၌ ကျောင်းတက်နေသော သမီးနှစ်ယောက်၊ မလေးရှားက သားကြီးကို ဖယ်ထားလျှင် လက်ရှိသုံးဦးသာ ရန်ကုန်တွင်ရှိနေကြသည်မို့ တစ်ဦးအပေါ် တစ်ဦး ကြင်နာကြပါသည်။

အနီးအနားတစ်ဝိုက်နှင့် ရန်ကုန်မြို့ အနှံ့အပြားတွင် အခင်ပြေ ချမ်းသာနေသူ ဆွေမျိုးရင်းချာတို့ရှိသော်လည်း သေရေးရှင်ရေးတမျှ အရေးကြီးသော်မှ ဘာအကူအညီမှမရ။ မျက်နှာအောက်ချ၍ ငွေချေး ဖူးသည်တွင် ပြောင်သလိုချော်သလိုလုပ်တာခံရဖူး၏။ မလေးရှားသို့ သားနှင့်အတူလွှတ်လိုက်သော (မောင်မဲဆိုပါစို့)သူကို အကျပ်တွေ့နေစဉ် စာရေး၍ ငွေချေးဖူးသော်လည်း 'ဝမ်းနည်းပါသည်' ဟူသော စာသာ ရသည်။ ထိုဆွေမျိုးတို့ကို ဦးမြင့်ငြိမ်း အခင်ပြေစဉ်က ကားဖြင့် သွားလိုရာလိုက်ပို့ပေး၊ ထမင်းကျွေးကာ ငွေလည်း ချေးခဲ့ဖူးပါ၏။ ထိုသို့ အသွားအပြန်မရှိသော အတွေ့မျိုးတို့အား သံသရာတစ်လျှောက် ဝယ် ကံကောင်းထောက်မစွာ ထပ်မတွေ့ရသော် ကောင်းလေစွဟု တောင့်တမိသေးသည်။

"ကဲ မိန်းမရေ…ထမင်းစားမယ်ဟေ့"

ထမင်းစားရင်း ယနေ့ပြုခဲ့သော ကုသိုလ်အကြောင်းပြောပြကာ သာဓုခေါ်စေပါသော် သားနှင့်မယားက ကြည်ဖြူစွာ သာဓုခေါ်နိုင်ကြ၍ ဦးမြင့်ငြိမ်းဝမ်းသာရသေးတော့၏။

"ဒီနေ့ တွေ့ခဲ့တာနဲ့ ပတ်သက်ပြီးတော့ တို့ငယ်ငယ်တုန်းက ရွာမှာ အရပ်စာတစ် က တာကို သတိရမိသေးတော့သဟ"

"ဘယ်နှစ်ကတုန်း…"

ဒေါ်အေးနွယ်ကမေး၏။ သူသည် ဦးမြင့်ငြိမ်းထက် နှစ်နှစ် ငယ်ပြီး မှတ်ဉာဏ်သိပ်မကောင်းရှာပါ။ ထို့ကြောင့် ရွာဘုရားပွဲ ဘယ်နှစ်က ဘယ်စာတ်ကသည်တို့ကို မမှတ်မိရှာချေ။ စိတ်မဝင်စား တာလည်း ပါပေမည်။

"ဦးစိုးကြီးတို့ ဆွန်ဆင်မင်းကတဲ့နှစ်လေဟာ၊ လူငယ်တွေက ငွေများများထည့်တဲ့ ဦးထွန်းသိန်းကို ဆွန်ဆင်မင်းနေရာထားတော့

ဦးနိုးကြီးက မကျေနပ်ဘူးထင်ပါရဲ့…သူကျတော့ သောနတ္တိရိ မှုဆိုးလုပ်ရတာကိုး၊ ပွဲညကျတော့ ဆင်မင်းကိုသတ်၊ အစွယ်ဖြစ်စေ ဆိုတဲ့ ဘုရင့်ရဲ့အမိန့်နဲ့ တောထွက်လာလေကတည်းက ငိုလိုက်တာလေ၊ 'ဘုရင့်အမိန့်နဲ့မို့သာ ထွက်ခဲ့ရတယ်၊ အလောင်းတော်ကြီးကို သတ်ရမှာ ဖြင့် ရင်လေးလှချေရဲ့' ဆိုပြီး ရင်ထုငိုတာလေဟာ…ဆင်မင်းကို သတ်ပြီးတော့ ငိုရတာမိုးလင်းရော…ဆဒ္ဒန်ဆင်မင်းလုပ်တဲ့ ဦးထွန်းသိန်းကြီးမျာ ငေးကြည့်နေရရှာသကောဟဲ့၊ ငါ့မှာလည်း ကိုယ့်ဒုက္ခမျိုးတော့ ဘယ်သူမှကြုံရမှာ မဟုတ်ဘူးလို့ထင်ပြီး သောက တွေဖြစ်၊ ဒေါသတွေဖြစ်လို့လေ၊ ကိုယ့်ထက်အပုံကြီးဆိုတဲ့ အတိုကြီးနဲ့ တွေ့မှ တရားရမိတယ်၊ အံမယ် သူက ကိုယ့်ထက် တရားကပ်သေး သဗျ၊ သူ့သားကတဲ့ တကယ်အဆင်မပြေလို့နေမှာပါတဲ့၊ နို့မို့ဆိုရင် အိမ်ကအခြေအနေ သူသိသားပဲဗျာ…အဆင်ပြေတာနဲ့ ငွေပို့မှာ သေချာ ပါတယ်ဆိုပဲ။ တော်လိုက်လေ လူကြီးနှယ်…ငါသုံးနှစ်ကျော်ကျော် ငရဲခံနေရတာ အဲဒီလို မတွေးတတ်လို့ဘဲ မိန်းမရေ…"

ဦးမြင့်ငြိမ်းတို့ စကားကောင်းနေစဉ်တွင် စတိုးဆိုင်က ကောင်လေးမျက်နှာ အပေါက်ဝမှာပေါ်လာပြီး-

"ဦးလေး ဖုန်းလာတယ်ဗျ"

ဘယ်သူပါလိမ့်၊ ဒီအချိန်ဆိုသော် သားနှင့်သမီးတို့ဆီက မဖြစ်နိုင်၊ သူတို့သည် ဦးမြင့်ငြိမ်းနှင့်တွေ့ဖို့ဆိုလျှင် သေချာအောင် ညနေကားသိမ်းပြီးချိန်မှသာ ဆက်လေ့ရှိပါသည်။ ယခု နေ့ခင်းကြီး ဆက်တာဆိုတော့ ဘယ်ကများ ဆက်လေသတုန်း။

စဝေစဝါနှင့်ပင် ဖုန်းကိုကောက်ကိုင်လိုက်ပြီး 'ဟဲလို' ဟု ထူးလိုက်သော်-

"ဟာ အဖေတော်ပဲ အဖေနဲ့တွေ့ရတာ…အဖေ ကျွန်တော် ငွေလွှဲလိုက်တယ်ဗျ၊ ဘယ်လောက်ထင်သလဲ အဖေ…ဟင်…"

တက်ကြွရွှင်မြူးစွာသော သား၏အသံကြောင့် ဦးမြင့်ငြိမ်း စကားမပြန်နိုင်ဘဲ တွေဝေနေမိတော့၏။ သားကြီးသည် မလေးရှား ထီများပေါက်လေသလား။ သူ ဘာမှပြန်မပြောသေးခင်မှာပင် သားကြီးက အားရဝမ်းသာစွာဖြင့် -

"အဖေ ဆယ့်နှစ်သိန်းတွေနော်…မှားစေနဲ့ ဆယ့်နှစ်သိန်းနော်"

တစ်ခါမှ ယခုလို များများစားစား ငွေမလွှဲဖူးရှာ၍ သေချာအောင် ထပ်ပြောနေသေးသည်။ ဦးမြင့်ငြိမ်းလည်း ထိတ်ခနဲဝမ်းသာရပါ၏။ သို့သော် ဘယ်လိုမှပေါက်တိုးလေ၍ ဤမျှများလှသောငွေကို လွှဲပို့နိုင်ပါသနည်း။ သားကြီးကြည်သာသည် 'မတော်လောဘနှင့် ထင်ရာ လုပ်လေသလား' ဟု၊ "များလှချေလားကွာ…မင်း ဘာတွေလုပ်လို့ ရတာတုန်း၊ သားရယ်…သမာအာဇီဝဖြစ်ရဲ့လား…"

"ဪ…အဖေက တစ်မျိုးထင်နေတာကိုး…ဒီလိုအဖေရဲ့၊ အဖေတို့ အဆင်မပြေတာကို သားလည်း စိတ်မကောင်းဘူး အဖေရယ်၊ စက်ရုံကလည်း စာရေးကိရိယာတွေထုတ်တဲ့စက်ရုံဆိုတော့ ကျောင်းဖွင့် တာနဲ့အလုပ်ပါးသွားရော၊ ဒါနဲ့ သားတို့သူငယ်ချင်း သုံးယောက် အပြင်ထွက် အလုပ်လုပ်ကြတယ်…သံရည်ကျိုပုံလောင်းထားတဲ့ အရုပ်လေးတွေကို တံစဉ်းနဲ့ချောအောင် စားပေးတဲ့အလုပ်ပါ။ တစ်နာရီ ကို သုံးရင်းဂစ်ရတယ်လေ…မိုးတော့ချုပ်တာပေါ့ အဖေရယ်၊ အစောဆုံး ညဆယ့်နှစ်နာရီမှပြန်ရတယ်၊ ကျွန်တော်တို့သူဌေးက ခွင့်ပြု လို့ စက်ရုံကိုပြန်အိပ်ရတာ အခက်အခဲမရှိပါဘူး…တစ်နေ့ အဖေရာ ကံကောင်းချင်တော့ မူးပြီးမောင်းလာတဲ့ ကားတစ်စီးက ကျွန်တော့်ကို ဝင်တိုက်တယ်ဗျ"

''ဟင်…သား ဘာဖြစ်သွားတုန်း…ဒါကြောင့် သတိနဲ့နေပါလို့ အမေက အတန်တန်မှာထားရက်နဲ့ကွာ…ဘယ်လိုဖြစ်ရတာတုန်း ဟင်''

''ဘာမှမဖြစ်လို့ အခု ဖုန်းဆက်နေတာပေါ့ အမေရဲ့၊ ကားက ကျွန်တော်တို့သုံးယောက်ဆီတိုးဝင်လာတော့ ဘေးဆုံးက ကျွန်တော့်ကို တိုက်မိတာလေ…ဒါပေမဲ့ မှတ်မိရုံမို့ အရှိန်လည်းမများတော့ လမ်းဘေးလဲကျသွားတာပေါ့…လက်ထောက်လျက်လဲလို့ ဘယ်ဘက် လက်အရိုးတော့ အက်သွားတယ်၊ အခု တရုတ်ဆေးစည်းထားလို့ သက်သာပါပြီ။ အလုပ်တောင် ပြန်လုပ်နိုင်ပြီ။ အမေ မပူပါနဲ့ဗျာ… အဲဒီသူဌေးက ကျွန်တော်တို့သူဌေးနဲ့သိတော့ အလျော်ပေးတယ်၊ ဒါကြောင့် ငွေလွှဲနိုင်တာပေါ့၊ ထပ်ပြီးတော့ ပေးဦးမတဲ့ဗျာ…ဒီမှာက ကျိုးအောင်ပဲအောင်တိုက်မိရင် အများကြီးလျော်ပေးရတာ အမေရဲ့၊ တောက် ဒီထက်ဆိုးအောင် မတိုက်မိတာ နာတယ် အမေရာ၊ နို့မို့ဆိုရင် အမေ့ကားလေးထက်ကောင်းတဲ့ ကားလေးတစ်စီး အစားဝယ်နိုင်မှာဗျာ၊ အခုတော့ ဟဲလို…ဟဲလို…အမေ…ကြားလား''

ဦးမြင့်မြိမ်း ကြားပါသည်။ ကားတစ်စီး ဆုံးရှုံးရလေခြင်းဟု ယူကြုံးမရဖြစ်နေသောသူ့ကို နှစ်သိမ့်ဖို့ ကြိုးစားနေသော သားအပေါ် သနားလွန်း၍ မျက်ရည်များ ထွက်ကျလာသည်မို့ စကားမပြောနိုင်ခြင်းပင်။

''ကြား…ကြား ပါတယ်…သား…ရယ်…''

''ဟင် အမေ ငိုနေတယ်…အ…မေ…ရယ်''

သားကတော့ သူ့အမေ ဒေါသကုမ္ပာကြီးငိုတာကို တစ်ခါမှ မကြုံဖူးလေ၍ အံ့သြတကြီးဖြစ်ပုံရပါသည်။ တုန်ရီစွာပင် အာမေဋိတ်သံ

ထွက်လာခဲ့၏။ သူ့အဖေသည် အတ္တမာနကြီးလွန်းသူပေပဲ။ ယခုသော် သူ့အဖေနှင့်မတူသည့် အဖေကို တွေ့လိုက်ရသည်ကောဟု။

ထိုအခါ သားဆီက ဖုန်းဖြစ်လေမလားဟု နောက်က ထွက်လိုက်လာသော ဒေါ်အေးနွယ်သည် ဖုန်းကိုကိုင်လျက်ရှိနေသော သူ့ခင်ပွန်းကိုကြည့်ကာ ဗျာယာခတ်သွားပြီး-

''ဘာ…ဘာ တဲ့တုန်း…ဟင်၊ ဘာဖြစ်လို့တုန်း…''

သူသောကသည် ဇနီးကိုပင် ကူးစက်စေနိုင်သည်ဟုတွေးမိသော ဦးမြင့်ငြိမ်းက မျက်နှာကို အတတ်နိုင်ဆုံး ကြည်အောင်ထားလျက်-

''မင်းသားက ငွေလွှဲလိုက်တာပါကွာ။ ဒီတစ်ခါ များတယ်ကွ''

'ဒါများ…' ဟု မပြောယုံတမယ် မျက်စောင်းထိုးကြည့်ပစ်လိုက်ပြီး ပါးစပ်က ပြောမိသေးသည်။

''သောနတ္တိရိုက ငိုရတယ်လို့တော်…''။ ။



## ၂၀၁၃ ခုနှစ်၊ စာပေဗိမာန်စာမူဆု
## ဝတ္ထုတိုပေါင်းချုပ်၊ ဒုတိယဆုရ
## သောနတ္တိဂုဏ်ရှိက ငိုသတဲ့လားနှင့် အခြားဝတ္ထုတိုများ

### ကံမြင့်ဓမင်

အဖ ဦးအောင်ရှိန် (စစ်မှုထမ်းဟောင်း)၊ အမိ ဒေါ်စိန်မြတို့က ၁၉၆၁ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင် ဘုတလင်မြို့နယ် ဆုံကုန်းကျေးရွာ၌ မွေးဖွားခဲ့သည်။ ငယ်စဉ်က ကံသာရွာ ဘုန်းတော်ကြီးပညာသင်ကျောင်း၌ ပညာသင်ယူခဲ့ပြီး ယုံလေးကုန်းရွာ အစိုးရအလယ်တန်းကျောင်းတွင် ဆက်လက်သင်ကြားခဲ့သည်။ ထိုမှ ဆုံကုန်းရွာ ဘုန်းတော်ကြီးကျောင်းတွင် သာမဏေဘဝဖြင့် လောကုတ္တရာစာပေများ လေ့လာသင်အံခဲ့သည်။

မိသားစုအခြေအနေအရ လူဝတ်လဲကာ တောင်သူလုပ်ငန်း၊ စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများအပြင် ကြုံရာကျပန်း အလုပ်များလုပ်ကာ အသက်မွေးဝမ်းကျောင်းခဲ့သည်။

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလတွင် စာပေရေးသားခြင်း စတင်ခဲ့ပြီး သောကြာ၊ ဟာဒယမဂ္ဂဇင်းများတွင် ဝတ္ထုတိုများ စတင် ဖော်ပြခံခဲ့ရသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ပညာပေးဝတ္ထုတိုများ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို) က ကြီးမှူးကျင်းပသော စာပေပြိုင်ပွဲများတွင် ဝတ္ထုတိုဆုများနှင့် မိခင်မေတ္တာစာမူဆု (ကျိုက္ကလော့) ပြိုင်ပွဲမှ ဝတ္ထုတိုဆုများ ရရှိခဲ့ဖူးသည်။

ယခုလက်ရှိတွင် New Sekai International Trading Co.,Ltd. တွင် အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်ရင်း စာပေများ ဆက်လက်ရေးသားလျက်ရှိသည်။


အမည်ရင်း - ဦးကံမြင့် ဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် (၁၇)၊ ၇ လွှာ၊ စမ်းရေတွင်းလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။